www.burmeseclassic.com

BURMESE CLASSIC .com

# မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ သမိုင်း

ကိုဆောင်း

၂၀၀၆ ခုနှစ်၊ ဇွန်လ

www.burmeseclassic.com

www.burmeseclassic.com

# မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ သမိုင်း

ကိုဆောင်း

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ထုတ်ဝေသည်။

www.burmeseclassic.com

www.burmeseclassic.com

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်
စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင် ပုံနှိပ်၍
မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က
စတုတ္ထအကြိမ် ညီလာခံအတွက် ထုတ်ဝေသည်။

အုပ်ရေ ၁၀၀၀

# ဒို့တာဝန် အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

# ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

# မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဆောင်ပုဒ်

"အမျိုး၏ဂုဏ်၊ ဇာတိဂုဏ်၊ စာပေဂုဏ်ကို မြှင့်တင်မည်"

www.burmeseclassic.com

www.burmeseclassic.com

## မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဦးတည်ချက် (၆) ရပ်

(၁) မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ဦးဆောင်မှုဖြင့် စာပေ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် စာပေလောကသားအားလုံး တညီတညွတ်တည်း တက်ကြွစွာ ပါဝင်လှုပ်ရှား လုပ်ဆောင်ကြရေး၊

(၂) စာပေနှင့်စာနယ်ဇင်းလုပ်ငန်း အတတ်ပညာ၊ နည်းပညာနှင့် အရည်အချင်း တိုးတက်မြင့်မားရေးကို အချိတ် အဆက်မိမိ ဝိုင်းဝန်း ကြိုးပမ်းပူးပေါင်း လုပ်ဆောင်ကြရေး၊

(၃) ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်အဖြစ် ထူထောင်တည်ဆောက်နေချိန်တွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူတို့နှင့်အတူ ပူးပေါင်းလက်တွဲ၍ စည်းရုံးလှုံ့ဆော်ပါဝင်လုပ်ဆောင်ကြရေး၊

(၄) အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ကိန်းဝပ်ရှင်သန် ထွန်းကားပြန့်ပွားရေးကို စဉ်ဆက်မပြတ် လှုံ့ဆော်ရေးသား အားပေးမြှင့်တင်လုပ်ဆောင်ကြရေး၊

(၅) အမျိုးသားအမွေဖြစ်သော မြန်မာစာပေကို ဖွံ့ဖြိုး တိုးတက်အောင် ထိန်းသိမ်းမြှင့်တင်ရင်း နိုင်ငံတကာမှ ပြည် သူများကျယ်ပြန့်စွာ လေ့လာဖတ်ရှုသိရှိနိုင်ရန် ကြိုးပမ်းလုပ်ဆောင်ရေးကို စာပေဖြင့် အကျိုးပြုရင်း စာဖတ်တတ်သူတိုင်း စာပေ၏ အကျိုးပြုမှုကို ရရှိခံစားနိုင်စေရန် ကြိုးပမ်းလုပ်ဆောင်ကြရေး။

(၆) လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို စာပေဖြင့် အကျိုးပြုရင်း စာဖတ်တတ်သူတိုင်း စာပေ၏အကျိုးပြုမှုကို ရရှိခံစားနိုင်စေရန်ကြိုးပမ်းလုပ်ဆောင်ကြရေး။

www.burmeseclassic.com

www.burmeseclassic.com

## မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့
## ရည်ရွယ်ချက် (၆) ရပ်

(က) စာရေးဆရာ၊ သတင်းစာဆရာတို့၏ နိုင်ငံအကျိုးပြု သုတ၊ ရသ စာပေရေးသား ပြုစုမှု အတတ်ပညာများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်၊

(ခ) စာပေလောကသားအချင်းချင်း၏ စည်းလုံးညီညွတ်မှု ခိုင်မာရေးကို ဆက်လက်ဆောင်ရွက်ရန်။

(ဂ) စာရေးဆရာ၊ သတင်းစာဆရာတို့၏ သာရေးနာရေးကိစ္စများတွင် ကူညီဆောင်ရွက်ရန်၊

(ဃ) စာအုပ်စာပေနှင့် စာနယ်ဇင်း လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကို ဆောင်ရွက်ရန်၊

(င) ဂန္ထဝင်စာပေနှင့် ခေတ်ပြိုင်စာပေများကို စာဖတ်ပရိသတ်လက်သို့ ရောက်ရှိရေးအတွက် ကူညီဆောင်ရွက်ရန်၊

(စ) စာပေနှင့်စာနယ်ဇင်းလုပ်ငန်းတွင် မဂ္ဂဇင်း စာစောင်များ၌ ရေးသားသော ကာတွန်းရုပ်ပြဆရာများ နှင့် ပုံနှိပ်ထုတ်ဝေသူများ၏ လုပ်ငန်းများတွင် ကူညီဆောင်ရွက်ရန်။

## မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့
## လုပ်ငန်းစဉ် (၁၀) ရပ်

(က) ပြည်သူများ အသိအမြင် အတွေးအခေါ် ကျယ်ပြန့်ရေးအတွက် ပြုစုလေ့လာ ရေးသားရန်၊

(ခ) သုတ၊ ရသ စာပေကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန်၊

(ဂ) အမျိုးသား ယဉ်ကျေးမှု ထိန်းသိမ်း စောင့်ရှောက်ရေး လုပ်ငန်း၌ ပါဝင်ဆောင်ရွက်ရန်၊

(ဃ) အမျိုးသား စည်းလုံး ညီညွတ်ရေးကို စာပေစာနယ်ဇင်း နည်းလမ်းတို့ဖြင့် အထောက်အကူပြုရန်၊

(င) ကလေးလူငယ်စာပေ အသိပညာ ကြွယ်ဝရေးအတွက် ရေးသားပြုစုရန်၊

(စ) စာပေဖွံ့ဖြိုးရေးကို အထောက်အကူပြုမည့် စာကြည့်တိုက်လုပ်ငန်း၊ စာပေဆိုင်ရာ စာတမ်းဖတ်ပွဲ၊ စာပေ ဟောပြောပွဲ၊ စာပေသင်တန်း စသည်တို့ကို အခါအားလျော်စွာ ကျင်းပပေးရန်၊

(ဆ) မြန်မာစာပေနှင့် နိုင်ငံတကာစာပေတို့ကို ပေါင်းကူး ဆက်စပ်၍ စာဖတ်သူများအတွက်ရေးသားပြုစုဆောင်ရွက်ရန်၊

(ဇ) စာပေလောကသားများ၏ တရားသဖြင့် ရသင့်ရထိုက်သောအခွင့်အရေးကိုတည်ဆဲဥပဒေများနှင့်အညီကာကွယ်စောင့်ရှောက်ရန်၊

(ဈ) စာပေလောကသားတို့၏ သာရေးနာရေးတွင် ကူညီစောင့်ရှောက်ရန်၊

(ည) အဖွဲ့၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်တို့ အောင်မြင်ရေးအတွက် စာပုံနှိပ်တိုက်လုပ်ငန်း၊ စာအုပ်ဆိုင်လုပ်ငန်းနှင့် ထုတ်ဝေဖြန့်ချိရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်။

www.burmeseclassic.com

www.burmeseclassic.com



# မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ သမိုင်းမှတ်တမ်းရက်စွဲ

၁၁. ၀၂. ၁၉၆၆ စာပေလုပ်သားအဖွဲ့ဖြစ်မြောက်ရေးကော်မတီ (၁၄ ဦး)
ဥက္ကဋ္ဌ - ဦးဝန် (မင်းသုဝဏ်)
အတွင်းရေးမှူး - ဦးထင်ကြီး
(တက္ကသိုလ်ထင်ကြီး)

၂၄. ၆. ၁၉၇၆ စာပေလုပ်သား စည်းရုံးရေးကော်မတီ (၁၇ ဦး)
ဥက္ကဋ္ဌ - ဦးထိန်လင်း
အတွင်းရေးမှူး - ဦးထင်ကြီး
(တက္ကသိုလ်ထင်ကြီး)

၀၄. ၃. ၁၉၇၉ စာပေလုပ်သားစည်းရုံးရေးကော်မတီ (၁၈ ဦး)

၅. ၁၂. ၁၉၇၉ စာပေလုပ်သားညီလာခံကျင်းပရေးကော်မရှင်
ဥက္ကဋ္ဌ - ဦးထွန်းတင် (မန်းတင်)
အတွင်းရေးမှူး - ဦးခင်မောင်အေး
(ခင်မောင်အေး-မန္တလေး)
တွဲဖက်အတွင်းရေးမှူး - ဦးမျိုးသန့်
(မောင်ဆုရှင်)

www.burmeseclassic.com

www.burmeseclassic.com



၀. ၃. ၁၉၈၀ ပထမအကြိမ် စာပေလုပ်သား ညီလာခံ
ဥက္ကဋ္ဌ - ဦးထွန်းတင် (မန်းတင်)
အတွင်းရေးမှူး - ဦးမျိုးသန့် (မောင်ဆုရှင်)
တွဲဖက်အတွင်းရေးမှူး - ဦးလှထွန်း (လှထွန်း-တွံတေး)

၃. ၄. ၁၉၈၄ ဒုတိယအကြိမ် စာပေလုပ်သား ညီလာခံ
ဥက္ကဋ္ဌ - ဦးဝင်းဖေ (မြဇင်)
အတွင်းရေးမှူး - ဦးမျိုးသန့် (မောင်ဆုရှင်)
တွဲဖက်အတွင်းရေးမှူး - ဦးလှထွန်း (လှထွန်း-တွံတေး)

၃၁. ၃. ၁၉၈၈ တတိယအကြိမ် စာပေလုပ်သား ညီလာခံ
ဥက္ကဋ္ဌ - ဦးဝင်းဖေ (မြဇင်)
အတွင်းရေးမှူး - ဦးမျိုးသန့် (မောင်ဆုရှင်)
တွဲဖက်အတွင်းရေးမှူး - ဦးလှထွန်း (လှထွန်း-တွံတေး)

၂၁. ၁၀. ၁၉၈၈ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့
ဥက္ကဋ္ဌ - ဦးခင်မောင်အေး (ခင်မောင်အေး-မန္တလေး)
အတွင်းရေးမှူး - ဦးမျိုးသန့် (မောင်ဆုရှင်)
တွဲဖက်အတွင်းရေးမှူး - ဦးလှထွန်း (လှထွန်း-တွံတေး)



၁၄. ၁၀. ၁၉၈၉ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ (၂၅ ဦး)
ဥက္ကဋ္ဌ - ဦးစိုးညွန့် (ထိလာစစ်သူ)
အတွင်းရေးမှူး - ဦးမျိုးသန့် (မောင်ဆုရှင်)
တွဲဖက်အတွင်းရေးမှူး - ၃ ဦး

၂၉. ၁၂. ၁၉၉၃ ပထမအကြိမ် ညီလာခံ
ဥက္ကဋ္ဌ - ဦးမျိုးသန့် (မောင်ဆုရှင်)
အတွင်းရေးမှူး - ဦးဝင်းဖေ (မုံရွာဝင်းဖေ)
တွဲဖက်အတွင်းရေးမှူး - ၃ ဦး

၂၉. ၆. ၁၉၉၆ ပထမအကြိမ် ညီလာခံ ဗဟိုဦးစီး အစည်းအဝေး
ဥက္ကဋ္ဌ - ဦးမျိုးသန့် (မောင်ဆုရှင်)
အတွင်းရေးမှူး - ဦးဝင်းဖေ (မုံရွာဝင်းဖေ)
တွဲဖက်အတွင်းရေးမှူး - ၃ ဦး

၂၂. ၆. ၁၉၉၈ ဒုတိယအကြိမ် ညီလာခံ
ဥက္ကဋ္ဌ ဦးကျော်အောင် (ကျော်အောင်)
အတွင်းရေးမှူး - ဦးလှထွန်း (လှထွန်း-တွံတေး)
တွဲဖက်အတွင်းရေးမှူး - ၄ ဦး

၂၇. ၂. ၂၀၀၀ ဥက္ကဋ္ဌ - ဦးလှမြိုင် (ကိုဆောင်း)
အတွင်းရေးမှူး - ဦးလှထွန်း (လှထွန်း-တွံတေး)
တွဲဖက်အတွင်းရေးမှူး - ၄ ဦး

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၂၉. ၆. ၂၀၀၀ | ဒုတိယအကြိမ် ညီလာခံ ဗဟိုဦးစီး အစည်းအဝေး | |
| | ဥက္ကဋ္ဌ | ဦးလှမြိုင် (ကိုဆောင်း) |
| | အတွင်းရေးမှူး | ဦးလှထွန်း (လှထွန်း-တွံတေး) |
| | တွဲဖက်အတွင်းရေးမှူး | ၄ ဦး |
| ၂၈. ၆. ၂၀၀၂ | တတိယအကြိမ် ညီလာခံ | |
| | ဥက္ကဋ္ဌ | ဦးလှမြိုင် (ကိုဆောင်း) |
| | အတွင်းရေးမှူး | ဦးလှထွန်း (လှထွန်း-တွံတေး) |
| | တွဲဖက်အတွင်းရေးမှူး | ၄ ဦး |
| ၁၁. ၅. ၂၀၀၄ | တတိယအကြိမ် ညီလာခံ ဗဟိုဦးစီးအစည်းအဝေး | |
| | ဥက္ကဋ္ဌ | ဦးလှမြိုင် (ကိုဆောင်း) |
| | အတွင်းရေးမှူး | ဦးလှထွန်း (လှထွန်း-တွံတေး) |
| | တွဲဖက်အတွင်းရေးမှူး | ၄ ဦး |



# အမှာစာ

၁၉၆၆ ခုနှစ် ဒီဇင်ဘာလမှ စတင်ဖွဲ့စည်းခဲ့သော စာပေလုပ်သားအဖွဲ့ ဖြစ်မြောက်ရေးကော်မတီ၊ ထို့နောက် စာပေလုပ်သား စည်းရုံးရေးကော်မတီများ၊ ထို့နောက်စာပေလုပ်သားအဖွဲ့နှင့်၁၉၈၉ တွင် ပြောင်းလဲဖွဲ့စည်းခဲ့သော မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်း အဖွဲ့တို့၏ သမိုင်းစဉ် အကျဉ်းချုပ်ကို နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း ၂၀၀၁ ခုနှစ်၊ မတ်လမှအစပြု၍ ရေးသားဖော်ပြခဲ့ပါသည်။

ယင်းသို့ ပြုစုရေးသားရာ၌ စာပေလုပ်သားအဖွဲ့နှင့် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ညီလာခံများ၊ ဗဟိုဦးစီး အစည်းအဝေးများသို့ တင်သွင်းခဲ့သော သက်ဆိုင်ရာ ဗဟိုအမှုဆောင်အဖွဲ့၏ အစီရင်ခံစာများကို အခြေခံ၍ ပြုစုရေးသားထားခြင်း ဖြစ်ပါသည်။ လစဉ်မပျက် ပြုလုပ်ခဲ့သည့် ဗဟိုအမှုဆောင်အဖွဲ့၏ လပတ် အစည်းအဝေး မှတ်တမ်းများမှလည်း ထုတ်နုတ်ခဲ့ပါသည်။

စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ညီလာခံအား ဂုဏ်ပြု၍ ၂၀၀၂ ခုနှစ်၊ ဇွန်လနေ့စွဲနှင့်ထုတ်ဝေခဲ့သော အဖွဲ့သမိုင်းစာအုပ်တွင် ၁၉၆၆ ခုနှစ် ဒီဇင်ဘာမှ ၂၀၀၀ ပြည့်နှစ်ဇွန်လအထိ အဖွဲ့၏ ဖြစ်စဉ်များကို စိစစ်ပြုစု ဖော်ပြထားခဲ့ပါသည်၊ နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်း ၂၀၀၂ ခုနှစ်၊ ဇူလိုင်လထုတ် မဂ္ဂဇင်းအထိ ဖော်ပြပါရှိခဲ့သည့် "မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ သမိုင်း" ဆောင်းပါးများကို စုဆောင်းတင်ပြခဲ့ခြင်း ဖြစ်ပါသည်။

ဤ၂၀၀၆ ခုနှစ်၊ ဇွန်လနေ့စွဲနှင့် ထုတ်ဝေသော "မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့သမိုင်း" အုပ်တွဲ (၂) တွင် နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်း ၂၀၀၃ ခုနှစ်၊ ဇွန်လထုတ်မဂ္ဂဇင်း အထိ ပါရှိခဲ့ပြီးသော ဆောင်းပါးများကို ထပ်မံ ဖြည့်စွက် ဖော်ပြထားခြင်းဖြစ်ပါသည်။ သမိုင်းအတွဲ (၃) ကို ဆက်လက်ထုတ်ဝေပါမည်။

**ကိုဆောင်း**

၂၀၀၆ ခုနှစ်၊ ဇွန်လ

www.burmeseclassic.com


www.burmeseclassic.com



ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပထမအကြိမ် စာပေညီလာခံသို့ ကြွရောက်ချီးမြှင့်စဉ်




၂၀၀၆-ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင် ၂၀၀၆ ခုနှစ် ၆၁ နှစ်မြောက်တပ်မတော်နေ့အထိမ်းအမှတ်ညစာစားပွဲသို့ တက်ရောက်လာသည့် မြန်မာနိုင်ငံအလှဝန်ဆောင်မှုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မြင့်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အဖွဲ့ဝင်များ ၂၀၀၄ ခုနှစ်အတွက် အမျိုးသားစာပေဆု ရရှိကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်




၁၂-၆-၂၀၀၆ နေ့တွင် ကျင်းပခဲ့သည့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ စာတွေ့အကြိမ် ဝေငေညီလာခံ့ကတ်ပြူ ဒုတိယအကြိမ်
အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က မြန်မာ့ရေးနန်းကြီးစာဆိုကြီး ဗိုလ်မှူးချုပ်ကျော်ဇံနှင့်သို့ အလှူငွေပေးအပ်စဉ်





၇-၉-၂၀၀၄ရက်တွင် ကုန်သည်ကြီးများအသင်း၌ ကျင်းပခဲ့သည့် မူပိုင်ခွင့်အသုံးချမှုဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာစာရေးဆရာကြီးများ ဒုတိယဝန်ကြီး
ဗိုလ်မှူးချုပ်အောင်သိန်း အာရှပစိဖိတ်ဒေသ ယဉ်ကျေးမှုစင်တာ(အေစီစီယူ)၏ ညွှန်ကြားရေးမှူးချုပ် မစ္စတာနာကာနိရှိကိုမို မြန်မာနိုင်ငံ စာပေနှင့်
စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(တိုးလောင်း)နှင့် အသုံးချဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်ဆွေးနွေးကြသည့် စာတမ်းရှင်များ တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင်

www.burmeseclassic.com

www.burmeseclassic.com



၂၀၀၁ ခုနှစ်အတွက် ချီးမြှင့်သော အရှေ့တောင်အာရှစာပေဆု(SEA WRITE AWARD)ကို လက်ခံရယူမည့် ဆရာဦးထင်ကြီး(တက္ကသိုလ်ထင်ကြီး)အား ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသိန်းစိန်နှင့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)တို့က လေဆိပ်သို့လိုက်ပါပို့ဆောင်ကြစဉ်



မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့မှ လစဉ်ကျင်းပသော သုတဘာသာစာတမ်းဖတ်ပွဲအခမ်းအနားတွင် ဗဟိုအမှုဆောင်ကော်မတီဝင် ဟောပြောဆွေးနွေးလေ့လာရေးအဖွဲ့ခေါင်းဆောင် ဦးမျိုးသန့်(မောင်သုရှင်)က စာတမ်းများကို မိတ်ဆက်ရှင်းလင်းစဉ်




ကမ္ဘာ့ဉာဏပစ္စည်းမူပိုင်ခွင့်ဆိုင်ရာအဖွဲ့ချုပ်(WIPO)နှင့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့တို့ ပူးပေါင်း၍ ၁၆-၅-၂၀၀၆ မှ ၁၇-၅-၂၀၀၆ ရက်အထိ ရန်ကုန်မြို့ Grand Plaza Park Royal Hotel တွင် ကျင်းပခဲ့သည့် "စာပေအနုပညာမူပိုင်ခွင့်ဆိုင်ရာ အမျိုးသားအဆင့် နှီးနှောဖလှယ်ပွဲ" ဖွင့်ပွဲအခမ်းအနားတွင် WIPO ညွှန်ကြားရေးမှူး Mr. Blomqvist, မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ထွေး မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်တို့နှင့် ပါဝင်တက်ရောက်ဆွေးနွေးကြသည့် ပုဂ္ဂိုလ်များ

www.burmeseclassic.com



မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က ၂၀၀၁ ခုနှစ်အတွက် မြန်မာနိုင်ငံစာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်များအား ကန်တော့ပွဲကို ရန်ကုန်မြို့တော်ခန်းမတွင် ကျင်းပနေစဉ်



၂၀-၆-၂၀၀၂ မှ ၃၀-၆-၂၀၀၂ နေ့တွင် ကျင်းပခဲ့သော မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ညီလာခံတွင် ဗဟိုအမှုဆောင်ကော်မတီဝင်အသစ်များ ကတိသစ္စာခံယူကြစဉ်



# မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ သမိုင်း

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ "ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း" အခန်း (၁၄)၊ အပိုဒ် (၈၃) တွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်။

၈၃. ဤဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းအရ ဖွဲ့စည်းမည့် စာပေနှင့် စာနယ်ဇင်း အဖွဲ့သည် စာပေလုပ်သားအဖွဲ့ ဖြစ်မြောက်ရေး ကော်မတီ၊ စာပေလုပ်သားအဖွဲ့ စည်းရုံးရေး ကော်မတီနှင့် စာပေလုပ်သားအဖွဲ့တို့က ဆောင်ရွက်ခဲ့သည့် လုပ်ငန်းအဝဝကို ဆက်ခံသည်။

ဆောင်ရွက်ခဲ့သော လုပ်ငန်းအဝဝကို ဆက်ခံသည် ဟု အတိအကျ၊ အခိုင်အလုံ ချမှတ်ထားချက်အရ "စာပေနှင့် စာနယ်ဇင်းအဖွဲ့အစ စာပေလုပ်သားအဖွဲ့က" ဟု ယတိပြတ် မှတ်ယူရမည် ဖြစ်ပါသည်။

၁၉၈၈ ခုနှစ် အရေးအခင်း နောက်ပိုင်းတွင် စာပေနှင့် စာနယ်ဇင်းအဖွဲ့ကို ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေအရ ၁၉၈၉ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com



အောက်တိုဘာလတွင် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။ ၁၉၈၈ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့တွင် အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်ပြုရေးနှင့် ကြီးကြပ်ရေး ဗဟိုအဖွဲ့သို့ လျှောက်ထားခဲ့ရာ ၁၉၈၉ ခုနှစ် အောက်တိုဘာလ ၁၉ ရက်နေ့တွင် ဖွဲ့စည်းခွင့် အမှတ် (၁၃၉၅) ဖြင့် ဖွဲ့စည်းခွင့် ရခဲ့ပါသည်။

မူလစာပေလုပ်သားအဖွဲ့ကို ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း အသစ် ရေးဆွဲပြီး "စာပေနှင့် စာနယ်ဇင်းအဖွဲ့" အမည်ဖြင့် ပြောင်းလဲ ဖွဲ့စည်း မှတ်ပုံတင်ခဲ့ခြင်းသာ ဖြစ်ပေသည်။ ၈၈ အရေးအခင်း နောက်ပိုင်း အခြေအနေများကို သက်ဆိုင်ရာ ကာလအပိုင်းတွင် လိုအပ်သလို ရေးသား ဖော်ပြပါမည်။

သမိုင်းစဉ်အရ မူလ စာပေလုပ်သားအဖွဲ့ ဖွဲ့စည်း ပေါ်ပေါက် လာပုံကို တင်ပြရန် လိုအပ်ချက်အရ စာပေလုပ်သား အဖွဲ့ သမိုင်းကို အစပြု၍ ခင်းကျင်း ဖော်ပြရပါမည်။

မြန်မာနိုင်ငံတွင် စာရေးဆရာ၊ သတင်းစာဆရာ၊ ကာတွန်း ဆရာ စသော စာပေနှင့် စာနယ်ဇင်း သမားများသည် သမိုင်း တစ်လျှောက်၌ တစ်မျိုးသားလုံး၏ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုး သားလွတ်မြောက်ရေး လှုပ်ရှားမှုများတွင် တိုင်းရင်းသား ပြည်သူ လူထု တစ်ရပ်လုံးနှင့်အတူ နီးကြားတက်ကြွစွာ ပါဝင် လှုပ်ရှားခဲ့ ကြပါသည်။ ယင်းစာရေးဆရာ၊ သတင်းစာဆရာ၊ ကာတွန်း ဆရာ စာနယ်ဇင်းသမားများသည်ပင်လျှင် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးအား အမျိုးသားရေး လှုပ်ရှားမှုများတွင် ပါဝင်လာ ကြစေရန် စဉ်ဆက်မပြတ် ရေးသား လှုံ့ဆော် ခဲ့ကြပေသည်။



ထိုသို့ ရေးသား လှုံ့ဆော်ခဲ့ကြရုံမက စာရေးဆရာနှင့် သတင်းစာဆရာများ ပါဝင် ဖွဲ့စည်းခဲ့သော စာရေးဆရာ၊ သတင်းစာဆရာ အသင်းအဖွဲ့များ ပေါ်ပေါက်လာအောင် ကြိုးပမ်းခဲ့ကြပါသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိပြီး နောက်ပိုင်းတွင်ကား တိုင်းရင်းသား စည်းလုံးညီညွတ်မှု ယိုယွင်းခြင်းနှင့်အတူ မြန်မာ့ သမိုင်း၌ အစဉ်အလာရှိသော စာရေးဆရာ၊ သတင်းဆရာ အသင်းအဖွဲ့များ၏ ညီညွတ်ရေးသည်လည်း ပျက်ပြားခဲ့ရသည်။ ညီညွတ်ရေး အားနည်းသည်နှင့်အမျှ စာပေစာနယ်ဇင်း အဖွဲ့အစည်းများသည်လည်း အကြောင်းအမျိုးမျိုးကြောင့် အကွဲကွဲ အပြားပြား ဖြစ်ခဲ့ကြရသည်။

အမျိုးသား ယဉ်ကျေးမှုနယ်ပယ်မှ စာပေစာနယ်ဇင်း သမားများအား နိုင်ငံထူထောင်ရေးတွင် စုစည်းညီညွတ်စွာဖြင့် တစ်တပ်တစ်အား ပါဝင်လာနိုင်စေရန် ရည်သန်၍ ၁၉၆၂ ခုနှစ် မတ်လ တော်လှန်ရေးကောင်စီ (တပ်မတော်အစိုးရ) တက် ရောက်စဉ်ကပင် စတင်အားထုတ် ကြိုးပမ်းခဲ့ပါသည်။

တော်လှန်ရေးကောင်စီသည် စာပေလုပ်သားများ၏ စည်းလုံး ညီညွတ်ရေးနှင့် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ဖြင့် တိုင်းပြည်ထူထောင်ရာတွင် အမျိုးမျိုး ကွဲပြားနေသော စာပေ လုပ်သားများကို ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ရန် သဘော ထား ရှိခဲ့ပါသည်။ ထို့အပြင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ သည် ၁၉၆၆ ခုနှစ်တွင် စာပေလုပ်သားအဖွဲ့ကြီးတစ်ရပ် ဖြစ်ပေါ်လာရေးအတွက် ညှိနှိုင်းဆောင်ရွက်ခဲ့ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းညှိနှိုင်းချက်များအရ ၁၉၆၆ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၏ ဦးဆောင်မှုဖြင့် တော်လှန်ရေးကောင်စီအစိုးရ ပြန်ကြားရေးဝန်ကြီးဌာန က အဖွဲ့ဝင် ၁၄ ဦး ပါဝင်သော ပြည်ထောင်စု မြန်မာနိုင်ငံ စာပေလုပ်သားအဖွဲ့ ဖြစ်မြောက်ရေးကော်မတီကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပေးခဲ့ပါသည်။

| | | |
|---|---|---|
| (က) | ဦးဝန် (မင်းသုဝဏ်) | ဥက္ကဋ္ဌ |
| (ခ) | ဦးအုံးမောင် (ညာဏ) | အဖွဲ့ဝင် |
| (ဂ) | ဦးလှ (လူထုဦးလှ) | အဖွဲ့ဝင် |
| (ဃ) | ဦးထွန်းတင် (မန်းတင်) | အဖွဲ့ဝင် |
| (င) | ဦးအုန်းဖေ (တက်တိုး) | အဖွဲ့ဝင် |
| (စ) | ဦးခင်မောင်လတ် (လုပ်သားနေ့စဉ်၊ အင်္ဂလိပ်) | အဖွဲ့ဝင် |
| (ဆ) | ပန်းချီဦးဘကြည် | အဖွဲ့ဝင် |
| (ဇ) | ဦးဆန်းထွန်း (ဆန်းထွန်း-မန်းတက္ကသိုလ်) | အဖွဲ့ဝင် |
| (ဈ) | ဦးထွန်းဝေ | အဖွဲ့ဝင် |
| (ည) | ဦးလှမြိုင် (လုပ်သားနေ့စဉ်၊ မြန်မာ) | အဖွဲ့ဝင် |
| (ဋ) | ဦးကျော်ဆွေ (မင်းကျော်) | အဖွဲ့ဝင် |
| (ဌ) | ဦးကိုကို (ကိုကို) | အဖွဲ့ဝင် |



| | | |
|---|---|---|
| (ဍ) | ဦးမြတ်သူ (တက္ကသိုလ်မြတ်သူ) | အဖွဲ့ဝင် |
| (ဎ) | ဦးထင်ကြီး | အတွင်းရေးမှူး |

စာပေလုပ်သားအဖွဲ့ ဖြစ်မြောက်ရေးကော်မတီသည် စာပေလုပ်သားအဖွဲ့ဝင်များအား စည်းရုံးခြင်း၊ စာပေလုပ်သားအဖွဲ့ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း ရေးဆွဲခြင်း စသည့် တာဝန်များကို အခြေအနေပေးသရွေ့ ဆောင်ရွက်ခဲ့ပါသည်။ ၇-၃-၆၇ နေ့အထိ စာပေလုပ်သားအဖွဲ့ဝင် ၁၁၉၇ ဦးကို စိစစ်လက်ခံနိုင်ခဲ့သော်လည်း ၁၉၆၇ ခုနှစ်အတွင်း စာပေလုပ်သား ညီလာခံကျင်းပနိုင်ရေး လျာထားချက်ကို ဖြစ်မြောက်အောင် ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပေ။

ထိုကာလအတွင်းမှာပင် စာပေလုပ်သားအဖွဲ့ ဖြစ်မြောက်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးဝန် (မင်းသုဝဏ်) သည် ဂျပန်နိုင်ငံ တိုကျိုမြို့ ဘာသာခြားတက္ကသိုလ်၌ တာဝန်ထမ်းဆောင်ရန် ပြောင်းရွှေ့သွားသဖြင့် ဥက္ကဋ္ဌ နေရာကို ဦးအုန်းဖေ (တက်တိုး) က ဆက်လက် ထမ်းဆောင်ခဲ့ပါသည်။

၁၉၇၆ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် စာပေလုပ်သားအဖွဲ့ ဖြစ်မြောက်ရေး ကော်မတီအစား စာပေလုပ်သားအဖွဲ့ စည်းရုံးရေး ကော်မတီကို အောက်ပါအဖွဲ့ဝင် ၁၇ ဦးဖြင့် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီက ဖွဲ့စည်းပေးခဲ့ပါသည်။

| | | |
|---|---|---|
| (က) | ဦးထိန်လင်း | ဥက္ကဋ္ဌ |
| (ခ) | ဦးထင်ကြီး (တက္ကသိုလ်ထင်ကြီး) | အတွင်းရေးမှူး |

www.burmeseclassic.com

www.burmeseclassic.com



(ဂ) ဦးလှ (လူထုဦးလှ) အဖွဲ့ဝင်
(ဃ) ဦးအုန်းဖေ (တက်တိုး) အဖွဲ့ဝင်
(င) ဦးဆန်းထွန်း အဖွဲ့ဝင်
(ဆန်းထွန်း-မန်းတက္ကသိုလ်)
(စ) ဦးလှမြိုင် အဖွဲ့ဝင်
(လုပ်သားနေ့စဉ်၊ မြန်မာ)
(ဆ) ဦးကျော်ဆွေ (မင်းကျော်) အဖွဲ့ဝင်
(ဇ) ဦးကိုကို (ကိုကို) အဖွဲ့ဝင်
(ဈ) ဦးမြတ်သူ (တက္ကသိုလ်မြတ်သူ) အဖွဲ့ဝင်
(ည) ဦးဝင်းတင် (ဟံသာဝတီ) အဖွဲ့ဝင်
(ဋ) ဦးမျိုးသန့် (မောင်ဆုရှင်) အဖွဲ့ဝင်
(ဌ) ဦးစိုးမောင် (သာဂရ) အဖွဲ့ဝင်
(ဍ) ဦးထင်ဖတ် (မောင်ထင်) အဖွဲ့ဝင်
(ဎ) ဦးစန်းငွေ (ဒဂုန်ဦးစန်းငွေ) အဖွဲ့ဝင်
(ဏ) ဒေါ်ရင်ရင် (စောမုံညင်း) အဖွဲ့ဝင်
(တ) ဒေါ်ရီကြိန် အဖွဲ့ဝင်
(ထ) ဦးထွန်းဝေ အဖွဲ့ဝင်
(တက္ကသိုလ် မောင်ထွန်းဝေ)

ယင်းကော်မတီသည် (က) စာပေလုပ်သားအဖွဲ့ ညီလာခံ ပြင်ဆင်ရေး၊ (ခ) စာပေလုပ်သားများ၏ ပြဿနာများကို ကူညီ ဖြေရှင်းရေး၊ (ဂ) စာပေလုပ်သားအဖွဲ့ အဆောက်အအုံရရှိရေး၊ (ဃ) အဖွဲ့ဝင်များ၏ သာမူနာမူ ကူညီရေး၊ (င) လုပ်ထုံး



လုပ်နည်းများနှင့် နည်းစနစ်များ ရေးဆွဲရေး၊ (စ) အဖွဲ့ဝင် စည်းရုံးရေး၊ (ဆ) အထွေထွေ ကိစ္စများကို အတတ်နိုင်ဆုံး ဆောင်ရွက်ခဲ့ပါသည်။

စာပေလုပ်သားအဖွဲ့ စည်းရုံးရေးကော်မတီကို ၁၉၇၉ ခုနှစ် မတ် ၁၄ ရက်နေ့တွင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီက အောက်ပါအတိုင်း ပြန်လည်အစားထိုး ဖွဲ့စည်းပေးခဲ့ပါသည်။

(က) ဦးထွန်းတင် (မန်းတင်) ဥက္ကဋ္ဌ
(ခ) ဗိုလ်မှူးကြီးခင်မောင်အေး အတွင်းရေးမှူး
(ဂ) ဦးမျိုးသန့် (မောင်ဆုရှင်) အဖွဲ့ဝင်
(ဃ) ဦးထင်ကြီး အဖွဲ့ဝင်
(တက္ကသိုလ်ထင်ကြီး)
(င) ဦးစန်းငွေ (ဒဂုန်ဦးစန်းငွေ) အဖွဲ့ဝင်
(စ) ဦးစိုးမောင် (သာဂရ) အဖွဲ့ဝင်
(ဆ) ဦးထင်ဖတ် (မောင်ထင်) အဖွဲ့ဝင်
(ဇ) ဦးအုန်းဖေ (တက်တိုး) အဖွဲ့ဝင်
(ဈ) ဦးချမ်းမြ (မြကေတု) အဖွဲ့ဝင်
(ည) ဦးမောင်မောင်ကြီး အဖွဲ့ဝင်
(ဒဂုန်နတ်ရှင်)
(ဋ) ဦးတင်မြင့် (သခ်ီ) အဖွဲ့ဝင်
(ဌ) ဦးကျော်ဆွေ (မင်းကျော်) အဖွဲ့ဝင်
(ဍ) ဦးလှမြိုင်(ကိုဆောင်း) အဖွဲ့ဝင်
(လုပ်သားနေ့စဉ်)

www.burmeseclassic.com

www.burmeseclassic.com



(ပ) ဦးကိုကို (ကိုကို) အဖွဲ့ဝင်
(ဖ) အဖွဲ့ဝင်ဒေါ်ရီကြိန် အဖွဲ့ဝင်
(ဗ) ဒေါ်ရင်ရင် (စောမုံညင်း) အဖွဲ့ဝင်
(ဘ) ဦးတင်အုံး(ဥပဒေပါမောက္ခ) အဖွဲ့ဝင်
(မ) ဦးသိုက်ထွန်း (တိုင်းပညာရေးမှူး) အဖွဲ့ဝင်

**ယင်း**စာပေလုပ်သားအဖွဲ့ စည်းရုံးရေးကော်**မတီ**သည် ၁၉၈၀ **ပြည့်**နှစ် ဧပြီလအတွင်း စာပေလုပ်သား **ညီလာခံကြီး**ကို ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ပါသည်။

**ညီလာခံ** ပြင်ဆင်ချိန်တွင် အဖွဲ့ဝင်အင်အားမှာ တစ်နိုင်ငံလုံး၌ **စာ**ရေးဆရာ ၂၃၇၇ ဦး၊ သတင်းစာဆရာ ၇**၆၈ ဦး**၊ စုစုပေါင်း ၃၁၄၅ ဦးတို့ကို စည်းရုံး လက်ခံထားပြီး ဖြစ်**ပါသ**ည်။

## ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း

စာပေလုပ်သားအဖွဲ့၏ ဖွဲ့စည်းပုံ အခြေခံစည်း**မျဉ်း**တွင် **အဖွဲ့၏** ရည်ရွယ်ချက် ၃ ရပ်နှင့် လုပ်ငန်းစဉ် ၁၃ ရပ်၊ **အစီ**ပွာယ် ဖွင့်ဆိုချက်များ၊ **အ**မည်၊ တည်နေရာ၊ တံဆိပ်အမှ**တ်အ**သား **များနှင့်** အဖွဲ့ဝင်ဖြစ်ခြင်းအတွက် စာပေအမျိုးအစား ၁၅ **မျိုး** **အရ** **အ**ုပ်ရေ (သို့) **ပုဒ်ရေ** သတ်မှတ်**ချက်**များ၊ နုတ်**ထွက်**ခြင်း၊ အဖွဲ့ဝင်**၏** ပိုင်ခွင့်**များနှင့်** လိုက်**နာရမည့်** စည်းတ**မ်းများ**၊ ဖွဲ့စည်းတည်ဆောက်ပုံမူများ၊ ဖွဲ့စည်းတည်ဆောက်ပုံတွင်



**မြို့န**ယ်စာပေလုပ်သားအဖွဲ့၊ စာပေလုပ်သားအဖွဲ့ ညီလာခံ၊ **စာ**ပေလုပ်သား ဗဟိုဦးစီးအဖွဲ့၊ ဗဟိုအမှုဆောင်ကော်မတီ၊ ဗဟိုအမှုဆောင်ကော်မတီ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ **မျိုး**ပြောက်ခြင်း၊ အရေးယူခြင်း၊ အပြစ်ပေးခြင်းနှင့် အယူခံခြင်း၊ **ဖွဲ့**စည်းပုံ အခြေခံစည်းမျဉ်းကို ပြင်ဆင်ခြင်း၊ လုပ်ထုံးလုပ်နည်း**များနှင့်** နည်းစနစ်များ ပြဋ္ဌာန်းခြင်း၊ အဖွဲ့ဝင်ကြေး၊ နှစ်ကြေး**များနှင့်** **အ**ဖွဲ့ရန်ပုံငွေနှင့် အထွေထွေ ဟူ၍ ဖော်ပြထားပါသည်။

စာပေလုပ်သားအဖွဲ့၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့် နည်းစနစ်များ အားလုံးတို့သည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ စာပေနှင့် စာနယ်ဇင်းဆိုင်ရာ မူဝါဒများနှင့်အညီ ချမှတ်ထားခြင်း ဖြစ်ပေသည်။

## စာပေလုပ်သား ညီလာခံ ကျင်းပရေးကော်မရှင်

စာပေလုပ်သား စည်းရုံးရေးကော်မတီသည် ၁၉၇၉ ခုနှစ်နှ**ောင်း**ဘာလအတွင်း၌ စာပေလုပ်သား ညီလာခံ ကျင်းပရေး**စီမံ**ချက်တစ်ရပ်ကို ရေးဆွဲ၍ ညီလာခံ ပြင်ဆင်ရေးလုပ်ငန်း**များ**ကို စတင်ခဲ့ပါသည်။

ညီလာခံ ပြင်ဆင်ရေးလုပ်ငန်းများတွင် မြို့နယ်အလိုက် **အဖွဲ့**ဝင်စာရင်းမှန် ရရှိရန် စီစဉ်ခြင်း၊ မြို့နယ်အဖွဲ့များနှင့် **မြို့န**ယ်စည်းရုံးရေးကော်မတီများ စနစ်တကျ ဖွဲ့စည်းခြင်း၊ **ရွေးကော**က်တင်မြှောက်ပုံ နည်းစနစ်များကို ညှိနှိုင်းရေးဆွဲခြင်း**တို့**ကို တစ်ပြိုင်တည်း ပြုလုပ်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် စည်းရုံးရေးကော်မတီသည် စာရေးဆရာ၊ သတင်းစာဆရာ၊ စာပေပညာရှင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ ၅၀ ဦး ပါဝင်သော ပထမအကြိမ် စာပေလုပ်သား ညီလာခံ ကျင်းပရေးကော်မရှင်ကို ၁၉၇၉ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါသည်။

ညီလာခံ ကော်မရှင်သည် အဖွဲ့ဝင် ၂၁ ဦး ပါဝင်သော ညီလာခံ ကော်မရှင် အလုပ်အမှုဆောင်အဖွဲ့နှင့် ညီလာခံ လုပ်ငန်းကော်မတီ ၆ ရပ်ကို ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါသည်။

## စာပေလုပ်သားအဖွဲ့ ပထမအကြိမ် ညီလာခံ

၁၉၈၀ ပြည့်နှစ် ဧပြီလ ၄ ရက်နေ့နှင့် ၅ ရက်နေ့များတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ အစည်းအဝေးခန်းမ၌ စာပေလုပ်သားအဖွဲ့၏ ပထမအကြိမ် ညီလာခံကို ကျင်းပခဲ့ပါသည်။

ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းတွင် ပြဌာန်းထားသော ဖွဲ့စည်းမှုအရ စာရေးဆရာအဖွဲ့ခွဲကို စာပေလုပ်သား အဖွဲ့ဝင် စာရေးဆရာများဖြင့်လည်းကောင်း၊ သတင်းစာဆရာအဖွဲ့ခွဲကို စာပေလုပ်သားအဖွဲ့ဝင် သတင်းစာဆရာများဖြင့်လည်းကောင်း အဖွဲ့ခွဲနှစ်ရပ်ကို ဖွဲ့စည်းခဲ့ပါသည်။

စာပေလုပ်သား စည်းရုံးရေးကော်မတီမှ ပထမအကြိမ် စာပေလုပ်သား ညီလာခံသို့ တင်သွင်းသော အစီရင်ခံစာတွင် တိုင်းနှင့်ပြည်နယ်များမှ မြို့နယ် ပုံမှန်အစည်းအဝေး ကျင်းပနိုင်ခဲ့သော မြို့နယ်များစာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။



### စာပေလုပ်သား မြို့နယ်အဖွဲ့များ

| | |
|---|---|
| ၁။ ကချင်ပြည်နယ် | ၁။ မြစ်ကြီးနားမြို့နယ် |
| ၂။ ကရင်ပြည်နယ် | ၂။ ဘားအံမြို့နယ် |
| ၃။ စစ်ကိုင်းတိုင်း | ၃။ ကလေးမြို့နယ် |
| | ၄။ စစ်ကိုင်းမြို့နယ် |
| | ၅။ မြင်းမူမြို့နယ် |
| | ၆။ မုံရွာမြို့နယ် |
| | ၇။ ရွှေဘိုမြို့နယ် |
| | ၈။ မြောင်မြို့နယ် |
| ၄။ တနင်္သာရီတိုင်း | ၉။ ထားဝယ်မြို့နယ် |
| ၅။ ပဲခူးတိုင်း | ၁၀။ ညောင်လေးပင်မြို့နယ် |
| | ၁၁။ တောင်ငူမြို့နယ် |
| | ၁၂။ ပဲခူးမြို့နယ် |
| | ၁၃။ ပြည်မြို့နယ် |
| | ၁၄။ ပေါင်းတည်မြို့နယ် |
| | ၁၅။ ဖြူးမြို့နယ် |
| | ၁၆။ ရွှေတောင်မြို့နယ် |
| | ၁၇။ ရေတာရှည်မြို့နယ် |
| ၆။ မကွေးတိုင်း | ၁၈။ ချောက်မြို့နယ် |
| | ၁၉။ တောင်တွင်းကြီးမြို့နယ် |
| | ၂၀။ ပခုက္ကူမြို့နယ် |
| | ၂၁။ မကွေးမြို့နယ် |

www.burmeseclassic.com

www.burmeseclassic.com



၂၂။ ရေနံချောင်းမြို့နယ်
၂၃။ အောင်လံမြို့နယ်

၇။ မန္တလေးတိုင်း
၂၄။ ကျောက်ပန်းတောင်းမြို့နယ်
၂၅။ ကျောက်ဆည်မြို့နယ်
၂၆။ ညောင်ဦးမြို့နယ်
၂၇။ ပျဉ်းမနားမြို့နယ်
၂၈။ မိတ္ထီလာမြို့နယ်
၂၉။ မေမြို့ (ပြင်ဦးလွင်)မြို့နယ်
၃၀။ မြင်းခြံမြို့နယ်
၃၁။ သာစည်မြို့နယ်
၃၂။ ရမည်းသင်းမြို့နယ်
၃၃။ လယ်ဝေးမြို့နယ်
၃၄။ အမရပူရမြို့နယ်
၃၅။ မန္တလေးအရှေ့တောင်မြို့နယ်
၃၆။ မန္တလေး အရှေ့မြောက်မြို့နယ်
၃၇။ မန္တလေးအနောက်တောင်မြို့နယ်
၃၈။ မန္တလေးအနောက်မြောက်မြို့နယ်

၈။ မွန်ပြည်နယ်
၃၉။ ကျိုက်ထိုမြို့နယ်
၄၀။ မော်လမြိုင်မြို့နယ်
၄၁။ သထုံမြို့နယ်

၉။ ရခိုင်ပြည်နယ်
၄၂။ စစ်တွေမြို့နယ်



၁၀။ ရှမ်းပြည်နယ်
၄၃။ ကျောက်မဲမြို့နယ်
၄၄။ တောင်ကြီးမြို့နယ်
၄၅။ သီပေါမြို့နယ်
၄၆။ ညောင်ရွှေမြို့နယ်

၁၁။ ရန်ကုန်တိုင်း
၄၇။ ကမာရွတ်မြို့နယ်
၄၈။ ကျောက်တံတားမြို့နယ်
၄၉။ ကြည့်မြင်တိုင်မြို့နယ်
၅၀။ ခရမ်းမြို့နယ်
၅၁။ စမ်းချောင်းမြို့နယ်
၅၂။ တာမွေမြို့နယ်
၅၃။ တောင်ဥက္ကလာပမြို့နယ်
၅၄။ တွံတေးမြို့နယ်
၅၅။ ဒဂုံမြို့နယ်
၅၆။ ဒလမြို့နယ်
၅၇။ ပုဇွန်တောင်မြို့နယ်
၅၈။ ပန်းဘဲတန်းမြို့နယ်
၅၉။ ဗဟန်းမြို့နယ်
၆၀။ ဗိုလ်တထောင်မြို့နယ်
၆၁။ မရမ်းကုန်းမြို့နယ်
၆၂။ မင်္ဂလာတောင်ညွန့်မြို့နယ်
၆၃။ မင်္ဂလာဒုံမြို့နယ်
၆၄။ မြောက်ဥက္ကလာပမြို့နယ်
၆၅။ ရန်ကင်းမြို့နယ်

www.burmeseclassic.com

www.burmeseclassic.com



၆၆။ လသာမြို့နယ်
၆၇။ လမ်းမတော်မြို့နယ်
၆၈။ လှိုင်မြို့နယ်
၆၉။ သာကေတမြို့နယ်
၇၀။ သင်္ဃန်းကျွန်းမြို့နယ်
၇၁။ သန်လျင်မြို့နယ်
၇၂။ အလုံမြို့နယ်
၇၃။ အင်းစိန်မြို့နယ်
၁၂။ ဧရာဝတီတိုင်း ၇၄။ ညောင်တုန်းမြို့နယ်
၇၅။ ဒေးဒရဲမြို့နယ်
၇၆။ ဓနုဖြူမြို့နယ်
၇၇။ ပုသိမ်အနောက်မြို့နယ်
၇၈။ ဖျာပုံမြို့နယ်
၇၉။ ဘိုကလေးမြို့နယ်
၈၀။ မအူပင်မြို့နယ်
၈၁။ မော်လမြိုင်ကျွန်းမြို့နယ်
၈၂။ မြောင်းမြမြို့နယ်
၈၃။ ရေကြည်မြို့နယ်

**စာပေလုပ်သား မြို့နယ်စည်းရုံးရေးကော်မတီများ**

တိုင်းနှင့် ပြည်နယ်များမှ မြို့နယ် စာပေလုပ်သား စည်းရုံးရေး ကော်မတီများ ဖွဲ့စည်းခဲ့သော မြို့နယ်စာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။



၁။ စစ်ကိုင်းတိုင်း ၁။ ကောလင်းမြို့နယ်
၂။ ဘုတလင်မြို့နယ်
၃။ ပုလဲမြို့နယ်
၂။ တနင်္သာရီတိုင်း ၄။ မြိတ်မြို့နယ်
၃။ ပဲခူးတိုင်း ၅။ ပန်းတောင်းမြို့နယ်
၆။ မိုးညိုမြို့နယ်
၇။ သာယာဝတီမြို့နယ်
၄။ မကွေးတိုင်း ၈။ စလင်းမြို့နယ်
၉။ စကုမြို့နယ်
၁၀။ နတ်မောက်မြို့နယ်
၁၁။ ရေစကြိုမြို့နယ်
၅။ မန္တလေးတိုင်း ၁၂။ စဉ့်ကူးမြို့နယ်
၁၃။ နွားထိုးကြီးမြို့နယ်
၁၄။ ပျော်ဘွယ်မြို့နယ်
၁၅။ မလှိုင်မြို့နယ်
၆။ မွန်ပြည်နယ် ၁၆။ ချောင်းဆုံမြို့နယ်
၇။ ရခိုင်ပြည်နယ် ၁၇။ သံတွဲမြို့နယ်
၈။ ရန်ကုန်တိုင်း ၁၈။ ကော့မှူးမြို့နယ်
၁၉။ ကျောက်တန်းမြို့နယ်
၂၀။ ဒေါပုံမြို့နယ်
၉။ ရှမ်းပြည်နယ် ၂၁။ ရပ်စောက်မြို့နယ်
၂၂။ လားရှိုးမြို့နယ်

www.burmeseclassic.com

www.burmeseclassic.com



၁၀။ ဧရာဝတီတိုင်း ၂၃။ ဇလွန်မြို့နယ်
၂၄။ ပန်းတနော်မြို့နယ်
၂၅။ မြန်အောင်မြို့နယ်
၂၆။ လပွတ္တာမြို့နယ်
၂၇။ ဟင်္သာတမြို့နယ်
၂၈။ အိမ်မဲမြို့နယ်

စုစုပေါင်း စာပေလုပ်သား မြို့နယ်ကော်မတီ ၈၄ မြို့နယ်နှင့် မြို့နယ်စည်းရုံးရေးကော်မတီ ၂၈ မြို့နယ်၊ စုစုပေါင်း ၁၁၂ မြို့နယ် ရှိခဲ့ပါသည်။

## ဗဟိုအမှုဆောင်ကော်မတီ

ပထမအကြိမ် စာပေလုပ်သားအဖွဲ့ ညီလာခံ စာရေးဆရာအဖွဲ့ခွဲ မျက်နှာစုံညီ အစည်းအဝေးသို့ ကိုယ်စားလှယ် ၃၈၁ ဦးနှင့် သတင်းစာဆရာအဖွဲ့ခွဲ မျက်နှာစုံညီ အစည်းအဝေးသို့ ကိုယ်စားလှယ် ၁၈၂ ဦးတို့ တက်ရောက်ခဲ့ကြပါသည်။

ယင်းအဖွဲ့ခွဲ မျက်နှာစုံညီ အစည်းအဝေးများမှ ရွေးချယ်တင်မြှောက်ခြင်းခံရသော အဖွဲ့ခွဲနှစ်ရပ်၏ အမှုဆောင် ၁၅ ဦးစီပါဝင်သော အမှုဆောင်ကော်မတီဝင် ၃၀ ဦးတို့က စာပေလုပ်သားအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီကို အောက်ပါအတိုင်း တာဝန်ခွဲဝေ တင်မြှောက်ခဲ့ကြပါသည်။



| | | | |
|---|---|---|---|
| ၁။ | ဦးထွန်းတင် (မန်းတင်) | ၀၀၀၄ | ဥက္ကဋ္ဌ |
| ၂။ | ဦးခင်မောင်အေး (ခင်မောင်အေး-မန္တလေး) | ၁၃၃၄ | ဒုတိယ ဥက္ကဋ္ဌ |
| ၃။ | ဦးမျိုးသန့် (မောင်ဆုရှင်) | ၁၀၀၀ | အတွင်းရေးမှူး |
| ၄။ | ဦးလှထွန်း (လှထွန်း-တွံတေး) | ၁၉၂၀ | တွဲဖက် အတွင်းရေးမှူး |
| ၅။ | ဦးလှမြိုင် (ကိုဆောင်း) | ၀၀၁၀ | စည်းရုံးရေးမှူး |
| ၆။ | ဦးမြသိန်း (မြသိန်း) | ၂၈၁၅ | တွဲဖက် စည်းရုံးရေးမှူး |
| ၇။ | ဦးထင်ကြီး (တက္ကသိုလ်ထင်ကြီး) | ၀၀၁၄ | ဘဏ္ဍာရေးမှူး |
| ၈။ | ဦးသန်းဇော (အောင်မိုး) | ၀၇၆၂ | တွဲဖက် ဘဏ္ဍာရေးမှူး |
| ၉။ | ဦးကျော်ဆွေ (မင်းကျော်) | ၀၀၁၁ | ထုတ်လုပ်ရေးမှူး |
| ၁၀။ | ဦးသိန်း (ဇာတိပ္ပိုလ်မောင်သိန်း) | ၃၀၅၆ | တွဲဖက် ထုတ်လုပ်ရေးမှူး |
| ၁၁။ | ဦးအောင်ညွန့် (ငှက်ကျား) | ၃၂၂၃ | သက်သာ ချောင်ချိရေးမှူး |
| ၁၂။ | ဒေါ်ရင်ရင် (ဇော်မုံညင်း) | ၀၂၉၃ | တွဲဖက်သက်သာ ချောင်ချိရေးမှူး |

www.burmeseclassic.com

www.burmeseclassic.com



| | | | |
|---|---|---|---|
| ၁၃။ | ဦးထင်ဖတ် (မောင်ထင်) | ၀၇၇၇ | နိုင်ငံခြားဆက်သွယ်ရေးမှူး |
| ၁၄။ | ဦးစိုးမြင့် (စိုးမြင့်) | ၃၀၂၄ | တွဲဖက်နိုင်ငံခြားဆက်သွယ်ရေးမှူး |
| ၁၅။ | ဦးချမ်းမြ (မြကေတု) | ၃၁၀၄ | အမှုဆောင် |
| ၁၆။ | ဦးဇော်ဝင်း | ၀၄၇၂ | အမှုဆောင် |
| ၁၇။ | ဦးရဲတင့် (ရဲတင့်) | ၁၂၇၉ | အရန်အမှုဆောင် |
| ၁၈။ | ဒေါ်ရီရီကြိန် (ဒေါ်ရီရီကြိန်) | ၀၈၇၁ | အရန်အမှုဆောင် |

ဆက်လက်၍ စာပေလုပ်သား စာရင်းစစ် အဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပေးခဲ့ပါသည်။

| | | |
|---|---|---|
| ၁။ | ဦးဝင်းဖေ (မြဇင်) | အဖွဲ့ခေါင်းဆောင် |
| ၂။ | ဦးကိုကိုလေး (သိုဟန်) | အဖွဲ့ဝင် |
| ၃။ | ဦးကျော်မင်း (မင်းကျော်မင်း) | အဖွဲ့ဝင် |
| ၄။ | ဦးဘသောင်း (မောင်လှိုင်ဝင်း) | အဖွဲ့ဝင် |
| ၅။ | ဦးသိုက်ထွန်း | အဖွဲ့ဝင် |

## အဖွဲ့ဝင်အင်အား

ဒုတိယအကြိမ် စာပေလုပ်သား ညီလာခံကို တင်သွင်းသော စာပေလုပ်သားအဖွဲ့ အမှုဆောင်ကော်မတီ၏ အစီရင်ခံစာ (၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလ) တွင် အဖွဲ့၏ လက်ရှိ အဖွဲ့ဝင် အင်အားကို ၄၂၅၇ ဦးဟု ဖော်ပြထားပါသည်။ ယင်းအနက်



စာရေးဆရာအဖွဲ့ခွဲ အဖွဲ့ဝင်ဦးရေမှာ ၃၂၁၃ ဦးဖြစ်၍ ရန်ကုန်တိုင်းမှ အဖွဲ့ဝင် ၂၄၁၅ ဦး နှင့် မြို့နယ်များမှ အဖွဲ့ဝင် ၈၈၇ ဦး ဖြစ်ပါသည်။ သတင်းစာဆရာအဖွဲ့ခွဲဝင်ဦးရေမှာ အဖွဲ့ဝင် ၁၀၉၄ ဦးဖြစ်၍ ရန်ကုန်တိုင်းမှ အဖွဲ့ဝင် ၄၂၈ ဦးနှင့် နယ်မှ အဖွဲ့ဝင် ၆၆၆ ဦး ဖြစ်ပါသည်။ တစ်ပြည်လုံး စာပေလုပ်သား အဖွဲ့ဝင် ၄၂၅၇ ဦးအနက် ရန်ကုန်တိုင်းမှ စာပေလုပ်သားအဖွဲ့ဝင် ၂၆၉၀ ဦး ဖြစ်၍ နယ်မှ အဖွဲ့ဝင် ၁၅၆၇ ဦး ဖြစ်ပါသည်။

## ဖွဲ့စည်းတည်ဆောက်မှု

ဒုတိယအကြိမ် စာပေလုပ်သားညီလာခံ ကျင်းပချိန်တွင် စာပေလုပ်သားအဖွဲ့ မြို့နယ်ပေါင်း ၁၂၁ မြို့နယ်နှင့် မြို့နယ်စည်းရုံးရေးကော်မတီပေါင်း ၂၄ မြို့နယ် ရှိနေပြီ ဖြစ်ပါသည်။

## ရန်ကုန်တိုင်း စာဆိုတော်နေ့နှင့် သက်ကြီးပူဇော်ပွဲကျင်းပခြင်း

နှစ်စဉ် နတ်တော်လဆန်း ၁ ရက်နေ့တွင် ကျရောက်သော စာဆိုတော်နေ့များတွင် စာဆိုတော်နေ့ အခမ်းအနားများကို ကျင်းပလျက် စာပေလုပ်သားအဖွဲ့ ဥက္ကဋ္ဌထံမှ ပေးပို့သော ထောက်ပံ့ငွေကို ဖတ်ကြားစေခဲ့ပါသည်။ ရန်ကုန်တိုင်းတွင် မြို့နယ်များ၊ စုပေါင်းလျက် ရန်ကုန်တိုင်း စာဆိုတော်နေ့ အခမ်းအနားကို မြို့တော်ခန်းမ၌ ကျင်းပကာ အသက် (၈၀) နှင့်အထက် စာရေးဆရာများ၊ သတင်းစာဆရာများ ပါဝင်သော

www.burmeseclassic.com

www.burmeseclassic.com



သက်ကြီး စာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲကို ၁၃၄၂ ခုနှစ် စာဆိုတော်နေ့မှ စ၍ လေးကြိမ်ပါဝင် ကျင်းပခဲ့ပါသည်။ ပူဇော်ကန်တော့ခဲ့သော စာပေပညာရှင်ကြီးများမှာ လေးနှစ်အတွင်း စုစုပေါင်း ၁၈ ဦး ရှိခဲ့ပါသည်။

## ကွယ်လွန်သူ အဖွဲ့ဝင်များ နာရေးထောက်ပံ့ခြင်း

ကွယ်လွန်သူ အဖွဲ့ဝင်များအား နာရေးထောက်ပံ့ခြင်း အစီအစဉ်ကို စာပေလုပ်သား စည်းရုံးရေး ညီလာခံ မတိုင်မီ ၁၉၇၇ ခုနှစ် ဇွန်လ ၁၅ ရက်နေ့မှစ၍ ညီလာခံ ကျင်းပချိန်အထိ သုံးနှစ်ခန့်အတွင်း ကွယ်လွန်သူ စာပေလုပ်သားအဖွဲ့ဝင် ၄၁ ဦးတို့အား တစ်ဦးလျှင် ကျပ် ၁၀၀ စီ ထောက်ပံ့ပေးခဲ့ပါသည်။ ၎င်းထောက်ပံ့သည့် စာရင်းကို ပထမအကြိမ် စာပေလုပ်သား ညီလာခံသို့ တင်သွင်းသော စာပေလုပ်သား စည်းရုံးရေး ကော်မတီ၏ အစီရင်ခံစာတွင် နောက်ဆက်တွဲအဖြစ် ဖော်ပြထားပါသည်။

ပထမအကြိမ် ညီလာခံ သက်တမ်းကာလအတွင်း၌ အဖွဲ့ဝင် ၁၀၀ ဦး ကွယ်လွန်သဖြင့် တစ်ဦးလျှင် ၁၀၀ ကျပ်နှုန်းဖြင့် ထောက်ပံ့ငွေ စုစုပေါင်း ၁၀၀၀၀ ကျပ်ကို ဝမ်းနည်းကြောင်း အကြောင်းကြားစာနှင့်အတူ ထုတ်ပေးခဲ့ပါသည်။ အချို့သော အဖွဲ့ဝင်များမှာ ကွယ်လွန်ချိန်တွင် နှစ်စဉ်ကြေးငွေကိုပြေလည်အောင် မပေးဆောင်ကြရသေးသည်ကို စစ်ဆေးတွေ့ရှိရပါသည်။ ရောက်ဆဲ ဘဏ္ဍာရေးနှစ်အတွက် သတ်မှတ်ထားသည့် အချိန်ကာလအတွင်း နှစ်စဉ်ကြေးငွေ ပြေလည်အောင် ပေးဆောင်ပြီးမှသာ ထောက်ပံ့ကြေး ထုတ်ပေးရန် အမှုဆောင်ကော်မတီက မူချမှတ်ခဲ့ပါသည်။



## ဘဏ္ဍာရေးနှင့် စီမံခန့်ခွဲရေး

စာပေလုပ်သားအဖွဲ့ ဖြစ်မြောက်ရေးကော်မတီကို ၁၉၆၆ ခုနှစ် ဒီဇင်ဘာလတွင် တော်လှန်ရေးကောင်စီ အစိုးရ ပြန်ကြားရေးဝန်ကြီးဌာနက ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်သည့် အားလျော်စွာ နိုင်ငံတော်ပိုင်းမှ အထောက်အကူများ၊ မ,တည် ထောက်ပံ့ငွေများ ရရှိခဲ့ပါသည်။ စာပေလုပ်သားအဖွဲ့ ဖြစ်မြောက်ရေးကော်မတီ၏ရုံးလုပ်ငန်းများကို အတွင်းရေးမှူး၏ ဌာနဖြစ်သော စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့ တည်ရှိရာ ၅၂၉၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၌ ဖွင့်လှစ် ဆောင်ရွက်ခဲ့ပါသည်။ ထိုအချိန်မှ စ၍ ယနေ့ထက်တိုင် စာပေဗိမာန် အဆောက်အအုံတွင် ရုံးဖွင့်လှစ်၍ စည်းရုံးရေးလုပ်ငန်း အဝဝကို လုပ်ဆောင်ခဲ့ပါသည်။

စာပေလုပ်သား စည်းရုံးရေးကော်မတီကို ၁၉၇၆ ခုနှစ် မတ်လ ၁၄ ရက်နေ့တွင် ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပြီးသည့်နောက်တွင် အစည်းအဝေး ကျင်းပခြင်း၊ စာရေး ကိရိယာ ကူညီခြင်း၊ ရုံးသုံးပရိဘောဂ ငှားရမ်းခြင်း၊ ပုံနှိပ်လုပ်ငန်းပိုင်းအရ ကူညီခြင်း၊ ယာဉ်ကူညီခြင်းတို့ကို ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်း ကော်ပိုရေးရှင်းနှင့် သတင်းစာတိုက် အသီးသီးမှ ကူညီခဲ့ပါသည်။ ထို့ပြင် စာပေလုပ်သား ညီလာခံ ကျင်းပရေး

www.burmeseclassic.com

www.burmeseclassic.com



အတွက် လိုအပ်သော အကူအညီများကိုလည်း ပြန်ကြားရေးဝန်ကြီးဌာနမှ အကူအညီ ပေးခဲ့ပါသည်။

## ကင်းကွာနေသော အဖွဲ့ဝင်များကို ပြန်လည် ချဉ်းကပ်စည်းရုံးရေး

လုပ်ငန်းအရလည်းကောင်း၊ မိမိကိုယ်ရေးအရလည်းကောင်း နေရာလိပ်စာ ပြောင်းရွှေ့ပြီး လိပ်စာသစ်တွင် ဆိုင်ရာ စာပေလုပ်သားအဖွဲ့များကို ဆက်သွယ်ခြင်း မပြုသူများ ရှိပါသည်။ အချို့မှာ ပြောင်းရွှေ့နေရာသစ်တွင် စာပေလုပ်သားအဖွဲ့ မရှိ၍ ကင်းကွာကြသူများ သို့မဟုတ် မြို့နယ်စာပေလုပ်သားအဖွဲ့များက စုံစမ်းချဉ်းကပ် စည်းရုံးနိုင်ခြင်း မရှိသောကြောင့် ကင်းကွာနေသူများလည်း ရှိနေပါသည်။ အချို့မှာ အသက်အရွယ် ကြီးရင့်ပြီဖြစ်၍လည်းကောင်း၊ အချို့မှာ အကြောင်းအမျိုးမျိုးကြောင့် အဖွဲ့တွင် ပါဝင်ဆောင်ရွက်လိုခြင်း မရှိတော့၍ အဆက်အသွယ်မပြုဘဲ ရှိကြသည်ကို တွေ့ရှိရပါသည်။

အထက်ဖော်ပြပါ အကြောင်းအမျိုးမျိုးကြောင့် အဖွဲ့နှင့် ကင်းကွာနေသော အဖွဲ့ဝင်များကို မြို့နယ်အဖွဲ့များက ရပ်ကွက်အလိုက် ပြန်လည်စုံစမ်း ချဉ်းကပ်ပြီး စိတ်ရှည်စွာ ပြန်လည်စည်းရုံးကြရန် လိုအပ်ပါသည်။ မြို့နယ်စာပေလုပ်သားအဖွဲ့၏ ပုံမှန်လုပ်ငန်းဆိုင်ရာ အစည်းအဝေးများ ကျင်းပချိန်တွင် မိမိတို့ မြို့နယ်အလိုက် စေ့စပ်စွာ အင်အားစိစစ်ခြင်း၊ နှစ်စဉ်ကြေး



ကြွေးကျန်များကို ပေးဆောင်ကြရန် နှိုးဆော် တောင်းခံခြင်းဖြင့် ကင်းကွာနေသူအဖွဲ့ဝင်များကို ပြန်လည်စည်းရုံးရန် လိုအပ်ပါသည်။

## အဖွဲ့ဝင်သစ်များ တိုးပွားရေး

စာပေလုပ်သား အဖွဲ့ဝင်များ တိုးတက်ရေးအတွက် သက်ဆိုင်ရာ အရည်အချင်း သတ်မှတ်ချက်များ ပြည့်မီအောင် မြို့နယ်များမှလည်းကောင်း၊ ဗဟိုအမှုဆောင်ကော်မတီမှလည်းကောင်း ကူညီဆောင်ရွက် ပေးနိုင်သည်ကို ကူညီမှုပေးကြရန် လိုအပ်နေပါသည်။ စာရေးဆရာများအတွက် လိုအပ်သော အထောက်အထားများ သို့မဟုတ် စာအုပ် သို့မဟုတ် ပုဒ်ရေ မီအောင် ကူညီခြင်း၊ သတင်းစာဆရာများအတွက် လိုအပ်သော ထောက်ခံချက် သို့မဟုတ် သတင်းနှင့် ဓာတ်ပုံ ပုဒ်ရေမီအောင် ကူညီခြင်းတို့ ဖြစ်ပါသည်။

သတ်မှတ်ချက်များ ပြည့်မီပြီးဖြစ်သော်လည်း အဖွဲ့မဝင်သေးသော စာရေးဆရာ၊ သတင်းစာဆရာများ (ထင်ရှားပြီး အချို့ ယနေ့အထိ အဖွဲ့မဝင်သေးသူများ ရှိနေပါသည်။) ရှိမရှိ မြို့နယ်အလိုက် စိစစ်စာရင်းပြုလုပ်၍ မဝင်ရသေးသူများ ရှိပါက သိမ်းသွင်းစည်းရုံးရန် လိုအပ်ပါသည်။

တိုးချဲ့ စည်းရုံးရေး လုပ်ငန်းကို စဉ်ဆက်မပြတ် ဆောင်ရွက်နေရမည့် လုပ်ငန်းတစ်ရပ်အဖြစ် စာပေလုပ်သားအဖွဲ့အဆင့်ဆင့်တို့က အလေးအနက်ခံယူပြီး အစဉ်စည်းရုံး လှုပ်ရှားနေကြရန် ဗဟိုအမှုဆောင်ကော်မတီကနှိုးဆော်လျက်ရှိပါသည်။

www.burmeseclassic.com



### နှစ်ပတ်လည် လုပ်ငန်းဆိုင်ရာ အစည်းအဝေး ကျင်းပရေး

နှစ်ပတ်လည် လုပ်ငန်းဆိုင်ရာ အစည်းအဝေးသည် မြို့နယ် အမှုဆောင်ကော်မတီနှင့် အောက်ခြေအဖွဲ့ဝင်ထုတို့ ထိတွေ့ကာ တစ်နှစ်တာ လုပ်ငန်းဆောင်ရွက်မှုများကို အစီရင်ခံခြင်း၊ သုံးသပ်ဝေဖန်ခြင်း၊ အကြံပြုခြင်း၊ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်း၊ သက်ဆိုင်ရာ မြို့နယ်ပါတီ၏ လမ်းညွှန်မှုကို ခံယူခြင်း တို့ကို စနစ်တကျ ပြုလုပ်ရသဖြင့် အလွန် ထိရောက်သော စည်းရုံးလှုပ်ရှားမှုတစ်ရပ် ဖြစ်ပေသည်။ ထို့ကြောင့် မြို့နယ် စာပေလုပ်သားအဖွဲ့များအနေဖြင့် မိမိတို့မြို့နယ် နှစ်ပတ်လည်လုပ်ငန်းဆိုင်ရာ အစည်းအဝေးများကို မပျက်မကွက် အချိန်မှန် ပြုလုပ်ကြရန် ဗဟိုအမှုဆောင်ကော်မတီက နှိုးဆော်ပါသည်။

### ဖွဲ့စည်းမှု ကျစ်လျစ်ခိုင်မာရေး

လူထုအဖွဲ့အစည်းတစ်ခု၏ ဖွဲ့စည်းမှု ကျစ်လျစ်ခိုင်မာရေးသည် စနစ်တကျ ဖွဲ့စည်းပြီးနောက် စဉ်ဆက်မပြတ် ရှင်သန်လှုပ်ရှားမှုတွင် အဓိက တည်မှီနေပေသည်။ ထို့ကြောင့် စည်းရုံးမှုရှင်သန်ထက်မြက်ရေးအတွက် စာပေလုပ်သားအဖွဲ့ အဆင့်ဆင့်၏ ဆက်သွယ် လှုပ်ရှားမှုများ ကောင်းမွန် တိုးတက်စေရန် လိုအပ်ပေသည်။ ယခုလက်ရှိအခြေအနေမှာ အောက်ခြေ အဖွဲ့ဝင်ထုနှင့် မြို့နယ်အမှုဆောင်၊ မြို့နယ်နှင့် ဗဟိုတို့ အဆင့်ဆင့် အပြန်အလှန် ဆက်သွယ်ထိတွေ့မှုတွင် အားကောင်းသော အပိုင်းများရှိသကဲ့သို့ အားနည်းသော အပိုင်းများလည်း ရှိပေသည်။ ထို့ကြောင့် အဆင့်ဆင့် အပြန်အလှန် ဆက်သွယ်ထိတွေ့မှုတွင် မြန်ဆန် သွက်လက်နေအောင် ကြိုးပမ်းကြရန် လိုအပ်လျက် ရှိပေသည်။



အောက်ခြေအဖွဲ့ဝင်ထုနှင့် မြို့နယ်အမှုဆောင်ကော်မတီများ ထိတွေ့လှုပ်ရှားမှုတွင် အထောက်အကူအဖြစ် အဖွဲ့ဝင်များပြားသော မြို့နယ်များတွင် ရပ်ကွက်အလိုက် တာဝန်ခံများထားရှိဆောင်ရွက်လျက်ရှိရာ လုပ်ငန်းအောင်မြင်မှုများရှိသည်ကို တွေ့ရပေသည်။ ထို့ကြောင့် သက်ဝင်လှုပ်ရှားမှု အားနည်းနေသေးသော မြို့နယ်များ နည်းယူသင့်ပေသည်။

အစီရင်ခံခြင်းနှင့် ပြန်ကြားခြင်း ဟူသည့် စာပေးစာယူဆက်သွယ်လှုပ်ရှားမှုတွင်လည်း အနည်းနှင့်အများ အားနည်းလျက်ရှိပေသေးသည်။ ထို့ကြောင့် အစီရင်ခံမှုများကို သတ်မှတ်ချက်အတိုင်း မပျက်မကွက် ပြည့်ပြည့်စုံစုံ ရေးသား အစီရင်ခံခြင်း၊ အစီရင်ခံစာများကို စနစ်တကျ လေ့လာခြင်း၊ သုံးသပ်ခြင်းနှင့် လိုအပ်သည်ကို မပျက်မကွက် ပြန်ကြားခြင်း စသည့် အထက်အောက် အပြန်အလှန် ဆက်သွယ်ဆောင်ရွက်ကြရန် လိုအပ်လျက် ရှိပေသည်။

### ဗဟိုအမှုဆောင်ကော်မတီများ မြို့နယ်များသို့ ကွင်းဆင်းစည်းရုံးလှုပ်ရှားခြင်း

ဗဟိုအမှုဆောင်ကော်မတီဝင်များသည် မြို့နယ်စာပေ လုပ်သားအဖွဲ့ဝင်အားများကို တစ်မြို့နယ်ချင်းအလိုက် အင်အား

www.burmeseclassic.com



စိစစ်ခြင်း၊ နှစ်စဉ်ကြေးထည့်ဝင်မှုများ စိစစ်ခြင်း၊ နှစ်စဉ်ကြေးနှင့် အလှူငွေများ လက်ခံခြင်းတို့ကိုပြုလုပ်ခဲ့ကြပါ သည်။

တိုင်းခုနစ်တိုင်းနှင့် ပြည်နယ်ငါးခုတို့မှ မြို့ကြီးများကို ဗဟို အမှုဆောင်ပြု၍ မြို့နယ် စာပေလုပ်သားအဖွဲ့နှင့် အဖွဲ့စည်းရုံးရေး ကော်မတီများ၊ စုစုပေါင်း ၁၄၂ မြို့နယ်တို့နှင့် ဗဟို အမှုဆောင် ကော်မတီဝင်များ ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အပြန်အလှန် ဆွေးနွေးခဲ့ကြသော ၁၉၈၇ ခုနှစ် ကွင်းဆင်းစည်းရုံးရေးလုပ်ငန်း စီမံချက်သည် ကောင်းမွန် အောင်မြင်ခဲ့ပါသည်။

## စာပေလုပ်သားမဂ္ဂဇင်း

စာပေလုပ်သားမဂ္ဂဇင်း ထုတ်ဝေမှုကို ၁၉၈၆ ခုနှစ် ဧပြီ၊ မေ၊ ဇွန် နှင့် ဇူလိုင်လများတွင် ရပ်နားခဲ့ပြီး စာပေလုပ်သားအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ၏ ဆုံးဖြတ်ချက်အရ ဩဂုတ်လမှ စ၍ မြန်မာစာပေတိုက်သို့ တာဝန်ပေးအပ်ကာ ထုတ်လုပ် ဖြန့်ချိ စေခဲ့ပါသည်။

ထိုသို့ မြန်မာစာပေတိုက်ကို တာဝန်ပေးအပ် ထုတ်လုပ် ဖြန့်ချိစေခဲ့ရာ မြန်မာစာပေတိုက်က စာပေနှင့် စာနယ်ဇင်း မူဝါဒနှင့်အညီ ထုတ်ဝေသွားမည်ဖြစ်ကြောင်း မူလကပင် ကတိပေးခဲ့သည့်အပြင် စာပေလုပ်သားအဖွဲ့ ဗဟို အမှုဆောင် ကော်မတီကလည်း အခါမလပ် စောင့်ကြပ်ကြည့်ရှု အကြံဉာဏ် များ ပေးခဲ့ပါသည်။



## စာပေလုပ်သားအဖွဲ့ ပုံနှိပ်တိုက်ကြီးကြပ်ရေး

သက်သာချောင်ချိရေး ကော်မတီသည် စာပေလုပ်သား ပုံနှိပ်တိုက်ကိုလည်း ကြီးကြပ်ခဲ့ပါသည်။ စာပေလုပ်သား ပုံနှိပ်တိုက်တွင် ဒေါ်ဆင်ပိန်း ဆလင်ဒါ ပုံနှိပ်စက် တစ်လုံးနှင့် မျက်ဝလာပလတ်တင် ပုံနှိပ်စက်နှစ်လုံး ရှိပါသည်။ စာပေ လုပ်သား ပုံနှိပ်တိုက်သည် ယခင်က အမှတ် (၃၇၁)၊ မဟာ ဗန္ဓုလ ပန်းခြံလမ်းတွင် ရှိသော်လည်း ယင်းနေရာကို မူလ ပိုင်ရှင်အား ပြန်ပေးခဲ့ရ၍ အမှတ် (၂၁၁)၊ ၃၉ လမ်းသို့ ပြောင်းရွှေ့ ဖွင့်လှစ်ခဲ့ရပါသည်။

## စာပေလုပ်သား ပြက္ခဒိန်ထုတ်ဝေခြင်း

စာပေလုပ်သား ပြက္ခဒိန်ကို ၁၉၈၆ နှင့် ၁၉၈၈ ခုနှစ်များ တွင် စာပေလုပ်သားများ သက်သာ ချောင်ချိရေး၊ ရန်ပုံငွေ ရရှိရေး၊ စည်းရုံးရေးကို အထောက်အကူပြုရေး စသည့် ရည်ရွယ်ချက်များဖြင့် ၁၉၈၆ ခုနှစ်က စောင်ရေ ခြောက်သောင်း၊ ၁၉၈၇ ခုနှစ်က စောင်ရေ ခုနှစ်သောင်းနှင့် ၁၉၈၈ ခုနှစ်အတွက် စောင်ရေ ငါးသောင်း ထုတ်ဝေခဲ့ပြီး စာပေလုပ်သားအဖွဲ့ကြီးသို့ ငွေ စုစုပေါင်း သုံးသိန်း ငါးသောင်း ကျော်ကို ရှာဖွေပေးသွင်း နိုင်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## မိုလ်ချုပ်ဈေး ဆိုင်ခန်း

စာပေလုပ်သားအဖွဲ့ သက်သာချောင်ချိရေး ကော်မတီသည် စာပေလုပ်သားများ သက်သာချောင်ချိရေးကို ရည်ရွယ်၍ စာအုပ်နှင့် စာရေးကိရိယာဆိုင် တစ်ဆိုင်ကို ဖွင့်လှစ်ရန် သက်ဆိုင်ရာနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေးရှေ့ မျက်နှာစာတွင် ၁၉၈၅ ခုနှစ် မတ်လ ၂၉ ရက်နေ့က ဆိုင်ခန်းတစ်ခန်း ရရှိထားခဲ့ပါသည်။

## နာရေးထောက်ပံ့ခြင်း

စာပေလုပ်သားအဖွဲ့ သက်သာချောင်ချိရေး လုပ်ငန်းကော်မတီသည် ဒုတိယအကြိမ် စာပေလုပ်သား ညီလာခံကာလအတွင်း ကွယ်လွန်အနိစ္စရောက်ခဲ့သော စာပေလုပ်သား ၁၀၅ ဦးအတွက် နာရေးထောက်ပံ့ကြေး ငွေ ၁၂၂၀၀ ကျပ်ကို ကျန်ရစ်သူ မိသားစုများအား ထောက်ပံ့ကူညီခဲ့ပါသည်။

## နှစ်နာချက်နှင့် ရပိုင်ခွင့်များ

စာပေလုပ်သားများ၏ တရားသဖြင့် ရသင့်ရထိုက်သော အခွင့်အရေးများ၊ စာမူခများ၊ နစ်နာချက်များ၊ ကလောင်အမည်တူကိစ္စများ၊ အချင်းချင်း ပြဿနာများနှင့် စပ်လျဉ်း၍လည်းကောင်း၊ စာပေထုတ်ဝေမှုလုပ်ငန်းများ ချောမွေ့ရေးနှင့် စပ်လျဉ်း၍လည်းကောင်း စာပေလုပ်သားအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီသည် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်မှုများကို ပြုလုပ်ခဲ့ပါသည်။



## စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲများ

နှစ်စဉ် နတ်တော်လဆန်း ၁ ရက်နေ့ စာဆိုတော်နေ့ အထိမ်းအမှတ်ပွဲများနှင့် စာပေဟောပြောပွဲများအတွက် စာဆိုတော်နေ့ နိုင်ငံရေး ဦးတည်ချက်များကို ချမှတ်ခဲ့ပါသည်။

## စာဖတ်ပရိသတ် တိုးပွားလာအောင် ဆောင်ရွက်ရေး

စာပေလုပ်သားအဖွဲ့ဝင်များသည် တစ်နှစ်ထက် တစ်နှစ် ပိုမိုကျယ်ပြန့်လျက်ရှိသော မြို့နယ်၊ ကျေးရွာ၊ ရပ်ကွက်၊ စာသင်ကျောင်း၊ အလုပ်ရုံ၊ စက်ရုံ အစရှိသည့် စာပေဟောပြောပွဲများနှင့် ဆက်နွယ်၍ စာဖတ်ပရိသတ်နှင့် ရင်းနှီးစွာ တွေ့ဆုံဆွေးနွေးကြသည့် စာပေဆွေးနွေးပွဲများဖြင့် စာဖတ်ပရိသတ် တိုးပွားရေးကို လက်တွေ့ ဆောင်ရွက်လျက် ရှိကြပါသည်။

## စာကြည့်တိုက်နှင့် စာကြည့်ခန်းများ တိုးချဲ့ဖွင့်လှစ်ရေး

မြန်မာစာပေ ဖွံ့ဖြိုးရေး၊ လုပ်သားပြည်သူများအား အသိပညာပေးရေး၊ စာဖတ်ပရိသတ် တိုးပွားအောင် ဆောင်ရွက်ရေးတွင် စာကြည့်တိုက်များနှင့် အခြားအဖွဲ့အစည်းများ၊ ကျောင်းများနှင့် လုပ်ငန်းဌာနများက ဆောင်ရွက်ချက် ရှိသည့်နည်းတူ မြို့နယ်စာပေလုပ်သား အဖွဲ့ဝင်များကလည်း မိမိတို့၏ စည်းရုံးလှုံ့ဆော်မှုဖြင့် ဒေသအလိုက် ကိုယ်ထူကိုယ်ထ စာကြည့်တိုက်များ၊ စာဖတ်ခန်းများ ထူထောင်နိုင်အောင် ကြိုးပမ်းကြရန် ဗဟိုအမှုဆောင်ကော်မတီက တိုက်တွန်း ဆွေးနွေးခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မြို့နယ် စာပေလုပ်သားအဖွဲ့ အချို့သည် မြို့နယ်၊ ရပ်ကွက် စာကြည့်တိုက်နှင့် စာဖတ်ခန်းများကို မိမိတို့မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၏ ဦးဆောင်ပံ့ပိုးမှု၊ အခြား အဖွဲ့အစည်းများ၏ ပူးပေါင်း ကူညီမှုဖြင့် အောင်မြင်စွာ တည်ထောင် ဆောင်ရွက်ခဲ့ကြပါသည်။

## ပြန်ကြားရေးလုပ်ငန်း

ဗဟိုအမှုဆောင် အဆင့်ဆင့်သည် ပြန်ကြားရေးလုပ်ငန်းများကို အောက်ပါ အစီအစဉ်များအတိုင်း ပြည့်စုံအောင် လုပ်ဆောင်ခဲ့ပါသည်။

(က) ဗဟိုအမှုဆောင်ကော်မတီနှင့် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်အဖွဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ တွေ့ဆုံ ဆွေးနွေးပွဲများ၊

(ခ) ဗဟိုအမှုဆောင်ကော်မတီနှင့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ တွေ့ဆုံဆွေးနွေးပွဲများ၊

(ဂ) မြို့နယ်အဖွဲ့များ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးများ၊

(ဃ) နှစ်စဉ်ကျင်းပသည့် စာဆိုတော်နေ့ အခမ်းအနားနှင့် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲ အခမ်းအနားများ၊

(င) မြို့နယ်များမှ ကျင်းပသည့် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲများ၊



(စ) မြို့နယ်အသီးသီး၏ စာဆိုတော်နေ့ အထိမ်းအမှတ် အခမ်းအနားများ၊

(ဆ) မြို့နယ်စည်းရုံးရေးကော်မတီများ ဖွဲ့စည်းခြင်း

(ဇ) မြို့နယ် စာပေအဖွဲ့များ၏ မျက်နှာစုံညီ အစည်းအဝေးများနှင့် ရွေးချယ်တင်မြှောက်ပွဲများ၊

(ဈ) အဖွဲ့၏ ညီလာခံများနှင့် ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးများနှင့် အကြိုလှုပ်ရှားမှုများ။

## မြို့နယ်စာပေအဖွဲ့များ၏ လှုပ်ရှားမှုများ

နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်း အစည်းအဝေးသည် မြို့နယ်အမှုဆောင်ကော်မတီနှင့် မြို့နယ်အတွင်းရှိ အဖွဲ့ဝင်ထု ထိတွေ့ကာ တစ်နှစ်တာ လုပ်ငန်းဆောင်ရွက်မှုများကို အစီရင်ခံခြင်း၊ ဝေဖန်သုံးသပ်ခြင်း၊ အကြံပြုခြင်းများ ဆောင်ရွက်ရန် လိုအပ်သည်။ အမှုဆောင်များ လုပ်ငန်းတာဝန် ခွဲဝေမှုများ ပြုလုပ်ခြင်း၊ ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ခြင်း၊ သက်ဆိုင်ရာ နိုင်ငံတော်ပိုင်းမှ လမ်းညွှန်မှုများကို ခံယူခြင်း အစရှိသည့် ဖွဲ့စည်း စည်းရုံး လှုပ်ရှားမှုလုပ်ငန်းများကို ပြုလုပ်ရသဖြင့် အလွန် ထိရောက်သော စည်းရုံးလှုပ်ရှားမှု ဖြစ်ပေသည်။ ထို့ကြောင့် မြို့နယ်စာပေအဖွဲ့များသည် မိမိတို့ မြို့နယ်၏ နှစ်ပတ်လည် လုပ်ငန်းဆိုင်ရာ အစည်းအဝေးများကို မပျက်မကွက် မဖြစ်မနေ ပြုလုပ်ကြရန် ဗဟိုအမှုဆောင်ကော်မတီမှ ညွှန်ကြားလျက်ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လူထုအဖွဲ့အစည်းတစ်ခု၏ ဖွဲ့စည်းမှု ကျစ်လျစ်ခိုင်မာရေးသည် စနစ်တကျ ဖွဲ့စည်းပြီးနောက် စဉ်ဆက်မပြတ် ရှင်သန်လှုပ်ရှားမှုပေါ်တွင် အဓိက တည်မှီနေပါသည်။

ထို့ကြောင့် စည်းရုံးမှု ရှင်သန်ထက်မြက်ရေးအတွက် စာပေအဖွဲ့ အဆင့်ဆင့်၏ ဆက်သွယ်လှုပ်ရှားမှု အဓိကအားဖြင့် အစီရင်ခံခြင်း၊ ပြန်ကြားခြင်း ဟူသည့် စာပေးစာယူဆက်သွယ်မှု လုပ်ငန်းများကို အလေးထား ဆောင်ရွက်ကြရန် လိုအပ်လျက်ရှိပေသည်။ စာပေအဖွဲ့အဆင့်ဆင့် အဖွဲ့ဝင်ထုနှင့် မြို့နယ်အမှုဆောင်၊ မြို့နယ်နှင့် ဗဟိုတို့ အဆင့်ဆင့် အပြန်အလှန် ဆက်သွယ် ထိတွေ့မှု လျင်မြန်နေရန် လိုအပ်လျက်ရှိပါသည်။

အဖွဲ့ဝင်ထုနှင့် မြို့နယ်အမှုဆောင်ကော်မတီများ ထိတွေ့လှုပ်ရှားမှုတွင် အထောက်အကူအဖြစ် အဖွဲ့ဝင် အင်အားများသော မြို့နယ်များတွင် ရပ်ကွက်အလိုက် တာဝန်ခံများ တာဝန်ပေးလုပ်ကိုင်လျက်ရှိရာ အောင်မြင်မှုရှိသည်ကို တွေ့ရှိရပေသည်။ ထို့ကြောင့် မိမိမြို့နယ်အတွင်း စည်းရုံးဆက်သွယ်မှု အခက်အခဲရှိသော မြို့နယ်များသည် ကျေးရွာ ရပ်ကွက်အလိုက် အဆင့်ဆင့် တာဝန်ခွဲဝေ လှုပ်ရှားနိုင်ကြရန် လိုအပ်လျက်ရှိပါသည်။

အစီရင်ခံစာများကို သတ်မှတ် ညွှန်ကြားသည့်အတိုင်း မပျက်မကွက် ပြည့်ပြည့်စုံစုံ ရေးသားအစီရင်ခံခြင်း၊ စနစ်တကျ ဖတ်ရှုလေ့လာ သုံးသပ်ခြင်းနှင့် ပြန်ကြားခြင်း လုပ်ငန်းတို့ကို



အထက်အောက် အပြန်အလှန် ဆောင်ရွက်ကြရန် လိုအပ်လျက်ရှိပါသည်။

စုပေါင်းဦးဆောင်မှုနှင့် တစ်ဦးချင်း တာဝန်ယူမှုတို့ကို စနစ်တကျ ပေါင်းစပ် ကျင့်သုံးနိုင်ရန်အတွက် အဓိက လိုအပ်ချက်တစ်ရပ်သည် စာပေအဖွဲ့ အစည်းအဝေးများကို သတ်မှတ်ချက်အတိုင်း ပုံမှန် ကျင်းပ ပြုလုပ်နိုင်ကြရန် အလေးထား ဆောင်ရွက်ကြရန် လိုအပ်ပါသည်။

**တိုင်းနှင့် မြို့နယ် စာဆိုတော်နေ့ အထိမ်းအမှတ်ပွဲများ**

မြို့နယ်များသည် နှစ်စဉ် စာဆိုတော်နေ့ အထိမ်းအမှတ်ပွဲများ၊ မြို့နယ် သက်ကြီးစာဆိုရှင် ကန်တော့ပွဲများနှင့် စာပေဟောပြောပွဲများကို ပြုလုပ်လျက်ရှိကြပါသည်။

ဗဟိုအမှုဆောင်ကော်မတီသည် ရန်ကုန်တိုင်း စာဆိုတော်နေ့ အခမ်းအနားများကို အောက်ပါအတိုင်း တတိယအကြိမ်ညီလာခံ သက်တမ်းအတွင်း နှစ်စဉ် မပျက်မကွက် ပြုလုပ်ခဲ့ပါသည်။ (ယင်းအခမ်းအနားများကို စတုတ္ထအကြိမ်အထိ ကျင်းပပွဲများကို ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။)

( ၁ ) ပဉ္စမအကြိမ် (၁၃၄၆ ခု)
ကန်တော့ခံ စာပေပညာရှင် ၂၀ ဦး

( ၂ ) ဆဋ္ဌမအကြိမ် (၁၃၄၇ ခု)
ကန်တော့ခံ စာပေပညာရှင် ၂၅ ဦး

www.burmeseclassic.com

www.burmeseclassic.com



(၃) သတ္တမအကြိမ် (၁၃၄၈ ခု)
ကန်တော့ခံ စာပေပညာရှင် ၂၇ ဦး
(၄) အဋ္ဌမအကြိမ် (၁၃၄၉ ခု)
ကန်တော့ခံ စာပေပညာရှင် ၂၅ ဦး

တို့ကို လှူဖွယ်ပစ္စည်းများ၊ ငွေများနှင့် ကန်တော့ခဲ့ကြပါသည်။

## မြို့နယ်မဂ္ဂဇင်း၊ စာစောင်များ ထုတ်ဝေခြင်း

မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၏ ဦးဆောင်မှုဖြင့် မြို့နယ်စစ်တမ်းများ၊ မြို့နယ်မှတ်တမ်းများ၊ မဂ္ဂဇင်းများ၊ စာစောင်များ၊ လက်ကမ်းစာစောင်များ အစရှိသည်တို့ကို မြို့နယ်စာပေအဖွဲ့များက တာဝန်ယူရေးသား ပြုစုပုံနှိပ်ရသည့် တာဝန်များပါ ဆောင်ရွက်ခဲ့ကြပါသည်။

## သုံးသပ်ချက်

စာရေးဆရာ၊ သတင်းစာဆရာများသည် လုပ်သားပြည်သူများ ဖြစ်ကြသည့် တောင်သူလယ်သမားဘဝ၊ အလုပ်သမားဘဝ၊ ကျေးလက်ဘဝ၊ မြို့ပြဘဝတို့ကို အကျိုးပြု စာပေထွန်းကားရေးအတွက် ပြည်သူများကို တင်ပြလျက် ရှိပါသည်။

စာပေအဖွဲ့များ၏ တင်ပြချက်များကြောင့် ပြည်သူလူထုမှာ အသိဉာဏ်တိုး၍ အမှန်ကိုမြင် သဘောပေါက် နားလည်ပါသည်။ စာပေပါ ရသကြောင့် ယဉ်ကျေးပါသည်။ သုတကြောင့်



အသိပညာတိုးပါသည်။ ပညာရပ်တို့ကို အသုံးချ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို စွမ်းဆောင်နိုင်ပါသည်။

## တတိယအကြိမ် ဗဟိုမျက်နှာစုံညီ အစည်းအဝေး (ညီလာခံ)

ရန်ကုန်မြို့ ကျိုက္ကဆံကွင်း ဆရာစံခန်းမ ၁၉၈၈ ခု ဧပြီလ ၅ ရက်မှ ၇ ရက်ထိ စာပေလုပ်သားအဖွဲ့ တတိယအကြိမ် ဗဟိုမျက်နှာစုံညီ အစည်းအဝေး (ညီလာခံ) ကို ကျင်းပပြုလုပ်ခဲ့ပါသည်။

ယင်းအစည်းအဝေးမှ ဗဟိုအမှုဆောင် ကော်မတီကို အောက်ပါအတိုင်း ရွေးချယ်တာဝန်ပေးခဲ့ပါသည်။

| | |
|---|---|
| ၁။ ဦးဝင်းဖေ (မြဇင်) | ဥက္ကဋ္ဌ |
| ၂။ ဦးခင်မောင်အေး (ခင်မောင်အေး-မန္တလေး) | ဒုတိယ ဥက္ကဋ္ဌ |
| ၃။ ဦးသန်းထွတ် (တိုက်စိုး) | ဒုတိယ ဥက္ကဋ္ဌ |
| ၄။ ဦးမျိုးသန့် (မောင်ဆုရှင်) | အတွင်းရေးမှူး |
| ၅။ ဦးလှထွန်း (လှထွန်း-တွံတေး) | တွဲဖက်အတွင်းရေးမှူး |
| ၆။ ဦးမြသိန်း (မြသိန်း) | ဘဏ္ဍာရေးမှူး |
| ၇။ ဦးထင်ကြီး (တက္ကသိုလ်ထင်ကြီး) | ဗဟိုအမှုဆောင် |
| ၈။ ဦးကျော်ဆွေ (မင်းကျော်) | ဗဟိုအမှုဆောင် |
| ၉။ ဦးစိုးညွန့် (ထီလာစစ်သူ) | ဗဟိုအမှုဆောင် |

www.burmeseclassic.com

www.burmeseclassic.com



၁၀။ ဒေါ်ရင်ရင် (စောမုံညင်း) ဗဟိုအမှုဆောင်
၁၁။ ဦးထင်ဖတ် (မောင်ထင်) ဗဟိုအမှုဆောင်
၁၂။ ဦးစိုးမြင့် (စိုးမြင့်) ဗဟိုအမှုဆောင်
၁၃။ ဦးရဲတင့် (ရဲတင့်) ဗဟိုအမှုဆောင်
၁၄။ ဒေါ်ရီကြိန် (ဒေါ်ရီကြိန်) ဗဟိုအမှုဆောင်
၁၅။ ဦးတင်စိုး (သာဂဒိုး) ဗဟိုအမှုဆောင်
၁၆။ ဦးကိုကိုလေး (သိုဟန်) ဗဟိုအမှုဆောင်
၁၇။ ဦးကျော်မင်း (မင်းကျော်မင်း) ဗဟိုအမှုဆောင်

တာဝန်နေရာအလိုက် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗဟိုစာရင်းစစ် အဖွဲ့ဝင်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ ဦးသိန်းစိန် (သိန်းစိန်) အဖွဲ့ခေါင်းဆောင်
၂။ ဦးလှမြိုင် (ကိုဆောင်း) အဖွဲ့ဝင်
၃။ ဦးကြည်ညွန့် (ချစ်ကြည်ရေး ကြည်ညွန့်) အဖွဲ့ဝင်
၄။ ဦးသောင်းတင် (ကြပ်ကလေး) အဖွဲ့ဝင်
၅။ ဦးသိန်းတန် (မအူပင် လွင်ဦး) အဖွဲ့ဝင်

## တာဝန်ငါးရပ်

ပြည်ထောင်စု မြန်မာနိုင်ငံတော် စာပေလုပ်သားအဖွဲ့ တတိယအကြိမ် ဗဟိုမျက်နှာစုံညီ အစည်းအဝေးက မှတ်တမ်းတင်ခြင်း လေးရပ်၊ အတည်ပြုခြင်း ခုနစ်ရပ်၊ ဆုံးဖြတ်ချက်



ခုနစ်ရပ်နှင့် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ခဲ့ပါသည်။ ဗဟိုမျက်နှာစုံညီ အစည်းအဝေးကြီးမှ အတည်ပြု ပြဋ္ဌာန်းလိုက်သည့် ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းပါ စာပေလုပ်သားအဖွဲ့၏ တာဝန်ငါးရပ်ကိုလည်း မမေ့မလျော့ အလေးဂရုပြုရမည် ဖြစ်ကြောင်း ချမှတ်ခဲ့ပါသည်။ ယင်းတာဝန်ငါးရပ်မှာ-

၁။ စာပေလုပ်သားအဖွဲ့၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များ အကောင်အထည် ဖော်ရေးနှင့် အောင်မြင်ရေး အတွက် နိုးကြားတက်ကြွစွာ ဆောင်ရွက်ရန်။

၂။ စာပေလုပ်သားများ၏ နိုင်ငံရေး အသိအမြင်နှင့် အတွေးအခေါ်များကို အထောက်အကူ ဖြစ်ရေး အတွက် စည်းရုံး ပညာပေး လှုံ့ဆော်ရန်။

၃။ စာပေလုပ်သားများ၏ အသိပညာနှင့် လုပ်ငန်းဆိုင်ရာ နည်းပညာ တတ်ကျွမ်းမှုတို့အတွက် စီစဉ်ဆောင်ရွက်ရန်။

၄။ စာပေလုပ်သားများ၏ ဘဝ အခြေအနေနှင့် နိုင်ငံရေး အသိအမြင်များကို သိရှိအောင် လေ့လာပြီး တိုးတက် မြင့်မားလာရေးအတွက် စီစဉ်ဆောင်ရွက်ရန်၊

၅။ စာပေလုပ်သားများနှင့် သက်ဆိုင်သော ပြဿနာ အရပ်ရပ်ကို စည်းရုံးရေးအသွင်ဖြင့် ကူညီဆောင်ရွက်ရန်

တို့ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## စာပေလုပ်သားအဖွဲ့ တတိယအကြိမ် ညီလာခံ နောက်ပိုင်း ကာလ

စာပေလုပ်သားအဖွဲ့ တတိယအကြိမ် ဗဟို မျက်နှာစုံညီ အစည်းအဝေး ၁၉၈၈ ခု ဧပြီလဆန်းတွင် အောင်မြင်စွာ ကျင်းပခဲ့ပြီးနောက် ခြောက်လမျှအကြာတွင် ၁၉၈၈ ခု အရေးအခင်း ပေါ်ပေါက်လာပါသည်။ ယင်းအရေးအခင်းတွင် အခြား လူထု အဖွဲ့အစည်းများနည်းတူ စာပေလုပ်သားအဖွဲ့သည် အလွန်ပြင်းထန် ကြမ်းတမ်းသည့် လှိုင်းဂယက်များ ရိုက်ပုတ် တိုက်ခိုက်ခြင်း ခံခဲ့ရပါသည်။ သို့သော် စာပေလုပ်သားအဖွဲ့အနေဖြင့် အဖွဲ့အစည်း တစ်ရပ်အဖြစ် လုံးဝ ပျောက်ကွယ်သွားခြင်း အခြေအနေသို့ မရောက်ရှိခဲ့ပေ။

တတိယအကြိမ် ဗဟို မျက်နှာစုံညီ အစည်းအဝေးမှ တင်မြှောက် ပေါ်ထွက်ခဲ့သော ဗဟိုအမှုဆောင်ကော်မတီမှ ဥက္ကဋ္ဌတစ်ဦး၊ ဒုတိယဥက္ကဋ္ဌ တစ်ဦးနှင့် ဗဟိုအမှုဆောင်ကော်မတီ သုံးဦးတို့ အရေးအခင်း ကာလအတွင်း အဖွဲ့မှ ၎င်းတို့၏ ဆန္ဒအရ နုတ်ထွက်သွားခဲ့ကြပါသည်။ မြို့နယ်အမှုဆောင် အောက်ခြေ စာပေလုပ်သားအဖွဲ့ လူအနည်းစုသာလျှင် အဖွဲ့မှ နုတ်ထွက်သွားကြပါသည်။

တတိယအကြိမ် စာပေလုပ်သားအဖွဲ့ ဗဟို မျက်နှာစုံညီ အစည်းအဝေး (ညီလာခံ) မှ တင်မြှောက်ခဲ့သော ဗဟို အမှုဆောင် ကော်မတီဝင် အများစုကြီးဖြင့် ဒုတိယဥက္ကဋ္ဌ တစ်ဦးဖြစ်



သည့် ဦးခင်မောင်အေး(ခင်မောင်အေး-မန္တလေး)ကို ဥက္ကဋ္ဌအသစ်အဖြစ်တင်၍ စာပေနှင့် စာနယ်ဇင်းအဖွဲ့အဖြစ် အမည်သစ်ဖြင့် ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းအသစ်ကို ရေးဆွဲကာ နိုင်ငံတော်မှ အဖွဲ့အစည်းတစ်ရပ်အဖြစ် ဖွဲ့စည်းခွင့်ရခဲ့သည်။

သက်ဆိုင်ရာသို့ အောက်ပါအတိုင်း တင်ပြခဲ့ပါသည်။

၁၉၈၈ ခု အောက်တိုဘာလ ၂၇ ရက်နေ့ နေ့စွဲဖြင့် ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌထံသို့ ပြည်ထောင်စု မြန်မာနိုင်ငံတော် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဖွဲ့စည်းခွင့် လျှောက်ထားလွှာကို အဖွဲ့၏ အတွင်းရေးမှူး ဦးမျိုးသန့် လက်မှတ်ရေးထိုး၍ တင်ပြခဲ့ပါသည်။

ယင်းလျှောက်လွှာတွင် -

(က) ပြည်ထောင်စု မြန်မာနိုင်ငံတော် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်၊

(ခ) ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း၊

(ဂ) ဗဟိုအမှုဆောင်ကော်မတီဝင် အမည်စာရင်း၊

(ဃ) ဘဏ္ဍာရေးရှင်းတမ်း၊

(င) အဖွဲ့ပိုင်ပစ္စည်းများ စာရင်းတို့ကို တင်ပြခဲ့ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်များ အမည်စာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၁။ ဦးခင်မောင်အေး ဥက္ကဋ္ဌ
(ခင်မောင်အေး-မန္တလေး)
ဦးဆောင်ညွှန်ကြားရေးမှူး
သတင်းနှင့် စာနယ်ဇင်းကော်ပိုရေးရှင်း

၂။ ဦးစိုးညွှန့် (ထီလာစစ်သူ) ဒုတိယဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
အနုပညာဦးစီးဌာန

၃။ ဦးလှမြိုင် (ကိုဆောင်း) ဒုတိယဥက္ကဋ္ဌ
အယ်ဒီတာချုပ် (အငြိမ်းစား)
လုပ်သားပြည်သူ့နေ့စဉ်
သတင်းစာတိုက်

၄။ ဦးမျိုးသန့် (မောင်ဆုရှင်) အတွင်းရေးမှူး
တွဲဖက်ညွှန်ကြားရေးမှူး (စာပေ)
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး
ကော်ပိုရေးရှင်း၊ စာပေဗိမာန်အဖွဲ့

၅။ ဦးလှထွန်း (လှထွန်း-တွံတေး) တွဲဖက်အတွင်းရေးမှူး
ညွှန်ကြားရေးမှူး (သတင်း)
သတင်းနှင့်စာနယ်ဇင်း
ကော်ပိုရေးရှင်း

၆။ ဦးမြသိန်း (မြသိန်း) ဘဏ္ဍာရေးမှူး
အယ်ဒီတာချုပ် (အငြိမ်းစား)
ဗိုလ်တထောင်သတင်းစာတိုက်



၇။ ဦးသိန်းစိန် (သိန်းစိန်) စာရင်းစစ်အဖွဲ့
ညွှန်ကြားရေးမှူး
အနုပညာဦးစီးဌာန

၈။ ဦးကျော်ဆွေ (မင်းကျော်) အမှုဆောင်
လက်ထောက်စာတည်း
တက္ကသိုလ် ဘာသာပြန်နှင့်
စာအုပ်ထုတ်ဝေရေးဌာန

၉။ ဒေါ်ရင်ရင် (စောမုံညင်း) အမှုဆောင်
အဖွဲ့ဝင်၊ မြန်မာစာအဖွဲ့

၁၀။ ဦးစိုးမြင့် (စိုးမြင့်) အမှုဆောင်
အယ်ဒီတာချုပ်၊
ဂါဒီယန်သတင်းစာတိုက်

၁၁။ ဦးရဲတင့် (ရဲတင့်) အမှုဆောင်
အယ်ဒီတာချုပ်
မြန်မာ့သတင်းစဉ် (ပြည်တွင်း)

၁၂။ ဦးတင်စိုး (သာဂဒိုး) အမှုဆောင်
အယ်ဒီတာချုပ် (အငြိမ်းစား)
ကြေးမုံသတင်းစာတိုက်

၁၃။ ဦးကိုကိုလေး (သိုဟန်) အမှုဆောင်
အယ်ဒီတာချုပ်
လုပ်သားပြည်သူ့နေ့စဉ် (အင်္ဂလိပ်)
သတင်းစာတိုက်

www.burmeseclassic.com

www.burmeseclassic.com



၁၄။ ဦးကျော်မင်း (မင်းကျော်မင်း) အမှုဆောင်
အယ်ဒီတာချုပ်
မြန်မာ့သတင်းစဉ် (ပြည်ပ)

၁၅။ ဦးကြည်ညွန့် စာရင်းစစ်
(ချစ်ကြည်ရေးကြည်ညွန့်)
ဒုတိယအယ်ဒီတာချုပ်
မြန်မာ့အလင်းသတင်းစာတိုက်

၁၆။ ဦးသိန်းတန် (မအူပင်လွင်ဦး) စာရင်းစစ်အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (အငြိမ်းစား)
ပြန်ကြားရေးနှင့် အသံလွှင့်ဦးစီးဌာန

**စာပေနှင့် စာနယ်ဇင်းအဖွဲ့များ၏ ရည်ရွယ်ချက်များကို အောက်ပါအတိုင်း သတ်မှတ်ခဲ့ပါသည်။**

**ရည်ရွယ်ချက် (၆) ရပ်**

(က) စာရေးဆရာ၊ သတင်းစာဆရာတို့၏ နိုင်ငံအကျိုးပြု သုတ၊ ရသ၊ စာပေရေးသားပြုစုမှု အတတ်ပညာများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်။

(ခ) စာပေ လောကသား အချင်းချင်း၏ စည်းလုံးညီညွတ်မှု ခိုင်မာရေးကို ဆက်လက် အောင်ရွက်ရန်။

(ဂ) စာရေးဆရာ၊ သတင်းစာဆရာတို့၏ သာရေး နာရေး ကိစ္စများတွင် ကူညီဆောင်ရွက်ရန်။

(ဃ) စာအုပ်စာပေနှင့် စာနယ်ဇင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကို ဆောင်ရွက်ရန်။

(င) ဂန္ထဝင်စာပေနှင့် ခေတ်ပြိုင်စာပေများကို စာဖတ်ပရိသတ်လက်သို့ ရောက်ရှိရေးအတွက် ကူညီဆောင်ရွက်ရန်။

(စ) စာပေနှင့်စာနယ်ဇင်းလုပ်ငန်းတွင် မဂ္ဂဇင်းစာစောင်များ၌ ရေးသားသော ကာတွန်းရုပ်ပြဆရာများနှင့် ပုံနှိပ်ထုတ်ဝေသူများ၏ လုပ်ငန်းများတွင် ကူညီဆောင်ရွက်ရန်။



**စာပေနှင့် စာနယ်ဇင်းအဖွဲ့များ၏ လုပ်ငန်းစဉ် (၁၀) ရပ် အဖြစ် အောက်ပါအတိုင်း သတ်မှတ်ခဲ့ပါသည်။**

(က) ပြည်သူများ အသိအမြင် အတွေးအခေါ် ကျယ်ပြန့်ရေးအတွက် ပြုစုလေ့လာ ရေးသားရန်။

(ခ) သုတ၊ ရသ စာပေကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန်။

(ဂ) အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်း၌ ပါဝင်ဆောင်ရွက်ရန်။

www.burmeseclassic.com

www.burmeseclassic.com



(ယ) အမျိုးသား စည်းလုံးညီညွတ်ရေးကို စာပေစာနယ်ဇင်း နည်းလမ်းတို့ဖြင့် အထောက်အကူပြုရန်။

(င) ကလေးသူငယ် စာပေ အသိပညာ ကြွယ်ဝရေးအတွက် ရေးသားပြုစုရန်။

(စ) စာပေဖွံ့ဖြိုးရေးကို အထောက်အကူပြုမည့် စာကြည့်တိုက်လုပ်ငန်း စာပေဆိုင်ရာ စာတမ်းဖတ်ပွဲ၊ စာပေဟောပြောပွဲ၊ စာပေသင်တန်း စသည်တို့ကို အခါအားလျော်စွာ ကျင်းပပေးရန်။

(ဆ) မြန်မာစာပေနှင့် နိုင်ငံတကာစာပေတို့ကို ပေါင်းကူးဆက်စပ်၍ စာဖတ်သူများအတွက် ရေးသားပြုစုဆောင်ရွက်ရန်။

(ဇ) စာပေလောကသားများ၏ တရားသဖြင့် ရသင့်ရထိုက်သော အခွင့်အရေးကို တည်ဆဲ ဥပဒေများနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးရန်။

(ဈ) စာပေလောကသားတို့၏ သာရေးနာရေးတွင် ကူညီ စောင့်ရှောက်ရန်။

(ည) အဖွဲ့၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ် အောင်မြင်ရေးအတွက် စာပုံနှိပ်တိုက်လုပ်ငန်း၊ စာအုပ်ဆိုင်လုပ်ငန်းနှင့် ထုတ်ဝေဖြန့်ချိရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန်။



စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဝင်ခွင့်လွှာပုံစံတွင် အောက်ပါဝန်ခံချက်ကို ဖြည့်စွက်ထားပါသည်။

### ဝန်ခံချက်

ကျွန်တော်/ကျွန်မသည် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်ကို လက်ခံ ယုံကြည်ပါသဖြင့် စာပေနှင့် စာနယ်ဇင်း အဖွဲ့သို့ ဝင်ခွင့်ပြုရန် ဤဝင်ခွင့်လွှာပုံစံကို ဓာတ်ပုံသုံးပုံနှင့်အတူ တင်သွင်းပါသည်။

ကျွန်တော်/ကျွန်မသည် မည်သည့် နိုင်ငံရေးပါတီ၊ နိုင်ငံရေးအဖွဲ့အစည်းဝင်တစ်ဦးမဟုတ်သည့်အပြင် ယင်းတို့နှင့် ပတ်သက်ဆက်နွယ်မှုလည်း မရှိကြောင်း ဝန်ခံပါသည်။

ဤပုံစံတွင် ဖော်ပြပါရှိသော အချက်အလက်များ မှန်ကန်ပါကြောင်း ဝန်ခံပါသည်။

ဝင်ကြေးငွေ ကျပ် ----------------------------

နှစ်စဉ်ကြေး ကျပ် -------------------------- ကို

တစ်ခါတည်း ပေးသွင်းပါသည်။

(ဝင်ခွင့်လွှာတင်သွင်းသူလက်မှတ်)

စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ဝင်ကြေးနှင့် နှစ်စဉ်ကြေးများကို ၁၉၈၉ မှ ၁၉၉၇အထိ ဝင်ကြေး ၁၀ ကျပ်၊ နှစ်စဉ်ကြေး ၂၀ ကျပ်၊ ၁၉၉၈ မှ ယခုတိုင်အထိ ဝင်ကြေး၁၀၀ကျပ်၊ နှစ်စဉ်ကြေး ၁၀၀ ကျပ် သတ်မှတ်ထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



### စာဆိုတော်နေ့အထိမ်းအမှတ်သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲ

(က) စာပေနှင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ဆောင်ရွက်ခဲ့သည့် စာပေပညာရှင်ကြီးများ၏ စာပေဂုဏ်၊ ပညာဂုဏ်တို့ကို ဂုဏ်ပြု ပူဇော်ရန်။

(ခ) အသက်အရွယ် ကြီးရင့်၍ အိုမင်းမစွမ်းရှိနေသည့် စာပေပညာရှင်ကြီးများအား တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေရန်။

(ဂ) နိုင်ငံတော်အတွင်း၌ စာပေပညာရှင်များနှင့် စာကောင်းပေမွန်တို့ကို မြတ်နိုး တန်ဖိုးထားသော စိတ်ဓာတ် ပြန့်ပွား၍ စာပေဖြင့် နိုင်ငံဖွံ့ဖြိုးအောင် တစ်ဖက်တစ်လမ်းမှ ပြုစုပျိုးထောင်နိုင်ခြင်း အနှစ်သာရ သဘောကို ပေါ်လွင်စေရန်။

(ဃ) ခေတ်ပြိုင်စာရေးဆရာ၊ သတင်းစာဆရာများ၏ ချစ်ကြည် ရင်းနှီး စည်းလုံး ပေါင်းစည်းမှုကို အထောက်အကူဖြစ်စေရန်။

(င) ပြည်သူတို့ စာပေတန်ဖိုးနှင့် အကျိုးကျေးဇူးကို အစဉ်သတိရစေရန်။

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့သည် ၁၃၅၆ ခုနှစ်မှစ၍ မြန်မာနိုင်ငံတစ်ဝန်းရှိ အသက် (၈၀) နှင့် အထက် စာရေးဆရာကြီး၊ ဆရာမကြီးများကို ရန်ကုန်မြို့တော်ခန်းမတွင် ကန်တော့ခဲ့ရာ ပထမအကြိမ် (၁၃၅၆ ခုနှစ်) တွင် ကန်တော့ခံ စာပေပညာရှင် ၃၆ ဦး၊ ဒုတိယအကြိမ် (၁၃၅၇ ခုနှစ်) တွင် ကန်တော့ခံ စာပေပညာရှင် ၄၂ ဦး၊ တတိယအကြိမ် (၁၃၅၈ ခုနှစ်) တွင် ကန်တော့ခံ စာပေပညာရှင် ၆၆ ဦး၊ စတုတ္ထအကြိမ် (၁၃၅၉ ခုနှစ်) တွင် ကန်တော့ခံ စာပေပညာရှင် ၈၂ ဦး၊ ပဥ္စမအကြိမ် (၁၃၆၀ ပြည့်နှစ်) တွင် ကန်တော့ခံ စာပေပညာရှင် ၉၅ ဦးနှင့် ဆဋ္ဌမအကြိမ် (၁၃၆၁ ခုနှစ်) တွင် ကန်တော့ခံ စာပေပညာရှင် ၁၀၈ ဦးကို လှူဖွယ်ပစ္စည်းများနှင့်အတူ တစ်ဦးလျှင် ငွေကျပ် ၄၅၀၀၀ စီတို့ဖြင့် ပူဇော်ကန်တော့ခဲ့သည်။ ၁၃၆၂ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့ သတ္တမအကြိမ် (၂၈-၁၁-၂၀၀၀)တွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ပင် သက်ကြီးစာပေပညာရှင် ၁၁၈ ဦးအား လှူဖွယ်ပစ္စည်းများနှင့်အတူ တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ စီတို့ဖြင့် ပူဇော်ကန်တော့ခဲ့ပါသည်။

မတက်ရောက်နိုင်သည့် ရန်ကုန်နှင့် နယ်များမှ စာပေပညာရှင်များအား ဗဟိုမှ အမှုဆောင်များ၊ မြို့နယ်အမှုဆောင်များက အိမ်တိုင်ရာရောက် သွားရောက်ကန်တော့ကြပါသည်။



### စာပေလုပ်သားအဖွဲ့နှင့် ကွဲလွဲသည့်အချက်များ

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်း အဖွဲ့ကို ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းအသစ် ရေးဆွဲ၍ မှတ်ပုံတင်ခြင်း၊ ဖွဲ့စည်းခြင်းပြုရာ၌ မူလ စာပေလုပ်သားအဖွဲ့နှင့် အဓိကအားဖြင့် ကွဲလွဲပြားနားခဲ့သော အချက်များမှာ အောက်ပါအချက်များဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



(၁) မည်သည့်နိုင်ငံရေးပါတီ၊ နိုင်ငံရေး အဖွဲ့အစည်းဝင် တစ်ဦး မဟုတ်သည့်အပြင် ယင်းတို့နှင့် ပတ်သက်ဆက်နွယ်မှု မရှိကြောင်း ခံဝန်ချက်ကို အဖွဲ့ဝင်ခွင့် လျှောက်လွှာတွင် ရေးထိုးရခြင်း။

(၂) အဖွဲ့ဖွဲ့စည်းပုံတွင် စာရေးဆရာအဖွဲ့ခွဲ၊ သတင်းစာဆရာ အဖွဲ့ခွဲ ဟူ၍ မထားရှိတော့ဘဲ စာပေနှင့် စာနယ်ဇင်းအဖွဲ့ကို ဗဟိုနှင့် မြို့နယ် တစ်ဖွဲ့တည်း ထားရှိခြင်း။

(၃) ဗဟိုစာရင်းစစ်အဖွဲ့ကို သီးခြားရွေးချယ်ဖွဲ့စည်းခြင်း မပြုတော့ဘဲ ဗဟိုအမှုဆောင်ကော်မတီအတွင်း၌သာ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း။

(၄) လုပ်ငန်း လိုအပ်ချက်များအရ ဗဟိုအမှုဆောင်ကော်မတီကို ဦးရေ ၃၀ အထိ တိုးမြှင့်ဖွဲ့စည်းခြင်း။ (နိုင်ငံတော်နှင့် ညှိနှိုင်း၍ ဗဟိုအမှုဆောင်ကော်မတီဝင် ငါးဦး တိုးချဲ့ဖြည့်ဆည်းခြင်း)

## ဗဟိုအမှုဆောင် ပြန်လည်ဖွဲ့စည်းခြင်း

ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းအရ အသစ်ထပ်မံ ဖွဲ့စည်းသော မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ ယခင် စာပေလုပ်သားအဖွဲ့မှ အဖွဲ့ဝင်အားလုံး (ဗဟိုအမှုဆောင်များ အပါအဝင်) သည် စာပေနှင့်စာနယ်ဇင်း အဖွဲ့ဝင်အဖြစ် အသစ်



ထပ်မံလျှောက်ထားကြရပါသည်။ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင် အသစ်များကို အဖွဲ့ဝင်အမှတ်အသစ်နှင့် အဖွဲ့ဝင်ကတ်ပြား အသစ်များ ထုတ်မပေးနိုင်သေးသည့် အချိန်တွင် မူလတင်ပြခဲ့သော ဥက္ကဋ္ဌ ဦးခင်မောင်အေး (ခင်မောင်အေး-မန္တလေး)၊ ဘဏ္ဍာရေးမှူး ဦးမြသိန်း (မြသိန်း) နှင့် စာရင်းစစ် အဖွဲ့ဝင် ဦးသိန်းတန် (မအူပင်-လွင်ဦး) တို့သည် ၎င်းတို့၏ ဆန္ဒအရ အဖွဲ့၏ ဗဟိုအမှုဆောင်ကော်မတီဝင်အဖြစ်မှ နုတ်ထွက်သွားခဲ့ကြသည်။

ထို့ကြောင့် လစ်လပ်သော ဥက္ကဋ္ဌ နေရာတွင် ဒု-ဥက္ကဋ္ဌ ဦးစိုးညွန့် (ထီလာစစ်သူ) အားလည်းကောင်း၊ ဒု-ဥက္ကဋ္ဌအဖြစ် ဦးလှမြိုင် (ကိုဆောင်း) အပြင် ဦးကျော်ဆွေ (မင်းကျော်) အား တာဝန်ပေးအပ်ခဲ့ပါသည်။ ဘဏ္ဍာရေးမှူးအဖြစ် ဦးစောဖြင့် (မောင်စောမြင့်) အား တာဝန်ပေးအပ်ခဲ့သည်။

စာပေနှင့်စာနယ်ဇင်းအဖွဲ့ကို ပြည်ထဲရေးနှင့် သာသနာရေး၊ ပန်ကြီးဌာန အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေအရ ၁၉၈၉ ခုနှစ် အောက်တိုဘာလတွင် ဖွဲ့စည်း ဆောင်ရွက်ခဲ့ပါသည်။ ၁၉၈၈ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့တွင် အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်ပြုရေးနှင့် ကြီးကြပ်ရေး ဗဟိုအဖွဲ့သို့ လျှောက်ထားခဲ့ရာ ၁၉၈၉ ခုနှစ် အောက်တိုဘာလ ၁၉ ရက်နေ့တွင် ဖွဲ့စည်းခွင့် အမှတ်(၁၃၉၅) ဖြင့် ဖွဲ့စည်းခွင့်ရခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ဗဟိုအမှုဆောင်အဖွဲ့သစ်

စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပထမအကြိမ် ညီလာခံ ကျင်းပချိန် ၁၉၉၃ ခုနှစ် ရိုဝင်ဘာလတွင် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီကို အောက်ဖော်ပြပါပုဂ္ဂိုလ် ၂၅ ဦးဖြင့် ဖွဲ့စည်း တာဝန်ပေးထားပါသည်။

(၁) ဦးစိုးညွန့် (ထီလာစစ်သူ) ဥက္ကဋ္ဌ
(၂) ဦးလှမြိုင် (ကိုဆောင်း) ဒုတိယဥက္ကဋ္ဌ
(၃) ဦးညီညီ (လင်းယုန်နီ) ဒုတိယဥက္ကဋ္ဌ
(၄) ဦးမျိုးသန့် (မောင်ဆုရှင်) အတွင်းရေးမှူး
(၅) ဦးမောင်မောင်ဦး (ဟိန်းလတ်) တွဲဖက်အတွင်းရေးမှူး
(၆) ဦးဝင်းဖေ (မုံရွာဝင်းဖေ) တွဲဖက်အတွင်းရေးမှူး
(၇) ဒေါ်မြမြသန်း (မနှင်းဖွေး) တွဲဖက်အတွင်းရေးမှူး
(၈) ဦးစောမြင့် (မောင်စောမြင့်) ဘဏ္ဍာရေးမှူး
(၉) ဦးသန်းမောင် ဗဟိုအမှုဆောင်
(၁၀) ဦးလှထွန်း (လှထွန်း-တွံတေး) ဗဟိုအမှုဆောင်
(၁၁) ဒေါ်ရင်ရင် (စောမုံညင်း) ဗဟိုအမှုဆောင်
(၁၂) ဦးခင်မောင်ထွန်း (ခင်မောင်ထွန်း-လမ်းမတော်) ဗဟိုအမှုဆောင်
(၁၃) ဦးရဲတင့် (ရဲတင့်) ဗဟိုအမှုဆောင်



(၁၄) ဦးစိုးမြင့် (စိုးမြင့်) ဗဟိုအမှုဆောင်
(၁၅) ဦးကျော်မင်း (မင်းကျော်မင်း) ဗဟိုအမှုဆောင်
(၁၆) ဦးကြည်ညွန့် (ချစ်ကြည်ရေးကြည်ညွန့်) ဗဟိုအမှုဆောင်
(၁၇) ဦးတင်ထွေး (တင်ထွေး) ဗဟိုအမှုဆောင်
(၁၈) ဒေါက်တာခင်မောင်ညွန့် (ဒေါက်တာခင်မောင်ညွန့်) ဗဟိုအမှုဆောင်
(၁၉) ဒေါက်တာမောင်မောင်ညို (ဒေါက်တာမောင်မောင်ညို) ဗဟိုအမှုဆောင်
(၂၀) ဒေါက်တာတင်ထွန်းဦး (ဒေါက်တာတင်ထွန်းဦး) ဗဟိုအမှုဆောင်
(၂၁) ဒေါက်တာတင်ရွှေ (ဒေါက်တာတင်ရွှေ) ဗဟိုအမှုဆောင်
(၂၂) ဦးမောင်ဝင်း ဗဟိုအမှုဆောင်
(၂၃) ဦးတင်လှိုင် (လယ်တွင်းသားစောချစ်) ဗဟိုအမှုဆောင်
(၂၄) ဦးကြည်လွင် (ကာတွန်းငွေကြည်) ဗဟိုအမှုဆောင်
(၂၅) ဦးလှိုင်ကြွယ် (ကာတွန်းမောင်ဝဏ္ဏ) ဗဟိုအမှုဆောင်

www.burmeseclassic.com

www.burmeseclassic.com



## ဒု-ဥက္ကဋ္ဌ ဦးကျော်ဆွေ (မင်းကျော်)

မူလ ဗဟိုအမှုဆောင် ကော်မတီဝင် ဦးကျော်ဆွေ (မင်းကျော်) အား ၂၇-၈-၈၉ နေ့ ဗဟိုအမှုဆောင်ကော်မတီ ဒုတိယအကြိမ် အစည်းအဝေးမှ ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ပေးခဲ့သည်မှာ ၎င်းကွယ်လွန်ချိန် ၇-၇-၉၀ နေ့အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

၉-၉-၉၂ နေ့ ဗဟိုအမှုဆောင်ကော်မတီ အစည်းအဝေး (၃၁) မှ အဖွဲ့၏ များပြားလာသော လုပ်ငန်းများကို တာဝန်ခွဲဝေဆောင်ရွက်နိုင်ရန် ဦးသန်းမောင် (ဦးဆောင်ညွှန်ကြားရေးမှူး၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း) နှင့် ဒေါက်တာတင်ရွှေ (ဆရာဝန်တင်ရွှေ) တို့အား ဗဟိုအမှုဆောင်အဖြစ် တိုးချဲ့တာဝန်ပေးအပ်ခဲ့သည်။

## ဒု-ဥက္ကဋ္ဌ ဦးညီညီ (လင်းယုန်နီ)

၁၁-၁-၉၃ နေ့ ဗဟိုအမှုဆောင်ကော်မတီ အစည်းအဝေး (၃၅) မှ ဦးညီညီ (လင်းယုန်နီ) အား ဒုတိယဥက္ကဋ္ဌအဖြစ်တိုးချဲ့တာဝန်ပေးအပ်ခဲ့သည်။

၂၁-၄-၉၃ ဗဟိုအမှုဆောင်ကော်မတီအစည်းအဝေး (၃၈) မှ ကာတွန်းပညာရှင် ဦးငွေကြည်နှင့် ဦးဝဏ္ဏတို့အား ဗဟိုအမှုဆောင်ကော်မတီဝင်အဖြစ် တိုးချဲ့ဖွဲ့စည်းခဲ့သည်။ ထိုသို့ပါဝင် ဖွဲ့စည်းရသောအကြောင်းမှာ ကာတွန်းဆရာများသည် စာနယ်ဇင်းလုပ်ငန်းနှင့် အကျုံးဝင်သောကြောင့်ဖြစ်သည်။



၁၉၉၃ ခုနှစ်ဦးမှစ၍ အတွင်းရေးမှူး ဦးမျိုးသန့်မှာ အမျိုးသား ညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ၏ တာဝန်များ ရှိလာသဖြင့် ၎င်းတာဝန်များကို မျှဝေထမ်းဆောင်နိုင်ရန် ၆-၇-၉၃ နေ့တွင် ကျင်းပသော ဗဟိုအမှုဆောင်ကော်မတီ အစည်းအဝေး (၄၁) မှ ဦးဝင်းဖေ (မုံရွာဝင်းဖေ) အား တွဲဖက်အတွင်းရေးမှူး (၂) အဖြစ်လည်းကောင်း၊ ဒေါ်မြမြသန်း (မနှင်းဖွေး)အား တွဲဖက်အတွင်းရေးမှူး (၃) အဖြစ်လည်းကောင်း တိုးချဲ့၍ အသီးသီးတာဝန်ပေးအပ်ခဲ့သည်။

**စည်းရုံးရေး**

စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ အဖွဲ့ဝင်အင်အားမှာ ပထမညီလာခံမတိုင်မီ ၁၉၉၃ ခု နိုဝင်ဘာလ၌ တစ်နိုင်ငံလုံးတွင် ၂၂၈၂ ဦးဖြစ်ပြီး ဖွဲ့စည်းပြီး မြို့နယ် ၁၀၈ မြို့နယ်နှင့် စည်းရုံးရေး ကော်မတီ ခြောက်ခု၊ စုစုပေါင်း ၁၁၄ ဖြစ်သည်။ အဖွဲ့ဝင်အင်အား တိုးပွားရေးအတွက် ဗဟိုအမှုဆောင်ကော်မတီ၏ စည်းရုံးရေးလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

စည်းရုံးရေးလုပ်ငန်းအဖွဲ့သည် ယခင် စာပေလုပ်သားအဖွဲ့ကို စည်းမျဉ်းအသစ် ရေးဆွဲ၍ ပြန်လည် မှတ်ပုံတင်ဖွဲ့စည်းသော ၁၉၈၉ ခုနှစ်မှစ၍ အဖွဲ့ဝင်ခွင့် လျှောက်လွှာအသစ်များ ပြန်လည်ရိုက်နှိပ်ခြင်း၊ အဖွဲ့ဝင်များ လက်ခံခြင်း၊ တင်ပြလာသည့် အဖွဲ့ဝင်ခွင့်လျှောက်လွှာများ စိစစ်ခြင်း၊ ဗဟိုအမှုဆောင် ကော်မတီ အစည်းအဝေးများသို့ တင်ပြ၍ လက်ခံ

www.burmeseclassic.com

www.burmeseclassic.com



အတည်ပြုချက်ရယူခြင်း၊ ဗဟိုအမှုဆောင်ကော်မတီမှ လက်ခံအတည်ပြုသည့် အဖွဲ့ဝင်များအား အဖွဲ့ဝင် ကတ်ပြားများ ထုတ်ပေးခြင်းနှင့် အဖွဲ့ဝင်သစ် တိုးပွားအောင် ဆောင်ရွက်ရေးတွင် စာနယ်ဇင်းလုပ်ငန်း အကျုံးဝင်သော ကာတွန်းပညာရှင်များအား တစ်ဦးချင်း ဝင်ခွင့်ပြုခဲ့သည်။

အစီရင်ခံသည့် ကာလအတွင်း အဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဦးလှမြိုင်နှင့် ကွယ်လွန်သူ ဦးကျော်ဆွေ (မင်းကျော်) ဒုတိယ ဥက္ကဋ္ဌတို့သည် ၂၁-၁-၉၁ နေ့က စာရေးဆရာ စိန်ခင်မောင်ရီနှင့်အတူ မိုးညှင်းမြို့နှင့် မန္တလေး လေးမြို့နယ်တို့သို့ စာပေဟောပြောပွဲခရီးနှင့် အထူးကွင်းဆင်း ဆောင်ရွက်ခဲ့သည်။

အလားတူပင် ဗဟိုအမှုဆောင်ကော်မတီ အတွင်းရေးမှူး ဦးမျိုးသန့်သည် ပခုက္ကူနှင့် မန္တလေးမြို့နယ်များသို့ ကွင်းဆင်းဆွေးနွေးခဲ့ပြီး ဒုတိယဥက္ကဋ္ဌ ဦးလှမြိုင်နှင့် ဗဟိုအမှုဆောင်ကော်မတီဝင် ဦးခင်မောင်ထွန်း (ခင်မောင်ထွန်း-လမ်းမတော်) တို့သည်လည်း ၆-၅-၉၃ မှ ၉-၅-၉၃ နေ့ထိ နောင်ချို မန္တလေး လေးမြို့နယ်နှင့် ကျောက်ဆည်မြို့များသို့ ကွင်းဆင်းဆွေးနွေး ဆောင်ရွက်ခဲ့သည်။

အဖွဲ့ဥက္ကဋ္ဌ ဦးစိုးညွန့် (ထီလာစစ်သူ) သည် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတာဝန်ဖြင့် မြို့နယ်များသို့ ရောက်ရှိသည့်အခါတိုင်း အဖွဲ့၏ စည်းရုံးရေး လုပ်ငန်းများကိုပါ ဆော်သြဆောင်ရွက်၍ ညှိနှိုင်းခဲ့သည်။



## စာပေရန်ပုံငွေ ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

မြန်မာစာပေ လောကတွင် စာပေအကျိုးကို နှစ်ရှည်လများ ထမ်းဆောင်ခဲ့ပြီး အသက်အရွယ်ကြီးရင့်ကာ နာမကျန်းဖြစ်၍ အကူအညီ လိုအပ်သော စာပေ ပညာရှင်များအား ထောက်ပံ့နိုင်ရန်အတွက် ဗဟိုအမှုဆောင်ကော်မတီက စာပေရန်ပုံငွေ ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်း ခွင့်ပြုရေးနှင့် ကြီးကြပ်ရေး ဗဟိုအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ၁၉၉၁ ခုနှစ် မတ်လတွင် သီးခြားမှတ်ပုံတင် ဖွဲ့စည်းခဲ့သည်။ စာပေရန်ပုံငွေ ကြီးကြပ်ရေးအဖွဲ့၏ စည်းမျဉ်းကိုလည်း သီးခြားရေးဆွဲ အတည်ပြုခဲ့သည်။

စာပေရန်ပုံငွေမှ ထောက်ပံ့ရန်၊ အင်အားမလျော့ပါးစေရန်၊ စာပေရန်ပုံငွေကြီးကြပ်ရေးအဖွဲ့၏ အစည်းအဝေးစရိတ်များနှင့် အခြား အသုံးစရိတ်များကို စာပေရန်ပုံငွေမှ ကျခံခြင်းမပြုဘဲ စာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီးမှ ကျခံသုံးစွဲခဲ့သည်။

သက်ကြီးပညာရှင်များအား တစ်ဦးလျှင် ကျပ် ၁၀၀၀၀ ဖြင့် စုစုပေါင်း ၂၅ ဦးကို ပထမအကြိမ် ညီလာခံမတိုင်မီ ထောက်ပံ့ခဲ့သည်။

## စာရင်းစစ်အဖွဲ့ ဖွဲ့စည်းခြင်း

ဗဟိုအမှုဆောင်ကော်မတီသည် မူလ စာရင်းစစ်အဖွဲ့ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



(က) ဦးသိန်းစိန် — အဖွဲ့ခေါင်းဆောင်
(ခ) ဦးကြည်ညွန့် — အဖွဲ့ဝင်
(ဂ) ဦးကျော်မင်း — အဖွဲ့ဝင်

စာရင်းစစ်အဖွဲ့ခေါင်းဆောင် ဦးသိန်းစိန်မှာ ဒုတိယဝန်ကြီးတာဝန်ယူရသဖြင့် ၁၁-၈-၉၃ နေ့က စာရင်းစစ်အဖွဲ့ခေါင်းဆောင်အဖြစ်မှ နုတ်ထွက်ခဲ့သည်။ ဦးသိန်းစိန်၏ နေရာတွင် ဗဟိုအမှုဆောင် ကော်မတီဝင် ဦးမောင်ဝင်းအား တာဝန်ပေးအပ်ခဲ့သည်။

## ရန်ပုံငွေ ရှာဖွေခြင်း

အဖွဲ့၏ စည်းရုံးရေးနှင့် စာပေပြန့်ပွားရေးအတွက် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ပြက္ခဒိန်ထုတ်ခြင်း၊ အခါအားလျော်စွာ စာပေမဂ္ဂဇင်း၊ ကဗျာမဂ္ဂဇင်း၊ မြန်မာဝတ္ထုတိုပေါင်းချုပ်စာအုပ်များ ထုတ်ဝေခြင်းနှင့် တစ်နည်းတစ်လမ်းအားဖြင့် ရန်ပုံငွေရှာကြံခဲ့သည်။

ပုံမှန်ဝင်ငွေအားဖြင့် အဖွဲ့ဝင် နှစ်စဉ်ကြေးအပြင် စာပေလုပ်သား ပုံနှိပ်တိုက်လုပ်ငန်းနှင့် ဗိုလ်ချုပ်ဈေးဆိုင်ခန်းမှ လစဉ်ငှားရမ်းခများ ရရှိပြီး သိမ်ကြီးဈေး ဒီရုံတွင် ဆိုင်ခန်း သုံးခန်းရရှိထားရာ သင့်လျော်သော လုပ်ငန်းရှင်များသို့ ငှားရမ်း၍ ရန်ပုံငွေ ရရှိရေးအတွက် ဆောင်ရွက်လျက်ရှိသည်။



### စာပေထုတ်ဝေရေးလုပ်ငန်း

ဗဟိုအမှုဆောင်ကော်မတီသည် အဖွဲ့၏ ပင်မလုပ်ငန်းတစ်ရပ်ဖြစ်သော စာပေထုတ်ဝေရေးလုပ်ငန်းကို ဆောင်ရွက်နိုင်ရန် စာပေထုတ်ဝေရေးလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။

ပထမအကြိမ် ညီလာခံ ကျင်းပသည်အထိ စာပေထုတ်ဝေရေး လုပ်ငန်းအဖွဲ့မှ စာပေမဂ္ဂဇင်း၊ မြန်မာဝတ္ထုတို ပေါင်းချုပ် အမှတ် (၁) (၂) (၃)၊ ကဗျာမဂ္ဂဇင်းအမှတ် (၁) (၂) (၃) တို့အပြင် "တရုတ်ပြည်စာပေခရီး" အမှတ် (၁) (မြန်မာ) နှင့် (အင်္ဂလိပ်)၊ ဆရာဇော်ဂျီ စာပေါင်းချုပ် (ပထမတွဲ) နှင့် သဘင်းလွှာအမှတ် (၁) မှ (၈) တို့ကို ထုတ်ဝေခဲ့ပြီး ဖြစ်သည်။

ဆက်လက်၍ "တရုတ်ပြည်စာပေခရီး" အမှတ် (၂)၊ ကဗျာမဂ္ဂဇင်း အမှတ် (၄)၊ မြန်မာဝတ္ထုတိုပေါင်းချုပ် အမှတ် (၄)၊ စာပေါင်းချုပ်များအဖြစ် ဆရာဇော်ဂျီ စာပေါင်းချုပ် အတွဲများ၊ ဆရာပီမိုးနင်း စာပေါင်းချုပ် အတွဲများ၊ မဟာဆွေ၊ လယ်တီပဏ္ဍိတ ဦးမောင်ကြီးနှင့် မှော်ဘီဆရာသိန်း စာပေါင်းချုပ် အတွဲများကို ပထမအကြိမ် ညီလာခံ နောက်ပိုင်းတွင် ဆက်လက်ထုတ်ဝေရန် သတ်မှတ်ခဲ့သည်။

မြန်မာဝတ္ထုရှည်ကြီးများ ထွန်းကားရေးနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေး၊ တိုင်းရင်းသား ချစ်ကြည်ရေးအတွက် လယ်တွင်းသားစောချစ်၏ "ပန်းပေါက်ပွဲ" ဝတ္ထုကိုလည်းကောင်း၊ ဂန္ထဝင် ဝတ္ထုထွန်းကားရေးအတွက် ရွှေလင်းယုန်၏ "သူ" ဝတ္ထုကြီးကိုလည်းကောင်း ထုတ်ဝေခဲ့ပြီးဖြစ်သည်။ တိုင်းချစ်ပြည်ချစ်စိတ်

www.burmeseclassic.com

www.burmeseclassic.com



ထွန်းကားရေးအတွက် ဆရာ ဆင်ဖြူကျွန်းအောင်သိန်း၏ မြန်မာ့နယ်ချဲ့ဆန့်ကျင်မှုနှင့် နိုင်ငံပြုမှုကိုရေးဖွဲ့သော "နေမင်းတစ်ထောင်" ဝတ္ထုရှည်ကြီးကို အတွဲများခွဲ၍ ထုတ်ဝေရန် စီစဉ်ခဲ့သည်။

ဗဟိုနှင့် မြို့နယ်ဆက်သွယ်ရေးလုပ်ငန်းအဖြစ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ သတင်းလွှာကို သုတစွယ်စုံ စာအုပ်တိုက်မှ ဗဟိုအမှုဆောင်အဖွဲ့ဝင် ဒေါက်တာတင်ထွန်းဦးမှ တာဝန်ယူ ထုတ်ဝေလျက်ရှိသည်။

## နိုင်ငံတော် မူဝါဒနှင့်အညီ ဆောင်ရွက်ချက်များ

စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီနှင့် မြို့နယ် အဖွဲ့များ၊ အဖွဲ့ဝင်များသည် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူ့အသိုင်းအဝိုင်းတွင် ပါဝင်နေသူများ ဖြစ်ကြသည့် အလျောက် နိုင်ငံတော်အစိုးရ၏ မူဝါဒများနှင့်အညီ ဆောင်ရွက်သော လုပ်ငန်းများတွင် ဌာနဆိုင်ရာလုပ်ငန်းတာဝန်အရ လည်းကောင်း၊ စာပေနှင့် စာနယ်ဇင်း အဖွဲ့ဝင်အဖြစ် အသိစိတ်ဓာတ်ဖြင့်လည်းကောင်း မိမိတို့ကျရောက်ထမ်းဆောင်ရာ နိုင်ငံတော်လုပ်ငန်း ကဏ္ဍအသီးသီးတွင် လူထုဆက်သွယ်ရေး နည်းလမ်းများဖြင့် ပြည်သူများသို့ ဖြန့်ဖြူးရာ၌ ပါဝင် ကူညီဆောင်ရွက်ခဲ့ကြသည်။ ယင်းလုပ်ငန်းများမှာ စာအုပ်ထုတ်ဝေခြင်း၊ သတင်းစာ၊ ဂျာနယ် ထုတ်ဝေခြင်း၊ သတင်းစာ၊ ဂျာနယ် မဂ္ဂဇင်းများတွင် ဆောင်းပါးရေးခြင်း၊ နိုင်ငံတော်က သတ်မှတ်



ကျင်းပသော နေ့ကြီးရက်ကြီးများဖြစ်သည့် လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ အာဇာနည်နေ့၊ တပ်မတော်နေ့များတွင် ပါဝင်တက်ရောက် ဆောင်ရွက်ခြင်း၊ စာပေဆိုင်ရာ လုပ်ငန်းကော်မတီများတွင် တက်ကြွစွာ ဆောင်ရွက်ခြင်းအပြင် အဖွဲ့ဝင်များက စာပေပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်၍ ဆုများ ဆွတ်ခူးနိုင်ခဲ့ကြသည်။

နိုင်ငံတော်နှင့် ပြည်သူများအတွက် အသက်တမျှ အရေးကြီးလှသော ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် ၁၉၉၃ ခု နှစ်ဦးမှစ၍ ကျင်းပလျက်ရှိသော အမျိုးသားညီလာခံကြီးတွင် အဖွဲ့ဝင်များသည် ကော်မရှင်အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ကော်မတီအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်အဖြစ်လည်းကောင်း အသီးသီးပါဝင်ဆောင်ရွက်လျက်ရှိကြသည်။

နိုင်ငံတော်၏ စာအုပ်စာတမ်းများထုတ်ဝေရေးတွင် အောက်ပါလုပ်ငန်းများကို ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

(၁) နိုင်ငံတော်မှ မူဝါဒအရ ထုတ်ဝေသော စာအုပ်စာတမ်းအမျိုးမျိုး။
(၂) မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး စာအုပ်စာတမ်းများ။
(၃) မြန်မာ-အင်္ဂလိပ် သတင်းစာ၊ ဆောင်းပါး၊ ကဗျာများ။
(၄) ဂျာနယ်၊ မဂ္ဂဇင်း၊ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာများ၊

www.burmeseclassic.com

www.burmeseclassic.com



အခြားလူထုဆက်သွယ်ရေးလုပ်ငန်းကဏ္ဍများဖြစ်သော သတင်းစာနှင့် အသံလွှင့်လုပ်ငန်းများတွင် –

( ၁ ) မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး ဆောင်းပါးများ၊
( ၂ ) မြန်မာ့ယဉ်ကျေးမှု ဆောင်းပါးများ၊
( ၃ ) မြန်မာ့ရိုးရာလှေပြိုင်ပွဲ ဆောင်းပါးများ၊
( ၄ ) မြန်မာ့ရိုးရာမြင်းခင်းသဘင် ဆောင်းပါးများ၊
( ၅ ) အမျိုးသားအားကစားပွဲတော် ဆောင်းပါးများ။

နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသော စာပေနှင့် ယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းကော်မတီများတွင် ပါဝင် ဆောင်ရွက်မှုမှာ–

( ၁ ) နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုအဖွဲ့မှ တာဝန်ပေးသော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး လုပ်ငန်းကော်မတီ၏ စာနယ်ဇင်းအဖွဲ့၊
( ၂ ) ပြန်ကြားရေး ဝန်ကြီးဌာန၏ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ၊
( ၃ ) စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့၊
( ၄ ) မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး စာပေပြိုင်ပွဲကော်မတီ
( ၅ ) မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး ကာတွန်းပြိုင်ပွဲကော်မတီ၊



( ၆ ) နိုင်ငံတော်မှ ကြီးမှူးသော မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့၏ ကော်မတီများ၊
( ၇ ) ပြန်ကြားရေး ဝန်ကြီးဌာန၏ ရုပ်ရှင် အကယ်ဒမီ ရွေးချယ်ရေးအဖွဲ့၊
( ၈ ) ပြန်ကြားရေးဝန်ကြီးဌာန၏ ရုပ်ရှင်ဆင်ဆာအဖွဲ့၊
( ၉ ) ပြန်ကြားရေးဝန်ကြီးဌာန၏ ဗွီဒီယိုဆင်ဆာအဖွဲ့၊
(၁၀) ယဉ်ကျေးမှုဝန်ကြီးဌာန၏ ယဉ်ကျေးမှုတက္ကသိုလ်ကောင်စီ၊
(၁၁) ပညာရေးဝန်ကြီးဌာန၏ မြန်မာစာအဖွဲ့၊
(၁၂) တပ်မတော်နေ့ စာပေပြိုင်ပွဲကော်မတီ၊
(၁၃) ပခုက္ကူဦးအုန်းဖေ စာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့၊
(၁၄) မြဝတီပုံနှိပ်တိုက်၏ အမျိုးသားဆောင်ပုဒ်များ အကောင်အထည်ဖော်ရေးဆိုင်ရာ စာပေပြိုင်ပွဲအဖွဲ့၊
(၁၅) မြန်မာစာအဖွဲ့နှင့် မြန်မာ့သမိုင်းအဖွဲ့တို့ ဖြစ်ကြသည်။

မြို့နယ်များတွင် စာပေနှင့်စာနယ်ဇင်းအဖွဲ့များက နိုင်ငံတော် တည်ဆောက်ရေး၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေး စသည့် ဖွံ့ဖြိုးရေး လုပ်ငန်းကဏ္ဍအသီးသီးနှင့် စပ်လျဉ်းသော လူထုဆက်သွယ်ရေး လုပ်ငန်းများတွင် သတင်း ရေးသားခြင်း၊ ဆောင်းပါးရေးသားခြင်း၊ ဓာတ်ပုံရိုက်ကူးခြင်းတို့ဖြင့် နိုင်ငံတော်မူဝါဒများကို ပြည်သူလူထု သဘောပေါက်သိရှိအောင် ပါဝင်ဆောင်ရွက်လျက်ရှိနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



**သက်သာချောင်ချိရေး**

ဗဟိုအမှုဆောင်ကော်မတီသည် ပထမအကြိမ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ညီလာခံအထိ စာပေနှင့် စာနယ်ဇင်းအဖွဲ့ များ၏ သက်သာချောင်ချိရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး အတွက် သက်သာချောင်ချိရေးလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်း ဆောင် ရွက်ခဲ့သည်။

သက်သာချောင်ချိရေး လုပ်ငန်းအဖွဲ့မှ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

စာပေနှင့် စာနယ်ဇင်းအဖွဲ့မှ "စာပေလုပ်သား" ပုံနှိပ် တိုက်ကို သက်သာချောင်ချိရေး လုပ်ငန်းအဖွဲ့မှ ကြီးကြပ် ဆောင်ရွက်ခဲ့သည်။

စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပြက္ခဒိန်ကို ၁၉၉၀ ပြည့်နှစ် အတွက် တစ်ကြိမ်ထုတ်ဝေခဲ့သော်လည်း နှစ်စဉ် ထုတ်ဝေနိုင် ခဲ့ခြင်း မရှိပါ။

ဗိုလ်ချုပ်ဈေးတွင် မြို့တော်စည်ပင်သာယာအဖွဲ့မှ ငှားရမ်း ရရှိသော ဆိုင်ခန်း နှစ်ခန်းအနက် ဆက်လျက် နောက်ခန်း တစ်ခန်းကို မြို့တော်စည်ပင်သာယာရေးကော်မတီမှ ပြန်လည် သိမ်းယူခဲ့ရာ ရှေ့ပိုင်းတစ်ခန်းသာ ကျန်ရှိပါသည်။ ထိုတစ်ခန်း ကို ပုဂ္ဂလိက တစ်ဦးအား ငှားရမ်းထားပါသည်။ ဆက်လက်၍ သိမ်ကြီးဈေး ဒီရုံတွင် ချထားပေး၍ ရရှိထားသော ဆိုင်ခန်း သုံးခန်းကို ငှားရမ်းလိုသူ လုပ်ငန်းရှင်များနှင့် ဆက်သွယ် ဆောင်ရွက်လျက် ရှိသည်။



အဖွဲ့ဝင်များအား နာရေးထောက်ပံ့ရေးနှင့်စပ်လျဉ်း၍ ယခင် စာပေလုပ်သားသက်တမ်းတွင် တစ်ဦးလျှင် ၂၀၀ ကျပ် ထောက်ပံ့ခဲ့ရာ ယခု စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပထမအကြိမ် ညီလာခံသက်တမ်းတွင် တစ်ဦးလျှင် ၅၀၀ ကျပ်စီ ထောက်ပံ့ ခဲ့သည်။

စာပေဆိုင်ရာ အခွင့်အရေး ကာကွယ် စောင့်ရှောက်မှု လုပ်ငန်းအဖြစ် စာပေနှင့်စာနယ်ဇင်း အဖွဲ့ဝင်များက ရသင့် ရထိုက်သော အခွင့်အရေးများ၊ စာမူခများ၊ နစ်နာချက်များ၊ ကလောင်အမည်တူကိစ္စများ၊ အချင်းချင်း ပြဿနာများနှင့် စပ်လျဉ်း၍လည်းကောင်း၊ စာပေထုတ်ဝေမှု လုပ်ငန်းများ ချောမွေ့ရေးနှင့် စပ်လျဉ်း၍လည်းကောင်း စာပေနှင့်စာနယ်ဇင်း အဖွဲ့ ဗဟိုအမှုဆောင်ကော်မတီသည် သက်ဆိုင်သူတို့အား ပူးပေါင်း ဆောင်ရွက်မှုများကို ဆောင်ရွက်လျက်ရှိသည်။

စာပေမူပိုင်ခွင့်နှင့် စပ်လျဉ်း၍ စာပေ၊ ပန်းချီ၊ ဂီတ ပညာ ရှင်များ ရေးသားပြုစုသော လက်ရာများကို ပြုစုသူ မူပိုင်ခွင့် ရရှိရေးအတွက်လည်း သင့်လျော်သည့် အစီအစဉ်ဖြင့် ဆောင် ရွက်ရန် သက်ဆိုင်ရာတို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။

**စာပေဟောပြောပွဲများနှင့် နေ့ကြီးရက်ကြီးဟောပြောပွဲများ**

နှစ်စဉ် နတ်တော်လဆန်း ၁ ရက်နေ့ စာဆိုတော်နေ့ အထိမ်းအမှတ်ပွဲများနှင့် စာပေဟောပြောပွဲများအတွက် စာဆိုတော်နေ့ ဦးတည်ချက်များကို အဖွဲ့က ချမှတ်၍ မြို့နယ် များသို့ ညွှန်ကြားပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်စဉ်အားဖြင့် စာဆိုတော်နေ့ အထိမ်းအမှတ် အခမ်းအနားများသို့ စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ သဝဏ်လွှာကို ပေးပို့ခဲ့သည်။

မြို့နယ် စာပေနှင့် စာနယ်ဇင်း အဖွဲ့ဝင်များသည်လည်း မိမိတို့မြို့နယ် အခြေအနေအရ စာပေဟောပြောပွဲများသာမက စာပေပြိုင်ပွဲများ၊ စကားရည်လုပွဲများ၊ စာပေရေးရာသင်တန်းများ၊ စာတမ်းဖတ်ပွဲများ အစရှိသည်တို့ကို အခါအခွင့်သင့် သလို လှုပ်ရှားဆောင်ရွက်လျက်ရှိသည်။

စာဖတ်ပရိတ်သတ် တိုးပွားရေးအတွက် မြို့နယ်၊ ကျေးရွာ၊ ရပ်ကွက်၊ စာသင်ကျောင်း၊ အလုပ်ရုံ၊ စက်ရုံ အစရှိသည်တို့၌ ကျင်းပပြုလုပ်သည့် စာပေဟောပြောပွဲများနှင့် ဆက်သွယ်၍ စာပေဆွေးနွေးပွဲများကို အဆင်ပြေသလို ကျင်းပကာ ဆောင်ရွက်သွားရန်ဖြစ်သည်။

စာကြည့်တိုက်နှင့် စာကြည့်ခန်းများ တိုးချဲ့ ဖွင့်လှစ်ရေးအတွက် မြန်မာစာပေ ဖွံ့ဖြိုး တိုးတက်ရေး၊ ပြည်သူများအား အသိပညာပေးရေး၊ စာဖတ်ပရိသတ် တိုးပွားအောင် ဆောင်ရွက်ရေးတို့တွင် နိုင်ငံတော်နှင့် အခြားအဖွဲ့အစည်းများ၊ ကျောင်းများ၊ လုပ်ငန်းဌာနများက ဆောင်ရွက်လျက်ရှိသည့်နည်းတူ မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့များကလည်း မိမိတို့စည်းရုံးလှုံ့ဆော်မှုဖြင့် မိမိတို့ဒေသအလိုက် ကိုယ်ထူ ကိုယ်ထ စာကြည့်တိုက်များ၊ စာဖတ်ခန်းများ ထူထောင်နိုင်အောင် ကြိုးပမ်းခဲ့သည်။



အဖွဲ့အစည်းတစ်ခု၏ ဖွဲ့စည်းမှု ကျစ်လျစ် ခိုင်မာရေးသည် စနစ်တကျဖွဲ့စည်းပြီး စဉ်ဆက်မပြတ်ရှင်သန် လှုပ်ရှားမှု ပေါ်တွင် အဓိက တည်မှီနေသည်။ သို့ဖြစ်ရာ စည်းရုံးမှု ရှင်သန်ထက်မြက်ရေးအတွက် စာပေနှင့် စာနယ်ဇင်းအဖွဲ့ အဆင့်ဆင့်၏ ဆက်သွယ်မှု၊ လှုပ်ရှားမှုတွင် အဓိကအားဖြင့် အစီရင်ခံခြင်း၊ မြန်ကြားခြင်း ဟူသည့် ဆက်သွယ်မှုလုပ်ငန်းများကို အလေးထား ဆောင်ရွက်ခဲ့ကြသည်။

မြို့နယ်များမှ မဂ္ဂဇင်း၊ စာစောင်များ၊ ထုတ်ဝေခြင်း လုပ်ငန်းကို မြို့နယ်အဖွဲ့အချို့က စိတ်ဝင်စားစွာဖြင့် တာဝန်ယူ ရေးသားပြုစု ထုတ်ဝေခဲ့ကြသည်။

မြို့နယ်အဖွဲ့များ၏ စည်းရုံးလှုပ်ရှားမှုလုပ်ငန်း ဆောင်ရွက်ရာ၌ အချို့မှာ အားနည်းလျက်ရှိကြသော်လည်း အများစုမှာ အဖွဲ့ဝင်အင်အား နည်းသည်/များသည် မဟုတ်ဘဲ မိမိတို့မြို့နယ်အခြေအနေအရ ပုံစံအမျိုးမျိုးဖြင့် စည်းရုံးလှုပ်ရှားခဲ့ကြသည်။

နိုင်ငံခြားစာပေအဖွဲ့အစည်းများနှင့် ဆက်သွယ်မှုလုပ်ငန်း၌ ပထမအကြိမ်ညီလာခံသက်တမ်းအတွင်း နိုင်ငံတော်အစိုးရမှ စေလွှတ်သော စာရေးဆရာ ကိုယ်စားလှယ်အဖွဲ့၊ သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့နှင့် ဘာသာပြန် စာရေးဆရာ ကိုယ်စားလှယ်အဖွဲ့ စသည်များတွင် ပါဝင်ခွင့်ရရှိ၍ ဆိုဗီယက်၊ တရုတ်နှင့် နီပေါနိုင်ငံများသို့ အဖွဲ့ဝင်အဖြစ် သွားရောက်ခွင့် ရရှိခဲ့သည်။ အပြန်အလှန် သဘောအားဖြင့် ရုရှား၊ နီပေါနှင့်

www.burmeseclassic.com

www.burmeseclassic.com



တရုတ်နိုင်ငံတို့မှ စာရေးဆရာ၊ သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့များ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ခဲ့ရာတွင် စာပေရေးရာများကို ဆွေးနွေးရင်း ဧည့်ခံတွေ့ဆုံခဲ့သည်။ ယင်းသို့တွေ့ဆုံခိုက် မြန်မာစာပေသမိုင်း၊ မြန်မာ ကဗျာစာတမ်း၊ မြန်မာဝတ္ထုတိုစာတမ်း၊ မြန်မာဝတ္ထုရှည်စာတမ်း စသည်များကို ခရီးစဉ်တစ်လျှောက် ဖတ်ကြားရှင်းလင်း ဆွေးနွေးပွဲများ ကျင်းပခဲ့သည်။

## ပထမအကြိမ် ညီလာခံ ပထမနေ့

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ပထမအကြိမ် ညီလာခံကို ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ သူနာပြု တက္ကသိုလ် အစည်းအဝေး ခန်းမဆောင်တွင် ၁၉၉၃ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နှင့် ၃၀ ရက်များတွင် ကျင်းပခဲ့သည်။

ညီလာခံ အဖွင့်နေ့တွင် နိုင်ငံတော်အကြီးအကဲ အတွင်းရေးမှူး(၁)က အဖွင့်အမှာစကား ပြောကြားခဲ့၍ ဒုတိယနေ့တွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေကိုယ်တိုင် အဖွဲ့ဝင်များနှင့် အတူ ကြွရောက်လာပြီး သက်ကြီးစာပေပညာရှင်များနှင့် ညီလာခံ ကိုယ်စားလှယ်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သည် ပြည်သူများ၏ အတွေးအခေါ် ပြောင်းလဲရေး၊ စည်းလုံး ညီညွတ်ရေး၊ နိုင်ငံတော် ဖွံ့ဖြိုး တိုးတက်ရေးနှင့် နိုင်ငံတော် တည်ဆောက်ရေး



လုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်ရေး စသည်တို့အတွက် ထိရောက် ထက်မြက်စွာ စည်းရုံးလှုံ့ဆော်ပေးနိုင်စွမ်းရှိစေရန် စာပေနှင့်စာနယ်ဇင်းအဖွဲ့ကို ဖွဲ့စည်း၍ ရည်ရွယ်ချက် ငါးရပ်၊ လုပ်ငန်းစဉ် ၁၀ ရပ်တို့ဖြင့် ၁၉၈၉ ခုနှစ် အောက်တိုဘာလမှစ၍ လုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး အဖွဲ့၏ လုပ်ငန်းများ ပိုမို ထက်မြက် ရှင်သန်ရေးအတွက် အောက်ဖော်ပြပါ ဦးတည်ချက် ငါးရပ်ဖြင့် ဆောင်ရွက်ခဲ့သည်။

(၁) မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းလောက ဖွံ့ဖြိုး တိုးတက်ရေး။

(၂) စာပေနှင့်စာနယ်ဇင်း လောကသားများ ဘဝ ဖူလုံရေး။

(၃) နိုင်ငံတော် တည်ငြိမ်အေးချမ်း၍ ဖွံ့ဖြိုးသာယာခြင်းနှင့်အတူ အဖွဲ့အစည်းများ စနစ်တကျ ဖွဲ့စည်း၍ ကျစ်လျစ်ခိုင်မာရေး။

(၄) စာပေဖြင့် တိုင်းရင်းသားပြည်သူအားလုံး၏ အကျိုးကို သယ်ပိုးဆောင်ရွက်ရေး။

(၅) နိုင်ငံတော် တည်ဆောက်ရေးတွင် စာပေနှင့် စာနယ်ဇင်း အဖွဲ့ဝင်များ ကျရာနေရာမှ ပါဝင် ဆောင်ရွက်ရေး။

အထက်ပါ ဦးတည်ချက် ငါးရပ်ဖြင့် ပထမအကြိမ် ညီလာခံကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။

စာပေနှင့် စာနယ်ဇင်းအဖွဲ့ စတင်ဖွဲ့စည်းချိန်မှစ၍ ပထမ

www.burmeseclassic.com

www.burmeseclassic.com



အကြိမ် ညီလာခံ ကျင်းပချိန်အထိ မြို့နယ် စာပေနှင့် စာနယ်ဇင်း အဖွဲ့ ၁၁၆ ဖွဲ့၊ စည်းရုံးရေးကော်မတီ ၁၁ ခု၊ စုစုပေါင်း ၁၂၇ မြို့နယ်နှင့် အဖွဲ့ဝင်ပေါင်း ၂၃၆၆ ဦး ရှိခဲ့သည်။

စာပေနှင့်စာနယ်ဇင်းအဖွဲ့ကို စတင်ဖွဲ့စည်းချိန်မှ ယနေ့ အထိ စည်းရုံးရေး၊ ရန်ပုံငွေရှာဖွေရေး၊ စာပေ ထုတ်ဝေရေးနှင့် သက်သာချောင်ချိရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင် ရွက်ခဲ့ရာ လေးနှစ်သက်တမ်း ကျော်လွန်သည့်အချိန်တွင် စာပေ နှင့် စာနယ်ဇင်းအဖွဲ့ ဖွဲ့စည်းပုံစည်းမျဉ်း အခန်း (၇)၊ ဖွဲ့စည်း တည်ဆောက်ပုံ အပိုဒ် (၃၇) အရ ပထမအကြိမ် ညီလာခံ ခေါ်ယူကျင်းပခြင်းဖြစ်သည်။

## ပြင်ဆင်ဆောင်ရွက်ချက်များ

ယင်းသို့ စီစဉ်ပြီးနောက် ပထမအကြိမ် ညီလာခံ ကျင်းပ ရေး ကော်မတီကို ဗဟိုအမှုဆောင်ကော်မတီ အစည်းအဝေး (၄၁) မှ ဖွဲ့စည်းပေးခဲ့ပြီး ယင်းနှင့်အတူ လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းပေးခဲ့သည်။

ကျင်းပရေးကော်မတီသည် ညီလာခံ ကျင်းပရေး ပြင်ဆင်မှု လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး မြို့နယ်စာပေနှင့် စာနယ်ဇင်း အဖွဲ့များသို့ မျက်နှာစုံညီ အစည်းအဝေးများ မြို့နယ်အလိုက် ကျင်းပကြရန် ညွှန်ကြားခဲ့သည်။ ယင်းညွှန်ကြားချက် အပြင် စည်းမျဉ်းပြင်ဆင်ရန် အကြံပြုချက်များကို မြို့နယ်များသို့ ပေးပို့သည်။

ညီလာခံ ကျင်းပရေးကော်မတီက မြို့နယ်များမှ ရွေးချယ်



ထားသော ညီလာခံ ကိုယ်စားလှယ်များ တက်ရောက်ရေးနှင့် ပတ်သက်၍ ညွှန်ကြားချက် တစ်စောင်နှင့် ညီလာခံတွင် ဆွေးနွေးရန် အချက်များ ရှိပါက ယူဆောင်လာရန်လည်း ညွှန်ကြားခဲ့သည်။

ညီလာခံမတိုင်မီ မြို့နယ်အင်အားစာရင်းများ ပြုစုခြင်း၊ နှစ်စဉ်ကြေး ကြွေးကျန်များ စိစစ်ခြင်း၊ ညီလာခံ ကိုယ်စားလှယ် စာရင်းများ ပြုစုခြင်းနှင့် လေ့လာသူစာရင်းများ ပြုစုခြင်း၊ အထူးဧည့်သည်တော်များနှင့် ဧည့်သည်များစာရင်း ပြုစုခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

## ညီလာခံ ဖွင့်လှစ်ခြင်း

ညီလာခံဖွင့်ပွဲကို ၂၉-၁၂-၉၃ နေ့ နံနက် ၈ နာရီမှ စတင် ကျင်းပခဲ့ရာ သဘာပတိအဖွဲ့ဝင်များအဖြစ် မြို့နယ် ၁၈ မြို့နယ် မှ ဥက္ကဌ ၁၈ ဦးက ဆောင်ရွက်ခဲ့သည်။ အဆိုပါ အခမ်းအနား တွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်း ရေးမှူး (၁)တက်ရောက် မိန့်ခွန်း မြွက်ကြား ချီးမြှင့်ခဲ့သည်။

## ညီလာခံ ပထမနေ့

ဖွင့်ပွဲအခမ်းအနားအပြီး နံနက် ၉:၃၀ နာရီမှ စတင်၍ ပထမအကြိမ် ညီလာခံကို ကျင်းပခဲ့ရာ မြို့နယ်ပေါင်း ၁၄၄ မှ ညီလာခံကိုယ်စားလှယ်ပေါင်း ၁၄၄ ဦး တက်ရောက်ခဲ့သည်။ အဆိုပါ ကိုယ်စားလှယ်များ၊ ဗဟိုအမှုဆောင်ကော်မတီဝင်များ

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ညီလာခံကို ညီလာခံကျင်းပရေး အစီအစဉ်အတိုင်း ကျင်းပခဲ့သည်။

ညီလာခံသို့ တက်ရောက်ကြသည့် ညီလာခံ ကိုယ်စားလှယ် ၁၄၄ ဦးအား ဗဟိုဦးစီးအဖွဲ့ဝင်များအဖြစ် သတ်မှတ်ပြီး အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့သည်။

ဗဟိုအမှုဆောင်ကော်မတီ အစီရင်ခံစာကို ဗဟိုအမှုဆောင် ကော်မတီဝင် ဦးသန်းမောင်ကလည်းကောင်း၊ စာရင်းစစ် အဖွဲ့ အစီရင်ခံစာကို စာရင်းစစ်အဖွဲ့ ခေါင်းဆောင် ဦးမောင်ဝင်းကလည်းကောင်း၊ စာပေရန်ပုံငွေ ကြီးကြပ်ရေးအဖွဲ့ အခြေအနေ အစီရင်ခံစာကို ဗဟိုအမှုဆောင် ကော်မတီဝင် ဦးတင်လှိုင် (လယ်တွင်းသား စောချစ်) ကလည်းကောင်း၊ ကွယ်လွန်သူ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးတင်ထွေး အပါအဝင် ကွယ်လွန်သူများအတွက် ဝမ်းနည်းကြောင်း အဆိုကို ဦးကြည်ညွန့် (ချစ်ကြည်ရေး ကြည်ညွန့်) ကလည်းကောင်း အသီးသီး ဖတ်ကြားတင်ပြခဲ့သည်။

ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း ပြင်ဆင်ချက်ကို ဗဟို အမှုဆောင် ကော်မတီဝင် ဒေါက်တာမောင်မောင်ညို့က တင်သွင်းပါသည်။

ညီလာခံ တင်သွင်းသည့် အစီရင်ခံစာများကို မြို့နယ် ညီလာခံ ကိုယ်စားလှယ် ၁၂ ဦးမှ အဆိုတင်ခြင်း၊ ထောက်ခံခြင်းများ ပြုလုပ်ခဲ့သည်။



## ပထမအကြိမ် ညီလာခံ ဒုတိယနေ့

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ၁၉၉၃ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့ နံနက် ၁၀ နာရီ (ညီလာခံ ဒုတိယနေ့) တွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်သို့ လာရောက်ပြီး မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ပထမအကြိမ် ညီလာခံသို့ အထူးဖိတ်ကြားချက်အရ တက်ရောက်လာကြသည့် သက်ကြီး ဝါကြီး စာပေပညာရှင်ကြီးများအား ရင်းရင်းနှီးနှီး တွေ့ဆုံ နှုတ်ဆက်သည်။

## ဂါရဝပြုလက်ဆောင်

ယင်းနောက် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက သက်ကြီးဝါကြီး စာပေပညာရှင်ကြီး ၂၈ ဦးအား တစ်ဦးလျှင် ငွေကျပ် တစ်သောင်းစီဖြင့် ဂါရဝပြု လက်ဆောင်များပေးအပ်သည်။

ညီလာခံ ဒုတိယနေ့တွင် ဗဟိုအမှုဆောင် ကော်မတီဟောင်းများ နုတ်ထွက်ပြီး ဗဟိုအမှုဆောင်ကော်မတီဝင်သစ်များ ရွေးချယ်ရန် ဆောင်ရွက်သည်။ ယင်းသို့ ဆောင်ရွက်ရာတွင် ဒေါက်တာ တင်အောင်အေး အဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်သည့် ရွေးချယ် တင်မြှောက်ပွဲ ကြီးကြပ်ရေး ကော်မတီက ကြီးကြပ်၍ ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရာ ဗဟိုအမှုဆောင်ကော်မတီဝင်များကို ရွေးချယ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြည်ထောင်စု မြန်မာနိုင်ငံတော် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ပထမအကြိမ် ညီလာခံက ရွေးကောက် တင်မြှောက်လိုက်သော ဗဟိုအမှုဆောင် ကော်မတီဝင် ၂၅ ဦးမှာ အောက်ပါအတိုင်း ဖြစ်သည်။

| | |
|---|---|
| ၁။ ဥက္ကဋ္ဌ | ဦးမျိုးသန့် (မောင်ဆုရှင်) |
| ၂။ ဒုတိယဥက္ကဋ္ဌ | ဦးလှမြိုင် (ကိုဆောင်း) |
| ၃။ ဒုတိယဥက္ကဋ္ဌ | ဦးညီညီ (လင်းယုန်နီ) |
| ၄။ အတွင်းရေးမှူး | ဦးဝင်းဖေ (မုံရွာဝင်းဖေ) |
| ၅။ တွဲဖက်အတွင်းရေးမှူး(၁) | ဦးမောင်မောင်ဦး (ဟိန်းလတ်) |
| ၆။ တွဲဖက်အတွင်းရေးမှူး(၂) | ဒေါ်မြမြသန်း (မနှင်းဖွေး) |
| ၇။ တွဲဖက်အတွင်းရေးမှူး(၃) | ဒေါက်တာတင်ထွန်းဦး (ဒေါက်တာတင်ထွန်းဦး) |
| ၈။ ဘဏ္ဍာရေးမှူး | ဦးစောမြင့် (မောင်စောမြင့်) |
| ၉။ စာရင်းစစ်အဖွဲ့ခေါင်းဆောင် | ဦးမောင်ဝင်း |
| ၁၀။ ဗဟိုအမှုဆောင် | ဦးသန်းမောင် |
| ၁၁။ ဗဟိုအမှုဆောင် | ဦးလှထွန်း (လှထွန်း-တွံတေး) |
| ၁၂။ ဗဟိုအမှုဆောင် | ဒေါ်ရင်ရင် (စောမုံညင်း) |
| ၁၃။ ဗဟိုအမှုဆောင် | ဦးခင်မောင်ရင် (ခင်မောင်ထွန်း-လမ်းမတော်) |
| ၁၄။ ဗဟိုအမှုဆောင် | ဦးရဲတင့် (ရဲတင့်) |



| | |
|---|---|
| ၁၅။ ဗဟိုအမှုဆောင် | ဦးကျော်မင်း (မင်းကျော်မင်း) |
| ၁၆။ ဗဟိုအမှုဆောင် | ဦးကြည်ညွန့် (ချစ်ကြည်ရေး ကြည်ညွန့်) |
| ၁၇။ ဗဟိုအမှုဆောင် | ဦးတင်လှိုင် (လယ်တွင်းသားစောချစ်) |
| ၁၈။ ဗဟိုအမှုဆောင် | ဒေါက်တာခင်မောင်ညွန့် (ဒေါက်တာခင်မောင်ညွန့်) |
| ၁၉။ ဗဟိုအမှုဆောင် | ဒေါက်တာမောင်မောင်ညို (ဒေါက်တာတင်မောင်ညို) |
| ၂၀။ ဗဟိုအမှုဆောင် | ဒေါက်တာတင်ရွှေ (ဆရာ၁နံတင်ရွှေ) |
| ၂၁။ ဗဟိုအမှုဆောင် | ဦးကြည်လွင် (ကာတွန်းငွေကြည်) |
| ၂၂။ ဗဟိုအမှုဆောင် | ဦးလှိုင်ကြွယ် (ကာတွန်းမောင်ဝဏ္ဏ) |
| ၂၃။ ဗဟိုအမှုဆောင် | ဒုတိယဗိုလ်မှူးကြီးတင်ခ (တက္ကသိုလ် တင်ခ) |
| ၂၄။ ဗဟိုအမှုဆောင် | ဦးအုံးဖေ (ပခုက္ကူဦးအုံးဖေ) |
| ၂၅။ ဗဟိုအမှုဆောင် | ဒေါ်ခင်ခင်စိန် (ယုဝတီခင်စိန်လှိုင်) |

ဥက္ကဋ္ဌဟောင်းဖြစ်သူ ဦးစိုးညွန့် (ထီလာစစ်သူ) သည် ယဉ်ကျေးမှုဝန်ကြီးဌာနတွင် ဒုတိယဝန်ကြီးအဖြစ် တာဝန်ယူနေရပါသဖြင့် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်အဖြစ် ဆက်လက် ရွေးချယ်ခြင်း မပြုတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယဗိုလ်မှူးကြီးတင်ခ (တက္ကသိုလ် တင်ခ)၊ ဦးအုံးဖေ (ပခုက္ကူ ဦးအုံးဖေ) နှင့် ဒေါ်ခင်ခင်စိန် (ယုဝတီ ခင်စိန်လှိုင်) တို့ သုံးဦးမှာ ပြည်ထောင်စု မြန်မာနိုင်ငံတော် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ပထမအကြိမ် ညီလာခံက ရွေးချယ် တင်မြှောက်လိုက်သည့် ဗဟိုအမှုဆောင်သစ်များဖြစ်ကြသည်။

၁၉၉၆ ခုနှစ် ဇွန်လတွင် ပထမအကြိမ် ညီလာခံ၏ ဗဟိုဦးစီး အစည်းအဝေးကို ကျင်းပခဲ့ပါသည်။

## ဖွဲ့စည်းမှု

ပထမအကြိမ် ညီလာခံမှ ရွေးချယ် တင်မြှောက်ခဲ့သည့် ဗဟိုအမှုဆောင် ကော်မတီဝင် ၂၅ ဦး ဖြစ်ပါသည်။ ယင်း ၂၅ ဦးအနက် ဒုတိယ ဥက္ကဋ္ဌ ဦးညီညီ (လင်းယုန်နီ) သည် ၁၃-၆-၉၄ နေ့တွင် ကွယ်လွန်ခဲ့ပါသည်။ တွဲဖက်အတွင်းရေးမှူး (၁) ဦးမောင်မောင်ဦး (ဟိန်းလတ်) သည် ယင်း၏ လူမှုရေး အခြေအနေအရ နုတ်ထွက်ခဲ့ပါသည်။ သို့ပါ၍ ဗဟိုဦးစီး အစည်းအဝေး ကျင်းပချိန်တွင် ဗဟိုအမှုဆောင် ကော်မတီဝင် ၂၃ ဦး ရှိခဲ့ပါသည်။

ဗဟိုအမှုဆောင်ကော်မတီသည် အဖွဲ့၏ လုပ်ငန်းများ ရှင်သန်ထက်မြက် ချောမောအောင်မြင်နိုင်ရေးအတွက် အောက်ဖော်ပြပါ လုပ်ငန်းအဖွဲ့များကို ဗဟိုအမှုဆောင်နှင့် ကျွမ်းကျင်သူများဖြင့် ဖွဲ့စည်း၍ တာဝန်ပေးအပ်ခဲ့ပါသည်။



( ၁ ) စည်းရုံးရေးလုပ်ငန်းအဖွဲ့
( ၂ ) ဘဏ္ဍာရေးလုပ်ငန်းအဖွဲ့
( ၃ ) စာပေထုတ်ဝေရေးလုပ်ငန်းအဖွဲ့
( ၄ ) ရန်ပုံငွေရှာဖွေရေးလုပ်ငန်း
( ၅ ) သက်သာချောင်ချိရေးလုပ်ငန်းအဖွဲ့
( ၆ ) ပုံနှိပ်တိုက် ကြီးကြပ်ရေးအဖွဲ့
( ၇ ) နိုင်ငံခြားဆက်သွယ်ရေးလုပ်ငန်းအဖွဲ့
( ၈ ) စာရင်းစစ်အဖွဲ့
( ၉ ) စာပေရန်ပုံငွေကြီးကြပ်ရေးအဖွဲ့

စာပေရန်ပုံငွေ ကြီးကြပ်ရေးအဖွဲ့တွင် သီးခြားစည်းမျဉ်းဖြင့် မှတ်ပုံတင်ပြီး ဗဟိုအမှုဆောင်ကော်မတီဝင် ခုနစ်ဦးနှင့် ပြင်ပမှ ဒေါက်တာ တင်အောင်အေး၊ ဒေါက်တာ သန်းညွှန့်၊ ဦးထွန်းမြင့် (ရွှေဟင်္သာ)၊ ဦးလှကြိုင် (ပါရဂူ)၊ ဦးစောမြင့် (မှူးသမိန်)၊ ဦးသော်ကောင်း၊ ဦးကြည်ညွန့် (စစ်ကိုင်း ကြည်ညွန့်)၊ ဒုတိယဗိုလ်မှူးကြီး ချစ်နိုင် (ချစ်နိုင်-စိတ်ပညာ) နှင့် ဒေါက်တာမျိုးသန့်တင်တို့အား ဖြည့်စွက်ဖွဲ့စည်းခဲ့သည်။

## စည်းရုံးရေးလုပ်ငန်း

ပထမအကြိမ် ညီလာခံ၏ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး ကျင်းပချိန်၌ စည်းရုံးရေး အခြေအနေနှင့် စည်းရုံး ဆောင်ရွက်မှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



(က) အစီရင်ခံသည့် ကာလအတွင်း စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် စုစုပေါင်း ၃၆၃၃ ဦး၊ မြို့နယ်စာပေနှင့်စာနယ်ဇင်း အဖွဲ့ပေါင်း ၁၃၆ နှင့် စည်းရုံးရေးကော်မတီ ခြောက်ခု ဖွဲ့စည်းထားပြီးဖြစ်ပါသည်။ ပထမအကြိမ် ညီလာခံပြီးသည့်နောက်ပိုင်း ၁-၁-၉၄ မှ ၃၁-၁၂-၉၅ အတွင်း အဖွဲ့ဝင်အင်အား ၁၃၅၁ ဦး တိုးပွားလာပါသည်။

(ခ) ၁၃၅၆ ခုနှစ် ရန်ကုန်တိုင်း စာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်ကြီးများအား ၄-၁၂-၉၄ နေ့က ရန်ကုန်မြို့ မြို့တော်ခန်းမတွင် သက်ကြီးစာပေပညာရှင် ၃၆ ဦးအား လှူဖွယ်ပစ္စည်းများနှင့် ငွေသား ၁၅၀၀ ကျပ်စီဖြင့် ပူဇော်ကန်တော့ပွဲကို ကျင်းပခဲ့ပါသည်။ အဆိုပါ လုပ်ငန်းများအတွက် လုပ်ငန်းကော်မတီ ခြောက်ခုဖြင့် ဖွဲ့စည်း ဆောင်ရွက်ခဲ့ပါသည်။ ရန်ပုံငွေ ရှာဖွေရေး လုပ်ငန်းကော်မတီမှ အလှူခံရရှိငွေ စုစုပေါင်း ၂၇၈၉၁၀ ကျပ်ဖြစ်ပြီး လက်ကျန်ငွေ ၈၇၅၁၂ ကျပ် ဖြစ်ပါသည်။ လက်ကျန်ငွေ ၈၇၅၁၂ ကျပ်ကို နောင်လာမည့်နှစ်များတွင် မတည်၍ ဆက်လက်အသုံးပြုရန် ၈-၁၂-၉၄ နေ့က ကျင်းပသည့် စခန်းသိမ်းအစည်းအဝေးမှ ဆုံးဖြတ်၍ ဗဟိုအမှုဆောင်ကော်မတီက လက်ခံခဲ့ပါသည်။



(ဂ) ဗဟိုအမှုဆောင်များသည် အဖွဲ့တွင်း စည်းလုံးညီညွတ်ရေးကို ဖော်ဆောင်သည့်အနေဖြင့် မြို့နယ်များသို့ ကွင်းဆင်းစည်းရုံးခဲ့ပါသည်။

(၁) မန္တလေးတိုင်း မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့များ တွေ့ဆုံပွဲနှင့် ပြင်ဦးလွင်မြို့နယ်အတွင်း ကျောင်းများနှင့် စစ်တက္ကသိုလ်၌ စာပေ ဟောပြောပွဲများကို ၁-၈-၉၄ နှင့် ၂-၈-၉၄ နေ့က အဖွဲ့ဥက္ကဋ္ဌ ခေါင်းဆောင်၍ ကျင်းပခဲ့ပါသည်။

(၂) ရှမ်းပြည်နယ် တောင်ပိုင်း တောင်ကြီးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များနှင့် ဗဟိုအမှုဆောင်များ တွေ့ဆုံပွဲကို ၂၈-၁၀-၉၄ နေ့တွင်လည်းကောင်း၊ တောင်ကြီးမြို့ နှစ် (၁၀၀) ပြည့် အခမ်းအနား စာပေဟောပြောပွဲကို ၂၉-၁၀-၉၄ ရက်နေ့တွင်လည်းကောင်း အဖွဲ့ဥက္ကဋ္ဌ ဦးဆောင်၍ ကျင်းပခဲ့ပါသည်။

(၃) ပဲခူးတိုင်း အရှေ့ခြမ်း မြို့နယ်အဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲနှင့် စာပေဟောပြောပွဲကို ၂၅-၁၂-၉၄ နှင့် ၂၆-၁၂-၉၄ နေ့နှင့် ပဲခူးတိုင်း အနောက်ပိုင်း မြို့နယ်အဖွဲ့များ ၂၈-၁၂-၉၄ နှင့် ၂၉-၁၂-၉၄ တွင် အဖွဲ့ဥက္ကဋ္ဌ ဦးဆောင်၍ ကျင်းပခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



(၄) တနင်္သာရီတိုင်း မြိတ်၊ ထားဝယ်၊ ပုလော မြို့နယ်များသို့ ဒုတိယဥက္ကဋ္ဌ ခေါင်းဆောင်၍ ၄-၇-၉၄ မှ ၁၂-၇-၉၄ နေ့ထိ မြို့နယ်စာပေနှင့် စာနယ်ဇင်း အဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲနှင့် စာပေဟောပြောပွဲများကို ကျင်းပခဲ့သည်။

(၅) ကရင်ပြည်နယ် ဘားအံမြို့သို့ ဥက္ကဋ္ဌ ခေါင်းဆောင်သည့် ဗဟိုအမှုဆောင်များနှင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ တွေ့ဆုံပွဲနှင့်အတူ စာပေဟောပြောပွဲကို ၄-၂-၉၅ နေ့တွင် ဖွဲ့ကပင်ခန်းမ၌ ကျင်းပခဲ့ပါသည်။

(၆) ပျဉ်းမနား၊ လှယ်ဝေး၊ တပ်ကုန်း၊ ဖျော်ဘွယ်၊ ရမည်းသင်းမြို့နယ်များ၌ စာပေနှင့် စာနယ်ဇင်း အဖွဲ့ဝင်များနှင့်တွေ့ဆုံပွဲကို ၄-၃-၉၅ နေ့တွင် လယ်ဝေးမြို့တွင် ကျင်းပခဲ့ပြီး ညပိုင်းတွင် လယ်ဝေးမြို့ မြို့နယ်ခန်းမတွင် စာပေ ဟောပြောခဲ့ပါသည်။

(ဃ) မြို့နယ်အဖွဲ့များအနေဖြင့် နှစ်ပတ်လည် မျက်နှာစုံညီ အစည်းအဝေး ကျင်းပနိုင်သော မြို့နယ်များကိုလည်းကောင်း၊ အကြောင်းကြောင်းကြောင့် မကျင်းပနိုင်သော မြို့နယ်များကိုလည်းကောင်း ဗဟိုအဖွဲ့က မှတ်တမ်းတင်ထားရှိပါသည်။

(င) သတင်းစာအဖွဲ့ဝင်များ တိုးချဲ့စည်းရုံးရန်အတွက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ သတင်းထောက်၊



စာတည်း စသည်တို့ အဖွဲ့ဝင်ရေးနှင့် တက်ကြွစွာ ပါဝင်ရေးအတွက် စာရင်းကောက်ယူ၍ ဆက်လက် ဆောင်ရွက်ခဲ့ပါသည်။

(စ) ၁၃၅၇ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်ကြီးများအား ကန်တော့ပွဲကို ၂၃-၁၂-၉၅ နေ့က ရန်ကုန်မြို့ မြို့တော်ခန်းမတွင် ကျင်းပခဲ့ပြီး သက်ကြီး စာပေပညာရှင်ကြီး ၄၃ ဦးအား လျှုဖွယ်ပစ္စည်းများနှင့် ငွေသား ၁၅၀၀၀ ကျပ်စီဖြင့် ပူဇော် ကန်တော့ခဲ့ပါသည်။ အဆိုပါ လုပ်ငန်းများအတွက် လုပ်ငန်းကော်မတီ ခြောက်ခုဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ ဘဏ္ဍာရေးကော်မတီမှ အလှူခံရရှိငွေ စုစုပေါင်းမှာ ၉၂၃၉၈၂ ကျပ်ဖြစ်ပြီး လက်ကျန်ငွေမှာ ၃၉၉၀၅ ကျပ် ဖြစ်ပါသည်။ ၁၃၅၆ ခုနှစ်နှင့် ၁၃၅၇ ခုနှစ် နှစ်နှစ်အတွက် လက်ကျန်ငွေ ၁၂၇၄၁၇ ကျပ်ကို နောင်လာမည့်နှစ်များတွင် မတည်၍ ဆက်လက် အသုံးပြုရန် စခန်းသိမ်း အစည်းအဝေးမှ ဆုံးဖြတ်၍ ဗဟိုအမှုဆောင်ကော်မတီက လက်ခံခဲ့ပါသည်။

ကန်တော့ပွဲအတွက် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ကျပ်နှစ်သိန်း၊ ကုန်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးက ငွေကျပ်တစ်သိန်းနှင့် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး

www.burmeseclassic.com

www.burmeseclassic.com



နှင့် ရန်ကုန် မြို့တော်ဝန်ဘိုမှ ငွေကျပ်တစ်သိန်းစီနှင့် ပြန်ကြားရေးဝန်ကြီးဌာနက ငွေကျပ်တစ်သိန်း လှူဒါန်းခဲ့ပါသည်။ ယင်းပူဇော် ကန်တော့ပွဲသို့ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည် ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁)နှင့် ဝန်ကြီး များ၊ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပါသည်။

(ဆ) စာဆိုတော်နေ့ အထိမ်းအမှတ် စာပေပြပွဲနှင့် စာအုပ်ဈေးပွဲတော်ကို ၁၉-၁၁-၉၅ မှ ၂၅-၁၁-၉၅ ထိ ရက်သတ္တတစ်ပတ်ကြာ ရန်ကုန်မြို့၊ မြို့မ ကွင်းကြီး၌ ပြန်ကြားရေးဝန်ကြီးဌာန အကူအညီဖြင့် ခင်းကျင်းပြသခဲ့ပါသည်။

(ဇ) ပခုက္ကူဦးအုံးဖေစာကြည့်တိုက်ဖွင့်ပွဲကို ၂၆-၂-၉၅ နေ့က ပခုက္ကူမြို့တွင် ကျင်းပခဲ့ရာ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများ တက်ရောက်ခဲ့ပြီး ညပိုင်းတွင် စာပေဟောပြောပွဲကို ပါ ကျင်းပခဲ့ပါသည်။

(ဈ) ၂၃-၁၁-၉၅ နေ့က ကျင်းပခဲ့သည့် ၁၃၅၇ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့ အခမ်းအနားတွင် စစ်ကိုင်းတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး ရေး အသင်းကြီးမှ ရထားပို့ဆောင်ရေးဝန်ကြီး ဌာန



ဝန်ကြီးမှ တစ်ဆင့် ၂၇-၁၁-၉၅ နေ့တွင် နာမကျန်း ထောက်ပံ့ရေး စာပေရန်ပုံငွေအဖွဲ့သို့ အလှူငွေ ကျပ်ဆယ်သိန်းတိတိကို လှူဒါန်းပါသည်။

### စာပေထုတ်ဝေရေးလုပ်ငန်း

အဖွဲ့၏ စာပေထုတ်ဝေရေးလုပ်ငန်းများ အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) အစီရင်ခံသည့် ကာလအတွင်း စာပေထုတ်ဝေရေး လုပ်ငန်းအဖြစ် "ဆရာဇော်ဂျီ၏ စာပေါင်းချုပ် စတုတ္ထတွဲ" နှင့် "ပီမိုးနင်း၏ စာပေါင်းချုပ် (ပထမ တွဲ) (ဒုတိယတွဲ)" များကို ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ (အဆိုပါ စာပေါင်းချုပ်များကို ညဏ်ပူဇော်ခ ပေး၍ ထုတ်ဝေခဲ့ခြင်းဖြစ်ပါသည်။ ဆရာကြီးများ၏ မိသားစုနှင့် ကျန်ရစ်သူများအား စာမူခများ၊ ညဏ်ပူဇော်ခများကို ထုတ်ပေးခဲ့ပါသည်။)

(၂) စာပေမဂ္ဂဇင်း အမှတ် (၂) မှစ၍ အချိန်မှန် ထုတ်ဝေရန်အတွက် စာမူများ စုဆောင်းထားပါ သည်။ သုတစွယ်စုံစာအုပ်တိုက် သတင်းလွှာ (၁၃) ထိ ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ ဆက်လက်၍ သတင်းလွှာများကို အချိန်မှန် ထုတ်ဝေသွားမည် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



( ဂ ) ပထမအကြိမ်ညီလာခံမှ ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့သည့် အဖွဲ့၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း အုပ်ရေ ၃၀၀၀ ကို ရိုက်နှိပ်၍ ဖြန့်ဖြူးခဲ့ပါသည်။

## သက်သာချောင်ချိရေးလုပ်ငန်း

အဖွဲ့၏ သက်သာချောင်ချိရေးအတွက် အောက်ဖော်ပြပါ လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

( က ) ပထမအကြိမ် ညီလာခံတွင် လက်ဆွဲအိတ်များ ရောင်းချခြင်း၊ နယူးစပရင့် အဖိုးအရွယ် စက္ကူ တစ်ထုပ်လျှင် ၇၀ ကျပ်နှုန်းနှင့် ဗလာစာအုပ် တစ်ဒါဇင် ၅၅ ကျပ်နှုန်းဖြင့် ရောင်းချပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

( ခ ) ရန်ကုန်တိုင်း မြို့နယ်စာပေနှင့် စာနယ်ဇင်း အဖွဲ့ဝင်များအတွက် ပထမအသုတ်အဖြစ် မြေကွက် လျှောက်လွှာများကို စိစစ်၍ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သို့ တင်ပြခဲ့ပြီး အဖွဲ့ဝင် ၁၂၁၂ ဦးအတွက် မြေကွက်အမှတ် (၅၉) ဒဂုံတောင်ပိုင်းတွင် ရရှိ၍ စနစ်တကျ ဝေငှနိုင်ရန် အတွက် အိုးအိမ်ဦးစီးဌာနသို့ ၂၇-၁၁-၉၅ နေ့က ပေးပို့နိုင်ခဲ့ပါသည်။



## နိုင်ငံခြားဆက်သွယ်ရေးလုပ်ငန်း

( က ) ၂၂-၆-၉၄ မှ ၅-၇-၉၄ ထိ တရုတ်ပြည်သူ့သမ္မတ နိုင်ငံမှ မစ္စတာ ဇောင်ကွန်ဟွာ ခေါင်းဆောင်၍ အဖွဲ့ဝင်ခြောက်ဦး ပါဝင်သော အဖွဲ့သည် နိုင်ငံတော်၏ ဧည့်သည်အဖြစ် လာရောက်လည်ပတ်ခဲ့ရာ တွေ့ဆုံခွင့်ရခဲ့သည်။

( ခ ) တရုတ်ပြည်သူ့ သမ္မတ နိုင်ငံသို့ ၂၂-၃-၉၅ မှ ၅-၄-၉၅ ထိ ဦးစောမြင့် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည်ပြန်ကြားရေးဝန်ကြီးဌာန၏ အကူအညီဖြင့် သွားရောက်ခဲ့ပါသည်။

( ဂ ) ၁၉၉၅ ခု နိုဝင်ဘာလ ၃၀ ရက်မှ ဒီဇင်ဘာလ ၃ ရက်အထိ ပါကစ္စတန်နိုင်ငံ အစ္စလာမ်ဘတ်မြို့တွင် ကျင်းပသော ကမ္ဘာ့စာရေးဆရာနှင့် အသိပညာရှင်များ ကွန်ဖရင့်သို့ ဗဟိုအမှုဆောင် ဦးလှထွန်း (လှထွန်း-တွံတေး)၊ ဦးလှမြိုင် (ကိုဆောင်း)၊ ဒေါ်ရင်ရင် (စောမုံညင်း) တို့နှင့် အခြားအဖွဲ့ဝင် နှစ်ဦးနှင့်အတူ တက်ရောက်ခဲ့ပါသည်။

( ဃ ) ဥက္ကဋ္ဌသည် မူပိုင်ခွင့်နှင့်ပတ်သက်၍ဟောင်ကောင် ကျွန်းတွင် အာရှနိုင်ငံများ ကျင်းပသော အစည်းအဝေးသို့ ၄-၆-၉၅ မှ ၈-၆-၉၅ အထိ တက်

www.burmeseclassic.com

www.burmeseclassic.com



ရောက်၍ ပါဝင်ဆွေးနွေးခဲ့ပါသည်။

(က) နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ဆက်သွယ်၍ အတတ်ပညာပိုင်းဆိုင်ရာ ဗဟုသုတ အတွေ့အကြုံ ဖလှယ်နိုင်ရန်အတွက် အခွင့်အခါကိုလိုက်၍ ဆောင်ရွက်သွားရန်ရှိပါသည်။

## ဆောင်ရွက်ချက်များအပေါ် သုံးသပ်တင်ပြချက်

၁။ စာပေနှင့် စာနယ်ဇင်း အဖွဲ့သည် ပထမအကြိမ် ညီလာခံ သက်တမ်းအတွင်း၌ ညီနောင်လူမှုရေးအဖွဲ့ အစည်းများနှင့် ဆက်စပ် ဆောင်ရွက်နိုင်မှုကို နည်းလမ်းရှာကြံ လုပ်ကိုင်ခဲ့ရာ အရှိန်ရစပြုပြီး ဖြစ်ပါသည်။

၂။ စာပေစာနယ်ဇင်းလုပ်ငန်းများမှာ ခေတ်မီနည်းပညာနှင့် အရင်းအနှီးများ၊ ဆက်စပ်ဆောင်ရွက်မှု စနစ်များဖြင့် လုပ်ကိုင်ရသော ခေတ်မီစက်မှုလုပ်ငန်းသဘောတို့ ပါဝင်လာသည်မှန်သော်လည်း အရင်းမူလဖြစ်သော စာပေရေးသားခြင်း၊ ဖွဲ့ဆိုခြင်း၊ သုတေသနပြုခြင်း၊ မှတ်တမ်းတင်ခြင်း၊ လေ့လာခြင်း ဟူသော လုပ်ငန်းများမှာ တစ်ဦးချင်း ပုဂ္ဂလိကသဘောမှာ အဓိကဖြစ်သဖြင့် စာပေ စာနယ်ဇင်း အရေးအသား အရည်အသွေး တိုးတက်ရေး၌ တစ်ဦးချင်း ကျွမ်းကျင်မှု အပေါ်တွင်လည်း များစွာ တည်မှီလျက်ရှိ



သည်။ ထို့ကြောင့် အဖွဲ့ဝင်များ တစ်ဦးချင်း လေ့လာ ကျွမ်းကျင်မှုကို အားထုတ်ကြရန် နိုးဆော်သင့်သော လိုအပ်ချက်ကိုလည်း တွေ့ရပါသည်။

၃။ မြို့နယ်များအလိုက် အချိန်မှန်စည်းဝေးခြင်း၊ အစီရင်ခံခြင်း၊ စာပေ အခမ်းအနားများ ကျင်းပခြင်းတို့ကို ပြုလုပ်မှု၌ အားနည်းသော မြို့နယ်များ ရှိသဖြင့် ထိုအားနည်းချက်ကို ဒုတိယအကြိမ် ညီလာခံမတိုင်မီ ပြုပြင်၍ တက်ကြွစွာ ဆောင်ရွက်သွားကြရန် လိုအပ်ပါသည်။

၄။ ယခုအခါ တိုင်းနှင့် ပြည်နယ်အသီးသီးနှင့် နယ်စပ်ဒေသပါမကျန် နိုင်ငံအနှံ့အပြားတွင် တည်ဆောက်ရေး၊ အခြေခံဘဝ မြှင့်တင်ရေးလုပ်ငန်းများ ရှိနေသဖြင့် စာပေစာနယ်ဇင်းများက တာဝန်အရ ဖြစ်စေ၊ အဖွဲ့အစည်းအရဖြစ်စေ သွားရောက်လေ့လာရေးသား တင်ပြရန် လိုအပ်ချက်ကိုလည်း ယခုထက် ပိုမိုဖြည့်ဆည်းရန် ရှိနေပါသည်။

၅။ မြို့နယ်အလိုက် မဂ္ဂဇင်းများ ထုတ်ဝေရန် မြို့နယ်အင်အားကို အခြေခံ၍ ဆောင်ရွက်ကြမည့် မြို့နယ်များ၏ လုပ်ရပ်ကို မှတ်တမ်းတင်ရမည် ဖြစ်ပါသည်။ သို့မှသာ ကလောင်သစ်များအား လေ့ကျင့်ပျိုးထောင်နိုင်ခြင်းနှင့်အတူ မြို့နယ်၊ ခရိုင်၊ တိုင်းနှင့် ပြည်နယ်တို့၏ ဖွံ့ဖြိုးမှု အခြေအနေ အမျိုးမျိုးကို သိရှိ၍

www.burmeseclassic.com

www.burmeseclassic.com



မှတ်တမ်းပြုနိုင်ကြလိမ့်မည် ဖြစ်ပါသည်။

၆။ ပထမအကြိမ် ညီလာခံ သက်တမ်း ကာလအတွင်း တိုးတက်လာသောမြို့နယ် ၂၀ နှင့် တိုးပွားလာသော အဖွဲ့ဝင် ၁၃၅၁ ဦးတို့ကို ကြိုဆိုရမည်ဖြစ်ပါသည်။

၇။ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့အစည်းမှာ လုပ်ငန်းသဘာဝအရ အဖွဲ့အင်အား နည်းပါးပြီး နေ့စဉ်ထိတွေ့မှုလည်း မရှိနိုင်သဖြင့် ခရိုင်အတွင်း နီးစပ်ရာမြို့နယ်များ စုပေါင်း၍ စာဆိုတော်နေ့ ကျင်းပခြင်း၊ စာပေဟောပြောပွဲ ကျင်းပခြင်းနှင့် စုပေါင်းလေ့ကျင့်ခြင်း လုပ်ငန်းတို့ကို ဆောင်ရွက်သွားရန်ရှိပါသည်။ (လက်ရှိအားဖြင့် မန္တလေးတွင် မြို့နယ် ငါးမြို့နယ်စုပေါင်း၍ အမှုဆောင်များ အစည်းအဝေး ပြုလုပ်ညှိနှိုင်းခြင်းနှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် မြို့နယ်အဖွဲ့များအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး ကော်မတီကို ထားရှိပါသည်။)

## ဆက်လက်ဆောင်ရွက်ရန်လုပ်ငန်းများ

အဖွဲ့ဆက်လက်ရှင်သန် တိုးတက်ရေးနှင့် စည်းရုံးမှုအင်အား တောင့်တင်းရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) စာပေဟောပြောပွဲများ ရည်ရွယ်ချက် ပေါက်မြောက်ရေးနှင့် နိုင်ငံတော် မူဝါဒများနှင့် ညီညွတ်စေရေးအတွက် မြို့နယ်အဖွဲ့ဝင်များ ကူညီနိုင်ရန် ညွှန်ကြားချက်နှင့် မြို့နယ်နှင့်အထက် အာဏာပိုင်များသို့ မေတ္တာရပ်ခံချက်များ နှစ်စဉ်ထုတ်ပြန်ခဲ့ပါသည်။

(ခ) အဖွဲ့ဝင်တိုင်း မပျက်မကွက် ပေးဆောင်ရမည့် နှစ်စဉ်ကြေးများ နှစ်အလိုက်ကြွေးကျန် ရှိမရှိ ပြေလည် စေရေးအတွက် နှိုးဆော်ပါသည်။

(ဂ) အဖွဲ့ပိုင် ဗဟိုဌာနချုပ် အဆောက်အအုံ ရရှိရေးအတွက် မြေနေရာ စုံစမ်း၍ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားရန်ရှိပါသည်။

(ဃ) အဖွဲ့၏မော်ကွန်းမှတ်တမ်းများ၊ ဓာတ်ပုံများကို စနစ် တကျ သိမ်းဆည်းသွားရန် ဖြစ်ပါသည်။



## ဒုတိယအကြိမ် ညီလာခံ

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယအကြိမ်ညီလာခံကို ၁၉၉၈ ခု ဇွန်လ ၂၂ ရက်နှင့် ၂၃ ရက်နေ့များတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်း ပြည်ထောင်စုခန်းမ၌ ကျင်းပခဲ့ပါသည်။

ညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) တက်ရောက်၍ အမှာစကား ပြောကြားခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အတွင်းရေးမှူး (၁)က-

- ♦ အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံတော်သစ်ကြီး တည်ဆောက် ကာကွယ်ရေးမှာ စာပေ စွမ်းပကားနှင့် တစ်တပ်တစ်အား ပါဝင် စွမ်းဆောင်ပေးကြရန်၊
- ♦ တိုင်းရင်းသားပြည်သူများအနေနှင့် နိုင်ငံတော် တည်ဆောက်ရေးတွင် အားကိုးအားထားပြုရမည့် လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝသည့် နိုင်ငံသူ နိုင်ငံသားများ ဖြစ်လာစေရန် စာပေစွမ်းပကားနှင့် စွမ်းဆောင်ပေးကြရန်၊
- ♦ နိုင်ငံတော်၏ အမျိုးသားရေး မူဝါဒနှင့် အမျိုးသားရေး ဦးတည်ချက်များ အောင်မြင်အကောင်အထည်ပေါ် လာစေရန် စာပေပညာစွမ်းပကားနှင့် တစ်ဖက်တစ်လမ်းက စွမ်းဆောင်ပေးကြရန်၊
- ♦ အဆိုးမြင်ဝါဒီ အဖျက်အင်အားစု အသိုင်းအဝိုင်းနှင့် ပြည်ပသတင်းဌာနများ ပူးပေါင်း လုပ်ကြံ လှုံ့ဆော်မှုများကို ဆန့်ကျင် တိုက်ဖျက်ရင်း တိုင်းရင်းသားပြည်သူများ အသိအမြင် အတွေးအခေါ် ရင့်ကျက်တည်ငြိမ်လာစေရန် စာပေစွမ်းပကားနှင့် စွမ်းဆောင်ပေးကြရန် မေတ္တာရပ်ခံရင်း-

  * မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်း အဖွဲ့ကြီး တိုးတက်စည်ပင်လာစေရန် ညီညီညွတ်ညွတ်စုပေါင်း စွမ်းဆောင်နိုင်ကြပါစေ၊



  * ယခုညီလာခံကြီးမှတစ်ဆင့် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေး၊ စာပေနှင့် အမျိုးဂုဏ်သိက္ခာ မြင့်တင်ရေးတို့ကို ဖော်ဆောင်ပေးနိုင်မည့် အစီအမံများ ပေါ်ထွက်လာစေရန် စွမ်းဆောင်နိုင်ပါစေ။

ဟု လမ်းညွှန် နှိုးဆော်သွားခဲ့ပါသည်။

ညီလာခံမှ လျို့ဝှက်ဆန္ဒမဲပေး၍ ဗဟိုအမှုဆောင် ၂၅ ဦးကို ရွေးချယ်တင်မြှောက်ခဲ့ရာ ၂၂ ဦးမှာ ယခင်ဗဟိုအမှုဆောင်လူဟောင်းများဖြစ်၍ အသစ်ထပ်မံ ရွေးချယ်ခံရသော လူသစ်သုံးဦးမှာ ဦးခင်ဆွေ (ရွှေစွန်ညို)၊ ဒေါက်တာ မောင်မောင် (မောင်ဆင်ခြင်)၊ ဦးသန်းလှိုင် (တက္ကသိုလ်သခ်) တို့ ဖြစ်ကြပါသည်။ ထို့နောက် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗဟိုအမှုဆောင်ကော်မတီဝင်များ အစည်းအဝေး ကျင်းပ၍ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ ဖွဲ့စည်းပုံ အခြေခံ စည်းမျဉ်းပြင်ဆင်ချက်အရ တိုးချဲ့ ဖွဲ့စည်းသော ဗဟိုအမှုဆောင်ကော်မတီဝင် ငါးဦးဖြစ်သည့် ဦးကျော်အောင် (ကျော်အောင်)၊ ဦးမြင့်ကြွယ် (မောင်မြင့်ကြွယ်)၊ ဦးကျော်ဝင်း (မနုဿကျော်ဝင်း)၊ ဦးတင်စိုး (ဂုဏ်လင်းကျော်)၊ ဦးချစ်နိုင် (ချစ်နိုင်-စိတ်ပညာ) တို့ကို ရွေးချယ် တင်မြှောက်ခဲ့ကြပါသည်။

ထို့နောက် ဗဟိုအမှုဆောင် ၃၀ ၏ ဆုံးဖြတ်သော တာဝန်ခွဲဝေမှုများကို ရွေးချယ်တင်မြှောက်ပွဲ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်အောင်အေးက ညီလာခံသို့ အောက်ပါအတိုင်း ဖတ်ကြားကြေညာသည်။

www.burmeseclassic.com

www.burmeseclassic.com



၁။ ဦးကျော်အောင် (ကျော်အောင်) — ဥက္ကဋ္ဌ
၂။ ဦးလှမြိုင် (ကိုဆောင်း) — ဒုတိယ ဥက္ကဋ္ဌ (၁)
၃။ ဦးတင်ခ (တက္ကသိုလ်တင်ခ) — ဒုတိယ ဥက္ကဋ္ဌ (၂)
၄။ ဦးသန်းမောင် (သန်းမောင်) — ဒုတိယ ဥက္ကဋ္ဌ (၃)
၅။ ဦးလှထွန်း (လှထွန်း-တွံတေး) — အတွင်းရေးမှူး
၆။ ဦးချစ်နိုင် (ချစ်နိုင်-စိတ်ပညာ) — တွဲဖက်အတွင်းရေးမှူး (၁)
၇။ ဒေါ်မြမြသန်း (မနှင်းဖွေး) — တွဲဖက်အတွင်းရေးမှူး (၂)
၈။ ဒေါက်တာတင်ထွန်းဦး (ဒေါက်တာတင်ထွန်းဦး) — တွဲဖက်အတွင်းရေးမှူး (၃)
၉။ ဦးမြင့်ကြွယ် (မောင်မြင့်ကြွယ်) — တွဲဖက်အတွင်းရေးမှူး (၄)
၁၀။ ဦးစောမြင့် (မောင်စောမြင့်) — ဘဏ္ဍာရေးမှူး
၁၁။ ဦးမောင်ဝင်း (မောင်ဝင်း-စာပေ) — စာရင်းစစ်
၁၂။ ဦးကျော်မင်း (မင်းကျော်မင်း) — ဗဟိုအမှုဆောင်ကော်မတီဝင်



၁၃။ ဦးကြည်ညွန့် (ချစ်ကြည်ရေးကြည်ညွန့်) — ဗဟိုအမှုဆောင်ကော်မတီဝင်
၁၄။ ဦးကြည်လွင် (ကာတွန်းငွေကြည်) — ဗဟိုအမှုဆောင်ကော်မတီဝင်
၁၅။ ဒေါ်ခင်ခင်စိန် (ယုဝတီခင်စိန်လှိုင်) — ဗဟိုအမှုဆောင်ကော်မတီဝင်
၁၆။ ဦးခင်ဆွေ (ရွှေစွန်ညို) — ဗဟိုအမှုဆောင်ကော်မတီဝင်
၁၇။ ဒေါက်တာခင်မောင်ညွန့် (ဒေါက်တာခင်မောင်ညွန့်) — ဗဟိုအမှုဆောင်ကော်မတီဝင်
၁၈။ ဦးခင်မောင်ထွန်း (ခင်မောင်ထွန်း-လမ်းမတော်) — ဗဟိုအမှုဆောင်ကော်မတီဝင်
၁၉။ ဒေါက်တာတင်ရွှေ (ဆရာဝန်တင်ရွှေ) — ဗဟိုအမှုဆောင်ကော်မတီဝင်
၂၀။ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်) — ဗဟိုအမှုဆောင်ကော်မတီဝင်
၂၁။ ဒေါက်တာမောင်မောင် (မောင်ဆင်ခြင်) — ဗဟိုအမှုဆောင်ကော်မတီဝင်
၂၂။ ဦးမျိုးသန့် (မောင်ဆုရှင်) — ဗဟိုအမှုဆောင်ကော်မတီဝင်
၂၃။ ဦးရဲတင့် (ရဲတင့်) — ဗဟိုအမှုဆောင်ကော်မတီဝင်
၂၄။ ဒေါ်ရင်ရင် (စောမုံညင်း) — ဗဟိုအမှုဆောင်ကော်မတီဝင်
၂၅။ ဦးလှိုင်ကြွယ် (ကာတွန်း မောင်ဝဏ္ဏ) — ဗဟိုအမှုဆောင်ကော်မတီဝင်
၂၆။ ဦးဝင်းဖေ (မုံရွာဝင်းဖေ) — ဗဟိုအမှုဆောင်ကော်မတီဝင်

www.burmeseclassic.com

www.burmeseclassic.com



၂၇။ ဦးသန်းလှိုင် ဗဟိုအမှုဆောင်ကော်မတီဝင်
(တက္ကသိုလ်သခ်)
၂၈။ ဦးအုံးဖေ ဗဟိုအမှုဆောင်ကော်မတီဝင်
(ပခုက္ကူ ဦးအုံးဖေ)
၂၉။ ဦးကျော်ဝင်း ဗဟိုအမှုဆောင်ကော်မတီဝင်
(မနုဿကျော်ဝင်း)
၃၀။ ဦးတင်စိုး ဗဟိုအမှုဆောင်ကော်မတီဝင်
(ဂုဏ်လင်းကျော်)

ဒုတိယအကြိမ် ညီလာခံသို့ တင်သွင်းသော ဗဟို အမှုဆောင် ကော်မတီ၏ အစီရင်ခံစာတွင် စည်းရုံးရေး အခြေအနေနှင့် စည်းရုံးဆောင်ရွက်မှုများကို အောက်ပါအတိုင်း တင်ပြထားပါသည်။

(က) အစီရင်ခံသည့် ကာလအတွင်း စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင် စုစုပေါင်း ၄၈၁၂ ဦး၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ပေါင်း ၁၄၅ နှင့် စည်းရုံးရေးကော်မတီ ၉ ခု ဖွဲ့စည်းပြီး ဖြစ်ပါသည်။ ပထမအကြိမ် ညီလာခံပြီးသည့်နောက်ပိုင်း ၁-၁-၉၄ မှ ၃၁-၁၂-၉၇ အတွင်း အဖွဲ့ဝင်အင်အား ၂၅၃၀ ဦး တိုးပွားလာပါသည်။ စာပေစာနယ်ဇင်းအဖွဲ့ဝင် ကာတွန်းဆရာများ၏ အင်အားမှာ ၉၇ ဦး ဖြစ်သည်။ ကာတွန်းဆရာများ၏ အဖွဲ့ဝင်အင်အား တိုးတက်လျက် ရှိပါသည်။



(ခ) မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်း အဖွဲ့သည် စာဆိုတော်နေ့ဖြစ်သော နတ်တော်လဆန်း ၁ ရက်နေ့တွင် စာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲကို နှစ်စဉ်မပျက် စည်းကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့သည်။ စာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ စာပေဖြင့် နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးကို ဆောင်ရွက်ခဲ့သော စာပညာရှင်ကြီးများအား ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာအတိုင်း စာပေဂုဏ်၊ ပညာဂုဏ်တို့ကို ဂုဏ်ပြုပူဇော်ရန်၊ အသက်အရွယ်ကြီးရင့်၍ အိုမင်းမစွမ်းရှိနေသည့် စာပေပညာရှင်ကြီးများအား တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေရန်၊ နိုင်ငံတော်အတွင်း၌ စာပေပညာရှင်များနှင့် စာကောင်းပေမွန်တို့ကို မြတ်နိုး တန်ဖိုးထားသော စိတ်ဓာတ်ပြန့်ပွား၍ စာပေဖြင့် နိုင်ငံဖွံ့ဖြိုးအောင် တစ်ဖက်တစ်လမ်းမှ ပြုစုပျိုးထောင်ခြင်း အနှစ်သာရသဘောကို ပေါ်လွင်စေရန်၊ ခေတ်ပြိုင် စာရေးဆရာ၊ သတင်းစာဆရာများ၏ ချစ်ကြည်ရင်းနှီး ပေါင်းစည်းမှုကို အထောက်အကူဖြစ်စေရန်နှင့် ပြည်သူတို့ စာပေတန်ဖိုးနှင့် အကျိုးကျေးဇူးကို အစဉ်သတိရစေရန်တို့ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



စာဆိုတော်နေ့နှင့် သက်ကြီး စာပေ ပညာရှင်များ ကန်တော့ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဗဟို စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များနှင့် မြို့နယ်စာပေနှင့် စာနယ်ဇင်း အဖွဲ့ဝင်များ ပူးပေါင်းပါဝင်သည့် လုပ်ငန်း ကော်မတီ ခြောက်ခုကို နှစ်စဉ်ဖွဲ့စည်းကာ လုပ်ငန်းတာဝန်များ ခွဲဝေ၍ အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်ခဲ့ကြပါသည်။ ယင်း ကော်မတီ ခြောက်ခုမှာ -

(၁) ဖိတ်ကြားရေးနှင့် ကန်တော့ခံပစ္စည်း ထုပ်ပိုးရေး လုပ်ငန်းကော်မတီ
(၂) အခမ်းအနားပြင်ဆင်ရေးလုပ်ငန်းကော်မတီ
(၃) ကြိုဆိုနေရာချထားရေး လုပ်ငန်းကော်မတီ
(၄) ဘဏ္ဍာရေးလုပ်ငန်းကော်မတီ
(၅) ဧည့်ခံကျွေးမွေးရေးလုပ်ငန်းကော်မတီ
(၆) ကန်တော့ခံ စိစစ်ရေးနှင့် အတ္ထုပ္ပတ္တိစာစောင် ထုတ်ဝေရေးလုပ်ငန်းကော်မတီ

တို့ ဖြစ်ကြသည်။

စာဆိုတော်နေ့နှင့် သက်ကြီး စာပေပညာရှင်များ ကန်တော့ပွဲ ဖြစ်မြောက်ရေးအတွက် အလှူငွေများ ကောက်ခံရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့မှစ၍ ရန်ကုန်နှင့် မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဝန်ကြီးဌာန များ၊ အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စာပေကို ချစ်မြတ်နိုးသော တစ်ဦးချင်း အလှူရှင်များအထိ ထည့်ဝင် လှူဒါန်းကြပါသည်။



မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ အသက် (၈၀) နှင့် အထက် စာရေးဆရာကြီးများ၊ စာပေနှင့် စာနယ်ဇင်း ပညာရှင်များကို ကန်တော့ရန် နှစ်စဉ် ရန်ကုန်မြို့၊ မြို့တော်ခန်းမ ပထမထပ်တွင် အခမ်းအနားကို သိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ကိုယ်တိုင်ကြွရောက် ချီးမြှင့်ပြီး သက်ကြီး စာပေပညာရှင်များအား လှူဖွယ်ပစ္စည်း များဖြင့် ကိုယ်တိုင် ပူဇော် ကန်တော့ခဲ့သည်။ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တပ်မတော် အရာရှိကြီးများ၊ ဗဟိုနှင့် မြို့နယ်စာပေနှင့် စာနယ်ဇင်း အဖွဲ့ဝင် များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများလည်း စုံညီစွာ တက်ရောက်ခဲ့ကြပါသည်။

၁၉၉၄ ခုနှစ်

(က) ကန်တော့ခံ ပုဂ္ဂိုလ်စုစုပေါင်း ၃၆ ဦး
(ခ) တစ်ဦးချင်းအတွက်ကန်တော့ငွေသား ၁၀၀၀၀ ကျပ်နှင့် အခြားပစ္စည်းများ

၁၉၉၅ ခုနှစ်

(က) ကန်တော့ခံ ပုဂ္ဂိုလ်စုစုပေါင်း ၄၃ ဦး
(ခ) တစ်ဦးချင်းအတွက်ကန်တော့ငွေသား ၁၅၀၀၀ ကျပ်နှင့် အခြားပစ္စည်းများ

www.burmeseclassic.com

www.burmeseclassic.com



၁၉၉၆ ခုနှစ်

(က) ကန်တော့ခံ ပုဂ္ဂိုလ်စုစုပေါင်း ၆၆ ဦး

( ခ) တစ်ဦးချင်းအတွက်ကန်တော့ငွေသား ၁၀၀၀၀ ကျပ်နှင့် အခြားပစ္စည်းများ

၁၉၉၇ ခုနှစ်

(က) ကန်တော့ခံ ပုဂ္ဂိုလ်စုစုပေါင်း ၈၂ ဦး

( ခ) တစ်ဦးချင်းအတွက်ကန်တော့ငွေသား ၂၅၀၀၀ ကျပ်နှင့် အခြားပစ္စည်းများ

( ဂ) ဗဟိုအမှုဆောင်များသည် အဖွဲ့တွင်း စည်းလုံးညီညွတ်ရေးနှင့် အဖွဲ့၏ ရည်ရွယ်ချက် လုပ်ငန်းစဉ်များကို ဖော်ဆောင်သည့်အနေဖြင့် မြို့နယ်များသို့ ကွင်းဆင်းစည်းရုံးလျက်ရှိပါသည်။ ကွင်းဆင်း စည်းရုံးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ယခင်ဖော်ပြခဲ့ပြီးသော လုပ်ငန်းများအပြင် ဥက္ကဋ္ဌ ဦးကျော်အောင် ဦးဆောင်သည့် ဗဟိုအမှုဆောင်များသည် မန္တလေးမြို့သို့ သွားရောက်ပြီး မန္တလေးမြို့မှ သက်ကြီး စာပေပညာရှင်များအား ကန်တော့ပြီး မြို့နယ်ငါးမြို့နယ်မှ အဖွဲ့ဝင်များနှင့် တွေ့ဆုံခဲ့ပါသည်။

(ဃ) အဖွဲ့တွင်း ပြဿနာရှိသည့် မြို့နယ်များကိုလည်း စည်းရုံးရေးသဘောဆောင်၍ တွေ့ဆုံကာ ပြေလည်အောင် ကူညီဖြေရှင်းပေးလျက်ရှိပါသည်။



( င) မြို့နယ်အဖွဲ့များအနေဖြင့် နှစ်ပတ်လည် မျက်နှာစုံညီအစည်းအဝေး ကျင်းပနိုင်သော မြို့နယ်များ ကိုလည်းကောင်း၊ အကြောင်းကြောင်းကြောင့် မကျင်းပနိုင်သော မြို့နယ်များကိုလည်းကောင်း ဗဟိုအဖွဲ့က မှတ်တမ်းတင် ထားရှိပါသည်။

( စ) အဖွဲ့၏ အမည်နာမနှင့် လုပ်ငန်းသဘာဝများနှင့် လျော်ညီစွာအဖွဲ့ဝင်များ တိုးချဲ့စည်းရုံးရေးဖြစ်သော သတင်းစာ အဖွဲ့ဝင်များ တိုးချဲ့စည်းရုံးရန်အတွက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ သတင်းထောက်၊ စာတည်း စသည်တို့ အဖွဲ့ဝင်ရေးနှင့် တက်ကြွစွာ ပါဝင်ရေးအတွက် စာရင်းကောက်ယူ၍ နှိုးဆော်ဆောင်ရွက်ခဲ့ပါသည်။ ဂျာနယ်၊ မဂ္ဂဇင်းများမှ အဖွဲ့ဝင်များကိုလည်း ဆက်လက်စည်းရုံးခဲ့ပါသည်။

(ဆ) စာဆိုတော်နေ့ အထိမ်းအမှတ် စာပေပြပွဲနှင့် စာအုပ်ဈေးပွဲတော်ကို ၁၉-၁၁-၉၅ မှ ၂၅-၁၁-၉၅ ထိ ရက်သတ္တပတ်ကြာ ရန်ကုန်မြို့၊ မြို့မကွင်း၌ ပြန်ကြားရေး ဝန်ကြီးဌာနအကူအညီဖြင့် ခင်းကျင်းပြသခဲ့ပါသည်။

(ဇ) ပခုက္ကူ ဦးအုံးဖေ စာကြည့်တိုက်ဖွင့်ပွဲကို ၂၆-၂-၉၅ နေ့က ပခုက္ကူမြို့တွင် ကျင်းပခဲ့ရာ ဒုတိယ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများ တက်ရောက်ခဲ့ပြီး ညပိုင်းတွင် စာပေဟောပြောပွဲကိုပါ ကျင်းပခဲ့ပါသည်။

( ဈ) ၂၃-၁၁-၉၅ နေ့က ကျင်းပခဲ့သည့် ၁၃၅၇ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့ အခမ်းအနားတွင် စစ်ကိုင်းတိုင်း ပြည်ထောင်စု

www.burmeseclassic.com

www.burmeseclassic.com



ကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီးမှတစ်ဆင့် ၂၇-၁၁-၉၅ နေ့တွင် စာပေရန်ပုံငွေအဖွဲ့သို့ အလှူငွေကျပ် ၁၀ သိန်း တိတိကို လှူဒါန်းခဲ့ပါသည်။

(ည) စည်းရုံးရေးလုပ်ငန်းနှင့် ပတ်သက်၍ ရန်ကုန်တိုင်း ဒေါပုံမြို့နယ် ပြန်လည်ဖွဲ့စည်းနိုင်သော အခြေအနေများကို အောက်ပါအတိုင်း တင်ပြပါသည်။

(၁) ပထမအကြိမ် စာပေညီလာခံမတိုင်မီ ဒေါပုံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ကို ဖွဲ့စည်းနိုင်ရန် ကြိုးပမ်းခဲ့ကြသော်လည်း အတည်ပြုအစည်းအဝေးတွင် မအောင်မြင်ဘဲ ဒေါပုံမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ကို မဖွဲ့စည်းနိုင်ဖြစ်ခဲ့ရပါသည်။

(၂) ထို့နောက်ပိုင်းတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ (ဗဟို) သည် ဒေါပုံမြို့နယ်ကို တိုက်ရိုက် ကြီးကြပ်ရသော အခြေအနေသို့ ရောက်ရှိခဲ့ပါသည်။

(၃) ဒေါပုံမြို့နယ်ရှိ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များကို မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ (ဗဟို) မှ တိုက်ရိုက်ကြီးကြပ်မှုဖြင့် အဖွဲ့ဝင်



များ၏ တစ်ဦးချင်းအပေါ် စာပေအကျိုးခံစားခွင့်များ ရရှိစေရန် တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။

(၄) ဒုတိယအကြိမ် ညီလာခံ သက်တမ်းကာလတွင် ဒေါပုံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဖွဲ့စည်းနိုင်ရေးအတွက် ဒေါပုံမြို့နယ်မှ ဦးဆောင်မှု ပေးခဲ့ကြသော အဖွဲ့ဝင်များကို မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ (ဗဟို) မှ အကြိမ်ကြိမ်အခါခါ ညှိနှိုင်း ဆွေးနွေးခဲ့ပါသည်။

(၅) ၁၂-၁၁-၉၇ ရက်နေ့တွင် ဒေါပုံမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဖွဲ့စည်းနိုင်ရန် အကြိုညှိနှိုင်းပွဲကို ဗဟိုရုံးတွင် အောင်မြင်စွာ ပြုလုပ်ခဲ့ပါသည်။

(၆) ဒေါပုံမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ကို မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ (ဗဟို) မှ တိုက်ရိုက်ကြီးကြပ်လျက် မျက်နှာစုံညီအစည်းအဝေး ၆-၁၂-၉၇ (စနေနေ့) တွင် ကျင်းပကာ အမှုဆောင် အဖွဲ့ဝင် ခုနှစ်ဦးကို ရွေးချယ် တင်မြှောက်လျက် အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့ပြီး ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဗဟိုဦးစီး အစည်းအဝေး (၁၉၉၆ ခုနှစ်)

စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း အခန်း (၇) အပိုဒ် (၄၁) တွင် ဗဟိုဦးစီးအဖွဲ့၏ အစည်းအဝေးကို ဗဟိုအမှုဆောင်ကော်မတီက နှစ်နှစ်လျှင် တစ်ကြိမ် ကျင်းပရမည်ဟု သတ်မှတ်ထားချက်အရ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို ၂၉-၆-၉၆ နေ့မှ ၃၀-၆-၉၆ နေ့အထိ ရန်ကုန်မြို့ သူနာပြုတက္ကသိုလ် ခန်းမတွင် ကျင်းပခဲ့သည်။

အစည်းအဝေး ဖွင့်ပွဲနေ့တွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) တက်ရောက်၍ အဖွင့်မိန့်ခွန်းစကား မြွက်ကြားခဲ့သည်။

ဗဟိုဦးစီးအစည်းအဝေးတွင် ဗဟိုအမှုဆောင်ကော်မတီ၏ အစီရင်ခံစာ၊ နိုင်ငံတော် တည်ဆောက်ရေးနှင့် စာပေနှင့်စာနယ်ဇင်းသမားများ၏တာဝန် စာတမ်း၊ မြန်မာနိုင်ငံ လစဉ်ထုတ် မဂ္ဂဇင်းများ သုံးသပ်ချက် (၁၉၉၄-၉၅) စာတမ်း၊ ဗဟိုအမှုဆောင် ကော်မတီ၏ ဘဏ္ဍာရေးရှင်းတမ်း၊ စာရင်းစစ် အစီရင်ခံစာများကို တင်သွင်း၍ ပြည်နယ်နှင့်တိုင်းများမှ ဗဟိုဦးစီးအဖွဲ့ဝင်များက ဝေဖန်သုံးသပ်ဆွေးနွေးအကြံပြု ထောက်ခံခဲ့ကြသည်။ ဆွေးနွေးချက်များအပေါ် ဗဟိုအမှုဆောင်ကော်မတီက ပြန်လည် ရှင်းလင်း ပြောကြားခဲ့ပြီး ဆုံးဖြတ်ချက်များနှင့် လုပ်ငန်းစဉ်များ ချမှတ်ခဲ့ကြသည်။



ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အေးကျော်က မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုဦးစီး အစည်းအဝေးသို့ တက်ရောက်လာကြသော ဗဟိုဦးစီး အဖွဲ့ဝင်များအား ၀-၇-၉၆ နေ့ ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးရှိ သာသနာရေး ဦးစီးဌာန သုံးထပ် ဆွမ်းစားကျောင်းဆောင်၌ ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁)နှင့် အဖွဲ့ဝင်များ၊ ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဗဟိုဦးစီးအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

ဗဟိုဦးစီးအဖွဲ့ ၁၉၉၆ ခုနှစ် အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသော ဗဟိုဦးစီးအဖွဲ့ဝင်များသည် ၁-၇-၉၆ နေ့ နောက်ပိုင်းတွင် စွယ်တော်မြတ် စေတီတော် တည်ဆောက်ရေး လုပ်ငန်းခွင်သို့ သွားရောက်၍ လုပ်အားဒါန ပေးလှူခဲ့ကြသည်။ ထိုမှတစ်ဆင့် ရွှေတိဂုံစေတီတော်သို့ သွားရောက် ဖူးမြော် ကြည်ညိုခဲ့ကြပြီး သာကေတရှိ ရှုခင်းသာဟိုတယ်၊ ထို့နောက် စစ်သမိုင်း ပြတိုက်နှင့် ဒဂုံ တက္ကသိုလ်တို့ကို သွားရောက် လေ့လာခဲ့ကြသည်။

## တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင် ကြိုဆိုခြင်းနှင့် ပြန်လည်ပို့ဆောင်ခြင်း

နိုင်ငံတော် အကြီးအကဲများ၏ စီစဉ် ကြိုးပမ်းမှုဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား မြန်မာ

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံသို့ ပထမအကြိမ် ပင့်ဆောင်ကြိုဆို အပူဇော်ခံ၍ ပြန်လည် ပို့ဆောင်ရာတွင် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟို အမှုဆောင် ကော်မတီဝင်များနှင့် ရန်ကုန်တိုင်း မြို့နယ်များမှ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များသည် ညီနောင် အဖွဲ့အစည်း များနှင့်အတူ စည်ကားသိုက်မြိုက်စွာ ပါဝင်ပူဇော် ဆောင်ရွက် ခဲ့ကြပါသည်။

အလားတူပင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ် စွယ်တော်အား ဒုတိယအကြိမ် ပင့်ဆောင်ကြိုဆို ပူဇော်၍ ပြန်လည် ပို့ဆောင်ရာတွင်လည်း မြန်မာနိုင်ငံ စာပေနှင့်စာနယ် ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်များနှင့် မြို့နယ်များမှ စာပေနှင့် စာနယ်ဇင်း အဖွဲ့ဝင်များသည် ညီနောင် အဖွဲ့အစည်း များနှင့်အတူ စည်ကား သိုက်မြိုက်စွာ ပါဝင်ပူဇော် ဆောင်ရွက် ခဲ့ကြပါသည်။

## မြို့နယ်စွမ်းဆောင်ရည်ဆု ရွေးချယ်စိစစ် ချီးမြှင့်ခြင်း

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုများ ရှင်သန် တက်ကြွစေရန်အတွက် ဒုတိယအကြိမ် ညီလာခံတွင် စွမ်း ဆောင်ရည်ဆုများ ချီးမြှင့်ရန် ၁၉၉၆ ခုနှစ် ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးတွင် တင်ပြကြေညာပြီး စိစဉ်ခဲ့ပါသည်။

ဗဟိုအမှုဆောင်ကော်မတီမှ ဖွဲ့စည်းထားခဲ့သော စည်းရုံး ရေး လုပ်ငန်းကော်မတီဝင်များနှင့် မြို့နယ်စာပေနှင့်စာနယ်ဇင်း



အဖွဲ့ ဥက္ကဋ္ဌများ ပါဝင်သော မြို့နယ်စွမ်းဆောင်ရည်ဆု ချီးမြှင့် စိစစ် ရွေးချယ်ရေးအဖွဲ့ကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းပေးခဲ့ ပါသည်။

ထိုအဖွဲ့သည် စနစ်တကျ စိစစ်နိုင်ရေးအတွက် ၁၉၉၈ ခုနှစ် ဧပြီလကုန်အထိ အစီရင်ခံစာ တင်ပြရန် ကျန်ရှိသော မြို့နယ်များသို့ နှိုးဆော်ခဲ့ပါသည်။ ၁၂-၅-၉၈ နေ့အထိ အစီရင်ခံ စာ ရရှိသော မြို့နယ် ၆၃ မြို့နယ်အား အခြေခံအချက် ၁၁ ချက်ကို အခြေပြု၍ စနစ်တကျ စိစစ်ခဲ့ပြီး အမှတ် အနည်း အများအလိုက် ရရှိသည့် မြို့နယ် ၁၈ မြို့နယ်အား မြို့နယ် စွမ်းဆောင်ရည်ဆု ချီးမြှင့်နိုင်ရန် ဗဟိုအမှုဆောင်ကော်မတီသို့ တင်ပြခဲ့ပြီး ဖြစ်ပါသည်။

BURMESE CLASSIC .com

## စာပေထုတ်ဝေရေးလုပ်ငန်း

အဖွဲ့၏ စာပေထုတ်ဝေရေးလုပ်ငန်းများ အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) အစီရင်ခံသည့် ကာလအတွင်း စာပေထုတ်ဝေရေး လုပ်ငန်းအဖြစ် "ဆရာဇော်ဂျီ၏ စာပေါင်းချုပ် စတုတ္ထတွဲ" နှင့် "ပီမိုးနင်း၏ စာပေါင်းချုပ် (ပထမ တွဲ) (ဒုတိယအကြိမ်)" များကို ထုတ်ဝေခဲ့ပြီး ဖြစ်ပါ သည်။ ထို့အပြင် လယ်တီပဏ္ဍိတ ဦးမောင်ကြီးနှင့် မဟာဆွေ စာပေါင်းချုပ် (ပထမတွဲ) များကိုလည်း ထုတ်ဝေခဲ့ပါသည်။ အဆိုပါ စာပေါင်းချုပ်များကို

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးများ၏ မိသားစုနှင့် ကျန်ရစ်သူများအား ခွင့်ပြုချက် တောင်းခံလျက် စာမူခများ၊ ညာဏ်ပူဇော်ခများ ထုတ်ပေးခဲ့သည်။ စာမူများကို တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှ စုဆောင်းကူညီပါသည်။

( ခ ) မြန်မာ့ဝတ္ထုရှည် တိုးတက်ရေးနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးကို ရည်စူး၍ အပ်နှံသော ဆင်ဖြူကျွန်းအောင်သိန်း ရေးသားသည့် "နေမင်းတစ်ထောင်" ဝတ္ထုရှည်ကြီးကို ထုတ်ဝေပေးရန် ဆက်လက်ညှိနှိုင်း စီစဉ်ဆဲ ဖြစ်ပါသည်။

( ဂ ) ကွယ်လွန်သူ ဆရာ လင်းယုန်နီ၏ "မင်းကတော်လေး" စာအုပ်ကို ပြုံးစာပေမှ ကူညီထုတ်ဝေပေးနိုင်ရန် စီစဉ်လျက် ရှိပါသည်။

( ဃ ) ကျန်စာရေးဆရာကြီးများ၏ စာပေါင်းချုပ်များကို ဆက်လက်ထုတ်ဝေသွားရန် စာရင်းစစ်အဖွဲ့ ခေါင်းဆောင် ဦးမောင်ဝင်း၏ အကူအညီဖြင့် ပြင်ပထုတ်ဝေသူများနှင့် ဆက်သွယ်ဆဲ ဖြစ်ပါသည်။

( င ) စာပေမဂ္ဂဇင်းအမှတ် (၂) မှစ၍ အချိန်မှန် ထုတ်ဝေရန်အတွက် စာမူများ စုဆောင်းခဲ့ပါသည်။ ထို့နောက်တွင် ပုံမှန်ထုတ်ဝေရန် ရည်စူးသည့် "စာပေမဂ္ဂဇင်း" နှင့် "မြန်မာအမျိုးသမီးကြေးမုံ" ပုံမှန်စာစောင်တို့ကို ဒုတိယအကြိမ်ညီလာခံအမီ စာအုပ်ထုတ်ဝေခဲ့ပါသည်။ အဖွဲ့၏ လှုပ်ရှားမှုနှင့် စာပေယဉ်ကျေးမှုသတင်းကို ဖော်ပြသော "သတင်းလွှာ"



ဂျာနယ်ကို အမှတ် (၈၅) ထိ ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ ဆက်လက်၍ သတင်းလွှာများကို အချိန်မှန်ထုတ်ဝေသွားမည် ဖြစ်ပါသည်။

( စ ) ပထမအကြိမ် ညီလာခံမှ ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့သည့် အဖွဲ့၏ ဖွဲ့စည်းပုံ အခြေခံ စည်းမျဉ်းအုပ်ရေ ၃၀၀၀ ကို ရိုက်နှိပ်၍ ဖြန့်ဖြူးခဲ့ပါသည်။

## သက်သာချောင်ချိရေးလုပ်ငန်း

အဖွဲ့၏ သက်သာချောင်ချိရေးအတွက် အောက်ဖော်ပြပါ လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

( က ) ပထမအကြိမ် ညီလာခံတွင် လက်ဆွဲအိတ်များ ရောင်းချခြင်း၊ နယူးစ်ပရင့် အဖိုးအရှယ် စက္ကူတစ်ထုပ်လျှင် ၇၀ ကျပ်နှုန်းဖြင့်၊ ဗလာစာအုပ် တစ်ဒါဇင် ၅၅ ကျပ်နှုန်းဖြင့် ရောင်းချပေးခြင်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ နာမကျန်း၍ ချို့တဲ့ပြီး အကူအညီ လိုအပ်နေသော စာပေနှင့် စာနယ်ဇင်းသမားများအား သီးခြားစာပေရန်ပုံငွေမှ ထောက်ပံ့ခြင်းနှင့် အဖွဲ့ရန်ပုံငွေမှ နာရေးထောက်ပံ့ငွေများ ပေးကမ်းခြင်း၊ ရန်ကုန်မြို့တော် စည်ပင်နယ်နိမိတ်အတွင်း အဖွဲ့ဝင်များအား အိုးအိမ်မြေကွက်များ ရရှိအောင်ဆောင်ရွက်ခြင်းတို့သည် ဤလုပ်ငန်း၌ အကျုံးဝင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## အိုးအိမ်မြေကွက် ရရှိရေး ဆောင်ရွက်ခြင်း

### (က) သက်ကြီးစာပေပညာရှင်များအတွက် ဆောင်ရွက်ခြင်း

ပထမအကြိမ် စာပေညီလာခံကို ကြွရောက်ချီးမြှင့်သော နိုင်ငံတော်အကြီးအကဲပိုလ်ချုပ်မှူးကြီးသန်းရွှေကသက်ကြီး စာပေပညာရှင် ၂၈ ဦးအား တွေ့ဆုံ နှုတ်ဆက်၍အိုးအိမ် ဆောက်လုပ်နေထိုင်ရန် မြေနေရာကွက်များ ချီးမြှင့်ပေး အပ်ခဲ့ပါသည်။ ယင်းမြေနေရာကွက်များမှာ ဒဂုံမြို့သစ် (တောင်ပိုင်း) မြေတိုင်းရပ်ကွက်(၆၅)ရှိ ပေ ၄၀×၆၀ မြေ နေရာကွက်များ ဖြစ်သည်။ သက်ကြီး စာပေပညာရှင်များ ယင်းမြေကွက်ကို လက်ဝယ်ရရှိရေးအတွက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ မြေယာကော်မတီက အလုံးစုံ ကူညီ ဆောင်ရွက်ပေးခဲ့ပါသည်။ ပုံစံဖြည့်ခြင်း၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနသို့ တင်ပြခြင်း၊ ငွေသွင်းခြင်း၊ မြေကွက်မဲနှိုက်ခြင်း၊ ပိုင်ဆိုင်မှု စာရွက်စာတမ်းရရှိရေး မှအစပြု၍ မြေကွက်သတ်မှတ် တိုင်စိုက်ထူပြီး သက်ကြီး စာပေပညာရှင်များကို မြေကွက်များ ကြည့်ရှုရန် လိုက်လံ ပို့ဆောင်ခြင်းအထိ ကူညီဆောင်ရွက်ပေးခဲ့ပါသည်။

### (ခ) ရန်ကုန်တိုင်းအတွင်းရှိ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များ အတွက် ဆောင်ရွက်ခြင်း

(၁) နိုင်ငံတော်က သက်ကြီးစာပေပညာရှင်များကို မြေ နေရာကွက် ချထားပေးခြင်းကို အကြောင်းပြု၍ ရပ်ရှင်၊



သဘင်၊ ဂီတ အစည်းအရုံးဝင်များနည်းတူ ရန်ကုန် တိုင်းအတွင်းရှိ မြို့နယ်စာပေနှင့်စာနယ်ဇင်း အဖွဲ့ဝင် များအား မြေနေရာကွက် ရရှိစေလိုသော ဆန္ဒနှင့်အညီ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည် ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌရုံးသို့ မြေနေရာကွက်များ လျှောက်ထားလို ကြောင်း တင်ပြခဲ့သည်။ ခွင့်ပြုချက်ရသည်နှင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း အဖွဲ့ဝင်များသည် ၂၅-၅-၉၄ နေ့တွင် အဖွဲ့ဝင်အားလုံးသို့ မြေကွက် လျှောက်ထားရန် လျှောက်လွှာများ ခေါ်ယူခဲ့ပါသည်။ အဖွဲ့ဝင် စိစစ်ရေးနှင့် မြေနေရာ ချထားရေး ကော်မတီ ကို ဒု-ဥက္ကဋ္ဌ ဦးလှမြိုင် ခေါင်းဆောင်သော အဖွဲ့ဝင် ခြောက်ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းခဲ့ပါသည်။

| | | |
|---|---|---|
| (က) | ဦးလှမြိုင်<br>ဒု-ဥက္ကဋ္ဌ | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဦးဝင်းဖေ<br>အတွင်းရေးမှူး | အဖွဲ့ဝင် |
| (ဂ) | ဦးကြည်လွင်<br>(ကာတွန်းငွေကြည်)<br>ဗဟိုအမှုဆောင် | အဖွဲ့ဝင် |
| (ဃ) | ဒေါက်တာတင်ထွန်းဦး<br>တွဲဖက်အတွင်းရေးမှူး | အဖွဲ့ဝင် |

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| (င) ဦးဌေးလွင် ရုံးအဖွဲ့မှူး | အဖွဲ့ဝင် |
| (၆) ဒေါ်မြမြသန်း (မနှင်းဖွေး) တွဲဖက်အတွင်းရေးမှူး | အတွင်းရေးမှူး |

(၂) လျှောက်လွှာများ ရရှိသည့်အခါ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌရုံး၏ လမ်းညွှန်ချက်၊ မြေနေရာချထားရေးကော်မတီက သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ကိုက်ညီမှု ရှိမရှိ စိစစ်ပြီး ၂၁-၆-၉၅ နေ့တွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌရုံးသို့ လျှောက်ထားသူစာရင်းနှင့်တကွ တင်ပြခဲ့ပါသည်။

(၃) ယင်းသို့ တင်ပြခဲ့ပြီးနောက် ၂၇-၁၁-၉၅ နေ့တွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌရုံးမှ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များအတွက် ဒဂုံမြို့သစ်တွင် ပေ ၄၀×၆၀ မြေတစ်ကွက်လျှင် ကျပ် တစ်သိန်းနှုန်းဖြင့်ရောင်းရန် မြေကွက် ၁၂၁၂ ကွက်ကို ချထားပေးခဲ့ပါသည်။

(၄) ယင်းနောက် မြေကွက်ဖိုး ပေးသွင်းမှုကို အဖွဲ့ကြီး ရန်ပုံငွေနှင့် သီးခြားဖြစ်စေရန် မြန်မာ့စီးပွားရေး ဘဏ်ခွဲ (၄) တွင် မြေနေရာချထားရေးကော်မတီက



ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် (အယ်လ်-၂၄၄၆) ဖြင့် စာရင်းဖွင့်လှစ်ပြီး ငွေသွင်းချလန်များ ထုတ်ပေးလျက် ငွေပေးသွင်းစေခဲ့ပါသည်။ ၁၇-၄-၉၆ နေ့အထိ ငွေပေးသွင်းပြီးသူပေါင်း ၁၅၂ ဦး ရှိခဲ့ပါသည်။

(၅) ၄-၂-၉၇ နေ့တွင် မြို့ရွာနှင့် အိုးအိမ်ဦးစီးဌာနက လူမှုရေး အသင်းအဖွဲ့များဖြစ်သော ရုပ်ရှင်၊ သဘင်၊ ဂီတ အစည်းအရုံး ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့်အတူ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့ကို ခေါ်ယူတွေ့ဆုံပြီး အစည်းအရုံးများ ရရှိသည့် မြေနေရာကွက် ဝန်းကျင်တွင် နိုင်ငံတော်က စက်မှုဇုန် အဖြစ် သတ်မှတ်၍ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် အစီအစဉ်ရှိနေသဖြင့် အဖွဲ့ဝင်များ ရရှိသော မြေနေရာကွက်ကို ပြန်လည်ရောင်းချလိုပါက တစ်ကွက်လျှင် ငွေတစ်သိန်းပေးသွင်းရန် မလိုဘဲ အမြတ် နှစ်သိန်းဖြင့် ဌာနက ဝယ်ယူမည်ဖြစ်ကြောင်း အသိပေး ပြောကြားပါသည်။

(၆) ၁၉-၂-၉၇ နေ့တွင် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများကို ဖိတ်ကြား၍ ရှင်းလင်းပြောကြားပြီး အဖွဲ့ဝင်များ ရရှိမည့် မြေကွက်ကို မြို့ရွာနှင့် အိုးအိမ်ဦးစီးဌာန၏ အစီအစဉ်အရ တစ်ဦးချင်းထံမှ ရောင်းလို/မရောင်းလို မြို့နယ်မှတစ်ဆင့် သဘောထား တောင်းခံခဲ့ရာ မြေကွက်ရောင်းလိုသူ

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့ဝင် ၈၅၈ ဦးနှင့် မရောင်းလိုသူ အဖွဲ့ဝင် ၃၅၄ ဦးတို့၏စာရင်းကို ရရှိခဲ့သည်။

(၇) မြေကွက်ဝယ်လိုသူများထံသို့လည်း မြေဖိုးငွေ ကျပ်တစ်သိန်းကို ၂၃-၅-၉၇ နေ့တွင် နောက်ဆုံးထား၍ မြေယာချထားရေးကော်မတီ၏ မြန်မာ့စီးပွားရေးဘဏ်ခွဲ (၄) ငွေစာရင်းအမှတ် (အယ်လ်-၂၄၆၆) သို့ ပေးသွင်းကြရန် နှိုးဆော်ခဲ့သည်။ မြို့နယ်များသို့ စာဖြင့်အကြောင်းကြား၍ ၁၇-၅-၉၇ နေ့ထုတ် မြန်မာ့အလင်း၊ ကြေးမုံ သတင်းစာ နှစ်စောင်တွင်လည်း ကြော်ငြာများ ထည့်သွင်း ဖော်ပြခဲ့သည်။

(၈) မြို့ရွာနှင့် အိုးအိမ်ဦးစီးဌာနက မြေကွက် လွှဲပြောင်းရောင်းချလိုကြောင်း ဆန္ဒပြုသူ ၈၅၈ ဦးအတွက် တစ်ဦးလျှင် ကျပ်နှစ်သိန်းနှုန်းဖြင့် ငွေ ၁၇၁၆ သိန်းကို စာပေနှင့် စာနယ်ဇင်းအဖွဲ့ (ဗဟို) သို့ လွှဲအပ်ပေးသဖြင့် စာပေနှင့် စာနယ်ဇင်းအဖွဲ့ (ဗဟို) မြေနေရာ ချထားရေး ကော်မတီက မိမိ၏ ဘဏ်ငွေစာရင်းတွင် ထည့်သွင်းလျက် မြေကွက် လွှဲပြောင်းရောင်းချရန် စာရင်းပေးသော စာပေအဖွဲ့ဝင် ၈၅၈ ဦးကို ၂၁-၇-၉၇ နေ့မှစ၍ တစ်ဦးချင်း နှစ်သိန်း တန်ချက်လက်မှတ်များကို ထုတ်ပေးခဲ့သည်။

(၉) ကျန်မြေကွက် ၃၅၄ ကွက် ဝယ်ယူရန်အတွက် ကျသင့်ငွေ ၃၅၄ သိန်းကိုလည်း မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ ၈-၈-၉၇ နေ့တွင် ပေးသွင်းအပ်နှံခဲ့သည်။



(၁၀)ယင်းနောက် ၂၂-၉-၉၇ နေ့တွင် ငွေပေးသွင်းပြီး သူ အဖွဲ့ဝင်များအတွက် စာပေဗိမာန် ဖြည်သူ့စာကြည့်တိုက်တွင် မြေနေရာကွက်များကို စနစ်တကျ မဲဖောက်ချထားပေးခဲ့သည်။

(၁၁)မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ လိုအပ်သော အချက်အလက်၊ ဓာတ်ပုံများနှင့်အတူ ပေါက်သောမဲနံပါတ်ပြား၊ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ထောက်ခံစာတို့ကို တစ်ဦးချင်း ထုတ်ပေးပြီး မြေကွက် ပိုင်ဆိုင်မှုကိစ္စအဝဝ အဆင်ပြေ ချောမောစွာ ရရှိရေးကို ဆောင်ရွက်ပေးခဲ့ပါသည်။

(၁၂)မြေကွက်ရရှိသူ အဖွဲ့ဝင်များထံမှ ပုဂံစေတီပုထိုးများ လှူဒါန်းပြုပြင်ရန် တစ်ဦးလျှင် ကျပ်တစ်ထောင် နှုန်းကောက်ခံခဲ့သော ငွေသား စုစုပေါင်း ၁၂၁၂၀၀၀ ကျပ်ကိုလည်း ၁၃၅၉ ခုနှစ် စာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲ အခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ထံသို့ ပေးအပ်လှူဒါန်းခဲ့ပါသည်။

(၁၃)ပုဂံမြို့တွင်း ရှေးဟောင်း ဘုရားအမှတ် (၇၆၂) အလတ်စား စေတီတစ်ဆူကို ပြုပြင်လှူဒါန်းရန် ၁၂၁၂၀၀၀ ကျပ် ကုန်ကျမည်ကို သဘောတူ/မတူ ရှေးဟောင်းသုတေသနဦးစီးဌာနက ၁၉၉၇ ခုနှစ် မေလအတွင်း တင်ပြလာသဖြင့် သဘောတူကြောင်း ပြန်ကြားခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## နိုင်ငံခြားဆက်သွယ်ရေးလုပ်ငန်း

နိုင်ငံခြားဆက်သွယ်ရေး လုပ်ငန်းအဖွဲ့သည် နိုင်ငံတကာ စာပေနှင့် လုပ်ငန်းများကို နိုင်ငံတော်မူဝါဒနှင့် ဘောင်အတွင်းမှ စမ်းသပ်ဆောင်ရွက်ရန်အတွက် လေ့လာမှုများ ပြုလုပ်လျက် ရှိပါသည်။

(က) ၂၂-၆-၉၄ မှ ၅-၇-၉၄ ထိ တရုတ်နိုင်ငံမှ မစ္စတာ ဇော်ကွန်ဟွာ ခေါင်းဆောင်၍ အဖွဲ့ဝင် ခြောက်ဦး ပါဝင်သော စာရေးဆရာအဖွဲ့သည် နိုင်ငံတော်၏ ဧည့်သည်အဖြစ် လာရောက် လည်ပတ်ခဲ့ရာ တွေ့ဆုံခွင့် ရခဲ့သည်။

(ခ) ၂၂-၃-၉၅ မှ ၅-၄-၉၅ ရက်နေ့ထိ ဘဏ္ဍာရေးမှူး ဦးစောမြင့် ခေါင်းဆောင်၍ တွဲဖက်အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး ပါဝင်သော စာရေးဆရာ ကိုယ်စားလှယ်အဖွဲ့သည် ပြန်ကြားရေးဝန်ကြီးဌာန၏ အကူအညီဖြင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံသို့ သွားရောက်ခဲ့ပါသည်။

(ဂ) ၁၉၉၅ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်မှ ဒီဇင်ဘာလ ၃ ရက်အထိ ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့တွင် ကျင်းပသော ကမ္ဘာ့စာရေးဆရာနှင့် အသိပညာရှင်များကွန်ဖရင့်သို့ ဗဟိုအမှုဆောင် ဦးလှထွန်း(လှထွန်း-တွံတေး)၊ ဦးလှမြိုင် (ကိုဆောင်း)၊ ဒေါ်ရင်ရင် (စောမုံညင်း)တို့နှင့် အခြားအဖွဲ့ဝင် နှစ်ဦးတို့နှင့်အတူ တက်ရောက်ခဲ့ပါသည်။



(ဃ) ဥက္ကဋ္ဌ ဦးမျိုးသန့် (မောင်ဆုရှင်) သည် စာပေ အနုပညာရှင် မူပိုင်ခွင့်နှင့် ပတ်သက်၍ ဟောင်ကောင်ကျွန်းတွင် အာရှနိုင်ငံများအတွက် ကျင်းပသော အစည်းအဝေးသို့ ၄-၆-၉၅ မှ ၈-၆-၉၅ အထိ တက်ရောက်၍ ပါဝင်ဆွေးနွေးခဲ့ပါသည်။

(င) ၁၉၉၆ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်မှ ၂၇ ရက်အထိ နီပေါနိုင်ငံမှ မစ္စတာ မန်ဂျူး ရာတနာဆာကာ ခေါင်းဆောင်၍ အဖွဲ့ဝင်ငါးဦး ပါဝင်သော သတင်းစာဆရာအဖွဲ့သည် နိုင်ငံတော်၏ ဧည့်သည်အဖြစ် လာရောက် လည်ပတ်ခဲ့ရာ နှစ်နိုင်ငံ စာပေကိစ္စများကို ဆွေးနွေးခွင့်ရခဲ့ပါသည်။

(စ) ၁၉၉၆ ခု မေလ ၂၉ ရက်မှ ဇွန်လ ၁၂ ရက်နေ့အထိ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းမောင် ခေါင်းဆောင်၍ အမှုဆောင်အဖွဲ့ဝင် ဦးအုံးဖေ (အုံးဖေ-ပခုက္ကူ)၊ဒေါ်ခင်ခင်စိန်(ယုဝတီခင်စိန်လှိုင်) နှင့် အခြားအဖွဲ့ဝင်နှစ်ဦးတို့ ပါဝင်သော စာရေးဆရာ ကိုယ်စားလှယ်အဖွဲ့သည် ပြန်ကြားရေးဝန်ကြီးဌာန၏ အကူအညီဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့ပါသည်။

(ဆ) ၁၉၉၆ ခု နိုဝင်ဘာလ ၂၆ ရက်မှ ၂၈ ရက်နေ့အထိ ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပသော နိုင်ငံတကာ စာရေးဆရာများ အသင်း *[PEN Club]* မှ ပြုလုပ်

www.burmeseclassic.com

www.burmeseclassic.com



သည့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စာရေးဆရာ အဖွဲ့အစည်းများ အစည်းအဝေးသို့ ဥက္ကဋ္ဌ ဦးမျိုးသန့် တက်ရောက်၍ မြန်မာစာပေ အခြေအနေကို စာတမ်းပြုစု တင်ပြဆွေးနွေးခဲ့ပါသည်။

( ဇ ) ဥက္ကဋ္ဌ ဦးမျိုးသန့်နှင့် ဗဟိုအမှုဆောင် အဖွဲ့ဝင် ဦးကြည်ညွန့်တို့သည် အာဆီယံ သတင်းစာ ဆရာများ ဌာနချုပ်၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံ တိုကျိုမြို့ အာဆီယံ-ဂျပန် သတင်းစာဆရာများ ဆွေးနွေးဘက်ဖိုရမ်နှင့် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ အာဆီယံ သတင်းစာဆရာများအဖွဲ့ချုပ်၏ မျက်နှာစုံညီအစည်းအဝေးကို ၂၅-၁၁-၉၇ မှ ၆-၁၂-၉၇ ထိ တက်ရောက်၍ လေ့လာ ဆွေးနွေးခဲ့ပါသည်။

( ဈ ) ၂၂-၅-၉၈ မှ ၂၈-၅-၉၈ ထိ နီပေါနိုင်ငံမှ မစ္စတာမန်ဂျူးရာတနာဆာကာ ခေါင်းဆောင်၍ အဖွဲ့ဝင် ငါးဦးပါဝင်သော သတင်းစာဆရာအဖွဲ့သည် နိုင်ငံတော်၏ ဧည့်သည်အဖြစ် လာရောက် လည်ပတ်ခဲ့ရာ နှစ်နိုင်ငံ စာပေကိစ္စများကို ဆွေးနွေးခွင့်ရခဲ့ပါသည်။

( ည ) တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ ၁၀-၆-၉၈ မှ ၂၀-၆-၉၈ ထိ သွားရောက်ခဲ့သည့် လေ့လာရေး ကိုယ်စားလှယ်အဖွဲ့တွင် ဗဟိုအမှုဆောင်ကော်မတီဝင် ဦးလှိုင်ကြွယ် (ကာတွန်းမောင်ဝဏ္ဏ) ပါဝင်လျက် ပြန်ကြားရေးဝန်ကြီးဌာန၏ အကူအညီဖြင့် သွားရောက်ခဲ့ပါသည်။



## စာပေရန်ပုံငွေ ကြီးကြပ်ရေးလုပ်ငန်းအဖွဲ့

( က ) စာပေရန်ပုံငွေ လက်ကျန်ငွေ သီးခြားစာရင်းမှာ ၁၉၉၈ ခု မေလကုန်အထိ ၂၂၇၇၉၅၅ ကျပ် ၉၀ ပြား ဖြစ်ပါသည်။

( ခ ) အစီရင်ခံသော ကာလအတွင်းမြို့နယ်အဖွဲ့အစည်းမှတစ်ဆင့် ကျိုးကြောင်းဖော်ပြ ထောက်ခံသော နာမကျန်းဖြစ်နေသူ စာပေအဖွဲ့ဝင်များအား အဖွဲ့ဖြင့် စိစစ်၍ စာပေရန်ပုံငွေမှ ကျပ်တစ်သောင်းစီ ထောက်ပံ့ခဲ့ပါသည်။ အချို့သော ပုဂ္ဂိုလ်များအား ရထားပို့ဆောင်ရေးဝန်ကြီးဌာန မိဘမေတ္တာ လူမှုရေး အဖွဲ့မှ ထပ်ဆောင်း၍ ထောက်ပံ့ပါသည်။ (၁၉၉၄ ခု ဇန်နဝါရီလမှ ၁၉၉၅ ခု ဒီဇင်ဘာလ အထိ ၁၂ ဦး ရှိပါသည်။)

( ဂ ) စာပေရန်ပုံငွေ တိုးပွားရရှိပြီး စနစ်တကျ တိုးမြှင့်ထောက်ပံ့နိုင်ရေးအတွက် ပြင်ပမှ စာပေဆိုင်ရာ ပုဂ္ဂိုလ်ခြောက်ဦးကို အဖွဲ့ဝင်အဖြစ်တိုးချဲ့၍ ဖွဲ့စည်းဆောင်ရွက်ရန် ၄-၄-၉၆ နေ့က အစည်းအဝေး ကျင်းပခဲ့ပြီး လုပ်ငန်းများ ဆက်လက် လုပ်ကိုင်လျက် ရှိပါသည်။

( ဃ ) စာပေ ရန်ပုံငွေ၏ လက်ရှိ အင်အားမှာ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှတစ်ဆင့် ငွေကျပ် ၁၅ သိန်း ပေးအပ်လှူဒါန်းခြင်းနှင့် တစ်ဦးချင်း အလှူရှင်တို့၏ ဒါနဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



( င ) စာပေရန်ပုံငွေကိုစတင်တည်ထောင်သည်မှ ဒုတိယ အကြိမ် ညီလာခံအထိ စာပေစာနယ်ဇင်းလောကမှ ပုဂ္ဂိုလ် ကျား-မ ၈၁ ဦးတို့အား ထောက်ပံ့ကူညီခဲ့ပြီး ဖြစ်ပါသည်။

## အထွေထွေဆောင်ရွက်ပြီးစီးမှု

အဖွဲ့၏ရန်ပုံငွေ ဆောင်ရွက်ပြီးစီးမှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

( က ) ရုပ်ရှင်၊ ဂီတ၊ သဘင်နှင့် ရိုးရာပန်းပညာရှင်များ အစည်းအရုံး အမှုဆောင်များနှင့် အခါအားလျော်စွာ ဖိတ်ကြား တွေ့ဆုံပွဲ ကျင်းပနိုင်ရန် ညှိနှိုင်းခဲ့ပြီး မြန်မာနိုင်ငံ စာပေနှင့် အနုပညာ အဖွဲ့အစည်းများ လမ်းညွှန်စာအုပ်ငယ်ကို ၁၉၉၆ ခု မေလ ၃၁ ရက်နေ့တွင် ထုတ်ဝေခဲ့ပါသည်။

( ခ ) မြို့နယ်အဖွဲ့များနှင့် ဗဟိုအမှုဆောင်များ စည်းရုံးရေး၊ သက်သာချောင်ချိရေးနှင့် ရန်ပုံငွေရှာဖွေရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးရန် အခါအားလျော်စွာ တွေ့ဆုံစည်းရုံး ညှိနှိုင်းရန် ဆောင်ရွက်ပါသည်။

( ဂ ) အဖွဲ့ဌာနချုပ် မြေကွက်နေရာ ရရှိရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီသို့ လျှောက်ထား ညှိနှိုင်းခဲ့ပါသည်။



## ဆောင်ရွက်ချက်များအပေါ် သုံးသပ်ချက်

ပထမအကြိမ် ညီလာခံမှ ရွေးချယ်တင်မြှောက်လိုက်သော ဗဟိုအမှုဆောင် ကော်မတီသည် အစီရင်ခံသော ကာလအတွင်း အဖွဲ့၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို အတတ်နိုင်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

လူမှုရေးအသင်းအဖွဲ့တစ်ခုအဖြစ် မှတ်ပုံတင်၍ ဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့သည် တိုင်းပြည်တွင် ပြောင်းလဲ တည်ဆောက်လျက်ရှိသော စီးပွားရေး၊ လူမှုရေး အခြေအနေများအရ အသင်းအဖွဲ့တစ်ရပ်အဖြစ် ရေရှည် စနစ်တကျစည်းရုံး ရပ်တည်နိုင်ရန် အရှိန်ယူဆဲ ဖြစ်ပါသည်။

ဗဟိုအမှုဆောင် ကော်မတီဝင် ထက်ဝက်ကျော်သည် စာပေစာနယ်ဇင်းဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်သော ဌာနဆိုင်ရာ ဝန်ထမ်းများဖြစ်သဖြင့် နိုင်ငံတော်တွင် လုပ်ငန်းများ ထူထပ်များပြားချိန်၌ အချို့ကိစ္စများတွင် ဌာနလုပ်ငန်းနှင့် အဖွဲ့လုပ်ငန်းများမှ ခွဲခြားအစီရင်ခံရန်ခက်ခဲသော သဘာဝကိုလည်း ကြုံတွေ့ရပါသည်။ ထို့ကြောင့်အဖွဲ့၏ တက်ကြွစွာ လုပ်ကိုင်မှုတွင် နှေးကွေးငြိမ်သက်သယောင် အထင်အမြင်ရရှိစေပါသည်။

နိုင်ငံခြား ဆက်သွယ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ နိုင်ငံတကာ စာပေအခြေအနေများကို လက်ရှိအားဖြင့် တစ်ဦးချင်း လေ့လာခြင်းမှတစ်ပါး အဆက်အသွယ်ပြုမှုများကို နိုင်ငံတော် မူဝါဒနှင့်အညီ ဆောင်ရွက်သွားရန် ရှိပါသည်။ နိုင်ငံ

www.burmeseclassic.com

www.burmeseclassic.com



တကာမှ စာပေနှင့် စာနယ်ဇင်းဆိုင်ရာ ဇည်သည့်များကို ဖိတ်ကြားရန်၊ ဧည့်ခံရန်နှင့် အပြန်အလှန်သွားရောက်လည်ပတ်ရန် ကိစ္စတွင် စရိတ်စကသဘောအရ စိစဉ်နိုင်မည့် အခြေအနေမရှိသေးသဖြင့် ပြန်ကြားရေး ဝန်ကြီးဌာန၏ အကူအညီဖြင့် ဧည့်ခံခြင်း၊ ပို့ဆောင်ခြင်း၊ လည်ပတ်ခြင်းတို့ကိုပြုခွင့်ရသဖြင့် ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

စာပေနှင့်စာနယ်ဇင်းအဖွဲ့သည် ပထမအကြိမ် ညီလာခံ သက်တမ်းအတွင်း၌ ညီနောင် လူမှုရေး အဖွဲ့အစည်းများနှင့် ဆက်စပ် ဆောင်ရွက်နိုင်မှုကို နည်းလမ်းရှာကြံ လုပ်ကိုင်ခဲ့ပါသည်။

စာပေစာနယ်ဇင်းလုပ်ငန်းများမှာ ခေတ်မီနည်းပညာနှင့် အရင်းအနှီးများ၊ ဆက်စပ်ဆောင်ရွက်မှု စနစ်များဖြင့် လုပ်ကိုင်ရသည် မှန်သော်လည်း အရင်းမူလဖြစ်သော စာပေရေးသားခြင်း၊ ဖွဲ့ဆိုခြင်း၊ သုတေသနပြုခြင်း၊ မှတ်တမ်းတင်ခြင်း၊ လေ့လာခြင်း ဟူသော လုပ်ငန်းများတွင် တစ်ဦးချင်း ပုဂ္ဂလိက ကျွမ်းကျင်မှုနှင့် အထုံပါရမီသဘောမှာ အဓိကဖြစ်သဖြင့် စာပေစာနယ်ဇင်းအရေးအသား အရည်အသွေး တိုးတက်ရေး၌ တစ်ဦးချင်း ဖန်တီးမှုအပေါ်တွင်လည်း များစွာ တည်မှီလျက် ရှိပါသည်။ ထို့ကြောင့် တစ်ဦးချင်း လေ့လာ ကျွမ်းကျင်မှုကို အားထုတ်ကြမည့် လိုအပ်ချက်မှာ အစဉ်ရှိနေမည် ဖြစ်ပါသည်။

မြို့နယ်များအလိုက် အချိန်မှန်စည်းဝေးခြင်း၊ အစီရင်ခံခြင်း၊ စာပေ အခမ်းအနားများ ကျင်းပခြင်းတို့ကို ပြုလုပ်မှု၌



အားနည်းသော မြို့နယ်များ ရှိသဖြင့် ထိုအားနည်းချက်ကို ဆိုင်ရာ မြို့နယ်များက သုံးသပ် ပြုပြင်၍ တက်ကြွစွာ ဆောင်ရွက်သွားကြရန် လိုအပ်ပါသည်။

ယခုအခါ နိုင်ငံအနှံ့အပြားတွင် တိုင်းနှင့်ပြည်နယ် အသီးသီးနှင့် နယ်စပ်ဒေသပါမကျန် တည်ဆောက်ရေး၊ အခြေခံဘဝ မြှင့်တင်ရေးလုပ်ငန်းများ ရှိနေသဖြင့် စာနယ်ဇင်းသမားများက တာဝန်အရဖြစ်စေ၊ အဖွဲ့အစည်းအရဖြစ်စေ သွားရောက်လေ့လာ ရေးသားတင်ပြရန် လိုအပ်ပါသည်။

မြို့နယ်အလိုက် မဂ္ဂဇင်းများထုတ်ဝေရန် မြို့ခံအင်အားကို အခြေပြု၍ ဆောင်ရွက်ကြသည့် မြို့နယ်များ၏ လုပ်ရပ်ကို မှတ်တမ်းတင်ရမည် ဖြစ်ပါသည်။ သို့မှသာ ကလောင်သစ်များအား လေ့ကျင့်ပျိုးထောင်နိုင်ခြင်းနှင့်အတူ မြို့နယ်၊ ခရိုင်၊ တိုင်း၊ ပြည်နယ်တို့၏ ဖွံ့ဖြိုးမှု အခြေအနေ အမျိုးမျိုးကို သိရှိ၍ မှတ်တမ်းပြုနိုင်ကြလိမ့်မည် ဖြစ်ပါသည်။

မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့များမှာ လုပ်ငန်း သဘာဝအရ အဖွဲ့ဝင်အင်အား နည်းပါးပြီး နေ့စဉ်ထိတွေ့မှုလည်း မရှိတတ်သဖြင့် ခရိုင်အတွင်း နီးစပ်ရာ မြို့နယ်များ စုပေါင်း၍ စာဆိုတော်နေ့ ကျင်းပခြင်း၊ စာပေဟောပြောပွဲများ ကျင်းပခြင်းနှင့် စုပေါင်း လေ့လာခြင်း လုပ်ငန်းတို့ကို ဆောင်ရွက်သွားရန် ရှိပါသည်။ (လက်ရှိအားဖြင့် မန္တလေးတွင် မြို့နယ် ငါးမြို့နယ် စုပေါင်း၍ အမှုဆောင်များ အစည်းအဝေး ပြုလုပ်ညှိနှိုင်းခြင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် မြို့နယ် အဖွဲ့များအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး ကော်မတီကို ထားရှိပါသည်။)

www.burmeseclassic.com

www.burmeseclassic.com



**ဆက်လက်ဆောင်ရွက်ရန်လုပ်ငန်းများ**

အဖွဲ့ ဆက်လက် ရှင်သန် တိုးတက်မှုနှင့် စည်းရုံးရေး အင်အားတောင့်တင်းရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) "မြန်မာစာပေသမိုင်းအကျဉ်း" (အင်္ဂလိပ်ဘာသာ) ကို ဗဟိုအမှုဆောင် ဒေါက်တာ ခင်မောင်ညွန့်က ပြုစုရေးသားခဲ့ပြီး အလားတူ အင်္ဂလိပ်ဘာသာဖြင့် မြန်မာစာပေ ယဉ်ကျေးမှုအကြောင်းကို နိုင်ငံတကာ သိရှိစေမည့် စာအုပ်မျိုးကို ပြုစု ပုံနှိပ် ဖြန့်ချိရန် ဖြစ်ပါသည်။

(ခ) "တရုတ်ပြည်စာပေခရီး" အမှတ် (၁) (အင်္ဂလိပ်ဘာသာ) ထုတ်ဝေပြီး ဖြစ်၍ စာပေ ခရီးများအကြောင်း စာဖတ်သူတို့ လေ့လာ သိရှိဖွယ် နောက်ဆက်တွဲ စာစဉ်များ ထုတ်ဝေရန် စီစဉ်ရပါမည်။

(ဂ) မြန်မာစာပေတွင် ဂန္ထဝင် လက်ရာ ကျန်ရစ်သည့် ဆရာကြီး၊ ဆရာမကြီးများ၏ စာပေများကို စာပေါင်းချုပ်များအဖြစ် စာတွဲများခွဲကာ ဆက်လက်ထုတ်ဝေသွားရန် ဖြစ်ပါသည်။

(ဃ) စာပေနှင့် စာနယ်ဇင်းဆိုင်ရာ အမျိုးသမီးကဏ္ဍ လှုပ်ရှားမှုလုပ်ငန်းများတွင် အခြား လူမှုရေး အဖွဲ့အစည်းမှ အမျိုးသမီးများနှင့် ဆက်စပ်မိစေရန် စာပေနှင့် စာနယ်ဇင်း နည်းလမ်းဖြင့် ဆောင်ရွက်သွားရန် ဖြစ်ပါသည်။



(င) "မြန်မာစာပေ" အမည်ဖြင့် စာစောင်ကို အချိန်မှန် ဆက်လက်ထုတ်ဝေရန် ဖြစ်ပါသည်။

(စ) ကွင်းဆင်းစည်းရုံးထိတွေ့ရန်ကျန်နေသည့် တိုင်း၊ ခရိုင်၊ မြို့နယ်အသီးသီးသို့ ဗဟိုအမှုဆောင်များ အဆင်ပြေသလို ဆက်လက် သွားရောက်ကြရန် လိုအပ်ပါသည်။

(ဆ) အဖွဲ့၏အစီအစဉ်ဖြင့် ဝတ္ထု၊ ကဗျာ၊ ဆောင်းပါး ရေးနည်း သင်တန်း ပို့ချရေးလုပ်ငန်း စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်ပါသည်။

(ဇ) နှစ်စဉ် စာဆိုတော်ရာသီ စာပေဟောပြောပွဲများ၊ ရည်ရွယ်ချက် ပေါက်မြောက်ရေးနှင့် နိုင်ငံတော် မူဝါဒများနှင့် ညီညွတ်နိုင်ရန် ညွှန်ကြားချက်နှင့် မြို့နယ် အာဏာပိုင်များသို့ မေတ္တာရပ်ခံချက်များ နှစ်စဉ် ထုတ်ပြန်ရန် ဖြစ်ပါသည်။

(ဈ) အဖွဲ့ဝင်တိုင်း မပျက်မကွက် ပေးဆောင်ရမည့် နှစ်စဉ်ကြေးများ နှစ်အလိုက် အကြွင်းအကျန်မရှိ ပြေလည်စေရေးအတွက် မြို့နယ် အဖွဲ့များက စည်းရုံးဆောင်ရွက်ကြရန် ဖြစ်ပါသည်။

(ည) အဖွဲ့ပိုင် ဗဟိုဌာနချုပ်အဆောက်အအုံ ဖြစ်မြောက်ရေးအတွက် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ရန် ကျန်ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



( ၄ ) အဖွဲ့၏ မော်ကွန်း မှတ်တမ်းများ၊ ဓာတ်ပုံများကို စနစ်တကျ သိမ်းဆည်းသွားရန်နှင့် ကွန်ပျူတာဖြင့် သတင်းအချက်အလက်ထိန်းသိမ်းရေးကို စတင်ဆောင်ရွက် သွားရန်ဖြစ်ပါသည်။

## မြန်မာစာပေ အခြေအနေ

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ပထမအကြိမ်ညီလာခံနှင့် ဒုတိယအကြိမ် ညီလာခံသက်တမ်း ကာလအတွင်း မြန်မာစာပေနယ်ပယ်တွင် အပြောင်းအလဲများ ရှိခဲ့ပါသည်။

ဌာနဆိုင်ရာနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများက အပတ်စဉ်ဂျာနယ်များ ထုတ်ဝေလာကြပါသည်။ ပုဂ္ဂလိက ထုတ်ဝေသူများကလည်း ဂျာနယ်များ ထုတ်ဝေလာကြပါသည်။ ထိုဂျာနယ်များတွင် သတင်းထူး၊ သတင်းဦးများ၊ ထူးဆန်းသော ဖြစ်ရပ်များကို ဦးစားပေး၍ ဖော်ပြကြရာ ပရိသတ်တို့အထူးစိတ်ဝင်စားကြပါသည်။ အပတ်စဉ်ထုတ် ဂျာနယ်များ၏ အောင်မြင်မှုကြောင့် လစဉ်ထုတ်မဂ္ဂဇင်းများသည်ပင်လျှင် စောင်ရေကျဆင်းသွားသည်အထိ ဖြစ်လာခဲ့ရပါသည်။ ဂျာနယ်များ တိုးပွားလာမှုကြောင့် သတင်းဆောင်းပါးရေးသားသူ ဦးရေလည်း တိုးပွားလာကာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့လည်း အဖွဲ့ဝင် အဖြစ် ဆန္ဒပြုလျှောက်ထားသူများ တိုးပွားလာပါသည်။

စာပေ ရေးသား ပြုစုမှုတွင် ယခုအခါ စာပေပြိုင်ပွဲများ၊ စာပေဆုများ အရေအတွက် တိုး၍လာသဖြင့် ကလောင်သွေးသူ



များ၊ လက်ရာမြောက် အနုပညာရှင်များ ပေါ်ပေါက်လာကြပြီး မျိုးဆက်သစ်များ နေရာယူစ ရစ ဖြစ်သော အခြေအနေကို တွေ့ရပါသည်။

မြန်မာနိုင်ငံ၏ သမိုင်းမှန်၊ ဘဝမှန်နှင့် မြန်မာ့ယဉ်ကျေးမှုကို နိုင်ငံတကာက သိရှိရန်အတွက် မြန်မာစာပေ ကမ္ဘာသို့ ပြန့်ရေးမှာ အရေးထား ဆောင်ရွက်ရမည့်လုပ်ငန်း ဖြစ်လာပါသည်။ နိုင်ငံတကာသို့ မြန်မာစာပေရောက်ရှိရေးတွင် တိုင်းခြားဘာသာသို့ ပြန်ဆိုရန် မြန်မာစာပေလက်ရာမွန်များကို ရွေးချယ်မှု၊ အဆင့်အတန်းမီစွာ သရုပ်ဖော် ပုံနှိပ်မှုတို့အပြင် နိုင်ငံတကာ ဖြန့်ချိရေးကွန်ရက်များနှင့် ကုန်သွယ်မှု ဆက်စပ် ရန်အထိ အရေးပါကြောင်း တွေ့ရှိရပါသည်။

နိုင်ငံတကာနှင့် အာရှဒေသအတွင်း မြန်မာစာပေလက်ရာများ ထင်ရှားနိုင်ရန်အလို့ငှာ စာပေနှင့်စာနယ်ဇင်းသမားတို့ အချင်းချင်း ထိတွေ့၍ ယဉ်ကျေးမှု ဖလှယ်ခွင့်ရသည့် အလာအသွားအခါများ၌ ထုတ်ဖော်ဆွေးနွေး၍ နည်းလမ်းများ ရှာကြံသင့်ပါသည်။

မြန်မာစာပေ အစဉ်အလာ လမ်းကြောင်း မပျက်စေရန်အတွက် စာဖတ်ပရိတ်သတ် မျိုးဆက်သစ်များအား မြန်မာ့ရိုးရာစိတ်ထားနှင့် လူမှုဆက်ဆံရေး အခြေခံသဘောများကို ဖော်ကျူးသော စာပေများကို ဖတ်ရှုခွင့်၊ နားကြားခွင့်၊ အခြား လူထုဆက်သွယ်ရေး နည်းလမ်းများဖြင့် ဖော်ကျူးပြသခွင့်များကို အရှိန်အဟုန်ဖြင့် ဖန်တီးပေးသင့်သော အခြေအနေကို တွေ့ရပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့မှသာ အတွေးအခေါ် မှန်ကန်ရေး၊ စိတ်ဓာတ်မြင့်မားရေး၊ အမျိုးသား ယဉ်ကျေးမှု ထိန်းသိမ်းရေး ရည်ရွယ်ချက်တို့ အောင်မြင်နိုင်မည် ဖြစ်ပါသည်။

မြို့နယ်အသီးသီးတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ စာဖတ်ခန်းများမှအစ အသင်းအဖွဲ့များ၏ ကိုယ်ထူကိုယ်ထ စာဖတ်ခန်းများအထိ စနစ်တကျပေါ်ပေါက်ပွားများ စည်ပင်ရေးကို စာပေစာနယ်ဇင်း အဖွဲ့ဝင်များကလည်း ဝိုင်းဝန်းကူညီသင့်ပါသည်။

စာအုပ်စာစောင်များ ပုံနှိပ်ထုတ်ဝေရေး၌ စိစစ်ခွင့်ပြုသူတို့ အပိုင်းမှ မြန်ဆန်သွက်လက်စွာ စိစစ်၍ မှတ်ချက်ပြုနိုင်ရေးကိုလည်း လိုလားအပ်ပါသည်။ ထိုသို့ စိစစ်ခွင့်ပြုသော နည်းလမ်းကို ယခုထက်ပိုမို အဆင်ပြေစေသော နည်းလမ်းများဖြင့် အချိန်အခါ အားလျော်စွာ ပြုပြင်စီစဉ်ပေးရန်လည်း လိုအပ်မည်ဖြစ်ပါသည်။

စာပေ ထုတ်ဝေရေး လုပ်ငန်းသည် ဉာဏပိုင်းဆိုင်ရာ ပစ္စည်း *[Intellectual Property]* များနှင့် အကျုံးဝင်သဖြင့် ဖန်တီး ထုတ်လုပ်သူများ၏ မူပိုင်ခွင့် *[Copyright]* ကိစ္စကို ဥပဒေ စည်းကမ်းများ ပြဋ္ဌာန်း၍ ယခုထက် ခေတ်မီအောင် ပြုလုပ်ပေးခြင်းအားဖြင့် စာပေနှင့်စာနယ်ဇင်းလောက ဖွံ့ဖြိုးရေး၊ ထိုလောကအတွင်း ပိုင်ဆိုင်မှု၊ ကူးယူမှု ပြဿနာများ နည်းပါးရေးအပြင် ဂီတ၊ သဘင်၊ ရုပ်ရှင် စသည့် အနုပညာနယ်ပယ်များနှင့် ကူးလူး ဆက်စပ်မှုတွင် အဆင်ပြေစရာ



အကြောင်းကောင်းများ ရှိလာမည် ဖြစ်ပါသည်။

စာပေနှင့်စာနယ်ဇင်း လုပ်ငန်းနယ်ပယ်တွင် ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း၊ ဖြန့်ချိခြင်း၊ ဈေးနှုန်းသတ်မှတ်ခြင်း၊ ပို့ဆောင်စရိတ် ညှိနှိုင်းခြင်း၊ စာကြည့်တိုက် စသည်တို့အတွက် အထူးနှုန်းထားများ သတ်မှတ်ခြင်းကိစ္စတို့ကို ဆောင်ရွက်နိုင်ရန်အတွက် ပုံနှိပ်လုပ်ငန်းအသင်း၊ ထုတ်ဝေသူများအသင်း၊ ရောင်းချ ဖြန့်ချိသူများအသင်း အစရှိသော ကုန်သွယ် အဖွဲ့အစည်းများ ဥပဒေဘောင်အတွင်း၌ စနစ်တကျ ပေါ်ပေါက်ခြင်းဖြင့် နိုင်ငံ၏ မျက်နှာစာတစ်ရပ်ဖြစ်သော စာပေနှင့် စာနယ်ဇင်းလောက တည်တံ့ ဖွံ့ဖြိုးရေးနှင့် စာပေဖြင့် အသက်မွေးဝမ်းကျောင်းသူများအတွက် ဘဝဖူလုံရေးတို့ကို ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါသည်။

*[အထက်ဖော်ပြပါ မြန်မာစာပေအခြေအနေသည် အဖွဲ့၏ ဒုတိယအကြိမ် ညီလာခံ (၁၉၉၈ ခု ဇွန်လ) သို့ တင်သွင်းသော ဗဟိုအမှုဆောင် ကော်မတီ၏ အစီရင်ခံစာမှ ကောက်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။]*

## ပွဲ့စည်းမှု

ဒုတိယအကြိမ် ညီလာခံက ရွေးချယ်တင်မြှောက်ခဲ့သည့် ဗဟိုအမှုဆောင်ကော်မတီဝင် ဦးရေမှာ ၃၀ ဦး ဖြစ်ပါသည်။ ယင်းတို့အနက် ဥက္ကဋ္ဌ ဦးကျော်အောင် (ကျော်အောင်) သည် ၁၃-၂-၂၀၀၀ ရက်နေ့က ကွယ်လွန်ခဲ့ပြီး ဦးတင်စိုး (ဂုဏ်လင်း

www.burmeseclassic.com

www.burmeseclassic.com



ကျော်) သည် ဗဟိုအမှုဆောင်ကော်မတီဝင်အဖြစ်မှ အနားယူခဲ့သဖြင့် ဗဟိုအမှုဆောင်ကော်မတီဝင် ၂၈ ဦး ရှိခဲ့ပါသည်။ လစ်လပ်သွားသော ဥက္ကဋ္ဌနေရာတွင် ၂၁-၂-၂၀၀၀ ရက်နေ့က ကျင်းပခဲ့သော ဗဟိုအမှုဆောင် ကော်မတီ အစည်းအဝေး (၂/၂၀၀၀) ၌ ဒုတိယဥက္ကဋ္ဌ (၁) အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသော ဦးလှမြိုင် (ကိုဆောင်း) အား ဥက္ကဋ္ဌတာဝန်ကို ပေးအပ်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။ ထို့ပြင် ၂-၆-၂၀၀၀ ရက်နေ့ ဗဟိုအမှုဆောင်ကော်မတီ အထူးအစည်းအဝေး (၂) တွင် လစ်လပ်နေသော ဗဟိုအမှုဆောင်ကော်မတီဝင်နှစ်ဦး နေရာ၌ ပြန်ကြားရေး ဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးမြင့်သိန်းနှင့် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန စာပေ စိစစ်ရေးနှင့် မှတ်ပုံတင် ဌာနခွဲ ညွှန်ကြားရေးမှူး ဦးအေးထွန်းတို့အား ဗဟိုအမှုဆောင်ကော်မတီက ဖြည့်စွက်ခဲ့ပြီး ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ သို့ပါ၍ ၂-၆-၂၀၀၀ ရက်နေ့က ပြင်ဆင် ဖွဲ့စည်းခဲ့သော ဗဟိုအမှုဆောင်ကော်မတီဝင်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

## မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့
## ဗဟိုအမှုဆောင်ကော်မတီ

| | | |
|---|---|---|
| ၁။ | ဦးလှမြိုင် | ဥက္ကဋ္ဌ |
| ၂။ | ဦးတင်ခ (တက္ကသိုလ်တင်ခ) | ဒုတိယဥက္ကဋ္ဌ (၁) |
| ၃။ | ဦးသန်းမောင် | ဒုတိယဥက္ကဋ္ဌ (၂) |
| ၄။ | ဗိုလ်မှူးကြီးမြင့်သိန်း (မြင့်သိန်း-မအူပင်) | ဒုတိယဥက္ကဋ္ဌ (၃) |
| ၅။ | ဦးလှထွန်း (လှထွန်း-တွံတေး) | အတွင်းရေးမှူး |
| ၆။ | ဦးချစ်နိုင် (ချစ်နိုင်-စိတ်ပညာ) | တွဲဖက်အတွင်းရေးမှူး (၁) |
| ၇။ | ဒေါ်မြမြသန်း (မနှင်းဖွေး) | တွဲဖက်အတွင်းရေးမှူး (၂) |
| ၈။ | ဒေါက်တာတင်ထွန်းဦး (ဒေါက်တာတင်ထွန်းဦး) | တွဲဖက်အတွင်းရေးမှူး (၃) |
| ၉။ | ဦးမြင့်ကြွယ် (မောင်မြင့်ကြွယ်) | တွဲဖက်အတွင်းရေးမှူး (၄) |
| ၁၀။ | ဦးစောမြင့် (မောင်စောမြင့်) | ဘဏ္ဍာရေးမှူး |
| ၁၁။ | ဦးမောင်ဝင်း (မောင်ဝင်း-စာပေ) | စာရင်းစစ်အဖွဲ့ခေါင်းဆောင် |
| ၁၂။ | ဦးမျိုးသန့် (မောင်ဆုရှင်) | ဗဟိုအမှုဆောင် |
| ၁၃။ | ဒေါက်တာခင်မောင်ညွန့် (ဒေါက်တာခင်မောင်ညွန့်) | ဗဟိုအမှုဆောင် |
| ၁၄။ | ဒေါ်ရင်ရင် (စောမုံညင်း) | ဗဟိုအမှုဆောင် |
| ၁၅။ | ဦးခင်မောင်ထွန်း (ခင်မောင်ထွန်း-လမ်းမတော်) | ဗဟိုအမှုဆောင် |
| ၁၆။ | ဦးရဲတင့် (ရဲတင့်) | ဗဟိုအမှုဆောင် |



www.burmeseclassic.com

www.burmeseclassic.com



၁၇။ ဦးကျော်မင်း (မင်းကျော်မင်း) — ဗဟိုအမှုဆောင်
၁၈။ ဦးကြည်ညွန့် (ချစ်ကြည်ရေးကြည်ညွန့်) — ဗဟိုအမှုဆောင်
၁၉။ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်) — ဗဟိုအမှုဆောင်
၂၀။ ဦးဝင်းဖေ (မုံရွာဝင်းဖေ) — ဗဟိုအမှုဆောင်
၂၁။ ဒေါက်တာတင်ရွှေ (ဆရာဝန်တင်ရွှေ) — ဗဟိုအမှုဆောင်
၂၂။ ဦးကြည်လွင် (ကာတွန်းငွေကြည်) — ဗဟိုအမှုဆောင်
၂၃။ ဦးလှိုင်ကြွယ် (ကာတွန်းမောင်ဝဏ္ဏ) — ဗဟိုအမှုဆောင်
၂၄။ ဦးအုံးဖေ (အုံးဖေ-ပခုက္ကူ) — ဗဟိုအမှုဆောင်
၂၅။ ဒေါ်ခင်ခင်စိန် (ယုဝတီခင်စိန်လှိုင်) — ဗဟိုအမှုဆောင်
၂၆။ ဒေါက်တာမောင်မောင် (မောင်ဆင်ခြင်) — ဗဟိုအမှုဆောင်
၂၇။ ဦးကျော်ဝင်း (မနုဿကျော်ဝင်း) — ဗဟိုအမှုဆောင်
၂၈။ ဦးသန်းလှိုင် (တက္ကသိုလ်သန်) — ဗဟိုအမှုဆောင်
၂၉။ ဦးခင်ဆွေ (ရွှေစွန်ညို) — ဗဟိုအမှုဆောင်
၃၀။ ဦးအေးထွန်း (ထက်အောင်) — ဗဟိုအမှုဆောင်

ဗဟိုအမှုဆောင် ကော်မတီသည် အဖွဲ့၏ လုပ်ငန်းများ



ရှင်သန်ထက်မြက် ချောမောအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် အောက်ဖော်ပြပါ လုပ်ငန်းအဖွဲ့များကို ဗဟိုအမှုဆောင်ကော်မတီဝင်များနှင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

(က) စည်းရုံးရေးလုပ်ငန်းအဖွဲ့
(ခ) ဘဏ္ဍာရေးလုပ်ငန်းအဖွဲ့
(ဂ) စာပေထုတ်ဝေရေးလုပ်ငန်းအဖွဲ့
(ဃ) ရန်ပုံငွေ ရှာဖွေရေးလုပ်ငန်းအဖွဲ့
(င) သက်သာချောင်ချိရေးလုပ်ငန်းအဖွဲ့
(စ) ပုံနှိပ်တိုက်ကြီးကြပ်ရေးလုပ်ငန်းအဖွဲ့
(ဆ) နိုင်ငံခြားဆက်သွယ်ရေးလုပ်ငန်းအဖွဲ့
(ဇ) စာရင်းစစ်အဖွဲ့
(ဈ) မဂ္ဂဇင်းထုတ်ဝေရေးလုပ်ငန်းအဖွဲ့

## စည်းရုံးရေးလုပ်ငန်း

စည်းရုံးရေး အခြေအနေနှင့် စည်းရုံးဆောင်ရွက်မှုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) အစီရင်ခံသည့်ကာလအတွင်း စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် စုစုပေါင်း ၅၇၅၈ ဦး ရှိပါသည်။ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ၁၅၄ဖွဲ့နှင့် စည်းရုံးရေးကော်မတီ ငါးဖွဲ့တို့ကို ဖွဲ့စည်းထားရှိပြီး ဖြစ်ပါသည်။ ဒုတိယအကြိမ် ညီလာခံ ကျင်းပပြီးသည့်

www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်း ၂၄-၆-၉၈ မှ ၃၀-၃-၂၀၀၀ အတွင်း အဖွဲ့ဝင် အင်အား ၄၂၈ ဦး တိုးပွားလာပါသည်။ အဖွဲ့ဝင် အင်အား တိုးပွားရေးကို စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် ဗဟို အမှုဆောင် ကော်မတီဝင် သုံးဦးအား တာဝန် ပေးအပ်ကာ အဖွဲ့ဝင် စိစစ်ရေးကိစ္စကို လစဉ်ပုံမှန် ဆောင်ရွက် လျက်ရှိသဖြင့် ယခင်ကကဲ့သို့ အဖွဲ့ဝင်ခွင့်ကိစ္စများ ကြန့်ကြာမှုမရှိဘဲ သွက်လက်မြန်ဆန်လာပါသည်။

( ခ ) စာပေနှင့် စာနယ်ဇင်း အဖွဲ့အစည်း အဆင့်ဆင့် ဖွဲ့စည်းမှု ကျစ်လျစ်ခိုင်မာရေး၊ စည်းရုံးလှုပ်ရှားမှု သွက်လက် ထက်မြက်စေရေး၊ ခိုင်မာမှု ပိုမိုဖြစ်ပေါ် ရေး၊ ဗဟိုနှင့် မြို့နယ်အဖွဲ့အစည်းများ ထိတွေ့မှု ပိုမိုရရှိရေး၊ မြို့နယ်များ၏ အခြေအနေအရပ်ရပ် ကို ဗဟိုအနေဖြင့် အစဉ်သိရှိစေရေး ဟူသော ရည် ရွယ်ချက်ဖြင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ မြို့နယ်များသို့ ဆင်း၍ စည်းရုံး ဆောင်ရွက်ရေးကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက် နိုင်ရန် စည်းရုံးရေး နယ်မြေ သတ်မှတ်၍ တာဝန် ပေးအပ်ခဲ့ပါသည်။

( ဂ ) မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်အောင် (ကျော်အောင်) သည် ဗဟိုအမှု ဆောင် ကော်မတီဝင်များဖြစ်ကြသော ဦးသန်းလှိုင် (တက္ကသိုလ်သန်း)၊ ဦးခင်ဆွေ (ရွှေစွန်ညို) တို့နှင့်



အတူ ၂၂-၁၀-၉၉ နေ့မှ ၂၅-၁၀-၉၉ နေ့အထိ ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ်နှင့် ကျုံမငေးမြို့များ သို့ သွားရောက်၍ မြို့နယ်စာပေနှင့် စာနယ်ဇင်း အဖွဲ့ ပြန်လည်ဖွဲ့စည်းရေး၊ စာပေဟောပြောပွဲများ၊ စာပေဆွေးနွေးပွဲများ ကျင်းပရေး၊ အဖွဲ့ဝင်အင်း အာ တိုးချဲ့စည်းရုံးရေး၊ မြန်မာစာပေမြှင့်တင် ရေးကိစ္စ တို့ကို ကွင်းဆင်းဆောင်ရွက်ခဲ့ပါသည်။

( ဃ ) ထို့အပြင် ဥက္ကဋ္ဌ ဦးကျော်အောင် (ကျော်အောင်) သည် ဗဟိုအမှုဆောင် ကော်မတီဝင်များ ဖြစ်ကြ သော ဦးသန်းလှိုင် (တက္ကသိုလ်သန်း)၊ ဦးခင်ဆွေ (ရွှေစွန်ညို) တို့နှင့်အတူ ၂၁-၁၂-၉၉ နေ့မှ ၂၃- ၁၂-၉၈ နေ့အထိ စာပေဟောပြောပွဲနှင့် စာပေ စည်းရုံးရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဧရာဝတီတိုင်း မြောင်းမြမြို့နယ်သို့ ကွင်းဆင်း ဆောင်ရွက်ခဲ့ပါသည်။

( င ) အလားတူ ဥက္ကဋ္ဌ ဦးကျော်အောင် (ကျော်အောင်) သည် ဗဟိုအမှုဆောင် ကော်မတီဝင်များ ဖြစ်ကြ သော ဦးသန်းလှိုင် (တက္ကသိုလ် သန်း)၊ ဦးခင်ဆွေ (ရွှေစွန်ညို) တို့နှင့်အတူ ၂၆-၁၂-၉၉ မှ ၂၈-၁၂- ၉၉ နေ့အထိ သံဖြူဇရပ်မြို့နယ် စာပေနှင့်စာနယ် ဇင်းအဖွဲ့ ဖွဲ့စည်းရေး၊ မော်လမြိုင်၊ ချောင်းဆုံ၊ ရေးနှင့် မုဒုံမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့တို့

www.burmeseclassic.com

www.burmeseclassic.com



မှ မြို့နယ် အမှုဆောင် ကော်မတီဝင်များ၊ စာပေနှင့် စာနယ်ဇင်း အဖွဲ့ဝင်များနှင့် တွေ့ဆုံ ဆွေးနွေးရေး ကိစ္စများကို ဆောင်ရွက်နိုင်ရန် မွန်ပြည်နယ်သို့ ကွင်းဆင်းဆောင်ရွက်ခဲ့ပါသည်။

( စ ) ထိုနည်းတူ ဥက္ကဋ္ဌ ဦးကျော်အောင် (ကျော်အောင်) သည် ဗဟိုအမှုဆောင် ကော်မတီဝင် ဦးကျော်ဝင်း (မနုဿကျော်ဝင်း) နှင့်အတူ ၂၁-၁-၂၀၀၀ နေ့တွင် ဧရာဝတီတိုင်း မအူပင်မြို့နယ်သို့ သွားရောက်၍ စာပေ ဟောပြောပွဲ ကိစ္စ၊ စာပေစည်းရုံးရေးကိစ္စတို့ကို ကွင်းဆင်း ဆောင်ရွက်ခဲ့ပါသည်။

( ဆ ) မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်အောင် (ကျော်အောင်) သည် ဗဟိုအမှုဆောင်ကော်မတီဝင် ဦးမျိုးသန့် (မောင်ဆုရှင်) နှင့်အတူ ၉-၂-၂၀၀၀ နေ့မှ ၁၁-၂-၂၀၀၀ နေ့အထိ ရှမ်းပြည်နယ် တာချီလိတ်မြို့နယ် ရွှေတြိဂံဒေသသို့ သွားရောက်၍ စာပေ ဟောပြောပွဲ ကိစ္စ၊ စာပေစည်းရုံးရေးကိစ္စတို့ကို ကွင်းဆင်း ဆောင်ရွက်ခဲ့ပါသည်။

( ဇ ) မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ (၁) ဦးလှမြိုင် (ကိုဆောင်း) သည် ဗဟိုအမှုဆောင်ကော်မတီဝင်များဖြစ်ကြသော ဦးသန်းလှိုင် (တက္ကသိုလ် သန်း)၊ ဦးခင်ဆွေ (ရွှေစွန်ညို)



တို့နှင့်အတူ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည် လုပ်ငန်းဆိုင်ရာ အစည်းအဝေးများသို့ တက်ရောက် အားပေးခဲ့ပါသည်။ အလားတူ အတွင်းရေးမှူး ဦးလှထွန်း (လှထွန်း-တွံတေး)၊ တွဲဖက်အတွင်းရေးမှူး (၁) ဦးချစ်နိုင် (ချစ်နိုင်-စိတ်ပညာ)၊ ဗဟိုအမှုဆောင် ကော်မတီဝင်များ ဖြစ်ကြသော ဦးကျော်ဝင်း (မနုဿကျော်ဝင်း)၊ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်) နှင့် ဒေါ်ခင်ခင်စိန် (ယုဝတီ ခင်စိန်လှိုင်) တို့သည်လည်း မြို့နယ် နှစ်ပတ်လည် လုပ်ငန်းဆိုင်ရာ အစည်းအဝေးများသို့ တက်ရောက်ခဲ့ကြပါသည်။

( ဈ ) မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ (၁) နှင့် ဦးလှမြိုင် (ကိုဆောင်း) သည် ဗဟိုအမှုဆောင်ကော်မတီဝင်များဖြစ်ကြသော ဦးသန်းလှိုင် (တက္ကသိုလ် သန်း)၊ ဦးခင်ဆွေ (ရွှေစွန်ညို) နှင့်အတူ မြို့နယ် ဥက္ကဋ္ဌများ ပါဝင်လျက် ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ်နှင့် ဒေါပုံမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ အမှုဆောင်ကော်မတီ အတွင်းစည်းလုံးညီညွတ်မှု ရရှိရေး၊ စာပေ စာနယ်ဇင်း အဖွဲ့ဆိုင်ရာ လုပ်ငန်းများကို စုပေါင်းဆောင်ရွက်မှုနှင့် တစ်ဦးချင်း တာဝန်ခွဲဝေမှုစနစ်

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ဆောင်ရွက်ရေး၊ စာပေစည်းရုံးရေးလုပ်ငန်းများ သွက်လက်ထက်မြက်ရေးတို့အတွက် သက်ဆိုင်ရာ အမှုဆောင်ကော်မတီဝင်များနှင့် တွေ့ဆုံ၍ ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ခဲ့ပါသည်။

(ည) မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး (၁) ဦးချစ်နိုင် (ချစ်နိုင်-စိတ်ပညာ) နှင့် ဗဟို အမှုဆောင်ကော်မတီဝင် ဦးခင်ဆွေ (ရွှေစွန်ညို) တို့သည် ၁၉၉၉ ခုနှစ် အောက်တိုဘာလအတွင်း ရန်ကုန်တိုင်း ဒလ၊ တွံတေး၊ ကွမ်းခြံကုန်းနှင့် ကော့မှူးမြို့နယ်များသို့ ကွင်းဆင်း၍ သက်ဆိုင်ရာ မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ အမှုဆောင် ကော်မတီဝင်များနှင့် တွေ့ဆုံကာ စည်းရုံး လှုပ်ရှားမှု သွက်လက် ထက်မြက်ရေး၊ အဖွဲ့ဝင်အင်အား တိုးချဲ့စည်းရုံးရေး၊ ဖွဲ့စည်းမှု ကျစ်လစ်ခိုင်မာရေးတို့ကို ဆွေးနွေး ဆောင်ရွက်ခဲ့ပါသည်။

(ဋ) မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ကော်မတီသည် နိုင်ငံတော်ပိုင်းဆိုင်ရာ ဝန်ကြီးဌာနများ၊ လူမှုရေးအဖွဲ့အစည်းများက အခါအားလျော်စွာ ပြုလုပ်သည့် အစည်းအဝေးများသို့ တက်ရောက်ခဲ့ကြပါသည်။

(ဌ) မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ (၁) ဦးလှမြိုင် (ကိုဆောင်း)၊ အတွင်းရေးမှူး ဦးလှထွန်း (လှထွန်း-တွံတေး)၊ တွဲဖက်အတွင်းရေးမှူး (၄) ဦးမြင့်ကြွယ် (မောင်မြင့်ကြွယ်) နှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ ဖြစ်ကြသည့် ဦးသန်းလှိုင် (တက္ကသိုလ် သန်း)၊ ဦးခင်ဆွေ (ရွှေစွန်ညို) တို့ပါဝင်သော စည်းရုံးရေး လုပ်ငန်းအဖွဲ့သည် ဗဟိုဦးစီး အစည်းအဝေး ကျင်းပရေးကိစ္စနှင့် နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်းကို မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့များက ဝယ်ယူအားပေးရေးကိစ္စတို့နှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် ၃-၃-၂၀၀၁ ရက်နေ့တွင် တစ်ကြိမ်၊ ၉-၃-၂၀၀၁ ရက်နေ့တွင် တစ်ကြိမ် ဗဟိုအဖွဲ့ရုံး၌ ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

(ဍ) ထို့အပြင် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး (၁) ဦးချစ်နိုင် (ချစ်နိုင်-စိတ်ပညာ)၊ တွဲဖက်အတွင်းရေးမှူး (၃) ဒေါက်တာတင်ထွန်းဦး (ဒေါက်တာတင်ထွန်းဦး) နှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ ဖြစ်ကြသည့် ဦးမျိုးသန့် (မောင်ဆုရှင်)၊ ဒေါက်တာတင်ရွှေ (ဆရာဝန်တင်ရွှေ)၊ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)၊ ဦးကျော်ဝင်း၊ (မနုဿ ကျော်ဝင်း)၊ ဦးသန်းလှိုင် (တက္ကသိုလ်သန်း)၊ ဒေါ်ရင်ရင် (စောမုံညင်း) နှင့် ဒေါ်ခင်ခင်စိန် (ယုဝတီခင်စိန်လှိုင်) တို့ အပါအဝင် ဗဟိုအမှုဆောင်များနှင့် အဖွဲ့ဝင် စာရေးဆရာများ



www.burmeseclassic.com

www.burmeseclassic.com



သည် ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ မန္တလေးတိုင်းနှင့် ပြည်နယ်အချို့ရှိ မြို့နယ်တို့၌ ကျင်းပခဲ့သည့် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေ ဟောပြောပွဲများသို့ တက်ရောက်၍ စာပေ ဟောပြောခဲ့ကြပါသည်။

(ပ) အလားတူပင် ဗဟိုအမှုဆောင်ကော်မတီဝင်များ ဖြစ်ကြသည့် ဦးအုံးဖေ (အုံးဖေ-ပခုက္ကူ) နှင့် ဦးခင်ဆွေ (ရွှေစွန်ညို) တို့သည် ဧရာဝတီတိုင်း ဘိုကလေးမြို့နှင့် မြင်းကကုန်းမြို့၊ ပဲခူးတိုင်း ပဲခူးမြို့၊ ကရင်ပြည်နယ် ဘားအံမြို့၊ မွန်ပြည်နယ် မော်လမြိုင်မြို့များသို့ ကွင်းဆင်း၍ မြို့နယ်အမှုဆောင်များ၊ စာပေ စာနယ်ဇင်းအဖွဲ့ဝင်များ၊ စာပေ ပညာရှင်များနှင့် တွေ့ဆုံ ဆွေးနွေးခြင်း၊ စာပေ ဟောပြောပွဲများသို့ တက်ရောက်၍ စာပေရေးရာများကို ဟောပြောခဲ့ ကြပါသည်။

**ပခုက္ကူ ဦးအုံးဖေ စာပေဆု အခမ်းအနားများတွင် ပါဝင်ဆောင်ရွက်ခြင်း**

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန ပခုက္ကူ ဦးအုံးဖေ စာပေဆု ရန်ပုံငွေ ကြီးကြပ်ရေးကော်မတီက ကြီးမှူးကျင်းပသည့် စာပေဆုချီးမြှင့်ပွဲ အခမ်းအနားများကို ရန်ကုန်မြို့နှင့် ပခုက္ကူမြို့တို့တွင် တစ်လှည့်စီ



ကျင်းပလေ့ရှိပါသည်။ ၁၉၉၈ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆုပေးပွဲကို ၁၉၉၉ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့က ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ကလည်း ပါဝင်၍ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ဆုပေးပွဲ အခမ်းအနားသို့ စာပေဆုအလှူရှင် ဦးအုံးဖေ အပါအဝင် ပခုက္ကူမြို့မှ ဧည့်သည် ၄၀ ဦးနှင့် ဆုရကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ ဧည့်သည်များနှင့် ဆုရ ကျောင်းသားကျောင်းသူများကို ကျိုက္ကဆံကွင်းရှိ အိပ်ဆောင်များတွင် တည်းခိုနိုင်ရန်၊ လှိုင်သာယာ စက်မှုဇုန်နှင့် ပဲခူးမြို့သို့ လေ့လာရေးခရီးများ သွားရောက်လေ့လာစေရန် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဒေါက်တာတင်ရွှေ (ဆရာဝန်တင်ရွှေ) ဦးဆောင်၍ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးခင်ဆွေ (ရွှေစွန်ညို) နှင့် မြို့နယ်ဥက္ကဋ္ဌ၊ အမှုဆောင်များ ပါဝင်သောအဖွဲ့က စခန်းသွင်းတာဝန်နှင့် လေ့လာရေးခရီးစဉ်များကို တာဝန်ယူစီစဉ် ဆောင်ရွက်ခဲ့ပါသည်။

၁၉၉၉ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆုပေးပွဲ အခမ်းအနားကို ၁၈-၁-၂၀၀၀ နေ့က မကွေးတိုင်း ပခုက္ကူမြို့၌ ကျင်းပခဲ့ပါသည်။ အဆိုပါအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) နှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပခုက္ကူဦးအုံးဖေစာပေဆု

www.burmeseclassic.com

www.burmeseclassic.com



စိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များနှင့် ဆုရရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ အခမ်းအနားသို့ စာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များဖြစ်ကြသော မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် ဥက္ကဋ္ဌ ဦးကျော်အောင် (ကျော်အောင်) နှင့် ဗဟိုအမှုဆောင်ကော်မတီ တွဲဖက်အတွင်း ရေးမှူး ဦးမြင့်ကြွယ် (မောင်မြင့်ကြွယ်) တို့ တက်ရောက်ခဲ့ကြသည့်အပြင် အဆိုပါ ဆုပေးပွဲ အခမ်းအနားသို့ တက်ရောက်အားပေးလိုသော ရန်ကုန်တိုင်းမှ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များကလည်း သက်ဆိုင်ရာ၏သဘောတူညီချက်အရ မိမိတို့၏ အစီအစဉ်ဖြင့် လိုက်ပါ၍ ဆုပေးပွဲသို့ တက်ရောက်အားပေးခဲ့ကြပါသည်။

## စာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီး စာပေပညာရှင်များအား ကန်တော့ပွဲ ကျင်းပခြင်း

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သည် သက်ကြီးစာပေ ပညာရှင်များအား ကန်တော့ပွဲကို နှစ်စဉ် မပျက်အောက်ပါ ရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့ပါသည်။

(က) စာပေနှင့် နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးကို ဆောင်ရွက်ခဲ့သည့် စာပေပညာရှင်ကြီးများ၏ စာပေဂုဏ်၊ ပညာဂုဏ်တို့ကို ဂုဏ်ပြုပူဇော်ရန်၊
(ခ) အသက်အရွယ် ကြီးရင့်၍ အိုမင်းမစွမ်းရှိနေသည့် စာပေ ပညာရှင်ကြီးများအား တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေရန်၊



(ဂ) နိုင်ငံတော် အတွင်း၌ စာပေ ပညာရှင်များနှင့် စာကောင်းပေမွန်တို့ကို မြတ်နိုး တန်ဖိုးထားသော စိတ်ဓာတ် ပြန့်ပွား၍ စာပေဖြင့် နိုင်ငံဖွံ့ဖြိုးအောင် တစ်ဖက်တစ်လမ်းမှ ပြုစုပျိုးထောင်နိုင်ခြင်း အနှစ်သာရ သဘောကို ပေါ်လွင်စေရန်၊
(ဃ) ခေတ်ပြိုင် စာရေးဆရာ၊ သတင်းစာဆရာများ၏ ချစ်ကြည် ရင်းနှီး စည်းလုံး ပေါင်းစည်းမှုကို အထောက်အကူဖြစ်စေရန်၊
(င) ပြည်သူတို့ စာပေတန်ဖိုးဖြင့် အကျိုးကျေးဇူးကို အစဉ်သတိရစေရန်။

## ၁၃၆၀ ပြည့်နှစ် သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲ

၁၃၆၀ ပြည့်နှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့နှင့် သက်ကြီးစာပေ ပညာရှင်များ ကန်တော့ပွဲကို ၂၀-၁၁-၉၈ နေ့တွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ သက်ကြီးစာပေပညာရှင် ၉၈ ဦးအား လှူဖွယ်ပစ္စည်းများနှင့် အတူ ငွေသား ၂၄၆၆၆ ကျပ်စီဖြင့် ပူဇော် ကန်တော့ခဲ့ပါသည်။ အဆိုပါ လုပ်ငန်းများအတွက် လုပ်ငန်းကော်မတီ ခြောက်ခု ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

ယင်းကန်တော့ပွဲတွင် ရန်ကုန်မြို့တော်ခန်းမသို့ မတက်ရောက်နိုင်သည့် ရန်ကုန်တိုင်း မြို့နယ်များမှ အကန်တော့ခံ သက်ကြီး စာပေပညာရှင်များထံ အဖွဲ့ဥက္ကဋ္ဌ ဦးကျော်အောင် (ကျော်အောင်)၊ ဒုတိယ ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း) နှင့်

www.burmeseclassic.com

www.burmeseclassic.com



ဗဟို အမှုဆောင်များက အိမ်တိုင်ရာရောက် သွားရောက် ကန်တော့ခံခဲ့ကြပါသည်။ အလားတူပင် အသက်အရွယ် ကြီးရင့်၍ ရန်ကုန်မြို့သို့ မလာရောက်နိုင်သော မန္တလေးမြို့မှ စာပေပညာရှင်ကြီးများထံ ဥက္ကဋ္ဌ ဦးကျော်အောင် (ကျော်အောင်) နှင့် ဗဟိုအမှုဆောင်ကော်မတီဝင် ဦးမျိုးသန့် (မောင်ဆုရှင်)တို့က လည်းကောင်း၊ ပျဉ်းမနားမြို့ရှိ သက်ကြီးစာပေပညာရှင်ထံသို့ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးခင်ဆွေ (ရွှေစွန်ညို)ကလည်းကောင်း အိမ်တိုင်ရာရောက် သွားရောက်၍ ကန်တော့ခဲ့ကြသည်။

## ၁၃၆၁ ခုနှစ် သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲ

၁၃၆၁ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့နှင့် သက်ကြီးစာပေ ပညာရှင်များ ကန်တော့ပွဲကို ၁၁-၁၂-၉၉ နေ့တွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့ရာ သက်ကြီး စာပေပညာရှင် ၁၀၈ ဦးအား တစ်ဦးလျှင် လှူဖွယ်ပစ္စည်းများနှင့်အတူ ငွေသားကျပ် ၄၅၀၀၀ စီတို့ဖြင့် ပူဇော်ကန်တော့ခဲ့ပါသည်။

မြို့တော်ခန်းမသို့ မတက်ရောက်နိုင်သော ရန်ကုန်တိုင်း မြို့နယ်များမှ အကန်တော့ခံ သက်ကြီးစာပေ ပညာရှင်များထံ အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်အောင် (ကျော်အောင်)၊ ဒုတိယ ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း) နှင့် ဗဟိုအမှုဆောင်များက အိမ်တိုင်ရာရောက် သွားရောက် ကန်တော့ခဲ့ကြပါသည်။ အလားတူပင် ၁၃၆၁ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့နှင့် သက်ကြီး စာပေပညာရှင်များ ကန်တော့ပွဲသို့ မတက်ရောက်နိုင်သော မန္တလေး



မြို့မှ စာပေပညာရှင်များထံ ဗဟိုအမှုဆောင်ကော်မတီဝင်များ ဖြစ်ကြသော ဦးခင်ဆွေ (ရွှေစွန်ညို) နှင့် ဒေါက်တာမောင်မောင် (မောင်ဆင်ခြင်) တို့က မန္တလေး ငါးမြို့နယ်မှ စာပေနှင့် စာနယ်ဇင်း အမှုဆောင်များနှင့်အတူ အိမ်တိုင်ရာရောက် သွားရောက် ကန်တော့ခဲ့ကြသည်။

အဆိုပါ ကန်တော့ပွဲအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကျပ် ၅၄၀၀၀၀၊ ရန်ကုန်မြို့တော်ဝန်က ကျပ် ၅၃၅၀၀၀၊ မန္တလေးမြို့တော်ဝန်က ကျပ် ၃၀၀၀၀၀ နှင့် ပြည်ထဲရေးဝန်ကြီးဌာနက ကျပ် ၂၀၈၂၅၀၀ ပါဝင် လှူဒါန်းခဲ့ကြပါသည်။

ယင်းပူဇော် ကန်တော့ပွဲများသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁)နှင့် ဝန်ကြီးများ၊ မြို့တော်ဝန်၊ ဒုတိယ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ အမှုဆောင်ကော်မတီဝင်များ၊ အလှူရှင်များ တက်ရောက်ခဲ့ကြပါသည်။

## မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးပြပွဲတွင် ပါဝင်ပြသခြင်း

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ၁၉၉၈ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့မှ ၃၀ ရက်နေ့အထိ ရက်ပေါင်း ၃၀ တိတိ ခင်းကျင်း

www.burmeseclassic.com

www.burmeseclassic.com



ပြသခဲ့ပါသည်။ အဆိုပါ ပြပွဲတွင် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ကလည်း ပါဝင်ပြသခွင့် ရရှိခဲ့ပါသည်။ အဆိုပါပြပွဲတွင် ခမ်းနားသိုက်မြိုက်စွာ ပြသနိုင်ရန်အတွက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်အောင် (ကျော်အောင်) ခေါင်းဆောင်၍ အဖွဲ့ဝင် ၁၄ ဦး၊ စုစုပေါင်း ၁၅ ဦး ပါဝင်သော ပြခန်း ခင်းကျင်း ပြသရေး ဆပ်ကော်မတီကို စနစ်တကျ ဖွဲ့စည်း၍ စာအုပ်စာတမ်းများကို ခင်းကျင်းပြသနိုင်ခဲ့ပါသည်။

ထိုပြခန်းကို ဖွင့်လှစ် ပြသထားသော ကာလအတွင်း လာရောက်ကြည့်ရှုသူများကို ရှင်းလင်း ပြသပေးရန် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်ပေါင်း ၃၀ မှ မြို့နယ် စာပေနှင့် စာနယ်ဇင်း အဖွဲ့များက တစ်ရက်လျှင် တစ်မြို့နယ်ကျစီ၊ တစ်မြို့နယ်လျှင် နှစ်ဦးကျစီ လာရောက်၍ လုပ်အားပေး ကူညီခဲ့ကြပါသည်။

## မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပုဂံဘုရားအမှတ် (၇၆၂) အနေကဇာတင်ပွဲ ကျင်းပခြင်း

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့သည် ပုဂံမြို့ရှိ စေတီပုထိုးများ ပြုပြင်ရန် နိုင်ငံတော်မှ မြေကွက် ရရှိသော အဖွဲ့ဝင်များထံမှ အလှူငွေများ ကောက်ခံခဲ့ရာ အလှူငွေ ကျပ် ၁၂၁၂၀၀၀ ရရှိခဲ့ပါသည်။ ထိုအလှူငွေများကို ပုဂံမြို့ရှိ ရှေးဟောင်းစေတီပုထိုးများ ပြုပြင်ရန် ရည်မှန်း၍ ၁၉၅၉ ခုနှစ်



စာဆိုတော်နေ့ သက်ကြီးစာပေ ပညာရှင်များ ပူဇော်ကန်တော့ပွဲ အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁)ထံသို့ ပေးအပ်လှူဒါန်းခဲ့ပါသည်။

ယင်းငွေများဖြင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာနက မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့အား ပုဂံမြို့ရှိ ရှေးဟောင်းဘုရား အမှတ် (၇၆၂) ကို ပြုပြင်လှူဒါန်းခွင့်ပြုပြီး ပြင်ဆင် မွမ်းမံမှုများကို ဆောင်ရွက်ပေးခဲ့ပါသည်။ ၁၉၉၉ ခုနှစ် မတ်လ ၁ ရက်နေ့ (တပေါင်းလပြည့်နေ့) တွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ပြုပြင်လှူဒါန်းသည့် ပုဂံရှေးဟောင်းဘုရားအမှတ် (၇၆၂) ဘုရားအနေကဇာတင်လှူပူဇော်ပွဲ ဥက္ကဋ္ဌ ဦးကျော်အောင် (ကျော်အောင်) အမှူးပြုသည့် ဗဟိုအမှုဆောင် ကော်မတီဝင်များ၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များက ပုဂံမြို့သို့ သွားရောက်၍ အနေကဇာတင်ကာ လှူဒါန်းပူဇော်ခဲ့ကြပါသည်။ ပုဂံညောင်ဦးမြို့နယ်မှ ကြွရောက်တော်မူလာကြသည့် သံဃာတော် အရှင်သူမြတ်တို့ကိုလည်း လှူဖွယ်ပစ္စည်းဝတ္ထု အစုစုတို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

## စာပေထုတ်ဝေရေးလုပ်ငန်း

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်း အဖွဲ့သည် မဂ္ဂဇင်းထုတ်ဝေရေးနှင့် စာပေထုတ်ဝေရေးလုပ်ငန်းတို့ကို အစီရင်ခံသည့် ကာလ ၂၀၀၀ ပြည့်နှစ် ဇွန်လအတွင်း အောက်ပါအတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်ခဲ့ပါသည်။

(က) ပြန်ကြားရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ဦးစီး ထုတ်ဝေသည့် "နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း" အမှတ် (၁) ကို ၁၉၉၉ ခုနှစ် မတ်လတွင် စတင်ထုတ်ဝေခဲ့ပါသည်။ အဆိုပါ နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်း အမှတ် (၁) တွင် ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က *"မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ဦးစီးထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်းသည် စာပေ ကလောင်စွမ်းဖြင့် ကြိုးပမ်း ဆောင်ရွက်ကြမည့် စာပေပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းရေးနှင့် မြန်မာစာပေ အဆင့်အတန်းမြင့်မားစွာ ဖွံ့ဖြိုး တိုးတက်ရေးကို စာနယ်ဇင်းလောကသားတို့၏ စွမ်းအားဖြင့် ဆက်လက်ဆောင်ရွက်သွားရန် အလေးအနက် တိုက်တွန်းလိုက်ပါသည်"* ဟူ၍ ဥယျောဇဉ် အမှာစကားဖြင့် လမ်းညွှန်ခဲ့ပါသည်။ နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်း စာတည်းအဖွဲ့သည် ပြန်ကြားရေး ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ကြိုးပမ်း ဆောင်ရွက်ခဲ့ရာ ဗဟိုဦးစီး အစည်းအဝေး ကျင်းပချိန်တွင် နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်း ၁၄ အုပ်အထိ ထုတ်ဝေနိုင်ခဲ့ပြီးဖြစ်ပါသည်။



(ခ) နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်းတွင် စာပေ အရည်အသွေးမြင့်မားသော စာကောင်းပေမွန်များကို ရွေးချယ်၍ ထည့်သွင်း ဖော်ပြပေးလျက်ရှိပါသည်။ ဤမဂ္ဂဇင်းသည် မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ စာပေနှင့် စာနယ်ဇင်း အဖွဲ့ဝင် အားလုံးနှင့် သက်ဆိုင်သည်ဖြစ်ရာ စာပေနှင့်စာနယ်ဇင်း အဖွဲ့ဝင်များကလည်း နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်းအတွက် စာမူများ ရေးသားပေးပို့ကြပါရန် နှိုးဆော်ခဲ့ပါသည်။ ထို့ပြင်သာမက နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်း ရေရှည်တည်တံ့စေရေးအတွက် စာပေနှင့်စာနယ်ဇင်း အဖွဲ့ဝင်အားလုံးက ဝိုင်းဝန်းကူညီ ပံ့ပိုးပေးကြပါရန် တိုက်တွန်း နှိုးဆော်ခဲ့ပါသည်။

(ဂ) စာပေနှင့် စာနယ်ဇင်း အဖွဲ့ဝင်များ၏ သက်သာချောင်ချိရေးကို ရှေးရှုလျက် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ကိုယ်စား သုတစွယ်စုံတိုက်က "သတင်းလွှာဂျာနယ်"ကို ၁၇-၉-၉၆ ရက်မှ စတင်၍ အပတ်စဉ် စဉ်ဆက်မပြတ် ထုတ်ဝေပေးလျက်ရှိပါသည်။

(ဃ) စာပေါင်းချုပ် ထုတ်ဝေရေး လုပ်ငန်းကိုလည်း ဆက်လက် ဆောင်ရွက်လျက် ရှိရာ "မော်ပီဆရာသိန်း စာပေါင်းချုပ်" (ပထမတွဲ) ကို ၂၀၀၀ ပြည့်နှစ် ဇွန်လတွင် ကျင်းပသည့် ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးအမီ ထုတ်ဝေနိုင်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## သက်သာချောင်ချိရေးလုပ်ငန်း

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များ ကွယ်လွန်သည့်အခါ စာပေနှင့်စာနယ်ဇင်းအဖွဲ့ (ဗဟို) က သင့်တင့်လျောက်ပတ်သည့် ထောက်ပံ့ငွေများဖြင့် ပံ့ပိုးကူညီခဲ့ပါသည်။ ထိုကဲ့သို့ ထောက်ပံ့ကူညီရာတွင် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်ကွယ်လွန်သူများအား ကျပ် ၁၅၀၀ နှုန်း ထောက်ပံ့နေခဲ့ရာမှ ၁၄-၇-၉၉ ရက်နေ့က ကျင်းပသော ဗဟိုအမှုဆောင် အစည်းအဝေးက ကျပ် ၃၀၀၀ သို့ တိုးမြှင့်ထုတ်ပေးရန် ဆုံးဖြတ်ခဲ့ပါသည်။

ဗဟိုအမှုဆောင်ကော်မတီသည် စာပေနှင့် စာနယ်ဇင်းအဖွဲ့များ ခရီးသွားလာရာတွင် အဆင်ပြေစေရေးအတွက် မီးရထားလက်မှတ်၊ သင်္ဘောလက်မှတ်နှင့် လေယာဉ်လက်မှတ်များ ဝယ်ယူရန် ထောက်ခံချက်များ ပေးခဲ့ပါသည်။

ထို့ပြင် မြို့နယ် စာပေနှင့် စာနယ်ဇင်း အဖွဲ့များ၏ သက်သာ ချောင်ချိရေး ရန်ပုံငွေအတွက် မြို့နယ် မဂ္ဂဇင်းထုတ်ဝေခြင်း၊ ပြက္ခဒိန် ထုတ်ဝေခြင်းတို့ကိုလည်း ဗဟို အမှုဆောင် ကော်မတီအနေဖြင့် တတ်စွမ်းသရွေ့ ကူညီ ဆောင်ရွက်ပေးခဲ့ပါသည်။

## နိုင်ငံခြားဆက်သွယ်ရေးလုပ်ငန်း

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သည် ပြန်ကြားရေးဝန်ကြီးဌာန၏ ကူညီပံ့ပိုးမှုဖြင့် နိုင်ငံခြား ဆက်သွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။



နိုင်ငံခြားတိုင်းပြည်များမှ ဖိတ်ကြားချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၏ စီစဉ်ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံမှ စာရေးဆရာကိုယ်စားလှယ်အဖွဲ့၊ သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့တို့သည် နိုင်ငံခြား တိုင်းပြည် အချို့သို့ ချစ်ကြည်ရေး ခရီးသွားရောက်ခဲ့ကြပါသည်။ ထိုနည်းတူ နိုင်ငံခြားတိုင်းပြည်အချို့တို့မှ စာရေးဆရာ၊ သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့တို့ကလည်း မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ခဲ့ကြပါသည်။ အလားတူ ပြည်တွင်း၌ ကျင်းပသည့် ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ (စီအိုင်စီအိုင်) အစည်းအဝေးသို့လည်း မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်များ တက်ရောက်ခဲ့ကြပါသည်။

ထို့ပြင် နိုင်ငံတော်အစိုးရ၏ ချီးမြှင့်မှုဖြင့် မြန်မာနိုင်ငံမှ စာရေးဆရာကြီးများသည် နိုင်ငံခြားက ချီးမြှင့် ပေးအပ်သော စာပေဆုများကို ရရှိခဲ့ကြပြီး သက်ဆိုင်ရာ တိုင်းပြည်များသို့ သွားရောက်၍ ဆုလက်ခံရယူခဲ့ခြင်းများလည်း ရှိပါသည်။

(က) မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်အောင် (ကျော်အောင်)က တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ယူနန် စာရေးဆရာများ အသင်းမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် **Mr. Li Shi Liang** ဦးဆောင်ပြီး အဖွဲ့ဝင်ငါးဦး ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့အား ၇-၅-၉၉ ရက်နေ့တွင်

www.burmeseclassic.com

www.burmeseclassic.com



M-3 Food Centre ၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ရာ ဗဟိုအမှုဆောင်ကော်မတီဝင်များ တက်ရောက်ခဲ့ကြပါသည်။

( ခ ) အလားတူပင် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်အောင် (ကျော်အောင်) သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Mr. Shu Peide ခေါင်းဆောင်သည့် စာရေးဆရာ ကိုယ်စားလှယ်အဖွဲ့အား ၆-၆-၉၉ ရက်နေ့တွင် ရန်ကုန်မြို့ နန်းယုစားတော်ဆက်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ရာ ဗဟိုအမှုဆောင်ကော်မတီဝင်များ တက်ရောက်ခဲ့ကြပါသည်။

( ဂ ) နီပေါနိုင်ငံမှ သတင်းစာဆရာအသင်း ဥက္ကဋ္ဌ Mr. Manzin Ratna Sakya ခေါင်းဆောင်၍ အဖွဲ့ဝင် ငါးဦး ပါဝင်သည့် သတင်းစာဆရာ ကိုယ်စားလှယ် အဖွဲ့သည် မြန်မာနိုင်ငံသို့ ၂၂-၅-၉၈ မှ ၃၀-၅-၉၈ ရက်အထိ ကိုးရက်ကြာ ချစ်ကြည်ရေးခရီး အဖြစ် လာရောက်ခဲ့ပါသည်။

( ဃ ) တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ Mr. Lai Narchi ခေါင်းဆောင်၍ အဖွဲ့ဝင် ခြောက်ဦး ပါဝင်သည့် သတင်းစာဆရာ ကိုယ်စားလှယ် အဖွဲ့သည် မြန်မာနိုင်ငံသို့ ၂၆-၈-၉၈ မှ ၁-၉-၉၈ ရက်အထိ ခုနစ်ရက်ကြာ ချစ်ကြည်ရေးခရီးအဖြစ် လာရောက် ခဲ့ပါ



သည်။

( င ) နီပေါနိုင်ငံမှ သတင်းစာဆရာအသင်း ဥက္ကဋ္ဌ Mr. Manzin Ratna Sakya ခေါင်းဆောင်၍ အဖွဲ့ဝင် ခြောက်ဦး ပါဝင်သည့် သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ၁၉-၁၁-၉၉ မှ ၂၆-၁၁-၉၉ ရက်အထိ ရှစ်ရက်ကြာ ချစ်ကြည်ရေးခရီးအဖြစ် လာရောက်ခဲ့ပါသည်။

( စ ) တရုတ်ပြည်သူ့သမ္မတနိုင်ငံ စာရေးဆရာအသင်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံ အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန၏ စီစဉ်ပေးမှုဖြင့် မြန်မာနိုင်ငံ စာရေးဆရာ ကိုယ်စားလှယ်အဖွဲ့သည် ၁၄-၁၀-၉၉ ရက်နေ့မှ ၂၃-၁၀-၉၉ ရက်အထိ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပါသည်။ အဆိုပါ မြန်မာနိုင်ငံ စာရေးဆရာ ကိုယ်စားလှယ်အဖွဲ့ကို မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးချစ်နိုင် (ချစ်နိုင်-စိတ်ပညာ) က ခေါင်းဆောင်ပြီး အဖွဲ့ဝင်များအဖြစ် ဗဟိုအမှုဆောင်ကော်မတီဝင် ဒေါ်ရင်ရင် (စောမုံညင်း)၊ နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း စာတည်းမှူးချုပ် ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ ကာတွန်းဆရာ ဦးစောစိုးရွှေ (စိုးစံ) နှင့် စာရေးဆရာမ ဒေါ်ချိုချိုတင် (မစန္ဒာ) တို့ လိုက်ပါခဲ့ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



(ဆ) အာဆီယံအသင်းကြီး၏ ယဉ်ကျေးမှုနှင့် ပြန်ကြားရေး ကော်မတီ (အာဆီယံ စီအိုစီအိုင်) ၏ (၃၅) ကြိမ်မြောက် ညီလာခံကို ၂၀၀၀ ပြည့်နှစ် ဧပြီလ ၃ ရက်မှ ၇ ရက်အထိ ရန်ကုန်မြို့၌ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပပေးခဲ့ပါသည်။ အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်များဖြစ်ကြသော ဦးမျိုးသန့် (မောင်ဆုရှင်)၊ ဦးလှထွန်း (လှထွန်း-တွံတေး)၊ ဒေါက်တာ ခင်မောင်ညွန့် (ဒေါက်တာခင်မောင်ညွန့်) နှင့် ဦးခင်ဆွေ (ရွှေစင်ညို) တို့ တက်ရောက်၍ ပါဝင် ဆွေးနွေးခဲ့ကြပါသည်။

(ဇ) နိုင်ငံတော်၏ ချီးမြှင့်မှုဖြင့် သာကေတမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ စာရေးဆရာ ဦးကြည်အေး (ဆင်ဖြူကျွန်းအောင်သိန်း) သည် ၂၅-၉-၉၈ နေ့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် အရှေ့တောင်အာရှ စာပေဆုချီးမြှင့်ပွဲ *[SEA Write Award]* သို့ တက်ရောက်၍ဆုလက်ခံရယူခဲ့ပါသည်။

(ဈ) ထိုနည်းတူ နိုင်ငံတော်၏ ချီးမြှင့်မှုဖြင့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ စာရေးဆရာ ဦးကျော်အောင် (ကျော်အောင်) သည် ၂၄-၉-၉၉



နေ့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် အရှေ့တောင်အာရှ စာပေဆုချီးမြှင့်ပွဲ *SEA Write Award]* သို့တက်ရောက်၍ဆုလက်ခံရယူခဲ့ပါသည်။

**စာပေရန်ပုံငွေ ကြီးကြပ်ရေးအဖွဲ့**

စာပေနှင့်စာနယ်ဇင်း အဖွဲ့ဝင်များ နာမကျန်းဖြစ်သည့်အခါ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ထောက်ပံ့ငွေများ ပေးနိုင်ရေးအတွက် စေတနာရှင်များက ထည့်ဝင် လှူဒါန်းသော ငွေဖြင့် စာပေရန်ပုံငွေ ကြီးကြပ်ရေးအဖွဲ့ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် စနစ်တကျ ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။

| | |
|---|---|
| (က) ဦးလှမြိုင် | ဥက္ကဋ္ဌ |
| (ခ) ဦးတင်ခ (တက္ကသိုလ်တင်ခ) | အဖွဲ့ဝင် |
| (ဂ) ဦးသန်းမောင် | အဖွဲ့ဝင် |
| (ဃ) ဗိုလ်မှူးကြီးမြင့်သိန်း (မြင့်သိန်း-မအူပင်) | အဖွဲ့ဝင် |
| (င) ဦးမျိုးသန့် (မောင်ဆုရှင်) | အဖွဲ့ဝင် |
| (စ) ဦးစောမြင့် (မောင်စောမြင့်) | အဖွဲ့ဝင် |
| (ဆ) ဦးခင်မောင်ထွန်း (ခင်မောင်ထွန်း-လမ်းမတော်) | အဖွဲ့ဝင် |
| (ဇ) ဦးမောင်ဝင်း (မောင်ဝင်း-စာပေ) | အဖွဲ့ဝင် |
| (ဈ) ဦးတင်လှိုင် (လယ်တွင်းသားစောချစ်) | အဖွဲ့ဝင် |
| (ည) ဒေါ်ခင်ခင်စိန် (ယုဝတီခင်စိန်သွိုင်) | အဖွဲ့ဝင် |

www.burmeseclassic.com

www.burmeseclassic.com



(ဋ) ဦးချစ်နိုင် (ချစ်နိုင်-စိတ်ပညာ) အဖွဲ့ဝင်
(ဌ) ဦးမြင့်ကြွယ် (မောင်မြင့်ကြွယ်) အဖွဲ့ဝင်
(ဍ) ဒေါက်တာမျိုးသန့်တင် အဖွဲ့ဝင်
(ဎ) ဦးစောမြင့် (မှူးသမိန်) အဖွဲ့ဝင်
(ဏ) ဦးလှကြိုင် (ပါရဂူ) အဖွဲ့ဝင်
(တ) ဦးသော်ကောင်း အဖွဲ့ဝင်
(ထ) ဦးကြည်ညွန့် (စစ်ကိုင်းကြည်ညွန့်) အဖွဲ့ဝင်
(ဒ) ဦးဝင်းမောင် (မင်းယုဝေ) အဖွဲ့ဝင်
(ဓ) ဦးလှထွန်း (လှထွန်း-တွံတေး) အတွင်းရေးမှူး

စာပေရန်ပုံငွေ ကြီးကြပ်ရေးအဖွဲ့က နာမကျန်းဖြစ်သော စာပေနှင့်စာနယ်ဇင်း အဖွဲ့ဝင်များ၊ နာမကျန်း အထောက်အပံ့ ရသင့်သည်ဟု စာပေအသိုင်းအဝိုင်းနှင့် ရန်ပုံငွေ ကြီးကြပ်ရေး အဖွဲ့က လက်ခံယုံကြည်သူများအား နာမကျန်း ထောက်ပံ့ငွေ ကျပ် ၁၀၀၀၀ စီကို ဒုတိယအကြိမ် ညီလာခံနောက်ပိုင်း ၁၉၉၈ ခုနှစ် ဇွန်လမှ ၂၂-၇-၉၉ အထိ နာမကျန်းသူ ၂၂ ဦးကို ထောက်ပံ့ခဲ့ပါသည်။

၂၃-၇-၉၉ မှ ၁၅-၆-၂၀၀၀ အထိ နာမကျန်း အထောက်အပံ့ ရသင့်သူ ၈၇ ဦးအား တစ်ဦးလျှင် ကျပ် ၁၅၀၀၀ စီကို ထောက်ပံ့ချီးမြှင့်ခဲ့ပါသည်။



## သုံးသပ်ချက်

မြန်မာနိုင်ငံ လူမှုရေး အသင်းအဖွဲ့တစ်ခုအဖြစ် မှတ်ပုံတင်၍ ဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့သည် မြန်မာနိုင်ငံတွင် တိုးတက်ဖြစ်ပေါ်လျက်ရှိသော စီးပွားရေး၊ လူမှုရေးအခြေအနေအရ အသင်းအဖွဲ့တစ်ရပ်အဖြစ် စနစ်တကျ စည်းရုံး ရှေ့ဆောင်နိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

ဗဟိုအမှုဆောင်ကော်မတီဝင် ထက်ဝက်ကျော်သည် ဌာနဆိုင်ရာ ဝန်ထမ်းများဖြစ်သဖြင့် စာပေ စာနယ်ဇင်းဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်သော နိုင်ငံတော်လုပ်ငန်းများများပြားချိန်၌ အမှုဆောင်များက တာဝန်ယူ ဆောင်ရွက်ရသော ဌာနလုပ်ငန်းများနှင့် အဖွဲ့လုပ်ငန်းများမှာ အချို့ကိစ္စများတွင် ခွဲခြားအစီရင်ခံရန် ခက်ခဲသော သဘာဝကိုလည်း ကြုံတွေ့ရပါ သည်။ အလားတူပင် ဌာနဆိုင်ရာ ဝန်ထမ်းများအဖြစ်မှ အနား ယူထားကြသူများနှင့် စာပေနှင့်ဆိုင်သော အနုပညာလုပ်ငန်း များနှင့်သာ အသက်မွေးဝမ်းကျောင်း ပြုနေကြသည့် ဗဟိုအမှုဆောင်ကော်မတီဝင်အချို့တို့ကလည်း မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီး၏ လုပ်ငန်းအဝဝ အောင်မြင်ရေးကို အချိန်ပေး၍ ကြိုးပမ်းဆောင်ရွက်လျက် ရှိကြပါသည်။

ယနေ့ကာလတွင် စာပေ စာနယ်ဇင်း လုပ်ငန်းများမှာ ခေတ်မီနည်းပညာနှင့် အရင်းအနှီးများကို ဆက်စပ် ဆောင်ရွက်မှုဖြင့် လုပ်ကိုင်ရသော ခေတ်မီ စက်မှုလုပ်ငန်း သဘောတို

www.burmeseclassic.com

www.burmeseclassic.com



ပါဝင်လာသည်မှာ မှန်သော်လည်း အရင်းမူလဖြစ်သော စာပေရေးသားခြင်း၊ ဖွဲ့ဆိုခြင်း၊ သုတေသနပြုခြင်း၊ မှတ်တမ်းတင် ခြင်း၊ လေ့လာခြင်း ဟူသော လုပ်ငန်းများမှာ တစ်ဦးချင်း ပုဂ္ဂလိကသဘောဆောင်သဖြင့် စာပေစာနယ်ဇင်း အရေးအသား အရည်အသွေး တိုးတက်ရေး၌ တစ်ဦးချင်း ကျွမ်းကျင်မှုအပေါ်တွင် များစွာ တည်မှီလျက်ရှိပါသည်။ ထို့ကြောင့် အဖွဲ့ဝင်များက တစ်ဦးချင်း လေ့လာကျွမ်းကျင်မှုကို အားထုတ်ကြရန် လိုအပ်ချက်ကိုလည်း တွေ့ရှိရပါသည်။

မြို့နယ်များအလိုက် အချိန်မှန် စည်းဝေးခြင်း၊ အစီရင်ခံခြင်း၊ စာပေဟောပြောပွဲ အခမ်းအနားများ ကျင်းပခြင်းတို့ကို ပြုလုပ်မှု၌ အားသာသော မြို့နယ်များကို ကြိုဆိုရမည် ဖြစ်သကဲ့သို့ အားနည်းသော မြို့နယ်များရှိသဖြင့် ထိုအားနည်းချက်ကို တတိယအကြိမ် ညီလာခံ မတိုင်မီ ပြုပြင်၍ တက်ကြွစွာ ဆောင်ရွက်သွားကြရန် လိုအပ်ပါသည်။

ယခုအခါ ပြည်နယ်/တိုင်း အသီးသီးနှင့် နယ်စပ်ဒေသပါမကျန် နိုင်ငံအနှံ့အပြားတွင် နိုင်ငံတော် တည်ဆောက်ရေးနှင့် နိုင်ငံသားများ၏ အခြေခံဘဝမြှင့်တင်ရေး လုပ်ငန်းများ ရှိနေသဖြင့် စာနယ်ဇင်းသမားများက တာဝန်အရဖြစ်စေ၊ အဖွဲ့အစည်းအရဖြစ်စေ သွားရောက် လေ့လာရေးသားတင်ပြရန် လိုအပ်ချက်ကိုလည်း ယခုထက်ပိုမိုဖြည့်ဆည်းသွားသင့်ပါသည်။

မြို့နယ်အလိုက် မဂ္ဂဇင်းများ ထုတ်ဝေရန် မြို့နယ်အင်အားကို အခြေခံ၍ ဆောင်ရွက်ကြသည့် မြို့နယ်များ၏ စွမ်းရည်ကို မှတ်တမ်းတင်ရမည် ဖြစ်ပါသည်။ သို့မှသာ ကလောင်သစ်များအား လေ့ကျင့် ပျိုးထောင်ခြင်းနှင့်အတူ မြို့နယ်၊ ခရိုင်၊ ပြည်နယ်/တိုင်းတို့၏ ဖွံ့ဖြိုးမှု အခြေအနေ အမျိုးမျိုးကို သိရှိ၍ မှတ်တမ်းပြုနိုင်ကြမည် ဖြစ်ပါသည်။



အချို့ မြို့နယ်များ၌ အဖွဲ့ဝင် အင်အား ဖောင်းပွမှုနှင့် ကင်းကွာမှုများ ရှိနေသည်ကို လေ့လာ သိရှိရသဖြင့် မြို့နယ်အမှုဆောင်ကော်မတီများက မိမိတို့ မြို့နယ်အလိုက် စိစစ်ဆောင်ရွက်သွားရန် လိုအပ်ပါသည်။ အချို့သော မြို့နယ်စာပေနှင့် စာနယ်ဇင်း အဖွဲ့အစည်းများ လုပ်ငန်းသဘာဝအရ အဖွဲ့ဝင် အင်အား နည်းပါးပြီး နေ့စဉ် ထိတွေ့မှုလည်း မရှိနိုင်သဖြင့် ခရိုင်အတွင်း နီးစပ်ရာ မြို့နယ်များ စုပေါင်း၍ စာဆိုတော်နေ့ ကျင်းပခြင်း၊ စာပေဟောပြောပွဲများ ကျင်းပခြင်း၊ စုပေါင်းလေ့လာခြင်းတို့ကို ညှိနှိုင်းပေါင်းစပ်၍ ဆောင်ရွက် သွားသင့်ပါသည်။

စာပေနှင့် စာနယ်ဇင်းအဖွဲ့များသည် လူထုအဖွဲ့အစည်း ဖြစ်သည့်အားလျော်စွာ အဖွဲ့ဝင် အင်အားတောင့်တင်း ခိုင်မာရေး၊ စည်းလုံးညီညွတ်ရေး၊ အဖွဲ့ရန်ပုံငွေပြည့်စုံရေးတို့ကို မဖြစ်မနေ စနစ်တကျ ဆောင်ရွက်သွားရန် လိုအပ်ပါသည်။

ထို့ပြင် ဗဟိုအဖွဲ့အစည်းနှင့် အခြေခံအဖွဲ့အစည်းဖြစ်သော မြို့နယ်အဖွဲ့အစည်းတို့ အပြန်အလှန် ဆက်သွယ်မှု မှန်ကန်ရန်နှင့် သွက်လက်ထက်မြက်ရန်လည်း လိုအပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗဟိုနှင့်မြို့နယ် ဆက်နွယ်မှု အားနည်းချက်ကို ပြုပြင်ရန် အရေးကြီးပါသည်။ အခြေခံ အဖွဲ့အစည်းဖြစ်သော မြို့နယ်အဖွဲ့များ၏ ကြိုးပမ်းမှုနှင့် ဗဟိုအဖွဲ့၏ မှန်ကန်ထိရောက်သော လမ်းညွှန်မှုတို့ဖြင့် အဖွဲ့၏ ရှင်သန်ထက်မြက်မှုကို ဆောင်ရွက် မြှင့်တင်နိုင်မည်ဖြစ်ပါသည်။

စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်တိုင်းသည် အနိမ့်ဆုံး တာဝန်ဖြစ်သော နှစ်စဉ်ကြေးပေးသွင်းခြင်းကို တာဝန်သိစွာ ဆောင်ရွက်ကြရန် လိုအပ်ပါသည်။ မြို့နယ်အမှုဆောင် ကော်မတီများကလည်း အဖွဲ့ဝင်တိုင်းက နှစ်စဉ်ကြေးကို ပုံမှန် မပျက်မကွက် ပေးသွင်းရေးအတွက် တာဝန်တစ်ရပ်အနေဖြင့် အလေးပေး ဆောင်ရွက်သွားသင့်ပါသည်။ စာပေနှင့်စာနယ် ဇင်းအဖွဲ့ဝင်များ၏ သက်သာချောင်ချိရေးကိစ္စ၊ နာမကျန်း ထောက်ပံ့ငွေနှင့် နာရေးထောက်ပံ့ငွေကိစ္စတို့ကို ဗဟိုအဖွဲ့အနေ ဖြင့် တာဝန်ကျေစွာ ဆောင်ရွက်ပေးနေသကဲ့သို့ အဖွဲ့ဝင်များက လည်း မိမိတို့ ထမ်းဆောင်ရမည့် အနိမ့်ဆုံး တာဝန်ကို ကျေပွန် အောင် ဆောင်ရွက်သွားမှသာ အဖွဲ့ကြီး၏ လုပ်ငန်းများ ဟန်ချက်ညီညီ တိုးတက်လာနိုင်မည်ဖြစ်ပါသည်။

## ရှေ့လုပ်ငန်းစဉ်

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ၂၀၀၀ ပြည့်နှစ်၊ ဇွန်လ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးမှ အောက်ပါ လုပ်ငန်းစဉ် များကို ချမှတ်ခဲ့ပါသည်။



စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များသည် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဖွဲ့စည်းပြီးသည့် ကာလမှစ၍ စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များကို တိုး မြှင့်စည်းရုံး လှုပ်ရှားအကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိရာ ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ်များဖြစ်သော -

(က) စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များက စာပေနှင့် စာနယ်ဇင်းလုပ်ငန်းဖြင့် ပြည်သူတို့ အတွေးအခေါ် မှန်ကန်ရေး နှင့် စိတ်ဓာတ်ကြံ့ခိုင်မြင့်မားရေးကို ရှေးရှုလျက် နိုင်ငံ့အကျိုးကို နိုးကြားတက်ကြွစွာ ပါဝင်ဆောင်ရွက်ရေး၊

(ခ) အဖွဲ့ဝင်များ တိုးချဲ့စည်းရုံးရေး၊ ဖွဲ့စည်းမှု ကျစ် လစ်ခိုင်မာရေး၊ ဦးဆောင်မှုမြင့်မားရေးနှင့် စည်းရုံးလှုပ်ရှားမှု သွက်လက်ထက်မြက်ရေးတို့အတွက် ဆောင်ရွက်ရေး၊

(ဂ) စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ၏ အတတ် ပညာဖွံ့ဖြိုးရေး၊ သက်သာချောင်ချိရေး၊ စာပေဆိုင်ရာ အခွင့် အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် စာဖတ်ပရိသတ် တိုးပွားအောင် ဆောင်ရွက်ရေးတို့ကို ဆက်လက်အကောင် အထည်ဖော် ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့သည် အဖွဲ့၏ ရည်ရွယ်ချက်(၆)ရပ်၊ အဖွဲ့၏ လုပ်ငန်းစဉ်(၁၀)ရပ်တို့ကို အခြေပြု ၍ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အဆင့်ဆင့်နှင့် အဖွဲ့ဝင်များက မိမိတို့ တာဝန်ကျရာ အခန်းကဏ္ဍအလိုက် အကောင်အထည် ဖော် ဆောင်ရွက်သွားကြရန် လိုအပ်သကဲ့သို့ နိုင်ငံတော်၏

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသားရေးလမ်းညွှန်ချက်များ၊ ဦးတည်ချက်များ၊ အခြေခံမှုများ၊ အထွေထွေတည်ဆောက် အကောင်အထည် ဖော်ဆောက်ရွက်မှုများကို အခြေခံလျက် တိုင်းရင်းသား ပြည်သူအားလုံးတို့၏ ဘဝဖူလုံမြင့်မားရေးကို ရှေးရှုလျက် အကျိုးပြုစာပေများကို လေ့ကျင့်ပြုစုနေကြရန် လိုအပ်ပါသည်။

မြန်မာစာပေသည် အမိနိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူအပေါင်း၏ အမွေခံထိုက်သော အတွေးအခေါ်များ၊ ပညာရပ်များနှင့် လူမှုဖြစ်ရပ်များ ပေါင်းစပ်ထားသည့် သမိုင်းမှတ်တမ်း အစုအဝေးကြီး ဖြစ်သကဲ့သို့ ယဉ်ကျေးမှု ရတနာသိုက်ကြီးလည်း ဖြစ်ပါသည်။ မြတ်နိုးအပ်သော ယင်းစာပေ ၏ အမွေကို လက်ဆင့်ကမ်း သယ်ဆောင်သွားကြမည့် မျိုးဆက်သစ်များကိုလည်း လေ့ကျင့်မွေးထုတ်သွားရန်လိုအပ်ပါသည်။

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့သည် စာရေးဆရာများ၊ သတင်းစာဆရာများတည်းဟူသော ယေဘုယျအသုံးအနှုန်း ဝေါဟာရအောက်၌ ကဗျာဖွဲ့သူ၊ ဝတ္ထုရေးသူ၊ စာညွှန့်စာမွန်ရေးသူ၊ ကျမ်းပြုသူ၊ ခရီးသွားမှတ်တမ်းပြုသူ၊ ဘာသာပြန်သူ၊ သတင်းထောက်၊ စာတည်း၊ သတင်းဓာတ်ပုံဆရာ၊ ကာတွန်းပညာရှင်၊ အသံလွှင့် အစီအစဉ်နှင့် ဇာတ်လမ်းပြုစုသူ၊ ရုပ်မြင်သံကြားအစီစဉ်ရေးသားထုတ်လွှင့်သူ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းဆောင်ရွက်သူ အစရှိသော လူထုဆက်သွယ်ရေးနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များအားလုံး အကျုံးဝင်လျက်ရှိပါသည်။ ထိုစာပေနှင့်စာနယ်ဇင်း



ပညာရှင်အားလုံးတို့၏ စည်းလုံးညီညွတ်စွာ ပေါင်းစည်းအပ်သော အစုအဝေးသည် နိုင်ငံတော်နှင့် လူမျိုးတိုးတက်ရေးကို ရည်သန်၍ ကျွမ်းကျင်ရာနယ်ပယ်အလိုက် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ စွမ်းဆောင်သွားကြရန် လိုအပ်လျက်ရှိပါသည်။

အဖွဲ့ရှင်သန်တိုးတက်ရေးနှင့် စည်းရုံးမှုအင်အားတောင့်တင်းရေးတို့အတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) အမျိုးသမီးကဏ္ဍ လှုပ်ရှားမှုလုပ်ငန်းများတွင် အခြားလူမှုအဖွဲ့အစည်းများမှ အမျိုးသမီးများနှင့် ဆက်စပ်မိစေရန်၊ အမျိုးသမီးအမှုဆောင်များက စာပေဆိုင်ရာ လှုပ်ရှားမှုများကို ဆောင်ရွက်သွားရန် စီစဉ်ထားပါသည်။

(ခ) စာပေဟောပြောပွဲများ ရည်ရွယ်ချက် ပေါက်မြောက်ရေးနှင့် နိုင်ငံတော်မူဝါဒများနှင့် ညီညွတ်စေရေး အတွက် မြို့နယ်အဖွဲ့များက ကူညီနိုင်ရန် ညွှန်ကြားချက်နှင့် မြို့နယ်အာဏာပိုင်များသို့ မေတ္တာရပ်ခံချက်များ နှစ်စဉ်ထုတ် ပြန်ပေးသွားမည်ဖြစ်ပါသည်။

(ဂ) အဖွဲ့တိုင်း မပျက်မကွက် ပေးဆောင်ရမည့် နှစ်စဉ်ကြေးများ နှစ်အလိုက်ကြွေးကျန်မရှိစေရေးအတွက် ဗဟိုအမှုဆောင်ကော်မတီက ဦးဆောင်၍ စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

(ဃ) အဖွဲ့ပိုင်မြေနေရာနှင့် အဆောက်အအုံရရှိရေး အတွက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လျက်

www.burmeseclassic.com

www.burmeseclassic.com



ရှိပါသည်။

(င) အဖွဲ့၏ မော်ကွန်းမှတ်တမ်းများ၊ ဓာတ်ပုံများကို စနစ်တကျ သိမ်းဆည်းထားရန်ဖြစ်ပါသည်။

(စ) မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ အခြေခံ စည်းမျဉ်း လုပ်ထုံးလုပ်နည်းနှင့် ပြင်ဆင်ပြုစုရေးဆွဲရေးတို့ကို ဒုတိယအကြိမ်ညီလာခံ သက်တမ်းအတွင်း ဆောင်ရွက်သွားရန်ရှိပါသည်။

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယအကြိမ် ညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စုခန်းမ၌ ၂၀၀၀ပြည့်နှစ်၊ ဇွန်လ ၂၉ ရက်နှင့် ၃၀ရက်တို့တွင် ကျင်းပခဲ့ရာ အဆိုပါအစည်းအဝေးမှ အတည်ပြုခြင်းလေးရပ်၊ ဆုံးဖြတ်ခြင်းသုံးရပ်နှင့် မှတ်တမ်းတင်ခြင်း သုံးရပ်တို့ကို ဆောင်ရွက်ခဲ့သည်။

**အတည်ပြုခြင်း လေးရပ်အနက်** အတည်ပြုခြင်းအမှတ်(၁)မှာ ဗဟိုအမှုဆောင်ကော်မတီ၏ အစီရင်ခံစာကို အတည်ပြုခြင်း၊ အတည်ပြုခြင်းအမှတ်(၂)မှာ ဘဏ္ဍာရေးရှင်းတမ်း (၁၉၉၈-၉၉ ခုနှစ်) (၁၉၉၉-၂၀၀၀ ပြည့်နှစ်)နှင့် စာရင်းစစ်အဖွဲ့၏ အစီရင်ခံစာကို အတည်ပြုခြင်း၊ အတည်ပြုခြင်းအမှတ်(၃)မှာ "နိုင်ငံတော်တည်ဆောက်ရေးနှင့် စာပေနှင့် စာနယ်ဇင်းသမားများ၏ တာဝန်" စာတမ်းကို အတည်ပြုခြင်း နှင့် အတည်ပြုခြင်းအမှတ်(၄)မှာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၏ အလံကို အတည်ပြုခြင်းတို့ဖြစ်သည်။



**ဆုံးဖြတ်ခြင်းသုံးရပ်အနက်** ဆုံးဖြတ်ချက် အမှတ်(၁) မှာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ဆောင်ပုဒ်ကို အဖွဲ့ဝင်တိုင်း၏ လမ်းညွှန်အဖြစ် ခံယူဆောင်ရွက်သွားရေးအတွက် ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ ဆုံးဖြတ်ချက်အမှတ်(၂)မှာ ရှေ့လုပ်ငန်းစဉ်သုံးရပ်ကို အကောင်အထည်ဖော်ဆောင်ရွက် သွားရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် ဆုံးဖြတ်ချက်အမှတ်(၃) မှာ ဦးတည်ချက်(၆)ရပ်ကို မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်း အဖွဲ့ အစည်းအဆင့်ဆင့်၏ လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူ ဆောင်ရွက်သွားရေးအတွက် ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့ဖြစ်သည်။

**မှတ်တမ်းတင်ခြင်းသုံးရပ်အနက်** မှတ်တမ်းတင်ခြင်း အမှတ်(၁)မှာ လစ်လပ်သွားသော ဗဟိုအမှုဆောင်ကော်မတီ ဥက္ကဋ္ဌနေရာ၊ ဗဟိုအမှုဆောင်ကော်မတီဝင် နှစ်ဦးနေရာနှင့် ဒုတိယဥက္ကဋ္ဌ(၁)၊ (၂)၊ (၃)နေရာတို့တွင် တာဝန်ပေးအပ်ခြင်းတို့ကို မှတ်တမ်းတင်ခြင်း၊ မှတ်တမ်းတင်ခြင်းအမှတ်(၂)မှာ ပြည်တွင်းပြည်ပမှ ချီးမြှင့်သော စာပေဆိုင်ရာ လူမှုထူးချွန်ဆု၊ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းတင်ခြင်းနှင့် မှတ်တမ်းတင်ခြင်းအမှတ်(၃)မှာ ကွယ်လွန်သူ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များအတွက် ဝမ်းနည်းကြောင်း မှတ်တမ်းတင်ခြင်းတို့ဖြစ်ပါသည်။

၂၀၀၀ ပြည့်နှစ် ဇွန်လ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးမှ ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက် အမှတ်(၁) အဖွဲ့၏ ဆောင်ပုဒ်မှာ အောက်ပါအတိုင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အမျိုး၏ဂုဏ်၊ ဇာတိဂုဏ်
စာပေဂုဏ်ကို မြှင့်တင်မည်။

**ဆုံးဖြတ်ချက်အမှတ်(၃)မှာ** အောက်ဖော်ပြပါ ဦးတည်ချက်များ ဖြစ်ပါသည်-

(၁) မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ဦးဆောင်မှုဖြင့် စာပေဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် စာပေလောကသားအားလုံး တညီတညွတ်တည်း တက်ကြွစွာပါဝင်လှုပ်ရှား လုပ်ဆောင်ကြရေး။

(၂) စာပေနှင့်စာနယ်ဇင်းလုပ်ငန်း အတတ်ပညာ၊ နည်းပညာနှင့် အရည်အချင်း တိုးတက်မြင့်မားရေးကို အချိတ်အဆက်မိမိ ဝိုင်းဝန်းကျိုးပမ်း ပူးပေါင်းလုပ်ဆောင်ကြရေး။

(၃) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် ထူထောင်တည်ဆောက်နေချိန်တွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူတို့နှင့်အတူ ပူးပေါင်းလက်တွဲ၍ စည်းရုံးလှုံ့ဆော်ပါဝင်ဆောင်ရွက်ကြရေး။

(၄) အမျိုး၏ဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ကိန်းဝပ်ရှင်သန်ထွန်းကားပြန့်ပွားရေးကို စဉ်ဆက်မပြတ် လှုံ့ဆော်ရေးသားအားပေးမြှင့်တင် လုပ်ဆောင်ရေး။

(၅) အမျိုးသားအမွေဖြစ်သော မြန်မာ့စာပေကို ဖွံ့ဖြိုးတိုးတက်အောင် ထိန်းသိမ်းမြှင့်တင်ရင်း နိုင်ငံတကာမှ ပြည်သူများ ကျယ်ပြန့်စွာ လေ့လာဖတ်ရှု သိရှိနိုင်ရန် ကြိုးပမ်းလုပ်



ဆောင်ကြရေး။

(၆) လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို စာပေဖြင့် အကျိုးပြုရင်း စာဖတ်သူတိုင်း စာပေ၏ အကျိုးပြုမှုကို ရရှိခံစားနိုင်စေရန် ကြိုးပမ်းလုပ်ဆောင်ကြရေး။

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယအကြိမ်ညီလာခံကို ၁၉၉၈ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့မှ ၂၃ ရက်နေ့အထိ ကျင်းပခဲ့ပါသည်။ ဒုတိယအကြိမ်ညီလာခံ သက်တမ်းအတွင်း သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးကို ၂၀၀၀ ပြည့်နှစ်၊ ဇွန်လ ၂၉ နှင့် ၃၀ ရက်နေ့တွင် ကျင်းပခဲ့ပြီးဖြစ်ပါသည်။

ဒုတိယအကြိမ် ညီလာခံမှ ရွေးချယ်တင်မြှောက်ခဲ့ သည့် ဗဟိုအမှုဆောင်ကော်မတီဝင်များမှာ (၂၅)ဦးဖြစ်ပါ သည်။ ထို့အပြင် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း ပြင်ဆင်ချက်အရ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ကော်မတီနှင့် နိုင်ငံတော်ပိုင်းတို့ ညှိနှိုင်း၍ ဗဟိုအမှုဆောင် ကော်မတီဝင် (၅)ဦးကို ထပ်မံဖြည့်စွက်ခန့်ထားပါသည်။ ဤ သို့ဖြင့် ဒုတိယအကြိမ်ညီလာခံသက်တမ်းတွင် ဗဟိုအမှု ဆောင်ကော်မတီဝင် (၃၀)ဦးတို့ကို တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ပါသည်။

ထိုသို့ တာဝန်ပေးအပ်ခဲ့သည့် ဗဟိုအမှုဆောင် ကော်မတီဝင်(၃၀)ဦးအနက်ဥက္ကဋ္ဌဦးကျော်အောင်(ကျော်အောင်) သည် ၁၃-၂-၂၀၀၀ ရက်နေ့တွင် ကွယ်လွန်ခဲ့ခြင်း၊ ဗဟိုအမှု ဆောင်ကော်မတီဝင် ဒေါက်တာတင်ရွှေ (ဆရာဝန်တင်ရွှေ)

www.burmeseclassic.com

www.burmeseclassic.com



သည် ၂၈-၁၂-၂၀၀၀ ရက်နေ့တွင် ကွယ်လွန်ခဲ့ခြင်းတို့ကြောင့် ဗဟိုအမှုဆောင်ကော်မတီဝင် နှစ်နေရာ လစ်လပ်ခဲ့ပါသည်။

ထို့အပြင် ဗဟိုအမှုဆောင်ကော်မတီဝင်များဖြစ်ကြသည့် ဦးတင်စိုး(ဂုဏ်လင်းကျော်)နှင့် ဦးဝင်းဖေ(မုံရွာဝင်းဖေ) တို့သည် အကြောင်းအမျိုးမျိုးကြောင့် တာဝန်မှ နုတ်ထွက်ခဲ့ကြသဖြင့် ဗဟိုအမှုဆောင်ကော်မတီဝင် နှစ်ဦးထပ်မံလစ်လပ်ခဲ့ပြန်ပါသည်။

ယင်းလစ်လပ်ခဲ့သည့် ဗဟိုအမှုဆောင်ကော်မတီဝင် လေးဦးနေရာအနက် ဒေါက်တာတင်ရွှေ(ဆရာဝန်တင်ရွှေ)မှအပ ကျန်သုံးဦးနေရာတွင် သင့်လျော်သူများ အစားထိုး တာဝန်ပေးအပ်ခဲ့ရပြီး ဗဟိုအမှုဆောင်ကော်မတီကို အောက်ပါအတိုင်း ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။

**ဗဟိုအမှုဆောင်ကော်မတီ**

| စဉ် | အမည် | ဗဟိုတာဝန် |
|---|---|---|
| ၁။ | ဦးလှမြိုင်(ကိုဆောင်း) | ဥက္ကဋ္ဌ |
| ၂။ | ဦးတင်ခ(တက္ကသိုလ်တင်ခ) | ဒုတိယဥက္ကဋ္ဌ(၁) |
| ၃။ | ဦးသန်းမောင်(သန်းမောင်) | ဒုတိယဥက္ကဋ္ဌ(၂) |
| ၄။ | ဦးမြင့်သိန်း(မြင့်သိန်းအောင်) | ဒုတိယဥက္ကဋ္ဌ(၃) |
| ၅။ | ဦးလှထွန်း(လှထွန်း-တွံတေး) | အတွင်းရေးမှူး |
| ၆။ | ဦးချစ်နိုင်(ချစ်နိုင်-စိတ်ပညာ) | တွဲဖက်အတွင်းရေးမှူး(၁) |
| ၇။ | ဒေါ်မြမြသန်း(မနှင်းဖွေး) | တွဲဖက်အတွင်းရေးမှူး(၂) |
| ၈။ | ဒေါက်တာတင်ထွန်းဦး (ဒေါက်တာတင်ထွန်းဦး) | တွဲဖက်အတွင်းရေးမှူး(၃) |
| ၉။ | ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်) | တွဲဖက်အတွင်းရေးမှူး(၄) |
| ၁၀။ | ဦးစောမြင့်(မောင်စောမြင့်) | ဘဏ္ဍာရေးမှူး |
| ၁၁။ | ဦးမောင်ဝင်း (မောင်ဝင်း-စာပေ) | စာရင်းစစ် အဖွဲ့ခေါင်းဆောင် |
| ၁၂။ | ဦးမျိုးသန့်(မောင်ဆုရှင်) | ဗဟိုအမှုဆောင် |
| ၁၃။ | ဒေါက်တာခင်မောင်ညွန့် (ဒေါက်တာ်ခင်မောင်ညွန့်) | ဗဟိုအမှုဆောင် |
| ၁၄။ | ဒေါ်ရင်ရင်(စောမုံညင်း) | ဗဟိုအမှုဆောင် |
| ၁၅။ | ဦးခင်မောင်ထွန်း (ခင်မောင်ထွန်း-လမ်းမတော်) | ဗဟိုအမှုဆောင် |
| ၁၆။ | ဦးရဲတင့်(ရဲတင့်) | ဗဟိုအမှုဆောင် |
| ၁၇။ | ဦးကျော်မင်း(မင်းကျော်မင်း) | ဗဟိုအမှုဆောင် |
| ၁၈။ | ဦးကြည်ညွန့် (ချစ်ကြည်ရေးကြည်ညွန့်) | ဗဟိုအမှုဆောင် |
| ၁၉။ | ဦးတင်လှိုင် (လယ်တွင်းသားစောချစ်) | ဗဟိုအမှုဆောင် |
| ၂၀။ | ဦးကြည်လွင် (ကာတွန်းငွေကြည်) | ဗဟိုအမှုဆောင် |
| ၂၁။ | ဦးလှိုင်ကြွယ် (ကာတွန်းမောင်ဝဏ္ဏ) | ဗဟိုအမှုဆောင် |



www.burmeseclassic.com

www.burmeseclassic.com



၂၂။ ဦးအုံးဖေ(အုံးဖေ-ပခုက္ကူ) ဗဟိုအမှုဆောင်
၂၃။ ဒေါ်ခင်ခင်စိန်
(ယုဝတီခင်စိန်လှိုင်) ဗဟိုအမှုဆောင်
၂၄။ ဒေါက်တာမောင်မောင်
(မောင်ဆင်ခြင်) ဗဟိုအမှုဆောင်
၂၅။ ဦးကျော်ဝင်း
(မနုဿကျော်ဝင်း) ဗဟိုအမှုဆောင်
၂၆။ ဦးသန်းလှိုင်(တက္ကသိုလ်သန်း) ဗဟိုအမှုဆောင်
၂၇။ ဦးခင်ဆွေ(ရွှေစွန်ညို) ဗဟိုအမှုဆောင်
၂၈။ ဦးအေးထွန်း(ထက်အောင်) ဗဟိုအမှုဆောင်
၂၉။ ဒုတိယဗိုလ်မှူးကြီးအုန်းမောင်(ငြိမ်း)
(မြင်းမူမောင်နိုင်မိုး) ဗဟိုအမှုဆောင်

**စည်းရုံးရေးလုပ်ငန်း**

ဒုတိယအကြိမ် ညီလာခံသက်တမ်းကာလအတွင်း စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် စုစုပေါင်း ၆၁၅၂ဦးရှိပါသည်။ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ၁၅၈ဖွဲ့နှင့် စည်းရုံးရေးကော်မတီငါးဖွဲ့တို့ကို ဖွဲ့စည်းထားရှိပြီးဖြစ်ပါသည်။ ဒုတိယအကြိမ် ညီလာခံကျင်းပပြီးသည့်နောက်ပိုင်း ၂၄-၆-၉၈ မှ ၃၁-၁၂-၂၀၀၁ အတွင်း အဖွဲ့ဝင်အင်အား တိုးပွားရေးကို စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် ဗဟိုအမှုဆောင်ကော်မတီဝင်



သုံးဦးအား တာဝန်ပေးအပ်ကာ အဖွဲ့စိစစ်ရေးကိစ္စကို လစဉ် ပုံမှန်ဆောင်ရွက်လျက်ရှိသဖြင့် ယခင်ကကဲ့သို့ အဖွဲ့ဝင်ကိစ္စများ ကြန့်ကြာမှုမရှိဘဲ သွက်လက်မြန်ဆန်လာပြီး အဖွဲ့ဝင်အင်အား တစ်နေ့တစ်ခြား တိုးပွားများပြားလာပါသည်။

စာပေနှင့် စာနယ်ဇင်း အဖွဲ့စည်းအဆင့်ဆင့် ဖွဲ့စည်းမှု ကျစ်လျစ်ခိုင်မာရေး၊ စည်းရုံးလှုပ်ရှားမှု သွက်လက်ထက်မြက်စေရေး၊ ခိုင်မာမှု ပိုမိုဖြစ်ပေါ်ရေး၊ ဗဟိုနှင့် မြို့နယ်အဖွဲ့အစည်းများ ထိတွေ့မှုပိုမိုရရှိရေး၊ မြို့နယ်များ၏ အခြေအနေအရပ်ရပ်ကို ဗဟိုအနေဖြင့် အစဉ်အသိရှိစေရေးဟူသော ရည်ရွယ်ချက်များဖြင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ မြို့နယ်များသို့ဆင်း၍ စည်းရုံးဆောင်ရွက်ရေးကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ဗဟိုအမှုဆောင်ကော်မတီဝင် အများစုမှာ နိုင်ငံ့ဝန်ထမ်းများဖြစ်ကြသည့် အားလျော်စွာ ဌာနဆိုင်ရာ တာဝန်ဖြင့် ခရီးထွက်ရသည့်အခါတွင်လည်း စာပေနှင့် စာနယ်ဇင်းဆိုင်ရာ စည်းရုံးရေးလုပ်ငန်းများကိုပါ တစ်ပါတည်း ဆောင်ရွက်နိုင်ရန် အလို့ငှာ စည်းရုံးရေးနယ်မြေ သတ်မှတ်၍ တာဝန်ပေးအပ်ခဲ့ပါသည်။

**ဒုတိယအကြိမ် ညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေးမှ အဓိက ကျသော အချက်များ**

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယအကြိမ် ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို ရန်ကုန်မြို့ ကျိုက္ကဆံ

www.burmeseclassic.com

www.burmeseclassic.com



ကွင်း ပြည်ထောင်စုခန်းမ၌ ၂၉-၆-၂၀၀၂ ရက်နေ့မှ ၃၀-၆-၂၀၀၂ ရက်နေ့အထိ ကျင်းပခဲ့ပါသည်။ အဆိုပါ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးမှ အဓိကကျသော ဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) တက်ရောက်၍ ညီလာခံအဖွင့် မိန့်ခွန်း မြွက်ကြား လမ်းညွှန်ခြင်း၊

(ခ) နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)က ဗဟိုဦးစီးအဖွဲ့ဝင်များအား ဂုဏ်ပြု ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခြင်း၊

(ဂ) ဗဟိုအမှုဆောင်ကော်မတီ ဥက္ကဋ္ဌဦးကျော်အောင် (ကျော်အောင်) ကွယ်လွန်သဖြင့် ဥက္ကဋ္ဌနေရာတွင်ဒုတိယဥက္ကဋ္ဌ(၁) ဦးလှမြိုင်(ကိုဆောင်း)အား ဗဟိုအမှုဆောင် ကော်မတီက ရွေးချယ် တာဝန်ပေးအပ်ခဲ့ခြင်းကို အတည်ပြုခြင်း၊

(ဃ) ကွန်လွန်ခဲ့ကြသော ကန်တော့ခံ သက်ကြီး စာပေပညာရှင်များနှင့် ဥက္ကဋ္ဌဦးကျော်အောင် (ကျော်အောင်)အမှူးပြုသော စာပေရဲဘော်များအတွက် ဝမ်းနည်းကြေကွဲကြောင်း မှတ်တမ်းတင်ခြင်း၊

(င) **မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၏ အလံကို အောက်ပါအတိုင်း အတည်ပြုခြင်း-**

အလံအရောင်မှာ မိုးပြာရောင်ဖြစ် ပြီး အရှည်အစားမှာ အလျား ငါးပေ၊ အနံ သုံးပေဖြစ်သည်။ အလံ၏ အလယ်တွင် အချင်း ၂၁ လက်မရှိသော မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တံဆိပ် အမှတ် အသားပါရှိသည်။ တံဆိပ်အမှတ်အသားများ၏ အဝိုင်း မျဉ်းကို ရွှေရောင်ဖြင့် ဘောင်ခတ်ရိုက်နှိပ်ထားပြီး ကြိုး ကြာငှက်၊ ကြာပန်းနှင့် စာအုပ်တို့ကို အဖြူရောင် အောက်ခံ၌ အနက်ရောင်မျဉ်းဖြင့် ရိုက်နှိပ်ထားသည်။

(စ) မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ဆောင်ပုဒ်ကို အောက်ပါအတိုင်း အတည်ပြုခြင်း-

အမျိုး၏ဂုဏ်၊ ဇာတိဂုဏ်၊ စာပေဂုဏ်ကို မြှင့်တင်မည်။

**We Shall Uplift Pride Of Heritage and Literature**

(ဆ) မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယအကြိမ် ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး ဦးတည်ချက်များကို အတည်ပြုခြင်း၊ (ဖော်ပြခဲ့ပြီးဖြစ်ပါသည်။)

**စာဆိုတော်နေ့အကြို စာပေဟောပြောပွဲများ ကျင်းပခြင်း**

၁၃၆၂ ခုနှစ်၊ စာဆိုတော်နေ့ကို ကြိုဆိုသောအားဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်များနှင့် မြို့နယ်များရှိ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ ထိတွေ့စည်းရုံးမှုရှိရေးအတွက်လည်းကောင်း၊ သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲအတွက် အလှူငွေရရှိရေးအတွက်လည်းကောင်း ရည်ရွယ်၍ စာဆိုတော်နေ့အကြို



www.burmeseclassic.com

www.burmeseclassic.com



စာပေဟောပြောပွဲများကို ရှမ်းပြည် မြောက်ပိုင်း လားရှိုးမြို့တွင်လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့တွင်လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနား မြို့တွင်လည်းကောင်း၊ တနင်္သာရီတိုင်း ကော့သောင်းမြို့တွင်လည်းကောင်း လေးနေရာခွဲ၍ ကျင်းပခဲ့ပါသည်။

(က) လားရှိုးမြို့

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့တွင် ကျင်းပသည့် ၁၃၆၂ ခုနှစ်၊ စာဆိုတော်နေ့အကြို စာပေဟောပြောပွဲသို့ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌဦးလုမြိုင်(ကိုဆောင်း) ခေါင်းဆောင်၍ ဦးခင်မောင်ထွန်း(ခင်မောင်ထွန်း-လမ်းမတော်)၊ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)၊ ဦးစိန်ဝင်း(မောင်စိန်ဝင်း-ပုတီးကုန်း)၊ ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)တို့ပါဝင်သော အဖွဲ့သည် ၁၉-၁၀-၂၀၀၀ ရက်နေ့မှ ၂၃-၁၀-၂၀၀၀ ရက်နေ့အထိ သွားရောက်ခဲ့ကြပါသည်။

(ခ) စစ်တွေမြို့

ရခိုင်ပြည်နယ် စစ်တွေမြို့တွင် ကျင်းပသည့် ၁၃၆၂ ခုနှစ်၊ စာဆိုတော်နေ့အကြို စာပေဟောပြောပွဲသို့ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးချစ်နိုင်(ချစ်နိုင်-



စိတ်ပညာ) ခေါင်းဆောင်၍ ဦးကြည်အေး(ဆင်ဖြူကျွန်းအောင်သိန်း)၊ ဦးဋ္ဌေးမောင်(ဋ္ဌေးမောင်)၊ ဒေါက်တာတင်ထွန်းဦး(ဒေါက်တာတင်ထွန်းဦး)တို့ပါဝင်သော အဖွဲ့သည် ၃-၁၀-၂၀၀၀ ရက်နေ့မှ ၆-၁၁-၂၀၀၀ ရက်နေ့အထိ သွားရောက်ခဲ့ကြပါသည်။

(ဂ) မြစ်ကြီးနားမြို့

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ကျင်းပ သည့် ၁၃၆၂ ခုနှစ် စာဆိုတော်နေ့အကြို စာပေ ဟောပြောပွဲသို့ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်း အဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးမျိုးသန့်(မောင်ဆုရှင်) ခေါင်းဆောင်၍ ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်)၊ ဒေါက်တာမောင်မောင်(မောင်ဆင်ခြင်)၊ ဦးခင်ဆွေ(ရွှေစွန်ညို)၊ ဦးဝင်းမောင်(မောင်ခေတ်ထွန်း)တို့ပါဝင်သော အဖွဲ့သည် ၂၇-၁၀-၂၀၀၀ မှ ၃၀-၁၀-၂၀၀၀ ရက်နေ့အထိ သွားရောက်ခဲ့ကြပါသည်။

(ဃ) ကော့သောင်းမြို့

တနင်္သာရီတိုင်း ကော့သောင်းမြို့တွင် ကျင်းပသည့် ၁၃၆၂ ခုနှစ် စာဆိုတော်နေ့အကြို စာပေဟောပြောပွဲသို့ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးအုံးဖေ

www.burmeseclassic.com

www.burmeseclassic.com



(အုံးဖေ-ပခုက္ကူ)ခေါင်းဆောင်၍ ဦးလှိုင်ကြွယ် (ကာတွန်းမောင်ဝဏ္ဏ)၊ ဒုတိယဗိုလ်မှူးကြီး အုန်းမောင်(ငြိမ်း) (မြင်းမူမောင်နိုင်မိုး)၊ ဦးသန်းလှိုင်(တက္ကသိုလ်သခ်)တို့ပါဝင်သော အဖွဲ့သည် ၄-၁၁-၂၀၀၀ ရက်နေ့မှ ၇-၁၁-၂၀၀၀ ရက်နေ့အထိ သွားရောက်ခဲ့ကြပါသည်။

အဆိုပါ အဖွဲ့လေးဖွဲ့သည် သက်ဆိုင်ရာမြို့များ၊ ယင်းမြို့နှင့်အနီးဝန်းကျင်မြို့များတွင် "နိုင်ငံတော်တည်ဆောက်ရေးနှင့် စာပေနှင့်စာနယ်ဇင်းသမားများ၏တာဝန်"စာတမ်းကို ရှင်းလင်းဆွေးနွေးခြင်း၊ စာပေရေးရာများ ဟောပြောခြင်း၊ သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲအတွက် အလှူငွေများလက်ခံခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါသည်။ ဤကဲ့သို့ ဗဟိုအမှုဆောင်ကော်မတီ၏ အစီအစဉ်ဖြင့် ဝေးလံသည့်မြို့များသို့ သွားရောက်၍ စာပေဟောပြောပွဲများကို ကျင်းပနိုင်ခဲ့ခြင်းဖြင့် ဗဟိုနှင့်မြို့နယ်အဖွဲ့အကြား အပြန်အလှန်နားလည်မှုဖြင့် ရင်းနှီးမှု စည်းရုံးမှုတို့အတွက် များစွာအထောက်အကူဖြစ်စေခဲ့ပါသည်။

ထို့အပြင် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့များကကြီးမှူး၍ ၁၃၆၂ ခုနှစ်၊ စာဆိုတော်နေ့ အခမ်းအနားနှင့် စာပေဟောပြောပွဲများကို ကျင်းပသွားကြရန် ဗဟိုအမှုဆောင်ကော်မတီအနေဖြင့် ညွှန်ကြားချက်များပေးပို့ခြင်း၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌထံမှ ပေးပို့သည့် သဝဏ်လွှာကို ဖြန့်ဝေခြင်းတို့ကို နှစ်စဉ်မပျက် ဆောင်ရွက်ခဲ့ပါသည်။



ထိုနည်းတူစွာ ဗဟိုအမှုဆောင်ကော်မတီဝင်များနှင့် စာရေးဆရာများ ပါဝင်သော အဖွဲ့များသည်လည်း မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း၍ မြို့နယ်များသို့ သွားရောက်ကာ စာပေဟောပြောပွဲများ၊ စာပေစည်းရုံးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြပါသည်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သည် သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲကို နှစ်စဉ်မပျက် အောက်ပါရည်ရွယ်ချက်ဖြင့် ကျင်းပခဲ့ပါသည်။

(က) စာပေနှင့် နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးကို ဆောင်ရွက်ခဲ့သည့် စာပေပညာရှင်ကြီးများ၏ စာပေဂုဏ်၊ ပညာဂုဏ်တို့ကို ဂုဏ်ပြုပူဇော်ရန်၊

(ခ) အသက်အရွယ်ကြီးရင့်၍ အိုမင်းမစွမ်းရှိနေသည့် စာပေပညာရှင်ကြီးများအား တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေရန်၊

(ဂ) နိုင်ငံတော်အတွင်း၌ စာပေပညာရှင်များနှင့် စာကောင်းပေမွန်တို့ကို မြတ်နိုးတန်ဖိုးထားသော စိတ်ဓာတ် ပြန့်ပွား၍ စာပေဖြင့် နိုင်ငံဖွံ့ဖြိုးအောင် တစ်ဖက်တစ်လမ်းမှ ပြုစုပျိုးထောင်နိုင်ခြင်း အနှစ်သာရသဘောကို ပေါ်လွင်စေရန်၊

(ဃ) ခေတ်ပြိုင်စာရေးဆရာ၊ သတင်းစာဆရာများ ၏ ချစ်ကြည်ရင်းနှီးစည်းလုံးပေါင်းစည်းမှုကို

www.burmeseclassic.com

www.burmeseclassic.com



အထောက်အကူဖြစ်စေရန်၊

(င) ပြည်သူတို့ စာပေတန်ဖိုးနှင့် အကျိုးကျေးဇူးကို အစဉ်သတိရစေရန်။

ဒုတိယအကြိမ်ညီလာခံ သက်တမ်းအတွင်း ဗဟိုအမှုဆောင်ကော်မတီက ကြီးမှူး၍ မြန်မာနိုင်ငံစာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ အောက်ပါအတိုင်း ကျင်းပခဲ့ပါသည်။

(က) ၁၃၆၀ ပြည့်နှစ် မြန်မာနိုင်ငံစာဆိုတော်နေ့နှင့် သက်ကြီး စာပေပညာရှင်များကန်တော့ပွဲကို ၂၁-၁၁-၉၈ နေ့တွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ သက်ကြီးစာပေပညာရှင် ၉၈ဦးအား လှူဖွယ်ပစ္စည်းများနှင့် ငွေသား ၂၄၆၆၆ ကျပ်စီဖြင့် ပူဇော်ကန်တော့ခဲ့ပါသည်။ အဆိုပါလုပ်ငန်းအတွက် လုပ်ငန်းကော်မတီမှ အလှူခံရရှိငွေ စုစုပေါင်းမှာ ၄၅၁၄၄၆၁ ကျပ်ဖြစ်ပြီး လက်ကျန်ငွေမှာ ၈၉၂၂၃၂ ကျပ်ဖြစ်ပါသည်။ လက်ကျန်ငွေကို နောင်လာမည့်နှစ်များတွင် မတည်ငွေအဖြစ်ထားရှိ၍ ဆက်လက်အသုံးပြုသွားရန် စခန်းသိမ်းအစည်းအဝေးက ဆုံးဖြတ်၍ ဗဟိုအမှုဆောင်ကော်မတီက လက်ခံအတည်ပြုခဲ့ပါသည်။

(ခ) ၁၃၆၁ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့နှင့် သက်ကြီးစာပေညာရှင်များ ကန်တော့ပွဲကို ၁၁-၁၂-၉၉ နေ့တွင် ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပခဲ့ရာ သက်ကြီးစာပေပညာရှင် (၁၀၈)ဦးအား လှူဖွယ်ပစ္စည်းများနှင့် ငွေသားကျပ် ၄၅၀၀၀ ကျပ်စီတို့ဖြင့် ပူဇော်ကန်တော့ခဲ့ပါသည်။ အဆိုပါ ကန်တော့ပွဲအတွက် လုပ်ငန်းကော်မတီခြောက်ခု ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ ဘဏ္ဍာရေးကော်မတီက အလှူခံရရှိငွေ စုစုပေါင်းမှာ ၅၁၆၂၆၈၀ ကျပ်ဖြစ်ပြီး လက်ကျန်ငွေမှာ ၅၆၂၉၀၉ ကျပ်ဖြစ်ပါသည်။ ၁၃၆၀ ပြည့်နှစ်နှင့် ၁၃၆၁ ခုနှစ် နှစ်နှစ်အတွက် လက်ကျန်ငွေ ၅၆၁၉၀၉ကျပ်ကို နောင်လာမည့်နှစ်များတွင် မ-တည်၍ ဆက်လက်အသုံးပြုသွားရန် စခန်းသိမ်းအစည်းအဝေးက ဆုံးဖြတ်၍ ဗဟိုအမှုဆောင်ကော်မတီက လက်ခံအတည်ပြုခဲ့ပါသည်။

(ဂ) ၁၃၆၂ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲကို ၂၇-၁၁-၂၀၀၀ ရက်နေ့တွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ သက်ကြီး စာပေပညာရှင် (၁၁၉)ဦးတို့အား လှူဖွယ်ပစ္စည်း များနှင့်ငွေသား(၅၀၀၀၀)ကျပ်စီဖြင့် ပူဇော်ကန်တော့ခဲ့ပါသည်။ အဆိုပါလုပ်ငန်းများအတွက် လုပ်ငန်းကော်မတီခြောက်ခုဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။ ရန်ပုံငွေရှာဖွေရေး လုပ်ငန်းကော်မတီမှ အလှူခံ ရရှိငွေ စုစုပေါင်းမှာ

www.burmeseclassic.com



၁၀၀၄၁၇၈၉ ကျပ်ဖြစ်ပြီး လက်ကျန်ငွေမှာ ၃၂၆၄၅၈၆ ကျပ်ဖြစ်ပါသည်။ ယင်းလက်ကျန်ငွေကို နောင်လာမည့်နှစ်များတွင် မ-တည်၍ ဆက်လက်အသုံးပြုသွားရန် စခန်းသိမ်း အစည်းအဝေးက ဆုံးဖြတ်၍ ဗဟိုအမှုဆောင်ကော်မတီက လက်ခံအတည်ပြုခဲ့ပါသည်။ ၁၃၆၂ ခုနှစ် သက်ကြီးစာပေ ပညာရှင်များ ကန်တော့ပွဲ၏ ထူးခြားချက်မှာ ကန်တော့ခံ ပုဂ္ဂိုလ် ၁၁၉ ဦး အနက် ရန်ကုန်တိုင်း မြောက် ဥက္ကလာပ မြို့နယ်မှ စာပေပညာရှင် ဦးလေးခင် (မျိုးမြင့်စော) အသက် (၁၀၁)နှစ် ပါဝင်ခြင်းဖြစ်ပါသည်။

(ဃ) ၁၃၆၃ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့ သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲကို ၁၇-၁၂-၂၀၀၁ ရက်နေ့က ရန်ကုန်မြို့ မြို့တော်ခန်းမ၌ သက်ကြီးစာပေပညာရှင် ၁၂၈ ဦးတို့အား လှူဖွယ်ပစ္စည်းများနှင့် ငွေသား ၅၀၀၀၀ ကျပ်စီဖြင့် ပူဇော်ကန်တော့ခဲ့ပါသည်။ အဆိုပါလုပ်ငန်းများအတွက် လုပ်ငန်းကော်မတီခြောက်ခု ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။ ရန်ပုံငွေရှာဖွေရေး လုပ်ငန်းကော်မတီမှ အလှူခံရရှိငွေ စုစုပေါင်းမှာ ၉၅၉၇၆၆၄ ကျပ်ဖြစ်ပြီး လက်ကျန်ငွေမှာ ၆၅၁၂၀၅၀ကျပ်ဖြစ်ပါသည်။ လက်ကျန်ငွေ



၆၅၁၂၀၅၀ကျပ်ကို နောင်လာမည့်နှစ်များတွင် မ-တည်၍ ဆက်လက်အသုံးပြုသွားရန် စခန်း သိမ်း အစည်းအဝေးက ဆုံးဖြတ်၍ ဗဟိုအမှုဆောင်ကော်မတီက လက်ခံအတည်ပြုခဲ့ပါသည်။

(င) ဒုတိယအကြိမ်ညီလာခံ သက်တမ်းကာလ အတွင်း ကျင်းပခဲ့သော သက်ကြီးစာပေပညာရှင် များအား ကန်တော့ပွဲများတွင် ရန်ကုန်မြို့တော် ခန်းမသို့ မကြွရောက်နိုင်ကြသော သက်ကြီး စာပေပညာရှင်များအား မြန်မာနိုင်ငံစာပေနှင့် စာ နယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးဆောင်၍ ဗဟိုအမှုဆောင် ကော်မတီဝင်များက အိမ်တိုင်ရာရောက် လိုက်လံ ကန်တော့ခဲ့ကြပါသည်။

(စ) ထိုနည်းတူစွာပင် ရန်ကုန်သို့ မကြွရောက်နိုင်ခဲ့သော မန္တလေး၊ စစ်ကိုင်းနှင့် ကျောက်ဆည်မြို့များရှိ သက်ကြီးစာပေပညာရှင်များကိုလည်း ဗဟိုစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးဆောင်သော အဖွဲ့က အိမ်တိုင်ရာရောက် လိုက်လံကန်တော့ခဲ့ကြပါသည်။

(ဆ) ထိုမျှမကသေး၊ အခြားမြို့နယ်များရှိ သက်ကြီးစာပေပညာရှင်များကိုလည်း ဗဟိုအမှုဆောင်ကော်မတီဝင်များ ကိုယ်တိုင်ဖြစ်စေ၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌများကိုဖြစ်စေ

www.burmeseclassic.com

www.burmeseclassic.com



တာဝန်ပေးအပ်၍ သွားရောက်ကန်တော့စေခဲ့ပါသည်။

(ဇ) မြန်မာနိုင်ငံစာဆိုတော်နေ့ သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲကို နှစ်စဉ်မပြတ်ကျင်းပနိုင်ခဲ့ခြင်းမှာ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များအတွက် ဂုဏ်ယူဖွယ်ရာပင်ဖြစ်ပါသည်။ အဆိုပါ ကန်တော့ပွဲအခမ်းအနားများအနက် ၁၃၆၀ ပြည့်နှစ်နှင့် ၁၃၆၁ ခုနှစ်တို့တွင် ကျင်းပသော သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)ကိုယ်တိုင် တက်ရောက်ချီးမြှင့်သည့်အတွက် အားတက်ဂုဏ်ယူဖွယ်ရာ ဖြစ်ပါသည်။ ထို့အပြင် ယင်းကန်တော့ပွဲအခမ်းအနားများတွင် ကန်တော့ခံ စာပေပညာရှင်ကြီးများ၏ အရေအတွက် တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာ ခြင်း၊ လှူဖွယ်ပစ္စည်းနှင့် ငွေသား တစ်နှစ်ထက် တစ်နှစ် တိုးတက်လာခြင်းတို့မှာ နိုင်ငံတော်အေး ချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအမှူးပြုသည့် ဝန်ကြီးဌာနများ၏ အပြည့်အဝကူညီပံ့ပိုးမှု၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များနှင့် အလှူရှင်များ၏ စိတ်အား



ထက်သန်စွာ ပါဝင်ကူညီ လှူဒါန်းမှုများကြောင့် ဖြစ်ပါကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

**စာဆိုတော်နေ့ အထိမ်းအမှတ် စာအုပ်ဈေးပွဲတော် ကျင်းပခြင်း**

နတ်တော်လဆန်း(၁)ရက်နေ့ကို မြန်မာနိုင်ငံစာဆိုတော်နေ့အဖြစ် သတ်မှတ်ကာ စာဆိုတော်နေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပခြင်း၊ စာပေဟောပြောပွဲများ ပြုလုပ်ခြင်းတို့ကို နှစ်စဉ်မပျက် ဆောင်ရွက်ခဲ့ပါသည်။ ထို့နည်းတူ စာဆိုတော်နေ့ အထိမ်းအမှတ် စာအုပ်ဈေးပွဲတော်ကိုလည်း စာပေလှုပ်ရှားမှုအနေဖြင့် ညီလာခံသက်တမ်းကာလအတွင်း ၂၀၀၀ ပြည့်နှစ်တွင် ၂၅-၁၁-၂၀၀၀ မှ ၃-၁၂-၂၀၀၀ အထိနှင့် ၂၀၀၁ ခုနှစ်တွင် ၁၅-၁၂-၂၀၀၁ မှ ၂၃-၁၂-၂၀၀၁ ရက်နေ့ အထိ နှစ်ကြိမ် ကျင်းပခဲ့ပါသည်။ အဆိုပါ စာအုပ်ဈေးပွဲတော် များကို အောက်ပါရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့ပါသည်။

(က) မြန်မာနိုင်ငံတွင် နှစ်စဉ်ကျင်းပလျက်ရှိသော စာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲကို ပိုမိုလူသိများလာနိုင်စေရန်၊

(ခ) စာအုပ်ဈေးပွဲတော်ကို အကြောင်းပြု၍ စာဖတ်ပရိသတ်များ တိုးပွားလာစေပြီး ပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် စာအုပ်များကို ဝယ်ယူဖတ်ရှုနိုင်စေရန်၊

(ဂ) စာအုပ်ဈေးပွဲတော်ကို အကြောင်းပြု၍ မြန်မာ

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံ စာအုပ်ထုတ်ဝေရေးလောက ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ဃ) မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ မူလချမှတ်ထားသော ရည်ရွယ်ချက်တစ်ရပ်ကို အကောင်အထည်ဖော်ရန်၊

(င) စာအုပ်ဈေးပွဲတော်ကို စာဆိုတော်လရာသီတွင် နှစ်စဉ်ကျင်းပခြင်းအားဖြင့် နိုင်ငံတော်တွင် စာပေလှုပ်ရှားမှုအရှိန်အဟုန် စည်ပင်တိုးတက် မြင့်မားလာစေရန်။

ထိုသို့ကျင်းပရာတွင် ရည်ရွယ်ချက်ပြည့်မြောက်စေရေးနှင့် လုပ်ငန်းအောင်မြင်စေရေးတို့အတွက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ(၁)၊ ဒုတိယဥက္ကဋ္ဌ(၂) တို့က နာယကများအဖြစ် ဆောင်ရွက်ပြီး ဒုတိယဥက္ကဋ္ဌ(၃) ဦးမြင့်သိန်း(မြင့်သိန်းအောင်)က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက် သော စာအုပ်ဈေးပွဲတော် ကျင်းပရေးကော်မတီနှင့် လုပ်ငန်းကော်မတီများကို စနစ်တကျဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

စာအုပ်ဈေးပွဲတော်ကျင်းပနိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးက ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်စက်ရုံဝင်းအတွင်းရှိ (ဆိုရန်တိုဗီလာ) အဆောက်အအုံကို အသုံးပြုခွင့်ပေးခဲ့သည့်အပြင် လိုအပ်သည့် အခြားပံ့ပိုး ကူညီမှုများကို ပေးခဲ့ကြသည့် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်



ကြီးဌာန လက်အောက်ရှိ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စသည့် လုပ်ငန်းများနှင့် ဦးစီးဌာနများအား ကျေးဇူးအထူးပင်တင်ရှိပါကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

ထို့အပြင် နှစ်စဉ် ဖွင့်လှစ်မြဲဖြစ်သော စာအုပ်ဈေးပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်စေရန် ပါဝင်ကူညီဖွင့်လှစ်ခဲ့ကြသော စာအုပ်အရောင်းဆိုင်များနှင့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့သို့ ရန်ပုံငွေလှူဒါန်းခဲ့ကြသော စာအုပ်အရောင်းဆိုင်များကိုလည်း ဂုဏ်ပြုမှတ်တမ်းတင်ပါ သည်။

## သုတဘာဏ် စာတမ်းဖတ်ပွဲများ ကျင်းပခြင်း

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ လုပ်ငန်းစဉ်(၁၀)ရပ်တွင် "စာပေဖွံ့ဖြိုးရေးကို အထောက်အကူပြုမည့် စာကြည့်တိုက်လုပ်ငန်း၊ စာပေဆိုင်ရာ စာတမ်းဖတ်ပွဲ၊ စာပေဟောပြောပွဲ၊ စာပေသင်တန်း စသည်တို့ကို အခါအားလျော်စွာ ကျင်းပပေးရန်" ဟူသော လုပ်ငန်းစဉ်တစ်ရပ်လည်း ပါဝင်ပါသည်။ အဆိုပါ လုပ်ငန်းစဉ်ကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သောအားဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ညီလာခံအကြို လှုပ်ရှားမှုတစ်ရပ်အနေဖြင့်လည်းကောင်း "သုတဘာဏ် စာတမ်းဖတ်ပွဲ" များကို ၁၁-၁၁-၂၀၀၁ ရက်နေ့မှစ၍ ကုန်

www.burmeseclassic.com

www.burmeseclassic.com



သည်လမ်း၊ စာပေဗိမာန် အဆောက်အအုံရှိ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။

ယင်းစာတမ်းဖတ်ပွဲများတွင် ၂၀၀၀ ပြည့်နှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း စာပေအနုပညာရှင်(၈)ဦးတို့က စာတမ်းပေါင်း(၈)စောင်ကို ဖတ်ကြားခဲ့ကြပြီး တက်ရောက်လာကြသော စာပေဝါသနာရှင်များ၊ စာပေသုတေသီများ၊ စာပေရေးသားပြုစုသူများက သိရှိလိုသော အချက်အလက်များကို စာဖြင့်ရေးသားမေးမြန်းခြင်း၊ စာတမ်းရှင်များက ပြန်လည်ရှင်းလင်း ဖြေကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါသည်။

စာတမ်းရှင်(၈)ဦးတို့ ဖတ်ကြားတင်ပြခဲ့ကြသည့် စာတမ်းများသည် သုတ၊ ရသ စာပေကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအကျိုးပြုသော အချက်အလက်များ ပါဝင်ကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် ပြည်သူများ အသိအမြင်အတွေးအခေါ် ကျယ်ပြန့်ရေး၊ အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုခဲ့ကြောင်း တွေ့ရှိရပါသည်။

**နိုင်ငံတော်က ကြီးမှူးသည့် အခမ်းအနားများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခြင်း**

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အဆင့်ဆင့်နှင့် အဖွဲ့ဝင်များသည် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ တွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ရန် လမ်းညွှန်ချမှတ်ထားသည်နှင့်အညီ ဗဟိုအဆင့်တွင် နိုင်ငံတော်က ကြီးမှူး



ကျင်းပသော အောက်ဖော်ပြပါ အခမ်းအနားများသို့ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ခေါင်းဆောင်၍ ဗဟိုအမှုဆောင်ကော်မတီဝင်များ တက်ရောက်အားပေးခြင်း၊ သက်ဆိုင်ရာ ကျင်းပရေးကော်မတီများ လုပ်ငန်းကော်မတီများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ကြပါသည်။

(က) လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများ၊
(ခ) ပြည်ထောင်စုနေ့ အထိမ်းအမှတ် အခမ်းအနားများ၊
(ဂ) ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခမ်းအနားများ၊
(ဃ) ကမ္ဘာ့ပတ်ဝန်းကျင်နေ့ အထိမ်းအမှတ် အခမ်းအနားများ၊
(င) နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများ၊
(စ) ကမ္ဘာ့ကုလသမဂ္ဂနေ့ အထိမ်းအမှတ် အခမ်းအနားများ။

**စာပေထုတ်ဝေရေးလုပ်ငန်း**

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ရည်ရွယ်ချက်(၆)ရပ်တွင် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့သည် "ဂန္ထဝင်စာပေနှင့် ခေတ်ပြိုင်စာပေများကို စာဖတ်ပရိသတ်လက်သို့ ရောက်ရှိစေရေးအတွက် ကူညီဆောင်ရွက်ရန်" ချမှတ်ထားသည်နှင့်အညီ ညီလာခံ သက်တမ်းကာလအတွင်းအောက်

www.burmeseclassic.com

www.burmeseclassic.com



ပါအတိုင်း စာအုပ်စာစောင်နှင့် မဂ္ဂဇင်းတို့ကို ထုတ်ဝေနိုင်ခဲ့ပါသည်။

(က) စာပေါင်းချုပ်များ ထုတ်ဝေခြင်း

ဂန္ထဝင်စာပေ စာရင်းဝင် အောက်ဖော်ပြပါ ကွယ်လွန်သူ ထင်ရှားသော စာရေးဆရာကြီးများ၏ စာပေါင်းချုပ်များကို ရေရှည်တည်တံ့ပွားများစိမ့်သောငှာ တတိယအကြိမ် ညီလာခံ သက်တမ်းအတွင်း စာကြည့်တိုက်ပညာရှင်များ၏ အကူအညီဖြင့် ထုတ်ဝေနိုင်ခဲ့ပါသည်။

(၁) မှော်ဘီဆရာသိန်းစာပေါင်းချုပ် (ပထမတွဲ) ၂၀၀၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ
(၂) ဆရာပီမိုးနင်း စာပေါင်းချုပ် (တတိယတွဲ) ၂၀၀၁ ခုနှစ်၊ စက်တင်ဘာလ
(၃) ဆရာဇော်ဂျီစာပေါင်းချုပ် ၂၀၀၂ ခုနှစ်၊ မတ်လနှင့် မေလ အတွဲ(၆)နှင့် အတွဲ(၇)

(ခ) ဝတ္ထုစာအုပ်များ ထုတ်ဝေခြင်း

ခေတ်ပြိုင်စာပေစာရင်းဝင် ဝတ္ထုစာအုပ်များကိုလည်း လက်ရာများ ရေရှည်တည်တံ့ရေးအလို့ငှာ အောက်ပါအတိုင်း ရွေးချယ်ထုတ်ဝေခဲ့ပါသည်။

(၁) "မင်းမှုထမ်း" (တက်တိုး) ၂၀၀၀ ပြည့်နှစ်၊ ဒီဇင် ဘာလ
(၂) "အကောင်းဆုံးဝတ္ထုတိုပေါင်းချုပ်" ၂၀၀၁ ခုနှစ်၊ ဩဂုတ်လ (ယုဝတီခင်စိန်လှိုင်)

(ဂ) မဂ္ဂဇင်းထုတ်ဝေခြင်း

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်၍ မြန်မာနိုင်ငံ



စာပေနှင့်စာနယ်ဇင်းအဖွဲ့က ဦးစီးထုတ်ဝေသည့် "နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း" အမှတ်(၁)ကို ၁၉၉၉ ခုနှစ် မတ်လမှစတင်၍ ထုတ်ဝေခဲ့ရာ ၂၀၀၂ ခုနှစ် ဇွန်လတွင် အမှတ်(၃၈)ကို ထုတ်ဝေနိုင်ခဲ့ပြီးဖြစ်ပါသည်။

(ဃ) ဂျာနယ်များ ထုတ်ဝေခြင်း

စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များ၏ သက်သာချောင်ချိရေးနှင့် စာဖတ်ပရိသတ် တိုးပွားရေးကို ရှေးရှုလျက် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ကိုယ်စား သုတစွယ်စုံစာအုပ်တိုက်က "သတင်းလွှာ"ဂျာနယ်ကို ၁၇-၉-၉၆ နေ့မှစ၍ အပတ်စဉ် ထုတ်ဝေလျက်ရှိပြီး ၂၀၀၂ ခုနှစ် မတ်လအထိ သတင်းလွှာဂျာနယ် အမှတ်စဉ်(၂၈၃)ကို ထုတ်ဝေနိုင်ခဲ့ပြီး ယခုအခါ ဂျာနယ်ထုတ်ဝေမှုကို ရပ်နားထားပါသည်။ အလားတူ ရည်ရွယ်ချက်ဖြင့် အဖွဲ့ဝင် ကာတွန်း ဦးဗကလေး ဦးစီးသော Perfect စာပေအကျိုးဆောင်လုပ်ငန်းအား တာဝန်ပေးအပ်လျက် "ခေတ်ဂျာနယ်"ကို ၁၅-၃-၂၀၀၂ နေ့မှစ၍ အပတ်စဉ် ထုတ်ဝေခဲ့ပြီး ယခုအခါ ထုတ်ဝေခြင်းရပ်နားထားပါသည်။

(င) အခြားစာအုပ်များ ထုတ်ဝေခြင်း

အဖွဲ့သည် လူထုအသိပညာပေးရေးနှင့် ကလေးသူငယ်များ၊ ကျေးလက်စာဖတ်ပရိသတ်နှင့် စာကြည့်တိုက်များသို့ စာအုပ်များ၊ ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဝေနိုင်ရေးအတွက် ဂျပန်နိုင်ငံ ယူနက်စကိုအဖွဲ့နှင့် ညှိနှိုင်း၍ လူ့ပတ်ဝန်း

www.burmeseclassic.com

www.burmeseclassic.com



ကျင်ဆိုင်ရာ "သစ်ပင် သစ်တော"၊ "ရေကမ္ဘာ"ဟူသော စာအုပ် (၂)မျိုးကို ပြင်ပထုတ်ဝေသူတို့၏ အရင်းအနှီးဖြင့် ညှိနှိုင်းထုတ်ဝေနိုင်ခဲ့ပါသည်။ ထို့ပြင် အာဆီယံနိုင်ငံများ၏ ဆုရဝတ္ထုတိုများ(အင်္ဂလိပ်ဘာသာ) စာအုပ် ထုတ်ဝေရေးအတွက် စာမူရွေးချယ်၍ ပြန်ကြားရေးဝန်ကြီးဌာနမှတစ်ဆင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။

## သက်သာချောင်ချိရေးလုပ်ငန်း

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့သည် အဖွဲ့ဝင်များ၏ သက်သာချောင်ချိရေးကို ရှေးရှု၍ အဖွဲ့ဝင်များ ကွယ်လွန်သည့်အခါ နာရေးထောက်ပံ့ငွေများကို ဒုတိယအကြိမ် ညီလာခံ သက်တမ်းကာလအတွင်း ၁၉၉၈ ခုနှစ် ဇွန်လမှ ၁၃-၇-၉၉ အထိ ကွယ်လွန်သူ တစ်ဦးလျှင် ကျပ် ၁၅၀၀ နှုန်း ကူညီထောက်ပံ့ခဲ့ပါသည်။ ထို့နောက် ၁၄-၇-၉၉ ရက်နေ့ မှစ၍ ကျပ် ၃၀၀၀ နှုန်း ကူညီထောက်ပံ့ခဲ့ပါသည်။ ထိုသို့ကူညီထောက်ပံ့ခဲ့ရာ ၁၉၉၈ ခုနှစ် ဇွန်လမှ ၃၁-၁၂-၂၀၀၁ ရက်နေ့ အထိ ကန်တော့ခံ သက်ကြီးစာပေပညာရှင် (၃၇)ဦး အပါ အဝင် အဖွဲ့ဝင်ပေါင်း ၁၂၀ ဦးကို နာရေးထောက်ပံ့ငွေများ ထောက်ပံ့ကူညီနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့သည် နာ မကျန်း ထောက်ပံ့ငွေများကို စိစစ်၍ ထုတ်ပေးလျက်ရှိရာ ၁၉၉၈ ခုနှစ် ဇွန်လမှ ၂၂-၇-၉၉ အထိ နာမကျန်းဖြစ်နေ သော အဖွဲ့ဝင် (၂၂)ဦးကို ကျပ် ၁၀၀၀၀ စီဖြင့်လည်းကောင်း၊ ၂၃-၇-၉၉ မှစ၍ နာမကျန်းထောက်ပံ့ငွေကို ၁၅၀၀၀ အထိ တိုးမြှင့်၍ ၃၁-၁၂-၂၀၀၁ နေ့အထိ နာမကျန်းဖြစ်နေသော အဖွဲ့ဝင် ၁၇၂ ဦးတို့ကို ထုတ်ပေးခဲ့ရာ ဒုတိယအကြိမ် ညီလာခံ သက်တမ်း ကာလအတွင်း နာမကျန်းဖြစ်နေသော အဖွဲ့ဝင် ပေါင်း ၁၉၄ ဦးအား နာမကျန်းထောက်ပံ့ငွေများ ထုတ်ပေးခဲ့ပြီး ဖြစ်ပါသည်။



ထို့အပြင် ဗဟိုအမှုဆောင်ကော်မတီသည် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ ခရီးသွားလာရာတွင် အဆင်ပြေစေရေးအတွက် မီးရထား၊ သင်္ဘောနှင့် လေယာဉ်လက်မှတ်များ ဝယ်ယူရာတွင် ထောက်ခံချက်များပေး၍ ကူညီခဲ့ပါသည်။ ထို့အတူ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ သက်သာချောင်ချိရေး လုပ်ငန်းအတွက် ပြက္ခဒိန်နှင့် မြို့နယ်မဂ္ဂဇင်းထုတ်ဝေရေး အတွက်လည်း ဗဟိုအမှုဆောင်ကော်မတီက အကူအညီပေးခဲ့ပါသည်။

## နိုင်ငံတကာ ဆက်သွယ်ရေးလုပ်ငန်း

နိုင်ငံတကာ ဆက်သွယ်ရေးလုပ်ငန်းကော်မတီကို အဖွဲ့၏ စာပေလုပ်ငန်းများ ပြည်ပအထိပျံ့နှံ့ရေးနှင့် နိုင်ငံတကာ စာပေအဖွဲ့အစည်းများ၊ စာပေလှုပ်ရှားမှုများနှင့် အကူးအလူး အလဲအလှည်ရှိရေးကို ရည်စူး၍ ဖွဲ့စည်းခဲ့ပါသည်။ အဓိက အားဖြင့် စာပေယဉ်ကျေးမှု ဖလှယ်ရေးလုပ်ငန်းတွင် အပြန် အလှန်သွားရောက် လေ့လာရေးထက် စာပေရေးရာချင်း ဆက်

www.burmeseclassic.com

www.burmeseclassic.com



သွယ်၍ ရင်းနှီးပွန်းတီးစေရန် ပထမဆင့်အားဖြင့် ရည်ရွယ်ပါသည်။ နိုင်ငံတော်၏ မူဝါဒနှင့် မဆန့်ကျင်သော ကိစ္စများနှင့် နိုင်ငံတော်က ကူညီစီစဉ်ပေးသော ယဉ်ကျေးမှု ဖလှယ်ရေး အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်လျက် မြန်မာစာပေကို နိုင်ငံတကာက သိရှိကျွမ်းဝင်ရေးနှင့် မြန်မာစာပေကလောင်ရှင်များအား အာရှဒေသအတွင်းနှင့် နိုင်ငံတကာစာပေတို့ကို ထိတွေ့ရေးအတွက် အခြေအနေပေးသည်နှင့်အမျှ လုပ်ငန်းကော်မတီက ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

**အဖွဲ့၏ လုပ်ငန်းများကို အသိပေးခြင်း**

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်၊ ဖွဲ့စည်းမှုအင်အား၊ လှုပ်ရှားမှုတို့ကို အင်္ဂလိပ်ဘာသာဖြင့် ခေါက်ကြော်ငြာပြုလုပ်၍ ရန်ကုန်မြို့တွင် အခြေစိုက်သော နိုင်ငံခြားသံရုံး၊ သံမှူးရုံးများသို့ ပေးပို့၍ စာပေဆိုင်ရာ အချက်အလက်များကို လေ့လာလိုကြောင်း အကြောင်းကြားခဲ့ပါသည်။

**အာဆီယံအဖွဲ့၏ ပြန်ကြားရေးနှင့် ယဉ်ကျေးမှုအဖွဲ့နှင့် ဆက်သွယ်ခြင်း**

မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအဖွဲ့၏ ပြန်ကြားရေးနှင့် ယဉ်ကျေးမှုအဖွဲ့ (COCI)၏ ဥက္ကဋ္ဌထံသို့ မြန်မာနိုင်ငံစာပေနှင့်



စာနယ်ဇင်းအဖွဲ့က စာပေနှင့်စာနယ်ဇင်းဆိုင်ရာ အဖွဲ့အစည်းများနှင့် အဆက်အသွယ်ပြုလုပ်၍ မြန်မာနိုင်ငံ၏ စာပေနှင့် စာနယ်ဇင်းကိစ္စများကို ဒေသအတွင်းသိရှိနိုင်ရန် တရားဝင်ပါဝင်ဆောင်ရွက်လိုပါကြောင်းကို ၂၀၀၂ ခုနှစ် ဇန်နဝါရီလအတွင်းက အကြောင်းကြားခဲ့ပါသည်။

**အာရှစာအုပ်ဖွံ့ဖြိုးရေး သတင်းလွှာ**

ဂျပန်နိုင်ငံ အာရှနှင့် ပစိဖိတ်ဒေသမှ သုံးလတစ်ကြိမ်ထုတ်ဝေပြီး ကမ္ဘာအရပ်ရပ်သို့ ပေးပို့သော အာရှစာအုပ်ဖွံ့ဖြိုးရေးသတင်းလွှာ (Asia Pacific Book Development ABD) စာစောင်တွင် မြန်မာနိုင်ငံ စာပေသတင်းများ၊ စာအုပ်သတင်းများကို မှန်မှန်ဖော်ပြခြင်းဖြင့် မြန်မာစာပေအခင်းအကျင်းကို နိုင်ငံတကာမှ စာအုပ်ထုတ်ဝေသူနှင့် စာချစ်သူများ မျက်ခြည်မပြတ်စေရန် ကြိုးစားလျက်ရှိပါသည်။

**စာအုပ်စာပေလုပ်ငန်း ခေတ်မီရေး**

ကွန်ပျူတာဂရပ်ဖစ်နှင့် အော့ဖ်ဆက်ပုံနှိပ်လုပ်ငန်းများနှင့် စာပေအမျိုးမျိုးတို့ကို နိုင်ငံတကာသို့ ဖြန့်ချိလျက်ရှိသော အချိန်တွင် မိမိတို့နိုင်ငံအလိုက် အမှတ်အသား သင်္ကေတများဖြစ်သည့် စာအုပ်များ ထုတ်ဝေဖြန့်ချိခြင်းအတွက် ISBN အမှတ်နှင့် စာစောင်မဂ္ဂဇင်းများအတွက် ISSN အမှတ်များ ရရှိရေးကိစ္စတွင် မြန်မာနိုင်ငံစာကြည့်တိုက် အသင်းကဲ့သို့ သော

www.burmeseclassic.com

www.burmeseclassic.com



NGO အသင်းအဖွဲ့များနှင့် ပူးပေါင်းပါဝင် ညှိနှိုင်းလျက်ရှိပါသည်။

## မူပိုင်ခွင့်ကိစ္စ

စာပေမူပိုင်ခွင့် (Literary Copyright) အပါအဝင်၊ ဉာဏပိုင်းဆိုင်ရာပစ္စည်းများ (Intellectual Property)အတွက် မူလပြုစုဖန်တီးသူတို့အား အခွင့်အရေးကာကွယ်ခြင်း၊ မူပိုင်ခွင့်ရှိသူတို့ထံမှ အခကြေးငွေဖြင့်ဖြစ်စေ၊ အခမဲ့ဖြစ်စေ အသိပေးအကြောင်းကြားပြီး မိတ္တူပွားများ ထုတ်ဝေခြင်းကိစ္စမှာ အာဆီယံအဖွဲ့နှင့် ကုလသမဂ္ဂအဖွဲ့တို့၏ ဘောင်အတွင်း မဖြစ်မနေ ပါဝင်ဆောင်ရွက်ရမည့်ကိစ္စဖြစ်သဖြင့် နိုင်ငံတော်၏ ဦးဆောင်မှုနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ရန်အဖွဲ့က လေ့လာလျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် အစဉ်အလာအားဖြင့် စာပေနှင့်အနုပညာဖန်တီးမှု လက်ရာပစ္စည်းများကို သဘောတူခွင့်ပြုချက်၊ ညှိနှိုင်းချက်တို့ဖြင့် စီးပွားကုန်သွယ်မှုအတွက်ဖြစ်စေ၊ ပညာရေးအတွက်ဖြစ်စေ၊ တရားသဖြင့် အသိပေးရယူအသုံးပြုခြင်းမှာ ထွန်းကားပြီးဖြစ်သောကိစ္စဖြစ်သဖြင့် ပြည် တွင်း၊ ပြည်ပတွင် ဆက်လက်စောင့်ထိန်း လိုက်နာရန်အတွက် အခက်အခဲမရှိနိုင်ဟု မျှော်လင့်ရပါသည်။

အချုပ်အားဖြင့် နိုင်ငံတကာဆက်သွယ်ရေးလုပ်ငန်းအဖွဲ့သည် မြန်မာစာပေနှင့် မြန်မာစာနယ်ဇင်းလောက ဖွံ့ဖြိုးရေးနှင့်အတူ ယင်းနယ်ပယ်သားများ၏ ခေတ်မီစွာ လေ့လာ



ဖန်တီးပြုစုနိုင်ရေးနှင့် ဘဝဖူလုံရေးအတွက် စည်းကမ်းမူဘောင်အတွင်းမှ နိုင်ငံတကာနှင့် ပေါင်းကူးတံတားပြုလုပ် ဆက်စပ်ရေးဖြစ်ပါသည်။

## ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်ခြင်း

မန္တလေးမြို့တွင် ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူး၍ ၂၂-၃-၂၀၀၁ ရက်နေ့မှ ၃၁-၃-၂၀၀၁ ရက်နေ့အထိ မန္တလေးရတနာပုံဈေးသစ်ကြီး၏ ဒုတိယထပ်၌ မန္တလေးစာပေဗိမာန်စာကြည့်တိုက်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် စာအုပ်ဈေးပွဲတော်ကို ကျင်းပခဲ့ပါသည်။ အဆိုပါ စာအုပ်ဈေးပွဲတော်တွင် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ပြခန်းလည်း ပါဝင်ပြသရန်ရှိရာ အဆိုပါပြခန်းကို မန္တလေးရှိ ဗဟိုအမှုဆောင်ကော်မတီဝင် ဒေါက်တာမောင်မောင်(မောင်ဆင်ခြင်)နှင့် မန္တလေး ငါးမြို့နယ်မှ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့များကတာဝန်ယူ၍ အောင်မြင်စွာ ခင်းကျင်းပြသပေးခဲ့ကြပါသည်။

ဗိုလ်မှူးချုပ်မြင့်မောင် (အငြိမ်းစား)က မကွေးမြင့် မောင်ကလောင်အမည်ဖြင့် ရေးသားသော ကျပ် ၃၀၀ တန် "တပ်မတော်စစ်သည်တစ်ဦး၏ မှတ်တမ်း" စာအုပ် အုပ် ရေ ၅၅၀ (စုစုပေါင်း တန်ဖိုးကျပ် ၁၆၅၀၀၀ ဖိုး)ကို ၂၀၀၁ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့က မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့အတွက် ရန်ကုန်၊ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်စက်ရုံဝင်းအတွင်း၌ ကျင်းပသော အခမ်းအနားသို့ တက်ရောက်လှူ

www.burmeseclassic.com



ဒါန်းခဲ့ပါသည်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သည် ၂၂-၄-၂၀၀၁ ရက်နေ့က ရွှေတန်းရောက် တပ်မတော်သားများအတွက် ကျပ်ငွေ ၃၀၀၀၀၀ (ကျပ် သုံးသိန်းတိတိ)နှင့် ကျပ်ငွေ ၂၆၃၃၅၀ တန်ဖိုးရှိသော မဂ္ဂဇင်း၊ ရုပ်ပြနှင့် စာအုပ်ပေါင်း ၁၆၁၈ အုပ်တို့ကို လှူဒါန်းခဲ့ပါသည်။

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့သည် တစ်ဦး ချင်းအလှူရှင်များနှင့် စာပေထုတ်ဝေရေးတိုက်များမှ လှူဒါန်းကြသည့် စာအုပ်များကို ရယူလက်ခံ၍ ကမ္ဘောဒီးယား ဆီးနိတ်စာကြည့်တိုက်သို့ လှူဒါန်းနိုင်ရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနသို့ စာအုပ်ပေါင်း ၃၂၂ အုပ်ကို ဆက်လက်ပေးပို့ လှူဒါန်းခဲ့ပါသည်။

## စာပေရန်ပုံငွေ ကြီးကြပ်ရေးအဖွဲ့

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်တွင် စာပေလောကသားတိုင်း သာရေး၊ နာရေးကိစ္စများတွင် ကူညီဆောင်ရွက်ရန် ပြဌာန်းသတ်မှတ်ထားချက်နှင့်အညီ ဗဟိုအမှုဆောင်ကော်မတီသည် အဖွဲ့ဝင်များ နာမကျန်းဖြစ်သည့်အခါ ကူညီထောက်ပံ့ငွေများကို ထုတ်ပေးနိုင်ရေးအတွက်လည်းကောင်း၊ စေတနာရှင်များက စေတနာအလျောက် ထည့်ဝင်လှူဒါန်းကြသော အလှူငွေများကို စနစ်တကျ ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်



နိုင်ရေးအတွက်လည်းကောင်း စာပေရန်ပုံငွေကြီးကြပ်ရေးကိစ္စကို ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ ပြင်ပစာပေ ပညာရှင်ကြီးများနှင့် အောက်ပါအတိုင်း ဖွဲ့စည်းထားပါသည်။

| | | |
|---|---|---|
| (၁) | ဦးလှမြိုင်(ကိုဆောင်း) | ဥက္ကဋ္ဌ |
| (၂) | ဦးတင်ခ (တက္ကသိုလ်တင်ခ)<br>ဒုတိယဥက္ကဋ္ဌ | |
| (၃) | ဦးသန်းမောင်(သန်းမောင်) | ဒုတိယဥက္ကဋ္ဌ |
| (၄) | ဦးလှထွန်း(လှထွန်း-တွံတေး) | အတွင်းရေးမှူး |
| (၅) | ဦးချစ်နိုင်(ချစ်နိုင်-စိတ်ပညာ) | တွဲဖက်<br>အတွင်းရေးမှူး |
| (၆) | ဒေါက်တာတင်ထွန်းဦး<br>(ဒေါက်တာတင်ထွန်းဦး) | တွဲဖက်<br>အတွင်းရေးမှူး |
| (၇) | ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်) | တွဲဖက်<br>အတွင်းရေးမှူး |
| (၈) | ဦးစောမြင့်(မောင်စောမြင့်) | ဘဏ္ဍာရေးမှူး |
| (၉) | ဦးစောမြင့်(မှူးသမိန်) | အဖွဲ့ဝင် |
| (၁၀) | ဦးလှကြိုင်(ပါရဂူ) | အဖွဲ့ဝင် |
| (၁၁) | ဦးကြည်ညွန့်<br>(ချစ်ကြည်ရေးကြည်ညွန့်) | အဖွဲ့ဝင် |
| (၁၂) | ဦးသော်ကောင်း<br>(သော်ကောင်း) | အဖွဲ့ဝင် |
| (၁၃) | ဦးဝင်းမောင်(မင်းယုဝေ) | အဖွဲ့ဝင် |

www.burmeseclassic.com

www.burmeseclassic.com



(၁၄) ဒေါက်တာမျိုးသန့်တင် အဖွဲ့ဝင်
(ဒေါက်တာမျိုးသန့်တင်)
(၁၅) ဦးမျိုးသန့် (မောင်ဆုရှင်) အဖွဲ့ဝင်
(၁၆) ဦးတင်လှိုင် အဖွဲ့ဝင်
(လယ်တွင်းသားစောချစ်)
(၁၇) ဦးခင်မောင်ထွန်း အဖွဲ့ဝင်
(ခင်မောင်ထွန်း-လမ်းမတော်)
(၁၈) ဒေါ်ခင်ခင်စိန် အဖွဲ့ဝင်
(ယုဝတီခင်စိန်လှိုင်)
(၁၉) ဦးသန်းလှိုင် အဖွဲ့ဝင်
(တက္ကသိုလ်သန်း)
(၂၀) ဦးလှိုင်ကြွယ် အဖွဲ့ဝင်
(တာတွန်းမောင်ဝဏ္ဏ)
(၂၁) ဦးခင်ဆွေ (ရွှေစွန်ညို) အဖွဲ့ဝင်

အဖွဲ့ဝင်များအား နာမကျန်းထောက်ပံ့ငွေကို ထုတ်ပေးရာတွင် မှန်ကန်မှုနှင့် စနစ်တကျရှိစေရေးအတွက် ထောက်ခံတင်ပြမည့် နာမကျန်းစိစစ်ရေးအဖွဲ့ငယ်ကို ဗဟိုအမှုဆောင်ကော်မတီဝင်များနှင့် အောက်ပါအတိုင်း ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

(၁) ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်) အဖွဲ့ခေါင်းဆောင်
(၂) ဦးမျိုးသန့် (မောင်ဆုရှင်) အဖွဲ့ဝင်
(၃) ဒေါက်တာတင်ထွန်းဦး အဖွဲ့ဝင်
(ဒေါက်တာတင်ထွန်းဦး)



(၄) ဦးသန်းလှိုင် (တက္ကသိုလ်သန်း) အဖွဲ့ဝင်
(၅) ဦးခင်ဆွေ (ရွှေစွန်ညို) အဖွဲ့ဝင်

ထို့ပြင် နာမကျန်းထောက်ပံ့ငွေများကို စိစစ်၍ ခွင့်ပြုပေးရန် ဗဟိုအမှုဆောင်ကော်မတီဝင်များဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

(၁) ဦးလှမြိုင်(ကိုဆောင်း) အဖွဲ့ခေါင်းဆောင်
(၂) ဦးတင်ခ(တက္ကသိုလ်တင်ခ) ဒုတိယဥက္ကဋ္ဌ(၁)
(၃) ဦးလှထွန်း(လှထွန်း-တွံတေး) အတွင်းရေးမှူး
(၄) ဦးစောမြင့်(မောင်စောမြင့်) ဘဏ္ဍာရေးမှူး

နာမကျန်းထောက်ပံ့ငွေပေးရာတွင် အဖွဲ့ဝင်တစ်ဦးသည် ဆေးရုံသို့ အတွင်းလူနာအဖြစ် တက်ရောက်ကုသရခြင်း(သို့မဟုတ်) ခွဲစိတ်ကုသမှုခံယူခြင်း (သို့မဟုတ်) အသက်အန္တရာယ်ကို စိုးရိမ်ရသော ရောဂါတစ်မျိုးမျိုးကို ခံစားနေရခြင်းဟူသည့် အကြောင်းအရာ တစ်ရပ်ရပ်နှင့် အကျုံးဝင်ပါက နာမကျန်းထောက်ပံ့ငွေ ထုတ်ပေးရန်မူအားဖြင့် သတ်မှတ်ထားပါသည်။ ၎င်းအပြင် နာမကျန်းထောက်ပံ့ငွေကို အဖွဲ့ဝင်တစ်ဦးလျှင် တစ်ကြိမ်သာ ခံစားခွင့်ပြုရန် ဗဟိုအမှုဆောင်ကော်မတီ အစည်းအဝေးက ဆုံးဖြတ်ထားပါသည်။

ထို့အပြင် ကန်တော့ခံ သက်ကြီးပညာရှင်တစ်ဦးဦးက နေထိုင်မကောင်းသဖြင့် နာမကျန်းထောက်ပံ့ငွေ ထုတ်ပေးရန် လျှောက်ထားလာပါက ယင်းကန်တော့ခံ သက်ကြီးပညာရှင်သည် ဆေးရုံသို့ တက်ရောက်ကုသမှု မပြုရသည့်တိုင်အောင်

www.burmeseclassic.com

www.burmeseclassic.com



အသက်အရွယ်ကြီးရင့်မှုကို ထောက်ထား၍ နာမကျန်းထောက်ပံ့ငွေကို တစ်ကြိမ်ထုတ်ပေးရန် ဗဟိုအမှုဆောင်ကော်မတီက သတ်မှတ်ခဲ့ပါသည်။

**မြို့နယ်မျက်နှာစုံညီ အစည်းအဝေးများ ကျင်းပခြင်း**

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း အခန်း(၇)၊ အပိုဒ်(၃၃)တွင် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ လုပ်ငန်းဆိုင်ရာ အစည်းအဝေးကို တစ်နှစ်လျှင်တစ်ကြိမ် ကျင်းပရန် သတ်မှတ်ပြဋ္ဌာန်းထားပါသည်။ ထို့အတူ မျက်နှာစုံညီ အစည်းအဝေးကို လေးနှစ်လျှင် တစ်ကြိမ် ကျင်းပရန် အပိုဒ်(၂၄)တွင် သတ်မှတ်ပြဋ္ဌာန်းထားပါသည်။ ထို့အပြင် မြို့နယ်အဖွဲ့၏ သက်တမ်းကို စာပေနှင့် စာနယ်ဇင်းအဖွဲ့ ညီလာခံ သက်တမ်းနှင့်အညီ ဖြစ်စေရမည်ဟုလည်း သတ်မှတ်ထားခဲ့ပါသည်။

အထက်ပါ ပြဋ္ဌာန်းသတ်မှတ်ချက်များနှင့်အညီ စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ တစ်နှစ်လျှင်တစ်ကြိမ် ကျင်းပသည့် နှစ်ပတ်လည်လုပ်ငန်းဆိုင်ရာ အစည်းအဝေးကို ပုံမှန်ကျင်းပသွားကြရန် ဗဟိုအမှုဆောင်ကော်မတီက မြို့နယ်များသို့ ညွှန်ကြားချက်များ ပေးပို့ခြင်း၊ နှိုးဆော်ခြင်းတို့ကို အခါမလပ်ဆောင်ရွက်ခဲ့ပါသည်။ မြို့နယ်အနည်းစုမှအပ မြို့နယ်အများစုမှာ နှစ်ပတ်လည် လုပ်ငန်းဆိုင်ရာ အစည်းအဝေးကို ပုံမှန်ကျင်းပနိုင်ခဲ့သည်ကို တွေ့ရပါသည်။



အလားတူစွာ မြို့နယ်မျက်နှာစုံညီ အစည်းအဝေးများသည် ရွေးချယ်တင်မြှောက်ပွဲများကို စနစ်တကျ ကျင်းပနိုင်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့် ညွှန်ကြားချက်ကို မြို့နယ်များသို့ ပေးပို့ခဲ့ပါသည်။ မြို့နယ်အချို့မှအပ မြို့နယ်အများစုမှာ ညွှန်ကြားချက်နှင့်အညီ အစည်းအဝေးများကို ကျင်းပခဲ့ကြပါသည်။

အချို့သော မြို့နယ်များမှာ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းပါ သတ်မှတ်ပြဋ္ဌာန်းချက်နှင့် ညွှန်ကြားချက်ကို လိုက်နာခြင်းမရှိဘဲ ဆောင်ရွက်ခဲ့ကြသဖြင့် မြို့နယ်အတွင်း စည်းလုံးညီညွတ်မှုကို အနည်းနှင့်အများ ထိခိုက်ခဲ့ကြောင်း တွေ့ရပါသည်။ ဗဟိုအမှုဆောင်ကော်မတီအနေဖြင့် မြို့နယ်အချို့၌ ပေါ်ပေါက်ခဲ့သော မြို့နယ်မျက်နှာစုံညီအစည်းအဝေးနှင့် ပတ်သက်သည့် မပြေလည်မှုများကို ဖြေရှင်းဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ပေးခဲ့သဖြင့် ညီညွတ်မှုရရှိပြီး ပြေလည်မှုများ ရရှိသွားသော မြို့နယ်များလည်းရှိကြောင်း ဖော်ပြအပ်ပါသည်။

**အထွေထွေ**

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်များနှင့် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များသည် နိုင်ငံတော်တွင် စာပေနှင့်- လူထုဆက်သွယ်ရေး လုပ်ငန်းမှန်သမျှ တစ်တပ်တစ်အား ပါဝင်လှုပ်ရှားလျက်ရှိကြရာ အဆိုပါ ပါဝင်ဆောင်ရွက်မှုများထဲမှ အချို့ကို ကောက်နှုတ်ဖော်ပြလိုပါ

www.burmeseclassic.com

www.burmeseclassic.com



သည်-

(က) မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟို အမှုဆောင်ကော်မတီဝင် ဦးမျိုးသန့် (မောင်ဆုရှင်) သည် ၁၉၇၂ ခုနှစ်လယ်မှစ၍ ယနေ့အထိ မြန်မာ့အသံမှ "သိပ္ပံပညာ သိကောင်းစရာ"ခေါင်းစဉ်ဖြင့် ရက်သတ္တတစ်ပတ်လျှင် တစ်ကြိမ် မပျက်မကွက် ထုတ်လွှင့်ခဲ့ပါသည်။ ၎င်းအပြင် ဆရာ ဦးမျိုးသန့်(မောင်ဆုရှင်)သည် မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်၌ အခါအားလျော်စွာ သုတပဟေဠိ၊ တွေ့ဆုံဆွေးနွေးခန်း၊ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့ စသော နေ့ကြီးရက်ကြီးများ တွင် ဟောပြောချက်များ Poetry Recital ခေါ် ကဗျာရွတ်ဖတ်ခြင်း စသည်တို့ကို ထုတ်လွှင့်ခဲ့ပါသည်။ ထို့နည်းတူစွာ ဆရာဦးမျိုးသန့်သည် MRTV-3 စတင်ပေါ်ပေါက်ချိန်ကစ၍ တွေ့ဆုံဆွေးနွေးခန်းများ၌ Anchor Man ပင်တိုင်ဆွေးနွေးသူအဖြစ်လည်းကောင်း၊ ကိုယ်တိုင်တင်ပြချက်များကိုလည်းကောင်း အကြိမ်ပေါင်းများစွာ ပါဝင်ထုတ်လွှင့်ခဲ့ပါသည်။

(ခ) မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဆရာမကြီး ဒေါ်ရင်ရင် (စောမုံညင်း)သည် ၁၉၈၈ ခုနှစ် နိုဝင်ဘာလမှ



စ၍ ယနေ့အထိ မြန်မာ့အသံမှ မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ ဟောပြောချက်များကို တစ်လလျှင် နှစ်ကြိမ် ရေးသားထုတ်လွှင့်ခဲ့ပါသည်။ မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ ရေချမ်းစင်အကြောင်း၊ ကွမ်းဓလေ့အကြောင်းတို့မှစ၍ မြန်မာ့ယဉ်ကျေးမှုနှင့်ဆိုင်သော အကြောင်းရပ်အားလုံးကို ဗဟုသုတဖြစ်ဖွယ်ရာ ရေးသားထုတ်လွှင့်နေခြင်းဖြစ်ပါသည်။ ဆရာမကြီးစောမုံညင်း၏ ရေးသားချက်များကို စုစည်း၍ "မြတ်နိုးစရာ မြန်မာ့ရိုးရာများ" ခေါင်းစဉ်ဖြင့် ၁၉၉၁ မတ်လက ထုတ်ဝေခဲ့ပါသည်။ ဆရာမကြီး စောမုံညင်းသည် MRTV-3 တွင် ဦးမျိုးသန့်နှင့်အတူ သနပ်ခါးအကြောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။ ထို့နည်းတူစွာပင် နိုင်ငံခြားရေးရုံးက ကျင်းပသော သံတမန်ရေးရာ သင်တန်းများတွင် နှစ်စဉ်ပါဝင်ပို့ချပေးခဲ့ပါ သည်။

(ဂ) မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဒေါက်တာခင်မောင်ညွှန့်သည် ၁၉၉၂ ခု နှစ်ဦးပိုင်းကစ၍ မြန်မာ့အသံ အင်္ဂလိပ်ပိုင်း အစီအစဉ်မှ စနေနေ့တိုင်း Myanmar Culture ခေါင်းစဉ်ဖြင့် သမိုင်း၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ ပန်းချီ၊ ပန်းပု၊ တန်ခိုးကြီး ဘုရားများသမိုင်း၊ ကျောက်စာ၊ ခေါင်းလောင်း

www.burmeseclassic.com

www.burmeseclassic.com



စာများ၊ ရွှေနန်းတော်များနှင့် ၁၂ရာသီပွဲတော်များ၊ အဆိုအက အရေးအတီးအကြောင်း စသည့် ယဉ်ကျေးမှုဆိုင်ရာ ဟောပြောချက်များကို အင်္ဂလိပ်ဘာသာဖြင့် ယနေ့အထိ အဆက်မပြတ် ထုတ်လွှင့်နေဆဲဖြစ်ပါသည်။ နေ့ထူးနေ့မြတ်များတွင်လည်းကောင်း၊ တက္ကသိုလ်၊ ကောလိပ်နှင့် အစိုးရမဟုတ်သော အဖွဲ့များက လည်းကောင်း ဖိတ်ကြားသောအခါ သွားရောက်၍ ဟောပြောခြင်း၊ စာနယ်ဇင်းများတွင် ယဉ်ကျေးမှုဆောင်းပါးများ ရေးသားခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

(ယ) မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင် ဒဂုံမြို့ သစ်မြောက်ပိုင်းမြို့နယ် စာပေနှင့် စာနယ်ဇင်း အဖွဲ့မှ ဘဏ္ဍာရေးမှူး ဦးညွန့်ဟံ (ညွန့်ဟံ-ကြူတော)သည် ၁၉၉၂ ခုနှစ်မှစ၍ "မြန်မာ့မူဟန်ဇာတိမာန်"ဟောပြောချက် အစီအစဉ်ကို တစ်လလျှင် နှစ်ကြိမ် ယနေ့အထိ ထုတ်လွှင့်လျက်ရှိပါသည်။ ဆရာညွန့်ဟံ (ကြူတော)သည် အထက်ပါ အစီအစဉ်၌သာမက (က) မှတ်ဖွယ် မှတ်ရာ သုတအဖြာဖြာ၊ (ခ) သူ့အရေးနှင့် သူ့ အတွေး၊ (ဂ) မေတ္တာရေးရာ သိမှတ်စရာ(အမျိုး သမီးကဏ္ဍ) များတွင်လည်း အခါအားလျော်စွာ ရေးသားထုတ်



လွှင့်လျက်ရှိပါသည်။

(င) ထိုနည်းတူစွာပင် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့မှ ဗဟိုအမှုဆောင်ကော်မတီဝင်များသည် နိုင်ငံတော်က ဦးစီးကျင်းပသော စာပေဆုချီးမြှင့်ပွဲ၊ စာမူဆုပြိုင်ပွဲ၊ ဥပမာ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ၊ ပခုက္ကူဦးအုံးဖေ စာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့၊ တပ်မတော်နေ့ အထိမ်းအမှတ်စာပေပြိုင်ပွဲများ၊ မူးယစ်ဆေးဝါး ဆန့်ကျင်တိုက်ဖျက်ရေး အထိမ်းအမှတ် စာပေပြိုင်ပွဲများ၊ မှူခင်းကျဆင်းရေး စာပေပြိုင်ပွဲများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးစာပေပြိုင်ပွဲများမှသည် နိုင်ငံတော်၏ မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ ဆိုကရေးတီး အနုပညာပြိုင်ပွဲများတွင် ပါဝင်ကူညီ အကဲဖြတ်ကြခြင်း၊ ပြန်ကြားရေးဝန်ကြီးဌာနက ဖွင့်လှစ်သော သတင်းစာသင်တန်းများတွင် ပါဝင်ပို့ချခြင်း စသည်ဖြင့် နိုင်ငံတော်အဆင့် ပြိုင်ပွဲများနှင့် သင်တန်းများတွင် အကဲဖြတ်လူကြီးများနှင့် သင်တန်းပို့ချသူများအဖြစ် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြပါသည်။

(စ) ထိုနည်းတူစွာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်း အဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးမျိုးသန့်

www.burmeseclassic.com



(မောင်ဆုရှင်)သည် မြန်မာ့ရုပ်ရှင်အဆင့်အတန်း မြင့်တင်ရေး အကဲဖြတ်အဖွဲ့တွင် အဖွဲ့ဝင်လူကြီး အဖြစ်ပါဝင် ဆောင်ရွက်လျက်ရှိပါသည်။

(ဆ) ၎င်းအပြင် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ကော်မတီဝင်များဖြစ်ကြသော ဦးလှမြိုင် (ကိုဆောင်း)၊ ဦးတင်ခ(တက္ကသိုလ် တင်ခ)၊ ဦးမြင့်သိန်း(မြင့်သိန်းအောင်)၊ ဦးလှ ထွန်း(လှထွန်း-တွံတေး)၊ ဦးချစ်နိုင်(ချစ်နိုင်-စိတ်ပညာ)၊ ဒေါက်တာတင်ထွန်းဦး (ဒေါက်တာ တင်ထွန်းဦး)၊ ဦးမျိုးသန့် (မောင်ဆုရှင်)၊ ဦးတင် လှိုင်(လယ်တွင်းသားစောချစ်)၊ ဒေါ်ရင်ရင် (စော မုံညင်း)၊ ဒေါ်ခင်ခင်စိန်(ယုဝတီခင်စိန်လှိုင်)၊ ဦးခင်မောင်ထွန်း(ခင်မောင်ထွန်း-လမ်းမတော်)၊ ဒေါက်တာခင်မောင်ညွန့်၊ ဦးကျော်မင်း (မင်း ကျော်မင်း)၊ ဦးကြည်ညွန့် (ချစ်ကြည်ရေးကြည် ညွန့်)၊ ဦးရဲတင့်(ရဲတင့်)၊ ဒုတိယဗိုလ်မှူးကြီး အုန်းမောင်(ငြိမ်း) (မြင်းမူမောင်နိုင်မိုး)၊ ဦးကျော် ဝင်း (မနုဿကျော်ဝင်း)၊ ဦးသန်းလှိုင်(တက္က သိုလ်သခ်)၊ ဒေါက်တာမောင်မောင်(မောင်ဆင် ခြင်)၊ ဦးအေးထွန်း(ထက်အောင်)နှင့် ဦးအုံးဖေ (ပခုက္ကူဦးအုံးဖေ) စသည့် ပုဂ္ဂိုလ်များတို့သည် နိုင်ငံတော်က ထုတ်ဝေသော သတင်းစာများ၊ ရွှေ



မောင်းသံဂျာနယ်၊ နိုင်ငံတကာ သတင်းဂျာနယ်၊ ဂျူနီယာလိဒါ ဂျာနယ် စသည်တို့တွင်လည်း ကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေ သော "နိုင်ငံ့ဂုဏ်ရည်" မဂ္ဂဇင်းနှင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ထုတ်ဝေသော "စာ အုပ်လောက" စာစောင်တို့တွင်လည်းကောင်း ပါ ဝင်ရေးသားခဲ့ကြပါသည်။ အမှန်စင်စစ်အားဖြင့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ သည် နိုင်ငံတော်က ထုတ်ဝေသော သတင်းစာ၊ ဂျာနယ်နှင့် စာအုပ်စာတမ်းများတွင် တိုင်းကျိုး ပြည်ပြု စာပေများကို ပါဝင်ရေးသားနေကြခြင်း ဖြစ်ပါသည်။

(ဇ) မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှု ဆောင်ကော်မတီက ဦးဆောင်၍ ၃၀-၈-၂၀၀၁ ရက်နေ့တွင် မူးယစ်ဆေးဝါးအန္တရာယ် တားဆီး ကာကွယ်ရေး အထိမ်းအမှတ်ပြတိုက်နှင့် အမျိုး သားပြတိုက်၌ ဖွင့်လှစ်ထားသည့် "ယဉ်ကျေးမှု အမွေ ပုဂံမြေပြခန်း"တို့သို့ သွားရောက် လေ့လာ ခဲ့ကြပါသည်။

(၅၇)နှစ်မြောက် တပ်မတော်နေ့ ကဗျာပြိုင်ပွဲသို့ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များ ကျယ်ကျယ်ပြန့်ပြန့် ပါဝင် ယှဉ်ပြိုင်ကြစေရေးအတွက် ရန်ကုန်တိုင်းအတွင်းမှ မြို့နယ်စာ

www.burmeseclassic.com

www.burmeseclassic.com



ပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို ဖိတ်ကြား၍ ဗဟိုအမှုဆောင်ကော်မတီက တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ ထို့အပြင် ၂၄-၉-၂၀၀၁ ရက်နေ့က စာဖြင့် နှိုးဆော်တိုက်တွန်းခဲ့ပါသည်။

စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များထံမှ နှစ်စဉ်ကြေးများကို အပြည့်အဝ ကောက်ခံရရှိရေးအတွက် ဒုတိယအကြိမ် ညီလာခံတွင် ညီလာခံကိုယ်စားလှယ်များ၏ အကြံပေး ဆွေးနွေးတင်ပြချက်များအရ မြို့နယ်အမှုဆောင် ကော်မတီအား ကောက်ခံစေပြီး ကောက်ခံရရှိငွေ၏ ၄၀ ရာခိုင်နှုန်းကို မြို့နယ်ရန်ပုံငွေအဖြစ် ပေးအပ်ရန် ဗဟိုအမှုဆောင်ကော်မတီက ဆုံးဖြတ်ခဲ့ပါသည်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ တိုးတက်ပြောင်းလဲလာသော စည်းရုံးရေးအခြေအနေများအရ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများကို ပြင်ဆင်ရေးသားရန် လိုအပ်လာပါသည်။ ထိုသို့ ပြင်ဆင်ရေးသားနိုင်ရန် အောက်ဖော်ပြပါ ဗဟိုအမှုဆောင်ကော်မတီဝင်များနှင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ တစ်ဦးတို့ ပါဝင်သော ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းပြင်ဆင်ရေးလုပ်ငန်းအဖွဲ့ကို ၈-၆-၂၀၀၀ ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

(၁) ဦးလှမြိုင်(ကိုဆောင်း) ဥက္ကဋ္ဌ
(၂) ဦးလှထွန်း(လှထွန်း-တွံတေး) အဖွဲ့ဝင်
(၃) ဦးမျိုးသန့်(မောင်ဆုရှင်) အဖွဲ့ဝင်



(၄) ဦးတင်လှိုင်(လယ်တွင်းသားစောချစ်) အဖွဲ့ဝင်
(၅) ဦးကြည်လွင်(ကာတွန်းငွေကြည်) အဖွဲ့ဝင်
(၆) ဦးခင်ဆွေ (ရွှေစွန်ညို) အဖွဲ့ဝင်
(၇) ဦးမောင်မောင်ဝင်း(မောင်မောင်ဝင်း) အဖွဲ့ဝင်
(၈) ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်) အတွင်းရေးမှူး
(၉) ဦးသန်းလှိုင်(တက္ကသိုလ်သန်း) တွဲဖက်အတွင်းရေးမှူး

၎င်းလုပ်ငန်းအဖွဲ့ အနေဖြင့် လက်တွေ့လုပ်ငန်း ဆောင်ရွက်ရာတွင် လွယ်ကူစေရန်အတွက် ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းတွင် ပြင်ဆင်ရေးသားသင့်သော ပြဋ္ဌာန်းချက်များကို ပြင်ဆင်ရေးသားခြင်း၊ အစားထိုးခြင်း စသည်တို့ကို အချိန်ယူဆောင်ရွက်ခဲ့ပါသည်။ ထို့နောက် ဗဟိုအမှုဆောင်ကော်မတီက အတည်ပြုသော ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းပြင်ဆင်ရန် အဆိုပြုချက်များကို မြို့နယ်များက အကြံဉာဏ်များ ပေးနိုင်ရေးအတွက် ၂၃-၈-၂၀၀၁ နေ့က မြို့နယ်များသို့ ကြိုတင်ပေးပို့ခဲ့ပါသည်။ ယခု ညီလာခံတွင် ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းပြင်ဆင်ရေးကိစ္စကို သီးခြားတင်ပြရန် ရှိပါသည်။

မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့များအနေဖြင့် ဗဟိုက ချမှတ်ထားသော စာပေရေးရာလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တပြေးညီ တိုးတက်လာစေရန် ရည်ရွယ်လျက် မြို့နယ်စွမ်းဆောင်ရည်ဆု ချီးမြှင့်လျက်ရှိပါသည်။ မြို့နယ် စွမ်းဆောင်ရည်ဆုကို ညီလာခံများတွင် ချီးမြှင့်လျက်ရှိရာ မြို့နယ်အများစုသည် လုပ်ငန်းစွမ်းဆောင် ရည်

www.burmeseclassic.com

www.burmeseclassic.com



တိုးတက်လာသည်ကို တွေ့ရှိရပါသည်။ မြို့နယ် စွမ်းဆောင်ရည်ဆိုကို စနစ်တကျ ချီးမြှင့်နိုင်ရေးအတွက် အောက်ပါအတိုင်း မြို့နယ်စွမ်းဆောင်ရည်ဆု စိစစ်ရေးအဖွဲ့ကို ဖွဲ့စည်း ဆောင်ရွက်ခဲ့ပါသည်။

| | | |
|---|---|---|
| (၁) | ဦးလှထွန်း(လှထွန်း-တွံတေး) | ဥက္ကဋ္ဌ |
| (၂) | ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်) | အဖွဲ့ဝင် |
| (၃) | ဦးလှိုင်ကြွယ်(ကာလတွန်းမောင်ဝဏ္ဏ) | အဖွဲ့ဝင် |
| (၄) | ဒေါက်တာမောင်မောင် (မောင်ဆင်ခြင်) | အဖွဲ့ဝင် |
| (၅) | ဦးသန်းလှိုင်(တက္ကသိုလ်သန်) | အဖွဲ့ဝင် |
| (၆) | ဦးခင်ဆွေ(ရွှေစွန်ညို) | အဖွဲ့ဝင် |
| (၇) | ဒေါက်တာတင်ထွန်းဦး (ဒေါက်တာတင်ထွန်းဦး) | အတွင်းရေးမှူး |

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သည် ဒုတိယအကြိမ်ညီလာခံ သက်တမ်းကာလအတွင်း နှစ်စဉ် တပေါင်းလပြည့်နေ့များတွင် ကမ္ဘာအေးကုန်းမြေ၌ ကျင်းပပြုလုပ်လေ့ရှိသော ဆွမ်းဆန်စိမ်း လောင်းလှူပွဲများသို့ ဗဟိုအမှုဆောင်ကော်မတီဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ မပျက်မကွက် တက်ရောက်ကြည်ညို၍ ဝတ္ထုငွေများကို ဆရာတော်ကြီးများအား ကပ်လှူခဲ့ကြပါ သည်။ နှစ်စဉ် လှူဒါန်းငွေမှာ ကျပ်ငွေ ၃၀၀၀၀ ဖြစ်ပါသဖြင့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ကြရန် ဖော်ပြအပ်ပါသည်။



ဝမ်းနည်းကြောင်း မှတ်တမ်းတင်ခြင်း

ဒုတိယအကြိမ် ညီလာခံ ကျင်းပပြီးချိန်မှ ၂၀၀၁ ခုနှစ် ဒီဇင်ဘာလ (၃၁)ရက်နေ့အထိ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင် ၁၂၀ ဦးတို့သည် စာပေအကျိုး သယ်ပိုး ထမ်းဆောင်ရင်း ကွယ်လွန်အနိစ္စ ရောက်ခဲ့ကြပါသည်။

အဆိုပါ အဖွဲ့ဝင် ၁၂၀ ဦးတွင် သက်ကြီးစာပေ ပညာရှင် ၃၇ ဦး၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်အောင်(ကျော်အောင်)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင် ဒေါက်တာတင်ရွှေ(ဆရာဝန်တင်ရွှေ)တို့လည်း ပါဝင်ကြပါသည်။ ထိုသို့ ကွယ်လွန်ခဲ့ကြသူများအတွက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီက သက်ဆိုင်ရာ မိသားစုများနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း မှတ်တမ်းတင် ဖော်ပြခဲ့ပါသည်။

သုံးသပ်ချက်

ဒုတိယအကြိမ် ညီလာခံက ရွေးချယ်တင်မြှောက်လိုက်သော ဗဟိုအမှုဆောင်ကော်မတီက အစီရင်ခံသည့်ကာလအတွင်း အဖွဲ့၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို အတတ်နိုင်ဆုံး ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံအတွင်း လူမှုရေးအသင်းအဖွဲ့တစ်ခုအဖြစ် မှတ်ပုံတင်၍ ဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံစာပေနှင့်

www.burmeseclassic.com

www.burmeseclassic.com



စာနယ်ဇင်းအဖွဲ့သည် မြန်မာနိုင်ငံတွင် တိုးတက်ဖြစ်ပေါ်လျက်ရှိသော စီးပွားရေး၊ လူမှုရေး အခြေအနေအရ အသင်းအဖွဲ့တစ်ရပ်အဖြစ် စနစ်တကျ စည်းရုံးရပ်တည်နိုင်ရန် ဆောင်ရွက်ခဲ့ပါသည်။

ဗဟိုအမှုဆောင် ကော်မတီဝင်ဦးရေ တစ်ဝက်ကျော်သည် ဌာနဆိုင်ရာ ဝန်ထမ်းများဖြစ်ကြသဖြင့် စာပေစာနယ်ဇင်းဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်သော နိုင်ငံတော်လုပ်ငန်းများ များပြားချိန်၌ အမှုဆောင်ကော်မတီဝင်များက မိမိတာဝန်ယူ ဆောင်ရွက်ရသော ဌာနဆိုင်ရာလုပ်ငန်းများနှင့် အဖွဲ့အတွက် ဆောင်ရွက်ရသည့် စာပေဆိုင်ရာလုပ်ငန်းများမှာ အချိုကိစ္စများတွင် ခွဲခြား၍ အစီရင်ခံရန် ခက်ခဲသော သဘာဝကိုလည်း တွေ့ကြုံရပါသည်။

နိုင်ငံခြား ဆက်သွယ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ စာပေအခြေအနေများကို လက်ရှိအားဖြင့် တစ်ဦးချင်း လေ့လာခြင်းမှတစ်ပါး အဆက်အသွယ်ပြုမှုများကို နိုင်ငံတော်မူဝါဒနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတကာမှ စာပေစာနယ်ဇင်းဆိုင်ရာ ဧည့်သည်များကို ဖိတ်ကြားရန်၊ ဧည့်ခံရန်နှင့် အပြန်အလှန် သွားရောက်လည်ပတ်ရန်ကိစ္စမှာလည်း စရိတ်စက သဘာဝအရ ဤအဖွဲ့ကြီးက ငွေကြေးအကုန်အကျခံ၍ စီစဉ်နိုင်သည့် အခြေအနေမရှိသေးသဖြင့် နိုင်ငံခြားဧည့်သည်များအား ဧည့်ခံခြင်း၊ ပို့ဆောင်ခြင်း၊ ပြည်ပသို့ သွားရောက်လည်ပတ်ခြင်းတို့ကို ပြန်ကြားရေးဝန်ကြီးဌာန၏ စီစဉ်မှုဖြင့်



ဆောင်ရွက်ခဲ့ရပါသည်။

ယနေ့ကာလတွင် စာပေစာနယ်ဇင်းလုပ်ငန်းများမှာ ခေတ်မီနည်းပညာနှင့် အရင်းအနှီးများ ဆက်စပ်ဆောင်ရွက်မှုဖြင့် လုပ်ကိုင်ရသော ခေတ်မီစက်မှုလုပ်ငန်း သဘောတို့ပါဝင်လာသည်မှာ မှန်သော်လည်း အရင်းမူလဖြစ်သော စာပေရေးသားခြင်း၊ ဖွဲ့ဆိုခြင်း၊ သုတေသန ပြုခြင်း၊ မှတ်တမ်းတင်ခြင်း၊ လေ့လာခြင်းဟူသော လုပ်ငန်းများမှာ တစ်ဦးချင်း လေ့လာကျွမ်းကျင်မှုကို အားထုတ်ကြရန် လိုအပ်နေသေးသည်ကို လည်း တွေ့ရှိရပါသည်။

မြို့နယ်များအလိုက် အချိန်မှန် အစည်းအဝေးများ ကျင်းပခြင်း၊ ဗဟိုသို့ အစီရင်ခံခြင်း၊ စာပေတိုးတက်ရေးကို နိုင်ငံတော်က စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသဖြင့် တာဝန်အရဖြစ်စေ၊ အဖွဲ့အစည်းအရဖြစ်စေ ကျေးလက်ဒေသများသို့ သွားရောက်လေ့လာ ရေးသားတင်ပြရန် လိုအပ်ချက်ကိုလည်း ယခုထက်ပိုမို ဖြည့်ဆည်းသွားသင့်ပါသည်။

မြို့နယ်အလိုက် မဂ္ဂဇင်းများ ထုတ်ဝေရန် မြို့နယ်အင်အားကို အခြေခံ၍ ဆောင်ရွက်ကြသည့် မြို့နယ်များ၏ စွမ်းရည်ကို မှတ်တမ်းတင်ရမည်ဖြစ်ပါသည်။ သို့မှသာ ကလောင်သစ်များအား လေ့ကျင့်ပျိုးထောင်ခြင်းနှင့်အတူ မြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ တိုင်းတို့၏ ဖွံ့ဖြိုးမှု အခြေအနေအမျိုးမျိုးကို သိရှိ၍ မှတ်တမ်းပြုနိုင်ကြမည်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## အကြံပြုချက်

စာပေနှင့်စာနယ်ဇင်းအဖွဲ့များသည် လူထုအဖွဲ့အစည်းဖြစ်သည့် အားလျော်စွာ အဖွဲ့ဝင်အင်အား တောင့်တင်းခိုင်မာရေး၊ စည်းလုံးညီညွတ်ရေး၊ အဖွဲ့ရန်ပုံငွေ အထိုက်အလျောက်ပြည့်စုံရေးတို့ကို မဖြစ်မနေ ဆောင်ရွက်သွားရန် လိုအပ်ပါသည်။

ထို့အပြင် ဗဟိုအဖွဲ့အစည်းနှင့် အခြေခံ အဖွဲ့အစည်းဖြစ်သော မြို့နယ်အဖွဲ့အစည်းတို့ ဆက်သွယ်မှု မှန်ကန်ရန်နှင့်သွက်လက်ထက်မြက်ရန်လည်း လိုအပ်ပါသည်။ ဗဟိုနှင့် မြို့နယ် ဆက်သွယ်မှု အားနည်းချက်ကို အလျှင်အမြန် ပြုပြင်သွားသင့်ပါသည်။ အခြေခံ အဖွဲ့အစည်းဖြစ်သော မြို့နယ်အဖွဲ့များ၏ ကြိုးပမ်းမှု မရှိလျှင်သော်လည်းကောင်း၊ ဗဟိုအဖွဲ့က မှန်ကန်ထိရောက်သော လမ်းညွှန်မှုမပေးနိုင်လျှင်သော်လည်းကောင်း၊ အဖွဲ့၏ တိုးတက်မှုသည် နှေးကွေးနေမည်သာဖြစ်ပါသည်။

စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်တိုင်းသည် အနိမ့်ဆုံး တာဝန်ဖြစ်သော နှစ်စဉ်ကြေးပေးသွင်းခြင်းကို တာဝန်သိစွာ ဆောင်ရွက်ကြရန် လိုအပ်ပါသည်။ မြို့နယ် အမှုဆောင်ကော်မတီများကလည်း အဖွဲ့ဝင်တိုင်းက နှစ်စဉ်ကြေးကို ပုံမှန်မပျက်မကွက် ပေးသွင်းရေးအတွက် တာဝန်တစ်ရပ်အနေဖြင့် အလေးပေး ဆောင်ရွက်သွားသင့်ပါသည်။ နှစ်စဉ်ကြေးများကို မြို့နယ်အမှုဆောင်ကော်မတီက တာဝန်ယူ ကောက်ခံပေးသွင်းရန်နှင့်



ကောက်ခံရရှိငွေ ၄၀ ရာခိုင်နှုန်းကို မြို့နယ်ရန်ပုံငွေအဖြစ် ပေးအပ်သွားမည့် အစီအစဉ်ကို ထိရောက်စွာ အကောင်အထည်ဖော်သွားရန်လည်း လိုအပ်ပါသည်။

အဖွဲ့ဝင်များ၏ သက်သာချောင်ချိရေးကိစ္စ၊ နာမကျန်းထောက်ပံ့ငွေနှင့် နာရေးထောက်ပံ့ငွေ ကိစ္စတို့ကို ဗဟိုအဖွဲ့အနေဖြင့် တာဝန်ကျေစွာ ဆောင်ရွက်ပေးနေသကဲ့သို့ အဖွဲ့ဝင်များကလည်း မိမိတို့ ထမ်းဆောင်ရမည့် အနိမ့်ဆုံး တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်သွားမှသာ အဖွဲ့ကြီး၏ လုပ်ငန်းများ ဟန်ချက်ညီညီ တိုးတက်လာနိုင်မည်ဖြစ်ပါသည်။

## ရှေ့လုပ်ငန်းစဉ်

စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များသည် တတိယအကြိမ် ညီလာခံသက်တမ်းကာလအတွင်း မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များကို တိုးမြှင့်စည်းရုံးလှုပ်ရှား အကောင်အထည်ဖော် ဆောင်ရွက် ရင်းအောက်ဖော်ပြပါ ရှေ့လုပ်ငန်းစဉ်များကို ပေါက်မြောက်အောင်မြင်အောင် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ခဲ့ပါသည်-

(က) နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် လမ်းညွှန်ချက်ကို အကောင်အထည်ဖော်ရာတွင်

www.burmeseclassic.com



မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဝင်များက တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ရေး၊

(ခ) နိုင်ငံတော် တည်ဆောက်ရေးတွင် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များက မိမိတို့ အတတ်ပညာဖြင့် ကျရာကဏ္ဍမှ နိုင်ငံ့အကျိုးကို တစ်တပ်တစ်အား နိုးကြားတက်ကြွစွာ ပါဝင်ဆောင်ရွက်ရေး၊

(ဂ) အဖွဲ့ဝင်များ တိုးချဲ့စည်းရုံးရေး၊ ဖွဲ့စည်းမှုကျစ်လျစ်ခိုင်မာရေး၊ ဦးဆောင်မှုမြင့်မားရေးနှင့် စည်းရုံးလှုပ်ရှားမှု သွက်လက်ထက်မြက်ရေးတို့အတွက် ဆောင်ရွက်ရေး၊

(ဃ) စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ၏ အတတ်ပညာ ဖွံ့ဖြိုးရေး၊ သက်သာချောင်ချိရေး၊ စာပေဆိုင်ရာ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် စာဖတ်ပရိသတ်တိုးပွားအောင် ဆောင်ရွက်ရေး၊

(င) စာပေ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စာပေနှင့် စာနယ်ဇင်းသမားများသည် အဖွဲ့၏ ဦးဆောင်မှုဖြင့် တက်ကြွစွာ ပါဝင်ရိုင်းပင်းဆောင်ရွက်စေရေး၊

(စ) စာပေနှင့် စာနယ်ဇင်းသမားများ၏ အတတ်ပညာ၊ နည်းပညာနှင့် သုတ-ရသ ရေးသားမှု အရည် အချင်း မြင့်မားလာစေရန်နှင့် မျိုးဆက်



သစ်များ ပေါ်ထွန်းလာရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊

(ဆ) နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများတွင် တစ်တပ်တစ်အား တက်ကြွစွာ ပါဝင်ဆောင်ရွက်ရေးအတွက် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ ရှင်သန်ထွန်းကား ပြန့်ပွားရေးကို စဉ်ဆက်မပြတ် လှုံ့ဆော်ရေးသားရေး၊

(ဇ) အမျိုးသားအမွေ ဂန္ထဝင်နှင့် ခေတ်ပြိုင် မြန်မာစာပေကို ထိန်းသိမ်းမြှင့်တင်ရင်း ပြည်တွင်းပြည်ပ ကျယ်ပြန့်စွာ လေ့လာဖတ်ရှု၍ သိရှိနိုင်ရေး၊

(ဈ) လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို ကျေးလက်ဒေသအထိ စာပေ၏ အကျိုးပြုမှုကို ရရှိခံစားနိုင်ရေး။

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီသည် ဒုတိယအကြိမ် ညီလာခံ သက်တမ်းကာလအတွင်း အဖွဲ့၏ စည်းလုံးညီညွတ်မှုကို အခိုင်အမာ တည်ဆောက်ရင်း ဗဟိုနှင့်မြို့နယ် အဖွဲ့အစည်းများ၏ ဖွဲ့စည်းမှုကျစ်လျစ်ခိုင်မာရေး၊ စည်းရုံးရေး လှုပ်ရှားမှု သွက်လက်ထက်မြက်ရေး၊ အဖွဲ့ဝင်များ၏ လူမှုသက်သာချောင်ချိရေး အဆင်ပြေရေးတို့ကို ကြိုးပမ်းအကောင်အထည်ဖော်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## တတိယအကြိမ် ညီလာခံ (၂၀၀၂)ခုနှစ်

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ညီလာခံ(၂၀၀၂)ခုနှစ် ဖွင့်ပွဲအခမ်းအနားကို ဇွန်လ ၂၈ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စု ခန်းမဦကျင်းပရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့တတိယ အကြိမ်ညီလာခံ ကျင်းပရေးနာယက ပြန်ကြားရေး ဝန်ကြီး ဌာနဝန်ကြီးတက်ရောက်၍အဖွင့်မိန့်ခွန်းပြောကြားသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရ အဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေး ချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူး ချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် ဗဟိုအမှု ဆောင်ကော်မတီဝင်များ၊ တတိယအကြိမ်ညီလာခံကျင်းပရေး ဗဟိုကော်မတီဝင်များ၊ လုပ်ငန်းဆိုင်ရာကော်မတီဝင်များ၊ စာပေပညာရှင်ကြီးများ၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ သတင်းစာတိုက်များနှင့် မြန်မာ့သတင်း စဉ်(ပြည်တွင်း)တို့မှ စာတည်းမှူးချုပ်များ၊ ပြည်ထောင်စု ကြံ့ ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ရန်ကုန်တိုင်း)၊ မြန်မာနိုင်ငံစစ်မှု ထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များ အသင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတ



အစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံ ပုံနှိပ်ထုတ်ဝေသူများလုပ်ငန်း ရှင်အသင်း၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း၊ အမျိုးသမီးစီပွားရေးစွမ်းဆောင်ရှင်များအသင်း၊ မြန် မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီနှင့် ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ် ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူ များ၊ ပြည်နယ်နှင့်တိုင်းများမှ ညီလာခံကိုယ်စားလှယ်များ၊ လေ့လာသူများ၊ အလှူရှင်များနှင့် အထူးဖိတ်ကြားထားသော စာပေပညာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်း အဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ အတွင်းရေးမှူး ဦးလှထွန်း (လှထွန်း-တွံတေး)က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး ရှေးဦးစွာ အခမ်းအနားအစီအစဉ်များကို ဖတ်ကြားကြေညာ သည်။

ယင်းနောက် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ကျင်းပရေးနာယက ပြန်ကြားရေး ဝန်ကြီးဌာနက အဖွင့်မိန့်ခွန်း ပြောကြားပြီးနောက် ဖွင့်ပွဲအခမ်း အနားပြီးဆုံးသွားသည်။

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယ အကြိမ်ညီလာခံ (၂၀၀၂)ခုနှစ် ပထမနေ့ အစီအစဉ်များကို ဇွန်လ

www.burmeseclassic.com

www.burmeseclassic.com



(၂၈)ရက် နံနက်(၁၀)နာရီခွဲတွင် ကျိုက္ကဆံကွင်း ပြည်ထောင်စုခန်းမ၌ စတင်ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ ညီလာခံ ကျင်းပရေး ကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ ပြည် နယ်တိုင်းများမှ ညီလာခံကိုယ်စားလှယ်များ၊ လေ့လာသူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဗဟိုအမှုဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌဦးသန်းမောင်(သန်းမောင်)က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် စစ်ကိုင်းတိုင်း ကောလင်းမြို့နယ်မှ ဦးခင်မောင်ညိမ်း (ခင်မောင်ညိမ်း-မြန်ဂုဏ်ဆောင်)၊ ကယားပြည်နယ် လွိုင်ကော်မြို့နယ်မှ ဦးတင်ညွန့်(မောင်ဟေမာန်)၊ ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ်မှ ဦးတင်ရှိန်(မင်းကြေ့ရှိန်)၊ ကရင်ပြည်နယ် ဘားအံမြို့နယ်မှ ဦးမန်းသင့်နောင် (မန်းသင့်နောင်-ကော့ကရိတ်)၊ ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ဦးဘဝိုင် (ရွှေဘူးမင်းဇေယျာ)နှင့် ရန်ကုန်တိုင်း အင်းစိန်မြို့နယ်မှ ဦးရှိန်အောင်(ရှိန်အောင်ဗိုလ်)တို့က ဆောင်ရွက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဒေါက်



တာတင်ထွန်းဦး(ဒေါက်တာတင်ထွန်းဦး)က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး ရှေးဦးစွာ အခမ်းအနား အစီအစဉ်များကို ဖတ်ကြားကြေငြာပြီး ညီလာခံသို့ တက်ရောက်ရန်ရှိသည့် ကိုယ်စားလှယ်များ စုံညီစွာ တက်ရောက်ကြသဖြင့် ညီလာခံထမြောက်ကြောင်းနှင့် တတိယအကြိမ်ညီလာခံ (၂၀၀၂)ခုနှစ် စတင်ကြောင်း ကြေညာသည်။

ယင်းနောက် အခမ်းအနား သဘာပတိ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင် (သန်းမောင်)က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း-တွံ့တေး)က မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ၏ အစီရင်ခံစာအကျဉ်းတွင်ပါရှိသည့် နိဒါန်းပိုင်း၊ အပိုင်း(၁)ဖွဲ့စည်းမှု၊ အပိုင်း(၂) စည်းရုံးရေးလုပ်ငန်းများ၊ အပိုင်း(၃) ဘဏ္ဍာရေးလုပ်ငန်းများ၊ အပိုင်း(၄) စာပေထုတ်ဝေရေးလုပ်ငန်း၊ အပိုင်း(၅) ရန်ပုံငွေရှာဖွေရေးလုပ်ငန်း၊ အပိုင်း(၆) သက်သာချောင်ချိရေးလုပ်ငန်း၊ အပိုင်း(၇) နိုင်ငံတကာဆက်သွယ်ရေးလုပ်ငန်း၊ အပိုင်း(၈) ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်ခြင်း၊ အပိုင်း(၉) စာပေရန်ပုံငွေကြီးကြပ်ရေးအဖွဲ့၊ အပိုင်း

www.burmeseclassic.com

www.burmeseclassic.com



(၁၀) မြို့နယ်မျက်နှာစုံညီ အစည်းအဝေးကျင်းပခြင်း၊ အပိုင်း (၁၁) အထွေထွေ၊ အပိုင်း(၁၂) ဝမ်းနည်းကြောင်း မှတ်တမ်းတင်ခြင်း၊ အပိုင်း(၁၃) သုံးသပ်ချက်နှင့် အကြံပြုချက်နှင့် အပိုင်း(၁၄) ရှေ့လုပ်ငန်းစဉ်တို့ကို ဖတ်ကြားတင်သွင်းသည်။

ထို့နောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးခင်မောင်ထွန်း (ခင်မောင်ထွန်း-လမ်းမတော်)က မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီက ညီလာခံသို့ တင်သွင်းသည့်ဘဏ္ဍာရေးအစီရင်ခံစာနှင့် စာပေရန်ပုံငွေ အခြေအနေတို့ကို တင်ပြသည်။

ဆက်လက်၍ စာရင်းစစ်အဖွဲ့က တင်သွင်းသည့် စာရင်းစစ်အဖွဲ့၏ အစီရင်ခံစာကို အဖွဲ့ခေါင်းဆောင် ဗဟိုအမှုဆောင်ကော်မတီဝင် ဦးမောင်ဝင်း (မောင်ဝင်း-စာပေ)က ဖတ်ကြားတင်သွင်းပြီး နံနက်ပိုင်း အစီအစဉ်ကို ခေတ္တရပ်နားသည်။ မွန်းလွဲ (၁၂)နာရီခွဲတွင် ညီလာခံအစီအစဉ်ကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးအုံးဖေ(အုံးဖေ-ပခုက္ကူ)က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ရန်ကုန်တိုင်း ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်မှ ဦးထွန်းရွှေ (ပြည်ထွန်းရွှေ)၊ ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ်မှ ဦးစိုးဝင်း (မှော်ဝန်း-ဝင်းမြတ်)၊ ကရင်ပြည်နယ် မြဝတီမြို့နယ်မှ ဦးစောစံဦး (စောငြိမ်းချမ်း-မြဝတီ)၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်မှ ဦးသခ်ါကျော် (မြောက်ဦး-အနီချေ)၊ မွန်ပြည်နယ် မုဒုံမြို့နယ်မှ ဦးမင်းချစ်ရှိန် (ကလော့သော့-မင်းချစ်ရှိန်)နှင့် ရှမ်းပြည်နယ်



တောင်ကြီးမြို့နယ်မှ ဦးသန်းဝေ(သန်းဝေ-တောင်ကြီး)တို့က ဆောင်ရွက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီတွင် ဦးခင်ဆွေ(ရွှေစွန်ညို)က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး အခမ်းအနားအစီအစဉ်များကို ကြေညာသည်။ အစီအစဉ်အရ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးသန်းလှိုင်(တက္ကသိုလ်သခ်ိ)က မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း ပြင်ဆင်ချက်ကို ဖတ်ကြားတင်သွင်းသည်။

ယင်းနောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်၏ အစီရင်ခံစာကို ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်မှ ဦးမြဟ်ဝေတိုး (မြတ်ဝေတိုး-ပညာရေးတက္ကသိုလ်)၊ ကရင်ပြည် ကော့ကရိတ်မြို့နယ်မှ ဦးမန်းတင့်မော်(ရွှေမြိုင်-တင့်မော်)၊ စစ်ကိုင်းတိုင်း ၊ မြောင် မြို့နယ်မှ ဦးဘဆန်း(မောင်ရေချမ်း-မြောင်)၊ တနင်္သာရီတိုင်း ပုလောမြို့နယ်မှ ဦးအေးသန်း (ဝတီအေးသန်း)၊ ပဲခူးတိုင်း ပဲခူးမြို့နယ်မှ ဦးစိန်လှိုင်(စိန်လှိုင်ဗိုလ်)၊ မကွေးတိုင်း ပခုက္ကူမြို့နယ်မှ ဒေါ်စောကြိုင် (မအေးငြိမ်း-ပခုက္ကူ)၊ မန္တလေးတိုင်း ကျောက်ဆည်မြို့နယ်မှ ဦးကျော်သန်း(မောင်ခိုင်ကျော်-ကျောက်ဆည်)နှင့် ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်မှ ဦးတင်ဝင်း(လှိုင်မင်းညို)တို့ အကြံပြု ထောက်ခံဆွေးနွေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းပြင်ဆင်ချက်များအပေါ် ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ်မှ ဦးမောင်မောင်ဝင်း (ရွှေနေမောင်ကျဲ)

www.burmeseclassic.com

www.burmeseclassic.com



နှင့် ရန်ကုန်တိုင်း ဒဂုံမြို့သစ် (ဆိပ်ကမ်းမြို့နယ်)မှ ဦးဘုန်းမြင့် (ပြည်ဘုန်းမြင့်)တို့က အကြံပြုထောက်ခံ ဆွေးနွေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဒေါ်ခင်ခင်စိန်(ယုဝတီခင်စိန် လှိုင်)က ဒုတိယအကြိမ် ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးက ချမှတ်သော ဦးတည်ချက်ခြောက်ရပ်ကို မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၏ မူဝါဒဆိုင်ရာ ဦးတည်ချက်များအဖြစ် သတ်မှတ်ရေးအဆိုကို တင်သွင်းပြီး ရန်ကုန်တိုင်း လှိုင်မြို့နယ်မှ ဦးမြတ်စိုး (မြတ်စိုး-လှိုင်)က အကြံပြုထောက်ခံ ဆွေးနွေးသည်။

ထို့နောက် နယ်စပ်ဒေသ လုံခြုံရေးနှင့် ငြိမ်းချမ်းရေးကို ထိပါးနေသော SURA နှင့် KNU သောင်းကျန်းသူ အဖျက်သမားများအား ရှုတ်ချကြောင်းအဆိုကို ရန်ကုန်တိုင်း ဗဟန်းမြို့နယ်မှ ဦးအောင်သိန်းဝင်း (မောင်ခိုင်ခန့်)က တင်သွင်းပြီး၊ မန္တလေးတိုင်း ချမ်းမြသာစည်မြို့နယ်မှ ဦးမြင့်ဆွေ (ဆွေနွယ်ဦး)က အကြံပြုထောက်ခံ ဆွေးနွေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင် (သန်းမောင်)က ညီလာခံသို့ တင်သွင်းသည့် ဗဟိုအမှုဆောင် ကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ညီလာခံကိုယ်စားလှယ်များ၏ အကြံပြု ဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်း ဖြေကြားသည်။



ယင်းနောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးအေးထွန်း(ထက်အောင်)က မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယအကြိမ်ညီလာခံ ကျင်းပပြီးစီးသည့် ၁၉၉၈ ခုနှစ်၊ ဇွန်လ ၂၃ ရက်မှ ၂၀၀၁ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ ကာလအတွင်း စာပေအကျိုး သယ်ပိုးထမ်းဆောင်ရင်း ကွယ်လွန်သွားခဲ့ကြသည့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ အဖွဲ့ဝင် စာပေ ပညာရှင် (၁၂၀)ဦး ကွယ်လွန်သွားခြင်းအတွက် ဝမ်းနည်းကြောင်း အဆိုကို တင်သွင်းရာ ညီလာခံက မှတ်တမ်းတင်ပြီး မွန်းလွဲပိုင်း ညီလာခံကို ခေတ္တရပ်နားသည်။

ထို့နောက် ညနေပိုင်းတွင် ညီလာခံကို ပြန်လည်ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးချစ်နိုင်(ချစ်နိုင်-စိတ်ပညာ)က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် တနင်္သာရီတိုင်း ကော့သောင်းမြို့နယ်မှ ဦးလှမြင့် (ကော့သောင်း-ရွှေပြည်စိုး)၊ ရန်ကုန်တိုင်း သုံးခွမြို့နယ်မှ ဦးဆိုက်ကျင်(ဦးဆိုက်ကျင်-သတင်းထောက်)၊ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်မှ ဦးညိမ်းမောင်(မောင်မောင်ညိမ်း-ကျိုက်ထို) စစ်ကိုင်းတိုင်း မုံရွာမြို့နယ်မှ ဦးတင်အောင် (ခြိမ့်သဲ)၊ ရခိုင်ပြည်နယ် မင်းပြားမြို့နယ်မှ ဦးစံရွှေထွန်း(မင်းပြား-မောင်ယုနွယ်)နှင့် ပဲခူးတိုင်း သဲကုန်းမြို့နယ်မှ ဒုတိယဗိုလ်မှူးကြီးလှဝေ (ငြိမ်း) (စန္ဒက-ရန်ကုန်တက္ကသိုလ်)တို့က ဆောင်ရွက်ကြပြီး

www.burmeseclassic.com

www.burmeseclassic.com



အခမ်းအနားမှူးအဖြစ် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးမြင့်ကြွယ် (မောင်မြင့်ကြွယ်)က ဆောင်ရွက်သည်။

အစီအစဉ်အရ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်၏ အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို ညီလာခံက အတည်ပြုပေးနိုင်ရန် အဆိုတင်သွင်းရာ ရန်ကုန်တိုင်း သံလျင်မြို့နယ်မှ ဒေါ်ခင်သန်းဝင်း (ကြူကြူသင်း)က ထောက်ခံဆွေးနွေးသည်။

ထို့နောက် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဘဏ္ဍာရေးနှင့် စာရင်းစစ်အဖွဲ့ အစီရင်ခံစာများနှင့် စာပေရန်ပုံငွေ အခြေအနေကို ညီလာခံက အတည်ပြုပေးနိုင်ရန် ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်မှ ဦးတင်အောင်(တင်အောင်ရွှေ-သုတေသီ)က အဆိုတင်သွင်းရာ ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်မှ ဒေါ်ကြွယ်ကြွယ်(မကြွယ်ကြွယ်)က ထောက်ခံဆွေးနွေးသည်။

ယင်းနောက် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း ပြင်ဆင်ချက်ကို ညီလာခံက အတည်ပြုပေးနိုင်ရန် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်မှ ဦးစိုးရှိန်(မောင်စိုးထိုက်-သုံးဆယ်)က အဆိုတင်သွင်းရာရန်ကုန်တိုင်း ဒဂုံမြို့နယ်မှ ဒေါ်နုနု(နုနု-စာပေဗိမာန်)က ထောက်ခံဆွေးနွေးသည်။

ဆက်လက်၍ မြို့နယ်စွမ်းဆောင်ရှင်ဆုကို ချီးမြှင့်ရာ



ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက မြို့နယ်စွမ်းဆောင်ရှင်ဆုရရှိသော မန္တလေးတိုင်း ချမ်းမြသာစည်မြို့နယ်၊ ရန်ကုန်တိုင်း တောင်ဒဂုံမြို့နယ်နှင့် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်၊ ဧရာဝတီတိုင်း မအူပင်မြို့နယ်၊ ရန်ကုန်တိုင်း လှိုင်မြို့နယ်နှင့် ရန်ကုန်တိုင်း အင်းစိန်မြို့ နယ်တို့မှ မြို့နယ်ကိုယ်စားလှယ် အဖွဲ့ဝင်များအား ဆုများ ချီး မြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးကြည်ညွန့်(ချစ်ကြည်ရေးကြည်ညွန့်)က မြို့နယ်စွမ်းဆောင်ရှင် အထူးဆုရ ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်၊ ရန်ကုန်တိုင်း တောင်ဥက္ကလာပ မြို့နယ်နှင့် မန္တလေးတိုင်း တပ်ကုန်းမြို့နယ်မှ မြို့နယ်ကိုယ်စားလှယ်အဖွဲ့ဝင်များအားလည်းကောင်း၊ ဗဟိုအမှုဆောင်ကော်မတီဝင် ဒေါက်တာမောင်မောင်(မောင်ဆင်ခြင်)က မြို့နယ်စွမ်းဆောင်ရှင်ဆု အထူးဆုရ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၊ ကချင်ပြည်နယ် မိုးညှင်းမြို့နယ်နှင့် ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်တို့မှ မြို့နယ်ကိုယ်စားလှယ်အဖွဲ့ဝင်များအား လည်းကောင်း ဆုများချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌဦးလှမြိုင်(ကိုဆောင်း)နှင့် ဗဟိုအမှုဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌဦးသန်းမောင် (သန်းမောင်)တို့က မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ညီလာခံဂုဏ်ပြု တေးသီချင်း ရေးသားသီကုံး စပ်ဆိုပေးခဲ့ကြသည့် ဂီတအနု

www.burmeseclassic.com

www.burmeseclassic.com



ပညာရှင်များအား မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ကိုယ်စား ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ပြီး တတိယအကြိမ်ညီလာခံ ပထမနေ့အစီအစဉ်ကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

**တတိယအကြိမ်ညီလာခံ (၂၀၀၂)ခုနှစ် အောင်မြင်စွာ ကျင်းပပြီးစီး**

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ (၂၀၀၂) ခုနှစ်ကို ဇွန်လ (၂၉)ရက် နံနက်(၈)နာရီခွဲတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်း ပြည်ထောင်စုခန်းမ၌ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး၊ ဒုတိယဝန်ကြီးများဖြစ်ကြသောဦးသိန်းစိန်နှင့်ဗိုလ်မှူးချုပ်အောင်သိန်း၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌဦးလှမြိုင်(ကိုဆောင်း)နှင့် ဗဟိုအမှု ဆောင်ကော်မတီဝင်များ၊ ညီလာခံကျင်းပရေး ဗဟိုကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ညီလာခံကိုယ်စားလှယ်များ၊ လေ့လာသူများနှင့် အထူးဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ညီလာခံ ဒုတိယနေ့ နံနက်ပိုင်း သဘာပတိအဖြစ် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဒေါက်တာခင်မောင်ညွန့်(ဒေါက်တာခင်မောင်ညွန့်)က ဆောင်ရွက်ပြီး၊ သဘာပတိအဖွဲ့ဝင်များအဖြစ် မကွေးတိုင်း



မင်းဘူးမြို့နယ်မှ ဦးခင်လတ်(ထက်ကောင်းလတ်)၊ မကွေးတိုင်း သရက်မြို့နယ်မှ ဦးအေးဝေ(အေးဝေ-သရက်)၊ မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ်မှ ဦးခင်မောင်ကြီး(ခင်မောင်ကြီး)၊ ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ်မှ ဦးတင်စိုး (သာဂဒိုး)နှင့် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်မှ ဦးမြသိန်း (မိုးထက်မြင့်-မြစ်ဝကျွန်းပေါ်)တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ကော်မတီ တွဲဖက်အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး (ဒေါက်တာတင်ထွန်းဦး)က ဆောင်ရွက်သည်။

ဒုတိယနေ့ အခမ်းအနားတွင် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်များက စာပေနှင့် စာနယ်ဇင်းလုပ်ငန်းများ မြှင့်တင်ရေးဆိုင်ရာ စာတမ်းများကို တင်သွင်းကြရာ ဦးခင်ဆွေ(ရွှေစွန်ညို)က "စာပေဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စာပေနှင့် စာနယ်ဇင်းသမားများသည် အဖွဲ့၏ ဦးဆောင်မှုဖြင့် တက်ကြွစွာပါဝင် ရိုင်းပင်းဆောင်ရွက်ရေး" စာတမ်း၊ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)က "စာပေနှင့် စာနယ်ဇင်းဆိုင်ရာ အတတ်ပညာ၊ နည်းပညာနှင့် သုတ၊ ရသ ရေးသားမှု အရည်အချင်းမြင့်မားလာစေရန်နှင့် စာပေမျိုးဆက်သစ်များ ပေါ်ထွန်းလာစေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး" စာတမ်း၊ ဒုတိယဗိုလ်မှူးကြီးအုန်းမောင်(ငြိမ်း) (မြင်းမူမောင်နိုင်မိုး)က "မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ ရှင်သန်ထွန်းကား ပြန့်ပွားရေးကို စဉ်ဆက်မပြတ် လှုံ့ဆော်ရေး

www.burmeseclassic.com

www.burmeseclassic.com



သားရန်နှင့် နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများတွင် တစ်တပ်တစ်အား တက်ကြွစွာပါဝင်ဆောင်ရွက်ရေး"စာတမ်း၊ ဦးမျိုးသန့် (မောင်ဆုရှင်)က "အမျိုးသားအမွေ၊ ဂန္ထဝင်နှင့် ခေတ်ပြိုင် မြန်မာစာပေကို ထိန်းသိမ်းမြှင့်တင်ရင်း ပြည်တွင်းပြည်ပ ကျယ်ပြန့်စွာ လေ့လာမှတ်ရှု သိနိုင်ရေး"စာတမ်း၊ ဦးချစ်နိုင်(ချစ်နိုင်စိတ်ပညာ)က "လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသအထိ စာပေ၏ အကျိုးပြုမှုကို ရရှိခံစားနိုင်ရေး" စာတမ်းနှင့် ဦးကျော်ဝင်း (မနုဿကျော်ဝင်း)က "အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ စာပေဂုဏ်ကို မြှင့်တင်မည်" စာတမ်းတို့ကို ဖတ်ကြားတင်သွင်းကြသည်။

ဆက်လက်၍ ညီလာခံသို့ ဖတ်ကြားတင်သွင်းသည့် ဗဟို အမှုဆောင်ကော်မတီဝင် (၆)ဦး၏ စာတမ်း(၆)စောင်ကို ညီလာခံ ကိုယ်စားလှယ်များဖြစ်ကြသည့် ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ်မှ ဦးကြိုင်မြင့် (မောင်ရန်ရှင်း)နှင့် ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ်မှ ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်)တို့က သုံးသပ်ဆွေးနွေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်ဦးလှိုင်ကြွယ်(ကာတွန်းမောင်ဝဏ္ဏ) က "ဒုတိယအကြိမ် ညီလာခံ သက်တမ်းအတွင်း ဖွဲ့စည်းခဲ့သည့် မြို့နယ်များ၊ အစားထိုး၍ စည်းရုံးရေးကော်မတီ ဖွဲ့စည်းရသည့် မြို့နယ်များ၊ မြို့နယ်အဖွဲ့မှ စည်းရုံးရေးကော်မတီသို့ ပြန်လည် ဖွဲ့စည်းရသည့် မြို့နယ်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံစာပေနှင့်



စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။"

ထို့နောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ ဥက္ကဋ္ဌဦးလှမြိုင်(ကိုဆောင်း)က ဒုတိယအကြိမ်ညီလာခံ သက်တမ်းမှ ဗဟိုအမှုဆောင်ကော်မတီဝင်များ နှုတ်ထွက်ကြောင်း ကြေငြာပြီး နံနက်ပိုင်း အခမ်းအနား အစီအစဉ်ကို ခေတ္တရပ်နားသည်။

ဆက်လက်၍ မွန်းလွဲပိုင်းအစီအစဉ်များကို မွန်းတည့် (၁၂)နာရီတွင် ပြန်လည်ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ကော်မတီဝင်အသစ်များ ပြန်လည်ရွေးချယ် တင်မြှောက်ရန်အတွက် ရွေးချယ်တင်မြှောက်ပွဲ ကြီးကြပ်ရေးကော်မရှင် ဥက္ကဋ္ဌဒေါက်တာကျော်စိန်နှင့် အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ကြပြီး ရွေးချယ်တင်မြှောက်ပွဲ ကြီးကြပ်ရေးကော်မရှင် အတွင်းရေးမှူး ဦးအေးချို (မဟာဝိဇ္ဇာ) က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

အစီအစဉ်အရ ရွေးချယ်တင်မြှောက်ပွဲ ကြီးကြပ်ရေး ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာကျော်စိန်က ဗဟိုအမှုဆောင် ကော်မတီဝင်အသစ်များ ရွေးချယ်ရန်ကိစ္စနှင့် စပ်လျဉ်းပြီး ဆန္ဒပြုပုံ နည်းစနစ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ညီလာခံကိုယ်စားလှယ်များက လျှို့ဝှက်ဆန္ဒမဲပေး၍ ဗဟိုအမှုဆောင်ကော်မတီဝင်အသစ်များကို ဆန္ဒပြု ရွေးချယ်တင်မြှောက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ရွေးချယ်တင်မြှောက်ပွဲ ကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာကျော်စိန်က မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်အသစ် (၂၅)ဦး၏ အမည်စာရင်းကို ဖတ်ကြားကြေငြာသည်။

ယင်းနောက် ရွေးချယ်တင်မြှောက်ခံရသော ဗဟိုအမှုဆောင်ကော်မတီဝင်များက ပထမအကြိမ်အမှုဆောင် အစည်းအဝေး ကျင်းပပြီး တာဝန်များ ခွဲဝေသတ်မှတ်သည်။

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း ပြင်ဆင်ချက်အရ တိုးချဲ့ဖွဲ့စည်းသော ဗဟိုအမှုဆောင်ကော်မတီ ငါးဦးနှင့် ဗဟိုအမှုဆောင်ကော်မတီဝင် (၂၅) ဦး၏ တာဝန်ခွဲဝေပေးမှု အခြေအနေကို ရွေးချယ်တင်မြှောက်ပွဲကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာကျော်စိန်က ဖတ်ကြားကြေငြာသည်။

ထို့နောက် ဗဟိုအမှုဆောင် ကော်မတီဝင်များက သဘာပတိရှေ့မှောက်တွင် ကတိသစ္စာခံယူကြပြီးနောက် မွန်းလွဲပိုင်း ညီလာခံအစီအစဉ်ကို ခေတ္တရပ်နားသည်။

ယင်းနောက် ညနေပိုင်း အခမ်းအနားအစီအစဉ်များကို ညနေ (၃)နာရီခွဲတွင် ပြန်လည်ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးတင်ခ (တက္ကသိုလ်တင်ခ)က ဆောင်ရွက်ပြီး သဘာပတိ အဖွဲ့ဝင်များအဖြစ် ရန်ကုန်တိုင်း သာကေတမြို့နယ်မှ ဦးကြည်အေး (ဆင်ဖြူကျွန်းအောင်သိန်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျိုင်းတုံမြို့နယ်



မှ ဦးဘိုသိန်း (တောင်တွင်းဘိုသိန်း)နှင့် သီပေါမြို့နယ်မှ ဦးလှမောင်လတ်(သီပေါကိုလတ်)၊ ဧရာဝတီတိုင်း မြောင်းမြမြို့နယ်မှ ဦးလေးမြင့် (လေးမြင့်)၊ ဧရာဝတီတိုင်း ဖျာပုံမြို့နယ်မှ ဦးလှမျိုး (ရဲဘော်လှမျိုး)နှင့် ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ်မှ ဦးတင် (တက္ကသိုလ်နှင်းဝေ)တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်တီ အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း-တွံတေး)က ဆောင်ရွက်သည်။

အစီအစဉ်အရ အခမ်းအနားမှူးက သဘာပတိ၏ ခွင့်ပြုချက်ရယူပြီး တတိယညီလာခံသို့ တက်ရောက်လာကြသည့် မြို့နယ်များမှ ညီလာခံကိုယ်စားလှယ်များနှင့် တတိယအကြိမ်ညီလာခံက ရွေးချယ်တင်မြှောက်လိုက်သော ဗဟိုအမှုဆောင်ကော်မတီဝင်များကို ဗဟိုဦးစီးအဖွဲ့ဝင်များအဖြစ် သတ်မှတ်ကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ်ညီလာခံက ဆုံးဖြတ်ခြင်းငါးရပ်၊ အတည်ပြုခြင်းသုံးရပ်နှင့် မှတ်တမ်းတင်ခြင်း ခြောက်ရပ်တို့ကို ဖတ်ကြားပြီး ညီလာခံက အတည်ပြုကြေညာကာ ဗဟိုအမှုဆောင်ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များက မှတ်တမ်းတင် လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် ဗဟိုအမှုဆောင် ကော်မတီဥက္ကဋ္ဌသစ် ဦးလှမြိုင်(ကိုဆောင်း)က နှုတ်ခွန်းဆက် အမှာစကားပြောကြား

www.burmeseclassic.com

www.burmeseclassic.com



ရာတွင် မိမိတို့ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီး၏ သက်တမ်းသည် ၁၂ နှစ်ခရီးကို ဖြတ်သန်းခဲ့ကြပြီးဖြစ်သလို တတိယအကြိမ်ညီလာခံအထိ ကျင်းပနိုင်ခဲ့ပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့သည် အစိုးရ မဟုတ်သော လူထုအဖွဲ့အစည်းတစ်ခုဖြစ်သလို စေတနာ၊ ဝါသနာ အရင်းခံပြီး အကျိုးပြုစာပေဖွံ့ဖြိုးရေးလုပ်ငန်းကို ပရဟိတ စိတ်ထားဖြင့် ပါဝင်ကြိုးပမ်း ထမ်းရွက်ကြသူများဖြစ်ကြောင်း။

နိုင်ငံတည်ဆောက်ရေး လုပ်ငန်းအဖြာဖြာမှ စာပေနှင့်စာနယ်ဇင်းသမားများ၏ တာဝန်သည် မြင့်မားစွာ ပါဝင်ကြောင်း၊ မျက်မှောက်ကာလ မာတိမိဒီယာခေတ်မှာ ပြန်ကြားရေး ပညာရေး၊ ဖျော်ဖြေရေးလုပ်ငန်းအဖြာဖြာကို အပြုသဘောဆောင်သည့် အားထုတ်ကြိုးပမ်းချက်များနှင့် ဖြည့်ဆည်းကြရမည့် သဘောသဘာဝကလည်း အထင်အရှားဖြစ်လာကြောင်း။ ပဓာနကျသော တာဝန်ဖြစ်သည့် စာနယ်ဇင်းလောက ဖွံ့ဖြိုးတိုးတက်ရေး၊ စာကောင်းပေမွန်ထွက်ရှိရေး၊ အကျိုးပြုစာပေများ ထွန်းကားရေးတာဝန်များကိုလည်း စဉ်ဆက်မပြတ် ထမ်းရွက်ရမှာဖြစ်ကြောင်း။ စာနယ်ဇင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ ကျင့်ဝတ်နှင့်တာဝန်များ၊ ရည်ရွယ်ချက်များကို သာမန်သိမြင်နားလည်သဘောပေါက်ရုံမျှသာ မဟုတ်ဘဲ လက်တွေ့နှင့် ထင်ဟပ် အကောင်အထည်ဖော်ကြရန် မေတ္တာရပ်ခံလိုကြောင်း။

အခုကျင်းပသည့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ညီလာခံကြီးကနေပြီး လာမည့်လေးနှစ်



သက်တမ်းကာလအတွင်း အကောင်အထည်ဖော်နေမည့် ရှေ့လုပ်ငန်းစဉ် ၁၃ ရပ်ကို ချမှတ်ထားပြီးဖြစ်ကြောင်း၊ ယင်းလုပ်ငန်းစဉ်များသည် အဆင့်ဆင့်သော အဖွဲ့အစည်းများနှင့် တစ်ဦးချင်းက အလေးထားဆောင်ရွက်ကြရမည့် လုပ်ငန်းစဉ်များလည်း ဖြစ်ကြောင်း။

စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များသည် နိုင်ငံတော်က အလေးထားရသည့်သူများဖြစ်သလို ပြည်သူများနှင့် စာဖတ်ပရိတ်သတ်က လေးစားခြင်း၊ အားထားခြင်း ခံရသူများဖြစ်ကြောင်း။ ဇာတိဂုဏ်နှင့် အမျိုးဂုဏ်ကို ထိန်းသိမ်းရာမှာ စစ်မှန်သော အရည်အသွေးရှိသူများလည်းဖြစ်ကြောင်း။ ထို့ကြောင့်လည်း "အမျိုး၏ဂုဏ်၊ ဇာတိဂုဏ်၊ စာပေဂုဏ်ကို မြှင့်တင်မည်" ဆိုသော ဆောင်ပုဒ်ကို ပြဋ္ဌာန်းအကောင်အထည်ဖော်လျက် ရှိခြင်းဖြစ်ကြောင်း။

မိမိတို့ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ အဖွဲ့ဝင် ပုဂ္ဂိုလ်များအနေဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကို ကိုယ်တိုင်အားထုတ်ဖြည့်ဆည်းကြရမှာဖြစ်သလို အများပြည်သူအတွက်လည်း ကျင့်သုံးလာကြအောင် စာပေနည်းဖြင့် လှုံ့ဆော်ပေးရန် တာဝန်ရှိသူများဖြစ်ကြကြောင်း။ မိမိတို့သည် ပရဟိတစိတ်ထား၍ ဗလငါးတန် ခွန်အားကို ပေါင်းစပ်ပြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်လာရေးအတွက် စုပေါင်း ခေါင်းဆောင်မှုဖြင့် တစ်ဦးချင်း တာဝန်ယူမှုကို ပေါင်းစပ်ပြီး ညီညာဖြဖြ အားထုတ်ဆောင်ရွက်

www.burmeseclassic.com

www.burmeseclassic.com



ကြပါစို့ဟု တိုက်တွန်းရင်း နိဂုံးချုပ်ပါကြောင်း ပြောကြားသွားသည်။

ထို့နောက် သဘာပတိ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဉက္ကဋ္ဌ(၁) ဦးတင်ခ (တက္ကသိုလ်တင်ခ)က နိဂုံးချုပ် အမှာစကားပြောကြားရာတွင် -

အမြို့မြို့အနယ်နယ်မှ တက်ကြွစွာ တက်ရောက်လာကြသည့် ညီလာခံကိုယ်စားလှယ်များအနေဖြင့် ညီလာခံ ကျင်းပသည့် နှစ်ရက်တာကာလအတွင်းမှာ ညီလာခံသို့ တင်သွင်းသော ဗဟိုအမှုဆောင်ကော်မတီ၏ အစီရင်ခံစာ၊ ဘဏ္ဍာရေးမှူး၏ အစီရင်ခံစာ၊ စာရင်းစစ်အဖွဲ့၏ အစီရင်ခံစာ၊ စာပေ ရန်ပုံငွေ အခြေအနေ၊ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း ပြင်ဆင်ဖြည့်စွက်ချက် စသည်တို့နှင့် စပ်လျဉ်းပြီး အပြုသဘောဖြင့် ဝေဖန်ဆွေးနွေး အကြံပေး ထောက်ခံ အတည်ပြုပေးခဲ့ကြကြောင်း။

ထိုနည်းတူစွာပင် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏အကျိုး၊ အဖွဲ့ဝင်များ၏ အကျိုးအတွက် ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်များကိုလည်း ထိရောက်ပေါက်မြောက် အောင်မြင်အောင် ဘယ်ပုံ ဘယ်နည်းနှင့် ဆက်လက်အကောင်အထည်ဖော်ကြရမည်ဆိုသည်ကို ယထာဘူတကျကျ လေ့လာစမ်းစစ်ပြီး အထောက်အကူဖြစ်စေသည့် အကြံဉာဏ်များနှင့်တကွ လှုံ့ဆော်သမှု ပြုသွားကြသည်ကို တွေ့မြင်ရသည့်အတွက် အားတက်ဝမ်းသာပီတိဖြစ်မိကြောင်း။



ညီလာခံကိုယ်စားလှယ်များ၏ ဝေဖန်ဆွေးနွေး အကြံပေးတင်ပြချက်များကို ဗဟိုအမှုဆောင်ကော်မတီအနေဖြင့် အလေးအနက်ထား စဉ်းစားပြီး ဖြစ်နိုင်ခြေရှိသည်များနှင့် အကောင်အထည်ဖော်နိုင်စွမ်းရှိသည်များကို ပကတိဖြစ်ရပ်များနှင့် ထင်ဟပ်သုံးသပ်ပြီး ပြန်လည်ဖြေကြားခဲ့သည်ကိုလည်း ဝမ်းပန်းတသာ လက်ခံလိုက်နာ ကူညီဆောင်ရွက်သွားကြလိမ့်မည်ဟု အကြွင်းမဲ့ ယုံကြည်မျှော်လင့်မိကြောင်း။

ထို့အပြင် လုပ်ထုံးလုပ်နည်းများနှင့်အညီ စည်းစနစ်ကျနစွာ ဆောင်ရွက်ခဲ့သော ဗဟိုအမှုဆောင်ကော်မတီရွေးချယ်တင်မြှောက်ပွဲမှာလည်း ညီလာခံကိုယ်စားလှယ်များအနေဖြင့် စည်းလုံးညီညွတ်စွာဖြင့် ပါဝင်ကူညီခဲ့ကြသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ရသည့်အတွက် မိမိတို့ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီး ရေရှည်တည်တံ့ခိုင်မြဲစေမည့် သွေးစည်းညီညွတ်မှုကို လက်တွေ့ပြယုဂ်အဖြစ် ဖော်ထုတ်နိုင်လိုက်သည်ဟု အားတက်ယုံကြည်မိသလို ညီလာခံကိုယ်စားလှယ်များကိုလည်း အလွန်ကျေးဇူးတင်ဂုဏ်ယူပါကြောင်း။

မိမိအနေဖြင့် နိဂုံးချုပ်စကား ပြောကြားလိုသည်မှာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီး၏ တတိယအကြိမ် ညီလာခံကို ကျင်းပခွင့်ပြုသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ နိုင်ငံတော်အတွက် အလုပ်တာဝန်များများပြားလှသည့်ကြားထဲက မိမိတို့ စာပေနှင့်စာနယ်ဇင်း အဖွဲ့ကို စေတနာထားပြီး အဖွင့်အမှာစကားပြောကြားကာ လာရောက်

www.burmeseclassic.com

www.burmeseclassic.com



ချီးမြှင့်အားပေးသွားသည့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ဒုတိယဝန်ကြီးများ၊ အထူးဧည့်သည်တော်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ စာပေပညာရှင်များ၊ ညီအစ်ကိုတော် လူမှုရေး အဖွဲ့အစည်းများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ကိုယ်စား လှယ်များ၊ ဒီ ညီလာခံ အောင်မြင်ထမြောက်အောင် ပံ့ပိုးကူညီကြ သည့် အလှူရှင်များ၊ ဤခန်းမကြီးနှင့် အဆောင်များကို သုံးစွဲခွင့် ပြုသည့် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုံခြုံရေးကို တာဝန်ယူပေးသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့၊ ကျန်းမာရေး၊ သန့်ရှင်းရေး၊ လျှပ်စစ်မီး အဆင်ပြေရေး၊ ဆက်သွယ်ရေး၊ အသံဖမ်းစက် စသည့် လုပ်ငန်းစဉ်များကို တာဝန်ယူ ဆောင်ရွက်ပေးကြသည့် ဌာနများနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ညီလာခံဂုဏ်ပြုတေးများကို သီကုံးစပ်ဆိုပေးကြ သည့် အဆိုတော်များ၊ ညီလာခံကြီး စ၊ လယ်၊ ဆုံး ပြီးစီး အောင် မြင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသည့် လုပ်ငန်း ကော်မတီဝင်များနှင့် လုပ်အားပေးများ၊ ညီလာခံကိုယ်စားလှယ် များနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို ဗဟိုအမှုဆောင် ကော်မတီ၏ကိုယ်စား အထူးပင် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါကြောင်း ပြောကြားသွားပါသည်။

ယင်းနောက် သဘာပတိအဖွဲ့ဝင်များနှင့် တတိယ အကြိမ်ညီလာခံ တက်ရောက်လာကြသည့် ကိုယ်စားလှယ် များက-



"အချုပ်အခြာအာဏာ
တည်တံ့ခိုင်မြဲရေး" (ဒို့အရေး-ဒို့အရေး)
"အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို
စာပေဖြင့် မြှင့်တင်ရေး" (ဒို့အရေး-ဒို့အရေး)
"ပြည်တွင်းပြည်ပ အဖျက်သမားများ
ဆန့်ကျင်ချေမှုန်းရေး" (ဒို့အရေး-ဒို့အရေး)
"မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးနှင့်
အရည်အသွေးမြင့်မားရေး" (ဒို့အရေး-ဒို့အရေး)
"ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံ
တော်သစ် ထူထောင်ရေး" (အောင်ရမည်-အောင်ရ
မည်။)

ကြွေးကြော်သံများ ကြွေးကြော်ကာ တတိယအကြိမ် ညီလာခံကို ညနေပိုင်းတွင် အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

**မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ညီလာခံတွင် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗဟို အမှုဆောင်ကော်မတီဝင်များ**

| | |
|---|---|
| ၁။ ဦးလှမြိုင် (ကိုဆောင်း) | ဥက္ကဋ္ဌ |
| ၂။ ဦးတင်ခ (တက္ကသိုလ်တင်ခ) | ဒုတိယဥက္ကဋ္ဌ(၁) |
| ၃။ ဦးသန်းမောင်(သန်းမောင်) | ဒုတိယဥက္ကဋ္ဌ(၂) |
| | ဘဏ္ဍာရေးမှူး |
| ၄။ ဦးမြင့်သိန်း(မြင့်သိန်းအောင်) | ဒုတိယဥက္ကဋ္ဌ(၃) |

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| ၅။ ဦးလှထွန်း(လှထွန်း-တွံတေး) | အတွင်းရေးမှူး(၁) |
| ၆။ ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်) | အတွင်းရေးမှူး(၂) |
| ၇။ ဒေါက်တာတင်ထွန်းဦး | အတွင်းရေးမှူး(၃) |
| ၈။ ဦးခင်ဆွေ(ရွှေစွန်ညို) | စာရင်းစစ် |
| ၉။ ဦးမောင်ဝင်း(မောင်ဝင်း-စာပေ) | ဗဟိုအမှုဆောင် |
| ၁၀။ ဦးမျိုးသန့်(မောင်ဆုရှင်) | ဗဟိုအမှုဆောင် |
| ၁၁။ ဒေါက်တာခင်မောင်ညွန့် | ဗဟိုအမှုဆောင် |
| ၁၂။ ဦးချစ်နိုင်(ချစ်နိုင်-စိတ်ပညာ) | ဗဟိုအမှုဆောင် |
| ၁၃။ ဦးကျော်ဝင်း (မနုဿကျော်ဝင်း) | ဗဟိုအမှုဆောင် |
| ၁၄။ ဒေါ်ရင်ရင် (စောမုံညင်း) | ဗဟိုအမှုဆောင် |
| ၁၅။ ဒေါ်ခင်ခင်စိန် (ယုဝတီခင်စိန်လှိုင်) | ဗဟိုအမှုဆောင် |
| ၁၆။ ဦးခင်မောင်ထွန်း (ခင်မောင်ထွန်း-လမ်းမတော်) | ဗဟိုအမှုဆောင် |
| ၁၇။ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်) | ဗဟိုအမှုဆောင် |
| ၁၈။ ဦးအုံးဖေ(ပခုက္ကူဦးအုံးဖေ) | ဗဟိုအမှုဆောင် |
| ၁၉။ ဒေါက်တာမောင်မောင် (မောင်ဆင်ခြင်) | ဗဟိုအမှုဆောင် |
| ၂၀။ ဒုတိယဗိုလ်မှူးကြီးအုန်းမောင်(ငြိမ်း) (မြင်းမူ-မောင်နိုင်မိုး) | ဗဟိုအမှုဆောင် |
| ၂၁။ ဦးအေးထွန်း(ထက်အောင်) | ဗဟိုအမှုဆောင် |
| ၂၂။ ဦးကြည်ညွန့် (ချစ်ကြည်ရေးကြည်ညွန့်) | ဗဟိုအမှုဆောင် |



| | |
|---|---|
| ၂၃။ ဦးရဲတင့်(ရဲတင့်) | ဗဟိုအမှုဆောင် |
| ၂၄။ ဦးကျော်မင်း(မင်းကျော်မင်း) | ဗဟိုအမှုဆောင် |
| ၂၅။ ဦးကြည်လွင်(ကာတွန်းငွေကြည်) | ဗဟိုအမှုဆောင် |
| ၂၆။ ဦးလှိုင်ကြွယ်(ကာတွန်းမောင်ဝဏ္ဏ) | ဗဟိုအမှုဆောင် |
| ၂၇။ ဦးသန်းလှိုင် (တက္ကသိုလ်သန်) | ဗဟိုအမှုဆောင် |
| ၂၈။ ဒေါ်ချိုချိုတင် (မစန္ဒာ) | ဗဟိုအမှုဆောင် |
| ၂၉။ ဒေါ်ခင်သန်းဝင်း(ကြူကြူသင်း) | ဗဟိုအမှုဆောင် |
| ၃၀။ ဦးစိုးရှိန်(မောင်စိုးထိုက်-သုံးဆယ်) | ဗဟိုအမှုဆောင် |

တို့အား ညီလာခံမှ တစ်ညီတစ်ညွတ်တည်း ရွေးချယ်တင်မြှောက် တာဝန်ပေးအပ်ခဲ့ပါသည်။ စုစုပေါင်းဦးရေ(၃၀) အနက် (၅)ဦးမှာ အဖွဲ့နှင့် နိုင်ငံတော်အစိုးရတို့ ညှိနှိုင်းတာဝန်ပေးခြင်းဖြစ်၍ ကျန်(၂၅)ဦးမှာ ညီလာခံကိုယ်စားလှယ်များမှ ရွေးချယ်တင်မြှောက်တာဝန်ပေးသော ပုဂ္ဂိုလ်များဖြစ်ပါသည်။

## မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ညီလာခံက ဆုံးဖြတ်ခြင်း(၅)ရပ်၊ အတည်ပြုခြင်း(၃)ရပ်နှင့် မှတ်တမ်းတင်ခြင်း (၆)ရပ်တို့ကို ချမှတ်ခြင်း

၂၀၀၂ ခုနှစ်၊ ဇွန်လ ၂၈ရက်မှ ၂၉ရက်နေ့အထိ ရန်ကုန်မြို့၊ ကျိုက္ကဆံကွင်း ပြည်ထောင်စုခန်းမ၌ ကျင်းပသော မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံက ဆုံးဖြတ်ခြင်း(၅)ရပ်၊ အတည်ပြုခြင်း(၃)ရပ်နှင့် မှတ်တမ်းတင်ခြင်း (၆)ရပ်တို့ကို ချမှတ်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဆုံးဖြတ်ခြင်း(၅)ရပ်

ဆုံးဖြတ်ခြင်းအမှတ်(၁)မှာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ပထမနေ့ ၂၈-၆-၂၀၀၂ ဖွင့်ပွဲအခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး မြွက်ကြားသော အဖွင့်မိန့်ခွန်းပါ သြဝါဒ မိန့်မှာချက်များကို မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ အဆင့်ဆင့်၏ လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူလိုက်နာကျင့်သုံးသွားကြရန် ဆုံးဖြတ်ခဲ့ပါသည်။

ဆုံးဖြတ်ခြင်းအမှတ်(၂)မှာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ပထမနေ့ ၂၈-၆-၂၀၀၂ တွင် တင်သွင်းသည့် ဗဟိုအမှုဆောင်ကော်မတီ၏ အစီရင်ခံစာတွင် ပါရှိသော အောက်ဖော်ပြပါ ရှေ့လုပ်ငန်းစဉ်များအဖြစ် ချမှတ်အကောင်အထည်ဖော်ရန် ဆုံးဖြတ်ခဲ့သည်။

(၁) နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် လမ်းညွှန်ချက်ကို အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များက တစ်တပ်တစ်အားပါဝင် ဆောင်ရွက်ရေး၊

(၂) နိုင်ငံတော် တည်ဆောက်ရေးတွင် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များက မိမိတို့ အတတ်ပညာဖြင့် ကျရာကဏ္ဍမှ နိုင်ငံအကျိုးကို တစ်တပ်တစ်အား နှိုးကြားတက်ကြွစွာ ပါဝင်ဆောင်ရွက်ရေး၊

(၃) ဖွဲ့စည်းပုံ တိုးချဲ့စည်းရုံးရေး၊ ဖွဲ့စည်းမှုကျစ်လျစ်ခိုင်မာရေးနှင့် စည်းရုံးလှုပ်ရှားမှု သွက်လက်ထက်မြက်ရေးတို့အတွက် ဆောင်ရွက်ရေး၊



(၄) စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ၏ အတတ်ပညာဖွံ့ဖြိုးရေး၊ သက်သာချောင်ချိရေး၊ စာပေဆိုင်ရာ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် စာဖတ်ပရိသတ်တိုးပွားအောင် ဆောင်ရွက်ရေး၊

(၅) စာပေဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စာပေနှင့်စာနယ်ဇင်းသမားများသည် အဖွဲ့၏ဦးဆောင်မှုဖြင့် တက်ကြွစွာ ပါဝင်ရိုင်းပင်းဆောင်ရွက်ရေး၊

(၆) စာပေနှင့်စာနယ်ဇင်းသမားများ၏ အတတ်ပညာ၊ နည်းပညာနှင့် သုတ-ရသရေးသားမှု အရည်အချင်း မြင့်မားလာစေရန်နှင့် မျိုးဆက်သစ်များပေါ်ထွန်းလာရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊

(၇) နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများတွင် တစ်တပ်တစ်အား တက်ကြွစွာ ပါဝင်ဆောင်ရွက်ရေးအတွက် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ ရှင်သန်ထွန်းကားပြန့်ပွားရေးကို စဉ်ဆက်မပြတ် လှုံ့ဆော်ရေးသားရေး၊

(၈) အမျိုးသားအမွေ ဂန္ထဝင်နှင့် ခေတ်ပြိုင် မြန်မာစာပေကို ထိန်းသိမ်းမြှင့်တင်ရင်း ပြည်တွင်းပြည်ပ ကျယ်ပြန့်စွာ လေ့လာဖတ်ရှုသိရှိနိုင်ရေး၊

(၉) လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်

www.burmeseclassic.com

www.burmeseclassic.com



ကျေးလက်ဒေသအထိ စာပေ၏အကျိုးပြုမှုကို ရရှိခံစားနိုင်ရေး။

ဆုံးဖြတ်ချက်(၃)မှာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ဦးဆောင်မှုဖြင့် စာပေဖွံ့ဖြိုးတိုးတက်မြင့်မားရေးလုပ်ငန်းများတွင် စာပေလောကသားအားလုံး တညီတညွတ်တည်းတက်ကြွစွာ ပါဝင်လှုပ်ရှားလုပ်ဆောင်ကြရေး၊

(၁) မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ဦးဆောင်မှုဖြင့် စာပေဖွံ့ဖြိုးတိုးတက်မြင့်မားရေး လုပ်ငန်းများတွင် စာပေလောကသားအားလုံး တညီတညွတ်တည်း တက်ကြွစွာ ပါဝင်လှုပ်ရှားလုပ်ဆောင်ကြရေး၊

(၂) စာပေနှင့်စာနယ်ဇင်းလုပ်ငန်း အတတ်ပညာ၊ နည်းပညာနှင့် အရည်အချင်း တိုးတက်မြင့်မားရေးကို အချိတ်အဆက်မိမိ ဝိုင်းဝန်းကြိုးပမ်းပူးပေါင်း လုပ်ဆောင်ကြရေး၊

(၃) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် ထူထောင်တည်ဆောက်နေချိန်တွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်ပြည်သူတို့နှင့်အတူ ပူးပေါင်း လက်တွဲ၍ စည်းရုံးလှုံ့ဆော် ပါဝင်လုပ်ဆောင်ကြရေး၊

(၄) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် မျိုးချစ်စိတ်ဓာတ် ကိန်းဝပ်ရှင်သန် ထွန်းကားပြန့်ပွားရေးကို စဉ်ဆက်မပြတ် လှုံ့ဆော်ရေးသား အားပေးမြင့်တင်



လုပ်ဆောင်ကြရေး၊

(၅) အမျိုးသားအမွေဖြစ်သော မြန်မာစာပေကို ဖွံ့ဖြိုးတိုးတက်အောင် ထိန်းသိမ်းမြှင့်တင်ရင်း နိုင်ငံတကာမှ ပြည်သူများ ကျယ်ပြန့်စွာ လေ့လာဖတ်ရှု သိရှိနိုင်ရန် ကြိုးပမ်းလုပ်ဆောင်ကြရေး၊

(၆) လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို စာပေဖြင့် အကျိုးပြုရင်း စာဖတ်တတ်သူတိုင်း စာပေ၏ အကျိုးပြုမှုကို ရရှိခံစားနိုင်စေရန် ကြိုးပမ်း လုပ်ဆောင်ကြရေး။

ဆုံးဖြတ်ချက်အမှတ်(၄)မှာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဒုတိယနေ့ ၂၉-၆-၂၀၀၂ တွင် ဗဟိုအမှုဆောင်ကော်မတီက စာပေနှင့်စာနယ်ဇင်း လုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရေးဆိုင်ရာ စာတမ်း(၆) စောင်ကို တင်သွင်းခဲ့ရာ ကိုယ်စားလှယ် နှစ်ဦးက သုံးသပ် အကြံပြုထောက်ခံဆွေးနွေးကြပြီး ထိုစာတမ်း(၆)စောင်ပါ လုပ်ငန်းများကို ဗဟိုအမှုဆောင်ကော်မတီက ဆက်လက်အကောင်အထည်ဖော်ရန် ဆုံးဖြတ်ခဲ့ပါသည်။

ဆုံးဖြတ်ခြင်းအမှတ်(၅)မှာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းအရ တတိယအကြိမ်ညီလာခံသို့ တက်ရောက်လာကြသော မြို့နယ်များမှ ညီလာခံကိုယ်စားလှယ်များနှင့် တတိယအကြိမ်ညီလာခံတွင် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗဟိုအမှုဆောင်ကော်မတီဝင်များကို

www.burmeseclassic.com

www.burmeseclassic.com



ဗဟိုဦးစီးအဖွဲ့ဝင်များအဖြစ် သတ်မှတ်ကြောင်းဆုံးဖြတ်ခဲ့ပါသည်။

## အတည်ပြုခြင်း(၃)ရပ်

အတည်ပြုခြင်း(၁)မှာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ပထမနေ့ ၂၈-၆-၂၀၀၂ တွင် ဗဟိုအမှုဆောင်ကော်မတီ အတွင်းရေးမှူး ဦးလှထွန်း (လှထွန်း-တွံတေး) တင်သွင်းသော ဗဟိုအမှုဆောင်ကော်မတီ အစီရင်ခံစာကို ညီလာခံကိုယ်စားလှယ် ၈ ဦးက ထောက်ခံဆွေးနွေးခဲ့ကြပြီး အဆိုပါ အစီရင်ခံစာကို အတည်ပြုခဲ့ပါသည်။

အတည်ပြုခြင်းအမှတ်(၂)မှာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ပထမနေ့ ၂၈-၆-၂၀၀၂ တွင် ဘဏ္ဍာရေးအစီရင်ခံစာနှင့် စာပေရန်ပုံငွေ အခြေအနေ တင်ပြချက်တို့ကို ဗဟိုအမှုဆောင်ကော်မတီဝင် ဦးခင်မောင်ထွန်း (ခင်မောင်ထွန်း-လမ်းမတော်)ကလည်းကောင်း၊ စာရင်းစစ်အဖွဲ့ အစီရင်ခံစာကို စာရင်းစစ်အဖွဲ့ခေါင်းဆောင် ဦးမောင်ဝင်း (မောင်ဝင်း-စာပေ)က လည်းကောင်း အသီးသီး တင်သွင်းခဲ့ရာ အဆိုပါ ဘဏ္ဍာရေးအစီရင်ခံစာနှင့် စာပေရန်ပုံငွေ အခြေအနေ တင်ပြချက်တို့ကို အတည်ပြုခဲ့ပါသည်။

အတည်ပြုခြင်းအမှတ်(၃)မှာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ပထမနေ့ ၂၈-၆-၂၀၀၂ တွင် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း ပြင်ဆင်ချက်ကိုဗဟိုအမှုဆောင်



ကော်မတီဝင် ဦးသန်းလှိုင်(တက္ကသိုလ်သန်း)က တင်သွင်းရာ ညီလာခံကိုယ်စားလှယ်နှစ်ဦးက အကြံပြု ထောက်ခံ ဆွေးနွေးပြီး အဆိုပါဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း ပြင်ဆင်ချက်ကို အတည်ပြုခဲ့ပါသည်။

## မှတ်တမ်းတင်ခြင်း(၆)ရပ်

မှတ်တမ်းတင်ခြင်း(၁)မှာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ပထမနေ့ ၂၈-၆-၂၀၀၂ တွင် ဗဟိုအမှုဆောင်ကော်မတီက မြို့နယ်စွမ်းဆောင်ရည်ဆု ချီးမြှင့်ရာ၌ စွမ်းဆောင်ရည်ဆု ပထမဆင့်ရရှိသော မြို့နယ် ခြောက်မြို့နယ်နှင့် အထူးဆုရရှိသောမြို့နယ်ခြောက်မြို့နယ်အား မှတ်တမ်းတင်ခဲ့ပါသည်။

မှတ်တမ်းတင်ခြင်း(၂)မှာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ပထမနေ့ ၂၈-၆-၂၀၀၂ တွင် တင်သွင်းသော နိုင်ငံတော်၏ နယ်စပ်ဒေသလုံခြုံရေးနှင့် ငြိမ်းချမ်းရေးကို ထိပါးနေသော SURA နှင့် KNU သောင်းကျန်းသူ အဖျက်သမားများအား ရှုတ်ချကြောင်းအဆိုကို မှတ်တမ်းတင်ခဲ့ပါသည်။

မှတ်တမ်းတင်ခြင်း(၃)မှာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယအကြိမ်ညီလာခံ သက်တမ်းကာလအတွင်း အသစ်ဖွဲ့စည်းခဲ့သည့် မြို့နယ်ကိုးမြို့နယ်၊ စည်းရုံးရေးကော်မတီမှ မြို့နယ်အဖြစ် တိုးမြှင့်ဖွဲ့စည်းခဲ့သည့် မြို့နယ်လေးမြို့နယ်နှင့်

www.burmeseclassic.com

www.burmeseclassic.com



မြို့နယ်အဖွဲ့မှ စည်းရုံးရေးကော်မတီအဖြစ် ပြင်ဆင် ဖွဲ့စည်းခဲ့ရသည့် မြို့နယ်သုံးမြို့နယ်တို့နှင့် စပ်လျဉ်း၍ ဗဟိုအမှုဆောင်ကော်မတီ၏ ဆောင်ရွက်ချက်ကို တတိယအကြိမ် ညီလာခံ ဒုတိယနေ့ ၂၉-၆-၂၀၀၂ တွင် ဗဟိုအမှုဆောင်ကော်မတီက တင်သွင်းရာ အဆိုပါဆောင်ရွက်ချက်များကို မှတ်တမ်း တင်ခဲ့ပါသည်။

မှတ်တမ်းတင်ခြင်း(၄)မှာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး ကျင်းပပြီး နောက်ပိုင်းတွင် နိုင်ငံတကာစာပေဆုနှင့် ဘွဲ့ထူးဂုဏ်ထူး ချီးမြှင့်ခံရသည့် ပုဂ္ဂိုလ်ငါးဦးနှင့် နိုင်ငံတော်အဆင့် ဘွဲ့ထူးဂုဏ်ထူး ချီးမြှင့်ခံရသည့် ပုဂ္ဂိုလ် ၄၄ဦးတို့အား ဤညီလာခံက ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်ခဲ့ပါသည်။

မှတ်တမ်းတင်ခြင်း(၅)မှာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အလှူငွေများ ထည့်ဝင်ကူညီခဲ့ကြသည့် အလှူရှင်များ၊ အနုပညာအား၊ ပစ္စည်းအားတို့ဖြင့် ပါဝင်ကူညီခဲ့ကြသည့် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ ပြန်ကြားရေး ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများကိုလည်းကောင်း၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ အနုပညာရှင်များနှင့် ကူညီဆောင်ရွက်သူပုဂ္ဂိုလ်အားလုံးကိုလည်းကောင်း၊ ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ခဲ့ပါသည်။

မှတ်တမ်းတင်ခြင်း(၆)မှာ မြန်မာနိုင်ငံစာပေနှင့် စာနယ်



ဇင်းအဖွဲ့ ဒုတိယအကြိမ် ညီလာခံ ကျင်းပပြီးချိန်မှ ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက်အထိ စာပေတာဝန် ထမ်းဆောင်ရင်း ကွယ်လွန်ခဲ့ကြသော သက်ကြီးစာပေပညာရှင် ၃၇ ဦး၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌဦးကျော်အောင် (ကျော်အောင်)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင် ဒေါက်တာတင်ရွှေ (ဆရာဝန်တင်ရွှေ) အပါအဝင် အဖွဲ့ဝင် ၁၂၀ ဦးတို့အတွက် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီက သက်ဆိုင်ရာ မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲကြောင်း မှတ်တမ်းတင်ခဲ့ပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)က မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ညီလာခံသို့ တက်ရောက်လာကြသည့် စာပေပညာရှင်များနှင့် ညီလာခံကိုယ်စားလှယ်များအား ၂၀၀၂ ခုနှစ်၊ ဇွန် ၃၀ ရက်ည (၆း၃၀)ခွဲတွင် ရန်ကုန်မြို့၊ ကန်တော်ကြီးရှိ ကရဝိက်နန်းတော်၌ ဂုဏ်ပြု ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်း

www.burmeseclassic.com

www.burmeseclassic.com



သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ တတိယအကြိမ် ညီလာခံကျင်းပရေးကော်မတီဝင်များ၊ ကော်မတီနှင့် လုပ်ငန်းကော်မတီများမှ ကော်မတီဝင်များ၊ စာပေပညာရှင်များ၊ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်ပြန်ကြားရေးဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့တို့မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်းများမှ ညီလာခံကိုယ်စားလှယ်များ၊ လေ့လာသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးလှထွန်း (လှထွန်း-တွံ့တေး)က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

အစီအစဉ်အရနိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)က ဂုဏ်ပြုမိန့်ခွန်းပြောကြားသည်။

ယင်းနောက် အာရှခနဘဏ်ဒုတိယဥက္ကဋ္ဌ ဦးအိုက်ထွန်းက မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့သို့ ငွေကျပ် (၁၀)သိန်း ပေးအပ်လှူဒါန်းရာ ဥက္ကဋ္ဌဦးလှမြိုင်(ကိုဆောင်း)ကလက်ခံသည်။

ဆက်လက်၍ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က ကျေးဇူးတင်စကား ပြန်လည်



ပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)က မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံသို့ တက်ရောက်လာကြသည့် စာပေပညာရှင်နှင့် ညီလာခံကိုယ်စားလှယ်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုညစာစားပွဲအခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် စာပေပညာရှင်များ၊ ညီလာခံကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)က မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံသို့ တက်ရောက်လာကြသည့် စာပေပညာရှင်နှင့် ကိုယ်စားလှယ်များအား တည်ခင်းဧည့်ခံသော ညစာစားပွဲတွင် ပြောကြားသော ဂုဏ်ပြုမိန့်ခွန်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ယခုကဲ့သို့ လေးနှစ်မှာ တစ်ကြိမ် ကျင်းပသည့် အမျိုးသား စာပေညီလာခံကြီးမှာ စာပေပညာရှင်များကို စုစည်းနိုင်မှာတဲ့ အမျိုးသားရေးစွမ်းအားစု တစ်ရပ်အဖြစ် ညီညီညွတ်ညွတ်စုစည်း စည်းဝေးပြီး ဆွေးနွေးနှီးနှောဖလှယ်နိုင်ခြင်းသည် မြန်မာစာပေအဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် တိုင်းရင်းသားပြည်သူများ၏ စာပေအသိပညာ ဖွံ့ဖြိုးတိုး တက်ရေးအတွက် အားထားရမည့် အခြေခံကောင်းတစ်ရပ် ဖြစ်ထွန်းနေခြင်းပင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါတယ်ဟု ပထမဦးစွာ ပြောကြားလိုကြောင်း။

စာပေပညာရှင်များသည် မြန်မာ့သမိုင်းစဉ် တစ်လျှောက်မှာ မြန်မာစာပေအမွေအနှစ်များကို အဆင့်ဆင့်ဆက်ခံထိန်းသိမ်းပြုစုကြရင်း မြန်မာစာပေထွန်းကားဖွံ့ဖြိုးရေးနှင့် စာပေအမွေအနှစ်များကို မျိုးဆက်သစ်များထံ လက်ဆင့်ကမ်း ပေးသွားရေးဆိုသည့် စာပေတာဝန်ကို ထမ်းဆောင်နေကြသူများဖြစ်ကြောင်း။

ထို့ကြောင့် ခေတ်အဆက်ဆက်မှာ စာပေတာဝန်ကျေပွန်ခဲ့ပြီး သမိုင်းအစဉ်အလာ ကြီးမားခဲ့သည့် မြန်မာစာပေ ပညာရှင်များကို ယခုကဲ့သို့ စုစည်းခိုင်မာသည့် အမျိုးသားရေး စွမ်းအားစုတစ်ရပ်အဖြစ် စည်းရုံးရပ်တည်နိုင်ခြင်းသည် နိုင်ငံနှင့်လူမျိုးအတွက် အကျိုးများစွာ ဖြစ်ထွန်းစေမည်ဟု ယုံကြည်ထားကြောင်း။

မြန်မာစာပေ၏ အကျိုးကျေးဇူးနှင့် အဆုံးအမတရားတို့ကြောင့် မြန်မာလူမျိုးတို့သည် ဘာသာတရားကိုင်းရှိုင်းပြီးလိမ္မာယဉ်ကျေးသူများဖြစ်ကြကြောင်း၊ တရားမျှတမှု၊ ငြိမ်းချမ်းစည်ပင်မှုတို့ကို လိုလားကြပြီး သည်းခံခြင်းတရားနှင့် ပြည့်ဝကြခြင်းကြောင့် နိုင်ငံကြီးသားပီသခဲ့ကြသည့် အစဉ်အလာရှိခဲ့သည်ဟု ဆိုနိုင်ကြောင်း။

နှစ်ပေါင်းထောင်ချီသည့် စာပေသမိုင်းစဉ် တစ်လျှောက်စာပေစွမ်းပကားဖြင့် မြန်မာတစ်မျိုးသားလုံး ယဉ်ကျေးသိမ်မွေ့အောင် စည်းရုံးနိုင်ခဲ့သလို အမျိုးဂုဏ် ဇာတိဂုဏ် ထက်သန်



မြင့်မားပြီး လိုအပ်ချိန်မှာ စစ်သွေးစစ်မာန်တက်ကြွ ခံထည်လာအောင် စွမ်းဆောင်ခဲ့ကြသော ရှေးမြန်မာစာပေ ပညာရှင်ကြီးများ၏ အစဉ်အလာကောင်းကို ထိန်းသိမ်းမြှင့်တင်ရင်း မြန်မာစာပေ အမျိုးသားရေးလမ်းကြောင်းမှန်ပေါ်မှာ တည့်မတ်ခိုင်မာစွာ ဆက်လက်စည်ပင် ရှင်သန်ဖွံ့ဖြိုးလာအောင် အားထုတ်ကြိုးပမ်းသွားကြရန် မျက်မှောက်ခေတ် စာပေ ပညာရှင်များကို တိုက်တွန်းပြောကြားလိုကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို ဘက်စုံထောင့်စုံက ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် အရှိန်အဟုန်မြှင့်တင်တည်ဆောက်နေချိန်မှာ နိုင်ငံသူနိုင်ငံသားများ၏ စိတ်ပိုင်းဆိုင်ရာ ဉာဏ်ရည်ဉာဏ်သွေး မြင့်မားရေးကိုလည်း ပညာရေးကဏ္ဍနှင့် စာပေကဏ္ဍများက ဖြည့်စွက်မြှင့်တင်ပေးကြရန် လိုအပ်မှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် စာပေဖွံ့ဖြိုးတိုးတက်မြင့်မားရေးကို မျက်ခြည်မပြတ် အားပေးဆောင်ရွက်လျက်ရှိကြောင်း ထိုက်တန်သည့် စာပေပညာရှင်ကြီးများအား စာပေ ပါရဂူဘွဲ့နှင့် စာပေဆိုင်ရာ ဝိဇ္ဇာပညာထူးချွန်တံဆိပ်တို့ကို ချီးမြှင့်ပေးလျက်ရှိကြောင်း။

စာပေညာရှင်များဘက်ကလည်း အမျိုးသားစာပေအမွေအနှစ်များ ဆက်လက်ထွန်းကား တိုးပွားစေရန် အားထုတ်ကြိုးပမ်းရင်း နိုင်ငံတကာအခြေအနေများ၊ ခေတ်မီလူထုဆက်သွယ်ရေးနည်းပညာများကိုပါ မျက်ခြည်မပြတ် လေ့လာ

www.burmeseclassic.com

www.burmeseclassic.com



ဆန်းစစ်ပြီး ပြည်သူလူထု အကြားအမြင် ကြည်လင်ထက်သန်ရန်၊ စိတ်ဓာတ်ရေးရာ မြင့်မားခိုင်ကျည်ရန် ပညာပေး စည်းရုံးဦးဆောင်သွားကြဖို့ လိုအပ်မှာဖြစ်ကြောင်း။

အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေးမှာ ပင်မရေသောက်မြစ်ဖြစ်သည့် စာပေဟာ အမျိုးသားရေးဂုဏ်အင်လက္ခဏာများနှင့် ပြည့်ဝပြီး အမြဲတမ်းခိုင်မာ အားကောင်းနေရန် လိုအပ်ကြောင်း၊ စာပေပျောက်လျှင် လူမျိုးပါပျောက်နိုင်သည် ဆိုသည့် အယူအဆနှင့် အဆိုအမိန့်သည် ကမ္ဘာတည်သရွေ့ မှန်ကန်နေမည်ဆိုတာကို သမိုင်းဖြစ်စဉ်ဖြစ်ရပ်များက ထင်ထင်ရှားရှား ပြဆိုထားပြီးဖြစ်ကြောင်း။

အထူးသဖြင့် ယနေ့အချိန်အခါမှာ အချို့သော သတင်းဌာနများသည် ခေတ်မီသတင်းနှင့် ဆက်သွယ်ရေး နည်းပညာများ၊ ခေတ်မီလူထုဆက်သွယ် ပြန်ကြားရေးနည်း စနစ်များ အသုံးပြုပြီး မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာ ညှိုးနွမ်းကျဆင်းရန် မြန်မာနိုင်ငံ ပြည်သူများအကြား နှလုံးစိတ်ဝမ်းကွဲပြားအောင်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပျက်ပြားအောင်၊ အဖျက်အမှောင့်သတင်းများကို ဖန်တီးထုတ်လွှင့်လျက်ရှိသည်ကို တွေ့ရမှာဖြစ်ကြောင်း။

ထို့ကြောင့် စာပေပညာရှင်ကြီးများအနေဖြင့် မြန်မာနိုင်ငံပြည်သူများ ဗဟုသုတကြွယ်ဝပြီး အတွေးအခေါ် ကိုယ်ခံအားကောင်းရန် ခေတ်နှင့်တစ်ပြေးညီ အသိအမြင်ပွင့်လင်းရန်၊ နိုင်ငံတကာ အခြေအနေများ၊ မြန်မာနိုင်ငံ၏ အခြေအနေမှန်များကို မှန်ကန်စွာ သိမြင်ရန် စာပေစွမ်းပကားဖြင့် စွမ်းဆောင်ပေးကြရန် ပြောကြားလိုကြောင်း။



မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးများ၏ အကျိုးစီးပွားကို ထိပါးနှောင့်ယှက်ခံရသည့် အချိန်အခါများမှာ စာရေးဆရာအနည်းစုကသာ အမျိုးသားရေးရှုထောင့်က တုံ့ပြန်ရေးသားပြီး ပြည်သူလူထုကို အသိပညာပေးနေသည်များ တွေ့ရကြောင်း၊ အမျိုးသားရေး အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ခြင်းသည် တစ်မျိုးသားလုံး၏ အရေးဖြစ်သည့်အတွက် စာပေပညာရှင်တိုင်းက ယခုထက်ပိုမိုပြီး စိတ်အား ထက်သန်တက်ကြွစွာ ဝိုင်းဝန်းထောက်ကူပေးကြရန် လိုအပ်မှာဖြစ်ကြောင်း။

စာပေသည် အမျိုးသားရေးစိတ်ဓာတ် တည်ဆောက်မှုမှာ တစ်မျိုးသားလုံးကို လွှမ်းခြုံပြီး လှုံ့ဆော်မြှင့်တင်ပေးနိုင်သော ထက်မြက်သည့် စွမ်းအားနှင့် ပြည့်စုံသည့်အပြင် ခေတ်အဆက်ဆက် အမျိုးသားရေးလှုပ်ရှားမှုတိုင်းမှာ ရှေ့တန်းက ပါဝင်ခဲ့သည့် အစဉ်အလာရှိခဲ့ကြောင်း၊ မြန်မာလူမျိုးတို့သည် ခေတ်အဆက်ဆက်မှာ ဓားသွားထက်ခဲ့သလို ကလောင်သွားလည်း ထက်ခဲ့သော လူမျိုးဖြစ်သည့်အပြင် နယ်ချဲ့ဆန့်ကျင်ရေး ကာလနှင့် လွတ်လပ်ရေးကြိုးပမ်းမှု ကာလတစ်လျှောက် စာပေကို ထက်မြက်သော ဓားသွားပမာအသုံးပြုပြီး အမျိုးသားရေးကို လှုံ့ဆော်နိုင်ခဲ့ကြသည့် အစဉ်အလာကောင်းများလည်းရှိခဲ့ကြောင်း။

ယနေ့အချိန်အခါကဲ့သို့ နိုင်ငံတော်ကြီးကို အေးချမ်း

www.burmeseclassic.com



သာယာပြီး ဘက်စုံထောင့်စုံက ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ထူထောင်တည်ဆောက်ရန်နှင့် အမျိုးသားရေးအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ တစ်မျိုးသားလုံး ကြိုးပမ်းဆောင်ရွက်နေချိန်မှာ အမျိုးသားရေးနိုးကြားမှုနှင့် အမျိုးသားရေး အင်အားခိုင်မာတောင့်တင်းမှုသည် နိုင်ငံတော်အတွက် အမြင့်မားဆုံး လိုအပ်ချက်လည်းဖြစ်ကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီး၏ ဦးဆောင်မှုအောက်မှာ အမျိုးသားစာပေအင်အားစုကြီးတစ်ခုလုံး စုစည်းညီညွတ်စွာဖြင့် တစ်မျိုးသားလုံး အမျိုးသားရေးစိတ်ဓာတ်အစဉ်အမြဲ နိုးကြားတက်ကြွနေစေရန် စာပေစွမ်းပကားနှင့် စည်းရုံးလှုံ့ဆော်အားပေးမြှင့်တင်ရင်း စာပေဆိုင်ရာ ရည်မှန်းချက်များ၊ အမျိုးသားရေးမျှော်မှန်းချက်များ အပြည့်အဝအောင်မြင်ပေါက်မြောက်အောင်၊ တက်ကြွစွာပါဝင်ပူးပေါင်းဆောင်ရွက်ကြပါဟု အလေးအနက်တိုက်တွန်း မှာကြားလိုကြောင်း။

စာပေပညာရှင်များကို အထူးမှာကြားလိုတာကတော့ စာပေရေးသားဖွဲ့ဆို သီကုံးကြရာမှာ စည်းကမ်းစနစ်နှင့်အညီ ထုံးတမ်းအစဉ်အလာနည်းနာများ ထိန်းသိမ်းရန် လိုအပ်သလို စာရေးသူတို့ ထိန်းသိမ်းလိုက်နာရမည့် ကျင့်ဝတ်သိက္ခာများကိုသည်း စောင့်စည်းလိုက်နာကြရန် မှာကြားလိုကြောင်း၊ မြန်မာစာပေ အရေးအသားမှန်ကန်ရန်နှင့် စာပေအဆင့်အတန်းမြှင့်မားရေးကို စာပေပညာရှင်များက ပိုပြီးဝီရိယစိုက်ထုတ်ကြိုးပမ်းကြရမှာဖြစ်သည့်အတွက် ကမ္ဘာ့စာပေစင်မြင့်မှာ မြန်မာ့စာပေတင့်တယ်စွာ ရပ်တည်နိုင်စေရန်ကိုလည်း ဥစ္စာရင်လို၊ ဥစ္စာရင်ခဲဆိုသလို စာပေညာရှင်များကပင် အဓိကအားထုတ်သွားကြရမှာဖြစ်ကြောင်း။



မြန်မာစာပေ၏ မျက်နှာစာမှာ မျိုးချစ်စိတ်ဓာတ် ထက်မြက်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးတို့ကို မြှင့်တင်အားပေးသည့်စာပေများ၊ အမျိုးသားရေး အားမာန်ကိုနှိုးဆွသည့်စာပေများ၊ နိုင်ငံနှင့်လူမျိုးအတွက် အကျိုးပြုစာပေများ၊ အမျိုးသားရေးအမြင် ကြည်လင်ထင် လင်းစေသည့် စာပေများကို အရည်အသွေးအရေအတွက်အရပါ လွှမ်းမိုးအားသာစေရန် ဖော်ဆောင်ပေးကြရမှာဖြစ်ကြောင်း။

စာပေ ပညာရှင်များအနေဖြင့် စာပေတာဝန်များအပြင် အမိနိုင်ငံတော်၏ ဂုဏ်သိက္ခာ၊ အမိနိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးနှောင့်ယှက်လာသည့် အချိန်အခါတိုင်းမှာ အမျိုးသားရေးအဖြစ် ခံယူပြီး စာပေစွမ်းပကားနှင့် ပြည်သူကို ဦးဆောင်စည်းရုံးကြရမှာဖြစ်သလို အမိနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရမည့် အမျိုးသားရေးတာဝန်များကိုလည်း တက်ကြွကျေပွန်စွာ ထမ်းရွက်ကြရန် လိုအပ်ပါသည်ဟု ပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေနှင့် တိုက်တွန်းပြောကြားလိုသည်မှာ စာပေပညာရှင်များအားလုံး မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီး၏ စည်းရုံးဦးဆောင်မှုအောက်မှာ တစ်သွေးတည်း

www.burmeseclassic.com

www.burmeseclassic.com



တစ်သံတည်း စည်းလုံးညီညွတ်စွာ ရပ်တည်ရင်း . . . . .

* နိုင်ငံတော်၏ အမျိုးသားရေးဝါဒနှင့် အမျိုးသားရေး ဦးတည်ချက်များ အောင်မြင်အကောင်အထည်ပေါ် လာအောင် စာပေစွမ်းပကားဖြင့် တစ်ဖက်တစ်လမ်းက စွမ်းဆောင်ပေးကြပါ။
* မြန်မာလူမျိုး တို့၏ နူးညံ့သိမ်မွေ့ ယဉ်ကျေးသည့် ပင်ကိုစိတ်ဓာတ်ဖြင့် အမျိုးသားရေးနှင့် ကြုံကြိုက်လာလျှင် ခေါင်းငုံ့မခံတတ်သည့် စူးရှထက်သန်သော ဇာတိသွေး၊ ဇာတိမာန်စိတ်ဓာတ်တို့ဖြင့် ထုံမွှမ်းနေသည့် မြန်မာစာပေ၏ အစဉ်အလာကောင်းများ ဆက်လက်တိုးပွားဖြစ်ထွန်းစေရေးအောင် ကြိုးစားအားထုတ်သွားကြပါ။
* တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်ဝင်ရောက်မှု၊ သတင်းနှင့် ဆက်သွယ်ရေးနည်းပညာများကို အဖျက်အမှောင့်လုပ်ငန်းများမှာ အလွဲအသုံးပြု၊ စွက်ဖက်နှောင့်ယှက်မှုများကို ကြံ့ကြံ့ခံ တွန်းလှန်နိုင်မည့် အမျိုးသားရေးစာပေ ကိုယ်ခံစွမ်းအား ပြည့်ဝထက်မြက်ရန် ကြိုးပမ်းဆောင်ရွက်ပေးကြပါ။
* ဇာတိသွေး၊ ဇာတိမာန်တက်ကြွစေသော အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားစေသော စာပေများ ထွန်းကားရေးနှင့် အမိနိုင်ငံ၏ ဂုဏ်သိက္ခာ၊ မိမိလူမျိုး၏ အမျိုးဂုဏ်ကို ထိပါးရေးသားနေသော ပြည်ပစာပေများကိုလည်း မှန်



ကန်သော ရပ်တည်ချက်ဖြင့် တုံ့ပြန်တတ်သော စာပေများ ပေါ်ထွန်းရေးကိုပါ အားပေးဆောင်ရွက်ကြပါဟု တိုက်တွန်းပြောကြားသွားပါသည်။

www.burmeseclassic.com